ဆုပြည့်စုံထွန်းစာပေ

ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိစာစဉ်



# တိပိဋကဓရ ယော ဆရာတော်ဘုရားကြီး

## ဘဒ္ဒန္တသီရိန္ဒာဘိဝံသ

ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့

၂၉၇၀၁
၉၂၂.၅၉၁
၈၀၃၈

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။
Mail - qualityph@gmail.com

## ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံး** - မောင်နေကြည်

**ထုတ်ဝေသည့်ကာလ** - ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (ပထမအကြိမ်)

**ထုတ်ဝေသူ** - ဆုပြည့်စုံထွန်းစာပေ၊ ဒေါ်ခင်မာရွှေ(၀၀၂၅၆)၊


အမှတ် ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၃၈၃၆၆၄၊ ၃၈၆၈၃၃

**ဖလင်** - Eagle ၊ **စာအုပ်ချုပ်** - ရွှေသမီး ၊

**ပုံနှိပ်တိုက်** - ဖြိုးဝေလျှံပုံနှိပ်တိုက်၊ [illegible]ဉ်ယဉ်မွန် (၀၀၂၃၈)

**အုပ်ရေ**- ၅၀၀ အုပ် ၊ **တန်ဖိုး** - ၂၀၀၀ ကျပ်




# တိပိဋကဓရ ယောဆရာတော်ဘုရားကြီး ဘဒ္ဒန္တသီရိန္ဒာဘိဝံသ

# မ ာ တိ က ာ


အခန်း (၁) ယောဆရာတော်ဘုရားကြီး

ထေရုပ္ပတ္တိအစ ဘဝခရီး ၇

အခန်း (၂) အရှင်သီရိန္ဒ၏ ဥပသမ္ပဒမင်္ဂလာ ၂၅

အခန်း (၃) မန္တလေးမြို့

မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ခြင်း ၃၃

အခန်း (၄) မြောင်းမြဆရာတော် ချီးမွမ်းခြင်း ၅၇

အခန်း (၅) မဟာဝိသုဒ္ဓါရုံတိုက်သစ် ဖြစ်ပေါ်လာခြင်း ၆၃

အခန်း (၆) ယောဆရာတော်ဘုရား ၈၁

အခန်း (၇) သာသနာ့ဦးသျှောင်ဆရာတော်ကြီး ၁၀၁

အခန်း (၈) ဆရာတော်ကြီးများ သက်သတ်လွတ်ဘုဥ်းပေးခဲ့ပုံ ၁၃၂

ကျမ်းကိုးစာရင်း ၂၀၀

# ဆုပြည့်စုံထွန်းစာပေတိုက်၏ အစီရင်ခံစာ

ကျွန်တော်၏ စာပေတိုက်အနေဖြင့် အမျိုးဘာသာ သာသနာအတွက် အကျိုးရှိမည့် အတ္ထုပ္ပတ္တိစာစဉ်များကို ထုတ်ဝေရန် တိုက်အယ်ဒီတာများ၊ ပြင်ပ ပညာရှင်ဆရာကြီးများနှင့် စည်းဝေးတိုင်ပင်ခဲ့ပါသည်။ ပထမဦးစွာ သာသနာတော်အတွက် ထင်ရှားသည့် ကျေးဇူးကြီးမားခဲ့ကြသော ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများအား စတင်ရေးသားကြရန် ဆုံးဖြတ်ကြပါသည်။ အယ်ဒီတာအဖွဲ့ဝင် ဆရာကြီးများမှာ ပရိယတ္တိစာပေနှင့် မြန်မာစာပေဘက်တွင် ကျွမ်းကျင်ကြသော ပုဂ္ဂိုလ်ကြီးများဖြစ်သည့်အားလျော်စွာ သူတို့လေ့လာဖတ်မှတ်ထားပြီး စတင်ရေးသားနိုင်သော ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိစာစဉ်ဖြင့်သာ စတင်ရန် အကြံပြုကြပါသည်။ ယနေ့ခေတ်ကာလသည် စာအုပ်ထူထူကြီးများအား အချိန်ပေးဖတ်ရှုရန် ခက်ခဲသည့်အားလျော်စွာ စာမျက်နှာ ၁၅၀နှင့် ၂၀၀အတွင်း စာအုပ်ဆိုဒ်ဈေးနှုန်းတညီတည်းနှင့် ဝယ်ယူဖတ်ရှုနိုင်ရန် စီစဉ်ထားပါသည်။

အယ်ဒီတာအဖွဲ့ဝင်များဖြစ်ကြသော ဦးစိန်လှိုင်(မဟာဝိဇ္ဇာ)၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ ဦးထင်ဇော် (မဟာမဟာစရိယ၊ ဒိဃဘာဏက)၊ ကိုရွှေသောင်းဝင်း(ဓမ္မာစရိယ)၊ ဦးလှသိန်းထွန်း(ဓမ္မာစရိယ၊ B.A, H.G.P, သာသနာ့ရေးရာ

ပညာရှင်၊ ပိဋကတ်တော် အင်္ဂလိပ်ဘာသာပြန်စာတည်း)၊ ဦးညာဏ်လင်း (အဂ္ဂမဟာအကျော်၊ ပါဠိပါရဂူ)၊ ဒေါက်တာညာဏ်ထွန်း (တွဲဖက်ဌာနမှူး၊ သုတေသနနှင့် ဘာသာပြန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)၊ စသည်တို့နှင့် ဆက်လက်ညှိနှိုင်း တိုင်ပင်ကာ စာစဉ်များကို ရနိုင်သလောက် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

ယခုစာအုပ်ကို ဆရာမ ဒေါ်သီတာမိုးက ရေးသား၍ အယ်ဒီတာများက ဝိုင်းဝန်းတည်းဖြတ်ထုတ်ဝေပါသည်။ အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာ၊ အမျိုးသားရေးဆိုင်ရာ စသော နယ်ပယ်အသီးသီးမှ ရဟန်း ရှင် လူ ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများအား ရေးသားနိုင်သော ဆရာများအား လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။ လိုအပ်သော အကြံပြုချက်များကိုလည်း ပေးပို့အကြံပြုနိုင်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

# အခန်း (၁)

# ယောဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအစ ဘဝခရီး

## မွေးဖွားရာဇာတိနှင့် မိဘများ

ယောဆရာတော်ဘုရားဟု လူသိများထင်ရှားသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသသည် မကွေးတိုင်းဒေသကြီးတွင် အပါအဝင်ဖြစ်သော ဂန့်ဂေါမြို့နယ်၊ လက်ပံရွာ၌ မွေးဖွားပါသည်။ ထိုလက်ပံရွာလေးသည် ဂန့်ဂေါမြို့နယ်နှင့် (၁၄) မိုင်ခန့်အကွာတွင် တည်ရှိလေသည်။ လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကျော်က အိမ်ခြေ ၈၀ ခန့်သာရှိပြီးလူဦးရေမှာလည်း(၄၀၀)ကျော်ခန့်ရှိလေသည်။ထိုလူဦးရေ(၄၀၀)ကျော်ထဲတွင်ဦးရဲနိုင်၊ဒေါ်တုတ်ခိုင်တို့ဇနီးမောင်နှံတို့လည်းအပါအဝင်ဖြစ်၏။ဦးရဲနိုင်သည် လယ်ယာတောင်သူတို့၏ အလုပ်ဖြစ်သော စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါစသည့် သီးနှံမျိုးစုံကိုလည်း ရာသီအလိုက် စိုက်ပျိုးလုပ်ကိုင်သော တောင်သူလယ်သမားပင်ဖြစ်သည်။အလုပ်ကိုမပျင်းမရိကြိုးစားလုပ်ကိုင်သောကြောင့် တစ်နှစ်ပတ်လုံး အလုပ်နှင့်လက် ပြတ်သည်ဟူ၍ပင် မရှိသလောက်ပေ။ ဇနီးဖြစ်သူ ဒေါ်တုတ်ခိုင်သည်လည်း မယားကောင်းပီသစွာ ချက်ပြုတ်လုပ်ကိုင်၍ အိမ်မှုကိစ္စများကို မလစ်ဟင်းရလေအောင် ကျေပွန်စွာ လုပ်ဆောင်ရုံ

တွင်မက တစ်ဖက်ကလည်း ရက်ကန်းရက်ခြင်း၊ ဗိုင်းငင်ခြင်း အလုပ်များကိုပါ လုပ်ကိုင်လေသည်။ ဦးရဲနိုင်နှင့် ဒေါ်တုတ်ခိုင်တို့ ဇနီးမောင်နှံနှစ်ယောက်တွင် ပထမဦးဆုံးသားဦး ရတနာလေးကို ၁၃၀၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၆) ရက်၊ ၁၉၄၃ ခုနှစ်၊ မတ်လ ၂၆ ရက်၊ သောကြာနေ့ နံနက် (၄) နာရီခွဲအချိန်တွင် မွေးဖွားသန့်စင်ခဲ့လေသည်။ မိဘများမှ မိမိတို့၏ သားဦးရတနာလေး သောကြာနေ့တွင် မွေးဖွားလာသောကြောင့် အမည်နာမပေးဖို့ရန် နေ့နံသင့်မည့် အက္ခရာများကို ရွေးချယ်ကြလေသည်။ ထိုစဉ်အခါက ဂန့်ဂေါမြို့နယ်၊ ယခု ထက်လော့်ရွာ၌ ရိုးသား၊ ကြိုးစားသော တောင်သူကြီး ဦးသာမောင်ဆိုသူတစ်ဦး ရှိလေသည်။ မိဘများမှာ ထိုကဲ့သို့ ရိုးသားဖြောင့်မတ်သောသူတို့ကို အားကျ၍ မိမိတို့၏ သားဦးလေးအားလည်း နေ့နံလည်း တူသောကြောင့် "မောင်သာမောင်" ဟူ၍ပင် အမည်မှည့်ခေါ်လေသည်။ သားဦးလေး မောင်သာမောင်အပြင် ဦးရဲနိုင်နှင့် ဒေါ်တုတ်ခိုင်တို့မှာ နောက်ထပ် သားသမီး (၅) ယောက် ထွန်းကားခဲ့ရာ စုစုပေါင်း မွေးချင်း မောင်နှမ (၆) ဦး ရှိလေ၏။

## ယောနယ်မြေ

ယောနယ်လေးသည် ညိုမှိုင်းမြင့်မားသော ချင်းရိုးမတောင်တန်းများမှ တစ်ဆင့် ချောင်းသွယ် မြောင်းငယ်တို့မှ စီးဆင်းလာသော ရေများကြောင့် ကိုင်းတော၊ ကျူတောနှင့်တောရိုင်းမြက်ပင်များမှာစိမ်းစိုလန်းဆန်းနေပေတော့၏။ ထိုအပင်များကို ဖြတ်ကျော်ကာ တောင်မှမြောက်သို့ စီးဆင်းနေသော ရိုးမတောင်တန်းနှင့်ပုံတောင်ပုံညာအကြားရှိမြစ်သာမြစ်ဝှမ်းတစ်လျှောက်လုံးတွင် ရာသီမပြတ် တစ်နှစ်ပတ်လုံး စီးဝင်နေသော ကလေးမြို့လေးသည် သာယာရှုမောဖွယ် ကောင်းလေတော့သည်။ ဤကဲ့သို့ အေးချမ်းသာယာလှပသည့်အပြင် သဘာဝတရားများ၏ ပေါင်းဆုံမှုများကြောင့် နေရှဥ္စရာ၊ နတ်တံခါး၊ ဇီးချောင်း၊ မဏိပူရ၊ နန်းကသည်းနှင့် မြစ်သာမြစ်တို့မှ ပို့ချပေးသော နန်းမြေများသည် ယောနယ်၏ တောင်သူများအတွက် သီးနှံမျိုးစုံ စိုက်ပျိုးရာတွင် များစွာအကျိုးဖြစ်ထွန်းစေသည့် မြေဆီဩဇာများပင် ဖြစ်ပေတော့သည်။ သစ်ပင်

ဝါးပင်များစွာလည်း တောင်စဉ် တောင်တန်း ပတ်ပတ်လည်တွင် ဝန်းရံ လျက် ထူထပ်စွာ ပေါက်ရောက်နေတော့သည်။

ဤနေရာလေးသည် ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း၌တည်ရှိနေပြီး အတွင်းပိုင်းကျ၏။ ထို့ကြောင့် ယောသူ ယောသားများသည် မုံရွာ၊ ပခုက္ကူ၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ပုသိမ်၊ မော်လမြိုင်အစရှိသော မြို့ပြဒေသများကို အောက်ပြည်အောက်ရွာဟု ခေါ်ကြသည်။ ကလေးမြို့လေးသည် မြို့တည်မှတ်တမ်းအရ နှစ်ပေါင်းပင် (၁၀၀၀) ကျော်၍ ဆယ်စုနှစ် (၅) စုပင် စွန်းခဲ့လေပြီဖြစ်သည်။

ယောသူ ယောသားတို့သည် အလွန်ယဉ်ကျေးကြပြီး ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးကိုအလွန်ကြည်ညိုမြတ်နိုးသူများဖြစ်ကြပြီးစိတ်နေစိတ်ထားရိုးဖြောင့်ကာစေတနာ သဒ္ဓါတရားကောင်းကြသည်ဟုယောနယ်သို့ရောက်ဖူးသူတိုင်း အားကျလေးစားမဆုံး ရှိကြပေသည်။ ထိုကဲ့သို့သော ဂုဏ်သတင်းများကြောင့်ယောနယ်လေးသည်ဂုဏ်ယူဖွယ်ရာကောင်းသောဒေသလေးပင် ဖြစ်လေတော့၏။ မြန်မာ့သမိုင်းတွင်လည်း ပုဂံမြို့ကြီးနှင့် အပြိုင်ထင်ရှားခဲ့သော ဒေသအဖြစ် ပုဂံခေတ်ကျောက်စာ တို့တွင် ယောနယ်များအကြောင်း ရေးသားထားသည်ကို အထောက်အထား ခိုင်မာစွာဖြင့် တွေ့ရှိရသောကြောင့် ဖြစ်၏။ ထို့အပြင် မြန်မာ့သမိုင်းတွင် အစောဆုံး လူနေဒေသဖြစ်ပြီး ကျောက်ခေတ်ဦးကာလ လူသားများနေထိုင်ခဲ့ကြကြောင်း အထောက်အထားများ တွေ့ရှိရလေသည်။

## ယော လေးမြို့

ရှေးခေတ်က ယောမြို့ လေးမြို့တို့၏ အမည်များမှာ ဆောမြို့ ယောမြို့ လောင်းရှည်မြို့နှင့် ထီးလင်းမြို့တို့ပင် ဖြစ်ကြ၏။ ယခုအချိန်မှာတော့ ထိုမြို့လေးမြို့တို့၏အမည်များမှာကလေးမြို့ ဂန့်ဂေါမြို့ ဆောမြို့နှင့်ထီးလင်းမြို့ဟူ၍ခေါ်ဝေါ်ကြ၏။ ထိုမြို့တွေထဲမှ ဂန့်ဂေါမြို့သည် ချင်းပြည်နယ်နှင့် မကွေးတိုင်းနယ်စပ်အကြားတွင် ရှိပြီး ပခုက္ကူမြို့မှ မိုင်ပေါင်း (၁၄၅) မိုင် အကွာတွင် တည်လေသည်။

ယောနယ်ဒေသတွင် ရက်ကန်းရက်ခြင်းအလုပ်သည် ထင်ရှားသော လုပ်ငန်းဖြစ်၏။ ထို့ကြောင့်ပင် ယောသူမှန်လျှင် ရက်ကန်းမရက်တတ်သူ မရှိသလောက်ပင် ရှားလေ၏။ ယနေ့ခေတ် သီချင်းစာသားများထဲတွင် ကြားဖူးသောပင်နီချောနှင့်ယောထဘီကိုလွှန်ခဲ့သောရှေးနှစ်ပေါင်းများစွာကတည်းက ရက်လုပ်ခဲ့သည့် ဒေသလည်းဖြစ်၏။ ပင်နီချောနှင့် ယောထဘီသည် နယ်ချဲ့ကို ဆန့်ကျင်ကြသော ဝံသာနု လုပ်ငန်းများတွင် ဝတ်ဆင်၍ ရှေ့တန်းက ပါဝင်ဆင်နွှဲခဲ့ကြသည့် ဂုဏ်ယူဖွယ်ရာ အဝတ်အထည်ပင် ဖြစ်လေတော့သည်။

## ယောနယ်မှာဖွား သားထူးသားမြတ်

ဖခင်ကြီး ဦးရဲနိုင်၊ မိခင်ကြီး ဒေါ်တုတ်ခိုင်တို့မှ မိမိတို့၏ သားဦးရတနာလေးကို မွေးဖွားချိန်တွင် မြန်မာနိုင်ငံ၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပေါ်နေသောအချိန် ဖြစ်၏။ ဖက်ဆစ်ဂျပန်များမှာ မြန်မာ့မြေပေါ်၌ ကြီးစိုးနေချိန်ဖြစ်သည်။ နောင်တစ်ချိန်တွင် ယောနယ်၏ဂုဏ်ကိုဆောင်မည့် ထိုကလေးငယ်၏ ဥပဓိရုပ်မှာ မြင်ရသူတို့အား ချစ်ခင်ဖွယ်ရာကောင်းသောကြောင့် ယောနယ်၌ပင် စခန်းချနေကြရသော ဂျပန်စစ်သားများကပင် ပွေ့ချီခဲ့ကြသည်ဟု ဆို၏။ ကလေးဘဝကတည်းကပင်မြင်တွေ့ရသူတိုင်း၏စိတ်နှလုံးကိုသိမ်းကျုံးယူနိုင်စွမ်းသည့် သူမတူအောင် ထူးခြားသော ကလေးပင် ဖြစ်လေသည်။

## စာတတ်ခံကောင်း ပါလာသူ

လောက၌ ကလျာဏမိတ္တဟု ဆိုအပ်သော မိကောင်း၊ ဖကောင်း၊ ဆရာကောင်း၊ မိတ်ဆွေကောင်း၊ အဖော်ကောင်းများ ရရှိသူများသည် စာတတ်ခံကောင်းသောသူ၊ ကံကောင်းသော သူများသာ တွေ့ကြရပေသည်။ ယခုဘဝတွင် မိခင်၊ ဖခင်များကလည်း ဂုဏ်သိက္ခာရှိပြီး အားကိုးအားထားစရာကောင်းသော မိဘများ၊ ပညာသင်ချိန်ရောက်သောအခါတွင်လည်း ဂရုတစိုက် ပညာသင်ကြားပေးသော ဆရာကောင်း သမားကောင်းများ ကြည့်ရှုမစ၊ အားပေးလမ်းညွှန်မှု ပြုပေးနိုင်သော အပေါင်းအသင်းကောင်းများကို တွေ့ကြုံရသော

သူများမှာ အရင်ဘဝက ဓာတ်ခံကောင်း ပါလာကြသူများဖြစ်၍ အားရကျေနပ်စရာ ကောင်းလှပေသည်။

မိခင်ကြီး ဒေါ်တုတ်ခိုင်သည် ဗုဒ္ဓဘာသာဝင် အမျိုးသမီးပီသစွာ ဘုန်းတော်ကြီးကျောင်းတွင်စာပေသင်ကြားခဲ့ဖူးသောကြောင့်စာကောင်းစွာတတ်၏။ ထိုခေတ်အခါတွင် စာပေသင်ကြားရန် ခက်ခဲသောကြောင့် ဘုန်းကြီးကျောင်းများကိုသာ အားကိုးအားထားပြု၍ စာပေသင်ကြားရရှာသည်။ မိခင်ကြီးသည် မိမိတို့၏ သားဦးရတနာလေးအား စကားပြောတတ်သည့်အခါမှစ၍ မိမိ၏အလုပ်ကိုင်လည်းမပျက်၊ရက်ကန်းရက်ရင်းစာပေများကိုနှုတ်တိုက်သင်ကြားပေးလေသည်။ဘိုးဘွားများကလည်းသူတို့၏မြေးလေးအားညအိပ်ရာဝင်လျှင်ကလေးများအကြိုက်ဖြစ်သော ပုံဝတ္ထု၊ ဇာတ်နိပါတ်များကို ပြောပြလေ့ရှိ၏။ မောင်သာမောင်လေး အရွယ်ရောက်လာသည့်အခါ မိဘဘိုးဘွားများမှ မိမိကိုဤကဲ့သို့ဆုံးမသွန်သင်ညွှန်ကြားပေးခြင်းကိုလွန်စွာဝမ်းမြောက်မဆုံး၊ကျေးဇူးတင်မဆုံး ဖြစ်လေတော့၏။ ထိုကဲ့သို့ မိမိအပေါ် ပြုဖူးသောကျေးဇူးကို သိခြင်းသည် သူတော်ကောင်းလက္ခဏာထဲတွင် တစ်ခုအပါအဝင် ဖြစ်လေတော့သည်။

## ငယ်စဉ်ဘဝ ရောင့်ရဲလှ

ဆရာတော်လောင်းလျာ မောင်သာမောင်လေးသည် ကလေးဘဝကတည်းကပင် အများနှင့်မတူ တစ်မူထူးခြားသောကလေးဖြစ်သည်။ကလေးဘာသာဘာဝကစားချိန်အရွယ်ရောက်သော်လည်းတစ်ယောက်တည်းကစားတတ်၏။ ဟိရီဩတ္တပ္ပမပျက်အောင် ကျစ်လျစ်စွာ နေထိုင်တတ်၏။ အစားအသောက်တွင်လည်း အာသာငန်းငန်းဖြစ်ခြင်း မရှိ။ ရသမျှဖြင့် ရောင့်ရဲလေ့ရှိ၏။ မိဘများ ကျွေးသည်ကိုသာ စား၏။ ဟိုဟာင်းစားချင်သည်၊ သည်ဟာင်းစားချင်သည်ဟုလည်း ကြေးမများပေ။ ငယ်ရွယ်စဉ်ကတည်းကပင် အရွယ်နှင့်မလိုက်အောင် လွန်စွာရောင့်ရဲနိုင်သူ ဖြစ်၏။ လူအများနှင့် ရောနှောနေရမည်ကိုလည်း မနှစ်မြို့ပေ။ အပေါင်းအဖော်များနှင့်လည်း ခွန်းတုံ့ခွန်းပြန် ကျယ်

လောင်စွာ ရန်ဖြစ်လေ့ မရှိပေ။ သူတစ်ပါးက စပြီး ရန်စလျှင်လည်း သည်းခံပြီး အရှုံးပေးတတ်၏။ကျန်းမာရေးမကောင်းဖြစ်သောအခါတွင်လည်းမိဘများကို ဂျီကျ၊ ဆိုးနွဲ့ခြင်းမရှိ၊ မညည်းမညူဘဲ မှိန်း၍သာနေ၏။ သူတစ်ပါးအားဒုက္ခပေး လေ့ မရှိပေ။ မိမိ၏ဒုက္ခကို ငယ်ရွယ်စဉ်ကတည်းကပင် အောင့်အည်း သည်းခံ လေ၏။ ငယ်ရွယ်စဉ်အချိန်ကတည်းကလည်း ထူးခြား၏။ ကြီးတော့လည်း အလွန့်အလွန် ထူးခြားလှ၏။ ကလေးဘဝကတည်းကပင် သိမ်မွေ့နူးညံ့သော နှလုံးသားပိုင်ရှင် ဖြစ်၏။

(ရှင်ရာဟုလာသည် ငယ်စဉ်ကပင် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သည်ကို မြင်ရသောကြောင့် ဆူးသည် ဖြစ်စကတည်းက ချွန်သည်ဟု ဆိုကြကုန်၏။)

## ပညာသင်ချိန်အရွယ် ဉာဏ်ဝင့်ထယ်

မောင်သာမောင် (၁၀) နှစ် အရွယ်၊ ၁၃၁၄ ခုနှစ်တွင် မိဘများက လက်ပံရွာကျောင်း ဆရာတော် ဦးတိဿထံ ပညာသင်ယူရန် အပ်နှံကြလေ သည်။ဆရာတော်ဦးတိဿကျောင်း၌မောင်သာမောင်၏ဦးလေးအရင်းဖြစ်သူ ကိုမောင်သန်းသည်ကျောင်းသားကြီးအဖြစ်ရှိလေ၏။ဦးလေးဟုဆိုသော်လည်း မောင်သာမောင်နှင့် လေးငါးနှစ်ခန့်သာ ကြီးသည်။ ကျောင်းသားကြီး ကိုသန်း မောင်သည် အခြားကလေးများနည်းတူ မောင်သာမောင်ကိုလည်း စာပေများ သင်ကြားပေး၏။ ငယ်စဉ်ကတည်းကပင် ပညာလိုလားသော မောင်သာမောင် အတွက် အဆင်ပြေလေတော့၏။ အပေါင်းအဖော်များနှင့် စာသင်ရသည်ကို လည်း ပျော်နေမိ၏။ မှတ်ဉာဏ်လည်း အလွန်ကောင်းကာ အများတကာလို စာကို အော်ဟစ်ကျက်မနေဘဲ စိတ်ထဲ၌စွဲအောင် မှတ်နေတော့၏။ တစ်ခါ တစ်ရံမှသာ တိုးတိုးသက်သာ အနည်းငယ်ဖတ်ရုံဖြင့် အလွတ်ရလေသည်။ တောက်မည့်မီးခဲတရဲရဲဆိုသည့်အတိုင်းဘိုးဘွားများပြောပြသောဇာတ်တော် များထဲမှ ဇနကမင်း၏ လုံ့လဝီရိယ ထူးကဲပုံကို လွန်စွာသဘောကျ၏။ ဇနက မင်းသားကဲ့သို့ပင်စာကိုမလျှော့သောဇွဲလုံ့လဖြင့်စိတ်ဝင်တစားကြိုးစားကျက် မှတ်၏။ ကျောင်းသားဘဝကတည်းကပင် ပါဠိစာ၊ မြန်မာစာ၊ ဂဏန်းသင်္ချာ

အခြေခံနှင့်တကွ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အခြေခံတို့ကိုလည်း စနစ်တကျ သင်ကြားတတ်မြောက်ခဲ့၏။ အနေအထိုင် သေဝပ်မှု၊ စည်းကမ်းရှိမှု၊ ကြိုးစားမှု တို့ကြောင့် ဆရာသမားများ၏ ချစ်ခင်ချီးကျူးခြင်းကို ခံရပြီး စည်းကမ်းဖောက် ဖျက်မှု အပြစ်ဖြင့် ဘယ်သောအခါမှ ဒဏ်ပေးခံခဲ့ရခြင်း မရှိပေ။

## အစိုးရအတန်းကျောင်း သင်ကြားချိန်အရွယ်

မောင်သာမောင်သည် ဘုန်းကြီးကျောင်း၌ ပညာသင်ကြားခဲ့သည်မှာ တစ်နှစ်ကျော် နှစ်နှစ် နီးပါးခန့် ကြာခဲ့သည်။ လက်ပံရွာကျောင်း ဆရာတော် ဦးတိသသည် ရန်ကုန်မြို့သို့ ၁၃၁၅ ခုနှစ် နတ်တော်လတွင် ခေတ္တသီတင်းသုံး နေထိုင်ရန်ကြွရောက်တော်မူ၏။ ထိုအခါမောင်သာမောင်၏မိဘများမှာဘုန်းကြီး ကျောင်း၌ဆရာတော်မရှိချိန် မိမိတို့၏ သားအလိမ္မာလေး ပညာရေး နှောင့်နှေး လိမ့်မည်ဟု စိုးရိမ်ကာ ဘုန်းကြီးကျောင်းမှ ထွက်စေ၏။ ထို့နောက် လက်ပံရွာရှိ အစိုးရမူလတန်းကျောင်းတွင်အပ်နှံလေသည်။ ထိုစဉ်အခါလက်ပံရွာမူလတန်း ကျောင်းအုပ်ဆရာကြီးမှာဦးဘစံဖြစ်ပြီးမောင်သာမောင်၏ဦးရီးတော်သူလည်း ဖြစ်သည်။ အခြားသောကျောင်းဆရာများမှာဦးချစ်ကျော်နှင့်ဦးပုတို့ဖြစ်ကြ၏။ အစိုးရ စာသင်ကျောင်းသို့ ကျောင်းစအပ်စဉ်အရွယ်က မောင်သာမောင်၏ အသက်သည် (၁၁) နှစ်ကျော် ရှိလေပြီဖြစ်သည်။ ကျောင်းဆရာများကလည်း ကလေး၏ အရည်အချင်းကို စစ်ဆေးကြကုန်၏။ ဆရာများ မေးသမျှကိုလည်း ၏သည်မရွေးမှန်ကန်စွာရဲရဲတောက်ဖြေဆိုသောအခါမေးသောဆရာများပင် အံ့ဩချီးကျူးကြရကုန်၏။ အလွန်မှတ်ဉာဏ်ကောင်းပြီး လိမ္မာရေးခြားရှိသော မောင်သာမောင်လေးကို ချစ်ခင်ကြလေသည်။

ဆရာများ မေးသမျှကို အကုန်အစင် ဖြေဆိုနိုင်သောကြောင့် မောင်သာ မောင်ကိုသူငယ်တန်းတွင်မထားတော့ဘဲပထမတန်းသို့တက်စေခဲ့၏။ စာသင် ကျောင်း၌လည်း သူငယ်ချင်း အပေါင်းအဖော်များ၏ အကျိုးကို စွမ်းနိုင်သမျှ ဆောင်ရွက်ပေး၏။

ငယ်စဉ်ကတည်းကသည်းခံတတ်ခြင်း၊စိတ်ထားမြင့်မြတ်လှခြင်း၊စာပေကို စိတ်ဝင်စားသင်ယူခြင်း၊ တံမြက်လှည်း ရေခပ် စသည့် အလုပ်များကိုလည်း မခိုင်းရဘဲ မိမိဘာသာ လုပ်ကိုင်၏။ ထို့ကြောင့် စာပေဘက်၌လည်း ထူးချွန်၊ ကျောင်းသားများ၏စံပြလည်းဖြစ်သောကြောင့်အားလုံး၏ချစ်ခင်မှုကိုခံရလေသည်။ နှစ်စဉ် ပထမတန်းမှစ၍ စတုတ္ထတန်းအထိ နံပါတ်တစ်ဖြင့်သာ အောင်မြင်ခဲ့သည်။

## ငယ်စဉ်ကပင် တာဝန်သိမှု

မောင်သာမောင်၏မိဘနှစ်ပါးသည်သားဦးလေးမွေးဖွားပြီးနောက်ထပ်သားငယ်သမီးငယ်များမွေးဖွားလာပြန်သည်။နောက်ထပ်မွေးလာသောမိမိ၏ညီငယ် ညီမငယ်လေးများကိုလည်း ချစ်ခင်ယုယစွာဖြင့် ထိန်းပေးသည့်အပြင် မိဘများကိုလည်း ကူညီလုပ်ကိုင်ပေးလေသည်။ ဖခင်၏ တောင်သူလုပ်ငန်းရော မိခင်၏ အိမ်မှုကိစ္စအားလုံးကို အောက်ခြေသိမ်းလုပ်ကိုင်ပေး၏။ ပင်ကိုဗီဇကပင်လည်ချင်ပတ်ချင်စိတ်မရှိ၊ကစားပျော်မြူးလိုစိတ်မရှိသောမောင်သာမောင်မှာ မိဘများအား တက်စွမ်းသရွေ့ ကူညီလုပ်ကိုင်ပေးနေရသည်ကိုပင်ကျေနပ်ပျော်ရွှင်နေတော့၏။

## မွေးချင်းမောင်နှမများ

မောင်သာမောင်၊ မောင်သာဒင်၊ မအောင်ကြည်၊ မတင်ရီ (ယခုအခါ သီလရှင် ဆရာလေး ဒေါ်ပညာနန္ဒီ)၊ မတင်ကြည်၊ မောင်သာချစ် (ယခုအခါ ရဟန်းပြုပြီး ဦးဇုတိန္ဓရ) ဟု စုစုပေါင်း ညီအစ်ကို မောင်နှမ ခြောက်ဦးရှိသည်။

## ပွဲမကြိုက်သော မောင်သာမောင်

မောင်သာမောင်လေး ပွဲလမ်းသဘင် မကြိုက်နှစ်သက်ခြင်း၊ စိတ်မဝင်စားခြင်းမှာငယ်စဉ်ကဗုဒ္ဓဘာသာစာပေများထဲတွင်ပွဲလမ်းသဘင်ကြည့်ရှုခြင်းအပြစ်များကိုလိုက်နာခြင်းကြောင့်ပေလော၊သို့တည်းမဟုတ်ညအိပ်ရာဝင်စဉ်

ဘိုးဘွားများ၏ဇာတ်ကြီးဆယ်ဘွဲ့၊ဗုဒ္ဓဝင်စာပေထဲမှပွဲကြည့်ရင်းသံဝေဂရသွား ရှာသောသူတော်ကောင်းသူငယ်ချင်းနှစ်ယောက်၏အကြောင်းကိုပြောပြထား ၍လားပင်မသိချေ။ပွဲလမ်းသဘင်ဆိုလျှင်ကလေးသူငယ်များပင်မဆိုထားနှင့် လူကြီးများပင် နှစ်ခြိုက်ခုံမင်ကြလေ၏။ အချို့နေရာများတွင် ဈေးကြီးပေး၍ ကြည့်ရှုကြရလေသည်။ မောင်သာမောင်မှာတော့ သိတတ်စအရွယ်ကပင် ဇာတ်ပွဲရောရုပ်ရှင်ပါတစ်ကြိမ်မျှကြည့်ရှုလေ့မရှိပေ။တစ်ခါကမောင်သာမောင် ကို ဦးရီးဖြစ်သူမှ ပွဲဈေးတွင် အကြော်ဝယ်ပေးရန် စေခိုင်းလိုက်ရာ အကြော် ဝယ်ပြီးပြီးချင်းပြန်လာခဲ့၏။ဦးရီးတော်သူမှမိမိ၏တူဖြစ်သူကိုဘာဇာတ်ပွဲတဲ့လဲ၊ ဘာတွေကပြနေတာလဲဟုမေးမြန်းရာမသိပါဘူး၊လှမ်း၍မျှပင်မကြည့်မိခဲ့ပါဘူး ဟုပင် ဖြေခဲ့ရာ ဦးရီးဖြစ်သူမှာ အများကလေးများနှင့်မတူ တမူထူးခြားလှသော တူအလိမ္မာလေးကို ကြည့်ပြီး အံ့သြချီးကျူးမဆုံးဖြစ်နေတော့၏။

တစ်ချိန်ကလည်း ရွာဘုရားပွဲသို့ ဆပ်ကပ်ပွဲတစ်ပွဲ လာရောက်ကပြ ကြရာ ရွာသူရွာသားများက အထူးအဆန်းဖြင့် တစ်ရွာလုံးလိုလိုပင် သွားကြည့် ကြကုန်၏။ မောင်သာမောင်ကိုလည်း တစ်အိမ်လုံးမှ ပွဲသွားကြည့်ဖို့ ခေါ်ရာ မလိုက်ခဲ့ပေ။မကြည့်ချင်ဘူးဟုသာဆိုပြီးသူအလွန်နှစ်ခြိုက်သော "ဗုဒ္ဓဘာသာ လက်စွဲ" စာအုပ်လေးကိုသာ ဖတ်ရှုကျန်ရစ်ခဲ့တော့၏။ ပင်ကိုစရိုက် ဓာတ်ခံ ကောင်း ပါလာသူတို့မှာ အပျော်အပါးဘက်၌ နှစ်သက်ခုံမင်လေ့မရှိဘဲ အေး ဆေးတည်ငြိမ်စွာပင် နေထိုင်တတ်ပြီး မိမိနှစ်သက်ရာကို စိတ်ဝင်တစား ရှိကာ ပျော်ရွှင်နေတော့၏။

## လက်ပံရွာမှ ကန်ရွာသို့ ပညာသင်သွားခြင်း

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ကန်ရွာသည် ထိုစဉ်အချိန်က အိမ်ခြေ ၅၀၀ကျော်ရှိသောရွာကြီးတစ်ရွာဖြစ်လေသည်။လွတ်လပ်ရေးရပြီးနောက်ပိုင်း သောင်းကျန်းသူများသည် နေရာအနှံ့ ဆူပူကြသောကြောင့် ယောနယ်လေး သည်လည်း ဆူပူမှုဒဏ်ကို အခြားဒေသများနည်းတူ ခံစားခဲ့ကြရာသည်။ ထို့ ကြောင့် ကန်ရွာကြီးတွင် ဘုန်းကြီးကျောင်းများ အပါအဝင် အိမ်တိုင်း အိမ်တိုင်း

ပုံးခိုကျင်းများဆောက်လုပ်ထားခဲ့ကြရသည်။ဆူညံသံများကြားလျှင်ပုံးခိုကျင်းထဲသို့ဝင်ရောက်ပုန်းခိုကြရလေတော့သည်။

မောင်သာမောင်၏မိဘများသည် မိမိတို့၏ သားအလိမ္မာလေးကို ပညာဆက်လက်သင်ကြားစေလိုသည်။ လက်ပံရွာ၌လည်း အလယ်တန်းကျောင်းကလည်း မရှိ၊ မောင်သာမောင်သည် ပညာရေးတွင် ထူးချွန်သည်သာမက မိဘများအတွက်လည်း အားကိုးအားထားရသော သားကောင်းရတနာလေးဖြစ်သည့်အားလျော်စွာမိမိတို့နှင့်လည်းခွဲခွာ၍မထားချင်ပေ။မောင်သာမောင်တို့နေရာ လက်ပံရွာနှင့် ကန်ရွာသည် ခြောက်မိုင် ကွာဝေးပြီး ထိုစဉ်အချိန်က လမ်းပန်းဆက်သွယ်ရေးလည်း မကောင်းသောကြောင့် ခြေကျင်သွားလာရသည်။ အသွားအပြန် ခြောက်မိုင်ခရီးကို နေ့စဉ်နှင့်အမျှ သွား၍ မဖြစ်နိုင်ပေ။ ထိုသို့သောအကြောင်းများကြောင့် မိဘများမှာ အမျိုးမျိုးအဖုံဖုံ စဉ်းစားတွေးတောကာနောက်ဆုံး၌မောင်သာမောင်လေး၏ဦးရီးတော်စပ်သူဦးပြည့်ထွန်း၊ ဇနီး ဒေါ်ပေါ်ခင်တို့ရှိရာကန်ရွာ၌ သားဖြစ်သူကိုကျောင်းထားရလျှင် သင့်လျော်မည်ဟု စီစဉ်ကာ မိဘများသည် မောင်သာမောင်ကို ကန်ရွာသို့ ပညာသင်ရန်ပို့လိုက်ကြပေတော့သည်။ထိုသို့မောင်သာမောင်ကိုကျောင်းထားရန်ကန်ရွာသို့ပို့လိုက်သောအချိန်၌ယခင်ကလို သောင်းကျန်းသူများမရှိတော့ပေ။ ကန်ရွာရှိဦးရီးတော်သူမှာ ပန်းထိမ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး မိမိ၏တူဖြစ်သူကို ကျွေးမွေးစောင့်ရှောက်ပြီး ပညာသင်ကြားပေးလေသည်။

မောင်သာမောင်သည် ကန်ရွာ အလယ်တန်းကျောင်း၌ ငါးတန်းမှစ၍ ပညာသင်ယူရသည်။ ထိုခေတ်က မူလတန်းတွင် အင်္ဂလိပ်စာကို မပြဋ္ဌာန်းထားသေးပေ။ ငါးတန်းရောက်မှ အင်္ဂလိပ်စာသင်ယူရ၏။ ထိုကန်ရွာ အလယ်တန်းကျောင်း၌ ကျောင်းအုပ်ကြီးမှာ ဦးခင်မောင်ဌေးဖြစ်ပြီး အခြားသော ဆရာ၊ ဆရာမများမှာ ဆရာဦးသိန်းမောင်၊ ဆရာဦးရာမြို့၊ ဆရာဦးတင်လှ၊ ဆရာဦးခင်မောင်သိန်း၊ ဆရာမ ဒေါ်ခိုင်လှ၊ ဆရာမ ဒေါ်စန်းခင်တို့ ဖြစ်ကြလေသည်။

မောင်သာမောင်လေးသည် ပင်ကိုကပင် ဉာဏ်ကောင်းထက်မြက်ပြီး တည်ကြည်သော ဣန္ဒြေရှိကာ ကျောင်းစာများကိုလည်း ဂရုတစိုက် သင်ကြား

၏။ ဆရာသမား လူကြီးမိဘများကိုလည်း ရိုသေလေးစားပြီး သူငယ်ချင်း အပေါင်းအဖော်များအား စွမ်းနိုင်သမျှ ကူညီစောင့်ရှောက်ပေးခြင်း၊ သည်းခံ ခွင့်လွှတ်ခြင်းတို့ကြောင့် မောင်သာမောင်ကို ဆရာ၊ ဆရာမများသာမက တစ် ကျောင်းလုံးကပင် ချစ်ခင်လေးစားကြတော့၏။

မောင်သာမောင်သည် ကျောင်းအားလပ်ချိန်ပေးသော အခါ၌လည်း အခြားကလေးများကဲ့သို့ ဆော့ကစားခြင်း၊ စုဝေး၍ စကားပိုင်းဖွဲ့ခြင်းတို့ဖြင့် အချိန်ဖြုန်းမနေဘဲကျောင်းရုံးခန်းထဲသို့သွားပြီးမိမိနှစ်သက်ရာစာအုပ်များကို သာ ဖတ်နေတော့၏။ ဤကဲ့သို့ အလယ်တန်းကျောင်းသားဘဝ၌လည်း ပညာ ကိုသာ ကြိုးစားသင်ယူသောကြောင့် ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်းတို့တွင် ဗုဒ္ဓဘာသာစာမေးပွဲကို နံပါတ်တစ်ဖြင့်သာ အောင်မြင်ခဲ့တော့၏။ အခြားသော ဘာသာရပ်များ၌လည်း ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၏။ မောင်သာမောင် ခုနစ် တန်း ကျောင်းသားဘဝ၊ ၁၃၂၁ ခုနှစ်တွင် သတ္တမတန်းစာမေးပွဲကို အစိုးရစစ် အဖြစ် ကျင်းပခဲ့သည်။ ကန်ရွာကျောင်း၌ ကျောင်းသားကျောင်းသူပေါင်း (၄၀) ကျော်ဝင်ရောက်ဖြေဆိုကြရာအောင်စာရင်းထွက်ချိန်၌မောင်သာမောင်တစ်ဦး တည်းသာ အမည်စာရင်း ပါလာ၏။

ထိုကဲ့သို့ အစိုးရစစ်စာမေးပွဲ၌ ထူးထူးခြားခြား အောင်မြင်ကြောင်းကြား သိရသောအခါရွာသူရွာသားများ၊ကျောင်းဆရာ၊ကျောင်းဆရာမများမှာဝမ်းသာ ကြလေသည်။ မိဘဆွေမျိုးများနှင့်အတူ လက်ပံတစ်ရွာလုံးကတော့ အတိုင်း မသိ ဝမ်းမြောက်ဂုဏ်ယူနေကြတော့၏။ မိဘနှစ်ပါးဖြစ်ကြသော ဦးရဲနိုင်နှင့် ဒေါ်တုတ်ခိုင်တို့မှာမူ ဝမ်းသာနေရုံနှင့် မပြီးကြသေးဘဲ သားလေး၏ အနာဂတ် အရေးကိုစိတ်ကူးထဲ၌ပုံဖော်ကာဂန့်ဂေါမြို့ရှိအစိုးရအထက်တန်းကျောင်းတွင် ပညာသင်စေမည်။ (၁၀)တန်းအောင်လျှင်တက္ကသိုလ်တက်ခိုင်းမည်။ မိမိတို့၏ သားလေးကိုအရာရှိကြီး၊ အင်ဂျင်နီယာကြီး၊ ဆရာဝန်ကြီးဖြစ်စေချင်ကြသည်။ ထို့သို့ သားလေးပညာရေးအတွက် မိမိတို့ကလည်း အလုပ်ကို အစွမ်းကုန် ကြိုးစားပြီး ထောက်ပံ့မည်ဟု မဖြစ်လာသေးသော အနာဂတ်အရေးကို တွေး တောပြီး မိဘများမှာ စိတ်အားထက်သန်နေကြတော့၏။ မိမိတို့၏ ဆန္ဒများကို

လည်း သားဖြစ်သူအား ပြောပြသောအခါ မောင်သာမောင်မှာ မိဘများဖြစ်စေချင်တဲ့ ဆန္ဒနှင့် လုံးဝဆန့်ကျင်ဘက် ခြားနားနေတော့၏။

## ပါရမီအဟုန် နှီးဆော်ပြီ

ရှေးသူတော်စင် သူတော်ကောင်းများသည် လူ့ပြည် လူ့လောကသို့ ရောက်လာကြသောအခါ လောကီအာရုံကာမဂုဏ်တို့ဖြင့် မွေ့လျော်ပျော်ပါးဖို့၊ အကျိုးမဲ့အချိန်များကိုဖြုန်းတီးဖို့လောကကြီးကိုဖျက်ဆီးဖို့ရန်အတွက်ရောက်လာကြခြင်း မဟုတ်ဘဲ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို အစွမ်းကုန်စောင့်ရှောက်ဖို့ရန် လူ့ပြည်ဌာနသို့ ရောက်လာကြခြင်းပေလော။ လောကသဘောတရားအရ ပြောင်းလဲမှုတိုင်းမှာ အကြောင်းတရားဆိုတာကတော့ ရှိကြစမြဲပါ။ လူတစ်ယောက်၏ ပြောင်းလဲခြင်းသည် ပင်ကိုဗီဇ၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၊ မိဘ ဆရာသမား၊ ရဟန်းသံဃာ စသည်တို့ကြောင့် စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာပါ အနေအထိုင် အပြောအဆို သွင်ပြင်မှုရာတို့ ပြောင်းလဲတတ်ကြ၏။

မောင်သာမောင်သည် အများတကာလို ငယ်ရွယ်စဉ်ကတည်းက လောကီအာရုံတွေအပေါ် တက်မက်မောစိတ် မရှိ၊ ပွဲလမ်းသဘင်၊ ပျော်ပွဲ ရွှင်ပွဲ၌လည်း အနည်းငယ်မျှ စိတ်မဝင်စား၊ ရှေးရှေးဘဝများစွာက ဆည်းပူးခဲ့သော ပါရမီအဟုန်ကြောင့်ပင် ဖြစ်တန်ရာ၏။ ထို့ကြောင့် မောင်သာမောင်လေးသည် မိဘများအားမိမိဖြစ်ချင်သောဆန္ဒများကိုပြောလိုက်ပုံမှာလောကီပညာများကို ဆက်လက်မသင်ကြားချင်တော့ကြောင်း၊ သာသနာ့ဘောင်သို့ အပြီးတိုင် ဝင်ရောက်ပြီး မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ပိဋကတ စာပေများကိုသာ စိတ်ဝင်စားပါသည်။ ထိုစာပေများကို သင်ကြားရင်း တစ်သက်လုံး ရဟန်းဘဝဖြင့် နေချင်ပါသည်ဟု ဆိုလေသည်။ မိမိတို့ မျှော်မှန်းထားသည်နှင့် ဆန့်ကျင်သောသားဖြစ်သူ၏စကားကိုကြားလိုက်ရသောအခါမိဘဆွေမျိုးများမှာအလွန်အံ့ဩကြကုန်တော့၏။ မိဘများမှာအလျှော့မပေးဘဲမောင်သာမောင်ကိုပညာဆက်လက် သင်ကြားဖို့ရန် ချော့မော့ပြောဆို တိုက်တွန်းကြပြန်၏။ မောင်သာ

မောင်မှာတော့ မိမိဆုံးဖြတ်ချက်ကို ပြန်မပြင်၊ လောကီကြီးပွားရေး၊ စီးပွားရေး များသည် ရေပွက်ပမာမျှသာဖြစ်ပြီး ချမ်းသာမှုဟူသည် အနည်းငယ်မျှသာ ဖြစ်ပြီး၊ ဆင်းရဲမှုတို့ဖြင့်သာ ပြည့်နှက်နေသည်ဟုပင် ထင်၍ပေလော မသိ၊ သံသရာလွတ်မြောက်ကြောင်းတရားများကိုသာကြိုးစားအားထုတ်လိုစိတ်များ သာ ဖြစ်ပေါ်နေတော့၏။ တူဖြစ်သူ၏ အကျင့်စရိုက်များကို သိထားပြီးသော ဦးရိုးတော်သူမှာ မောင်သာမောင်၏မိဘများကို အကျိုးသင့် အကြောင်းသင့် ပြောကာတရားချရလေတော့သည်။ မိဘများမှာမတတ်သာသည့်အဆုံးသား ဖြစ်သူ၏ဆန္ဒကို လိုက်လျောရတော့သည်။ မောင်သာမောင်သည် မိမိဖြစ်ချင် သော ဆန္ဒအတိုင်း ဖြစ်လာသောကြောင့် ဝမ်းမြောက်ရလေတော့သည်။

ပါရမီဓာတ်ခံကောင်းပါလာသူတို့၏အမြင်နှင့်သာမန်ပုဂ္ဂိုလ်တို့၏အမြင် မှာ အချို့နေရာများ၌ လုံးဝကွဲပြား ခြားနားနေပါတော့သည်။ မောင်သာမောင် သည်ငယ်စဉ်ကတည်းကပင် ကိုယ်ရည်ကိုယ်သွေးထက်မြက်ပြီးကြံ့ခိုင်သော စိတ်ဖြင့် ဆုံးဖြတ်ရဲသူတစ်ယောက်ပင် ဖြစ်သည်။ မိဘများ ဖြစ်စေချင်သော သူဌေး၊သူကြွယ်၊ရာထူးဂုဏ်သိန်စည်းစိမ်တို့သည်လောကအတွေ့အကြုံအရ ဘဝဖြစ်လာရသည်နှင့်တစ်ပြိုင်နက်ဇာတိ၊ဇရာ၊မရဏဆိုသည့်သဘောတရား များ ပါလာသောကြောင့် အာသဝေါတရား မကင်းသေးသူ မှန်သမျှ လောကီ စည်းစိမ်နှင့်မည်မျှပင်ပြည့်စုံစေကာမူအလိုမပြည့်နိုင်ကြဘဲအသံထွက်ငိုခြင်း၊ ကျိတ်၍ပူဆွေးခြင်းတို့အကြားလူးလာခေါက်ပြန် လူပ်ရှားရုန်းကန် ခံစားရခြင်း တို့မှာ တကယ်တမ်း စစ်မှန်သော ချမ်းသာဟု ဆိုနိုင်ပါမည်လောဟု မောင်သာ မောင် ခံစားရဟန်တူ၏။

ပါရမီဓာတ်ခံ အပြည့်အစုံပါလာသော သိဒ္ဓတ္ထမင်းသားသည် တော မထွက်မီကာလအတွင်း လူ့လောကအတွက်၊ သူ့တိုင်းပြည် သူ့လူမျိုးများ အတွက် အကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လုပ်ကိုင်မည်မှာ အသေအချာပင် ဖြစ်ပေမည်။ (၂၉) နှစ် ကာလပတ်လုံး မင်းစည်းစိမ်ကို တစ်ဦး ကောင်း တစ်ယောက်ကောင်းအဖြစ် ခံစား စံစားနေမည့်သူ မဟုတ်ပေ။ ဘုရား လောင်း သူတော်ကောင်းများ လူ့ပြည် လူ့လောကသို့ ရောက်ရှိလာခြင်းမှာ

မိမိအကျိုးအတွက် ရောက်ရှိလာခြင်းမဟုတ်ဘဲ သတ္တဝါအများ ချမ်းသာဖို့ရန် အလိုငှာ မွေးဖွားလာရခြင်းဖြစ်သည်။ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါ အားလုံးတို့၏ အကျိုးစီးပွားရရှိဖို့ရန်အတွက်ဘုရားဖြစ်တော်မူရန်အထိကြီးမားသောရည်မှန်း ချက်အတိုင်း မဖြစ်မနေ ပြိုင်ဘက်ကင်းစွာ ကြိုးပမ်းဆောင်ရွက်သော မြတ်စွာ ဘုရားရှင်အဖို့မှာမူရည်မှန်းချက်ကြီးရင်ကြီးမားသလောက်အပင်ပန်းအဆင်းရဲ ခံကြရခြင်းမှာလောကဓမ္မတာပင်ဖြစ်၏။လူတိုင်းအဌကလာပ်ရုပ်ချင်းတူသော် လည်း ပါရမီချင်းကား မတူညီကြပေ။ ပါရမီချင်း မတူကြသောကြောင့်လည်း အတွေးအခေါ်မြော်မြင်ပုံ၊ခံယူပုံလည်းမတူကြခြင်းဖြစ်ပေ၏။ပတ္တမြားငမောက် လည်း အဌကလာပ်ရုပ်၊ ကျောက်ခဲလည်း အဌကလာပ်ရုပ်၊ အဌကလာပ်ရုပ် ချင်းတူသော်လည်း တန်ဖိုးချင်းကား မတူညီကြပေ။

**ပထမအကြိမ် ရှင်ပြုမင်္ဂလာ**

မောင်သာမောင်သည် ၁၃၁၈ ခုနှစ်၊ နှောင်းတန်ခူးလ အသက် (၁၄) နှစ် အရွယ်တွင် လက်ပံရွာ ကျောင်းဆရာတော်ထံ၌ ပထမအကြိမ် ကိုရင်ဘဝဖြင့် ခေတ္တဝင်ရောက်ခဲ့၏။ ရှင်သာမဏေဘဝတွင် ဘထွေးတော် ဘုန်းကြီးဦးနန္ဒက လောကုတ်၊ လောကီ ပညာရပ်များကို အချိန်ရသမျှ စနစ်တကျ သင်ကြားပေး လေသည်။ ထိုသို့ စာပေများကို သင်ကြားရာ၌ပျော်မွေ့လှသဖြင့် တစ်သက်လုံး သာသနာ့ဘောင်၌ နေဖို့ရန် ဆန္ဒများ ဖြစ်ပေါ်လာ၏။ မိဘများအား ပြောပြ သောအခါ ခွင့်မပြုသောကြောင့် (၁) လခန့်သာ ဝတ်ခဲ့ရ၏။

၁၃၂၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက်နေ့တွင် ဒုတိယအကြိမ် ဂန့်ဂေါမြို့ နယ်၊ ကန်တောရကျောင်းတိုက် ပထမကန်တောရဆရာတော်ကြီး ဦးကေတု ကိုဥပဇ္ဈာယ်ပြုကာရှင်သာမဏေဘဝသို့အပြီးတိုင်ဝင်ရောက်ခဲ့ပါတော့သည်။ ပထမအကြိမ် ကိုရင်ဝတ်စဉ်က ဘွဲ့အမည် မပေးဖြစ်ခဲ့ပေ။ ဒုတိယအကြိမ် သာသနာ့ဘောင်သို့ အပြီးတိုင် ဝင်ရောက်လာခဲ့ပြီဖြစ်၍ ကန်တောရဆရာ တော် ဦးနန္ဒိမာမှ နေ့သင့်နံသင့် သောကြာသား ဖြစ်သောကြောင့် "ရှင်သီရိန္ဒ" ဟု ဘွဲ့အမည်ပေးခဲ့၏။

## ဒုတိယအကြိမ် ရှင်သာမဏေပြုခြင်း

မောင်သာမောင်သည် အလယ်တန်းကျောင်းသားဘဝက ကန်ရှာ၌ ပညာသင်ကြားစဉ် ကန်တောရကျောင်းတိုင်းကြီးသို့ မကြာမကြာသွားရောက်၍ ဆရာတော်ကြီးများ၏ အဆုံးအမကို နာယူမှတ်သားကာ ဓာတ်ကောင်းများကို ကူးယူလေသည်။ ကန်တောရဆရာတော်ကြီးများ၏ ကြီးမားသော မေတ္တာစွမ်းအားကြောင့် မောင်သာမောင်လေးသည် ကန်တောရကျောင်းတိုက်ကြီးသို့ သွားချင်စိတ်တို့ မကြာခဏ ဖြစ်ပေါ်လာခဲ့သည်။ ကျောင်းသို့ရောက်သွားတိုင်းလည်း မောင်သာမောင်၏စိတ်ထဲတွင် "မောင်သာမောင်ရေ၊ သာသနာတွင်းသို့ မြန်မြန်ဝင်ခဲ့ပါကွာ၊ သာသနာက မင်းကို အလိုရှိနေတယ်၊ သာသနာက မင်းကို စောင့်မျှော်နေတယ်" ဟု ပြောနေသယောင် ကန်တောရကျောင်းတိုက်ကြီးသို့ ရောက်တိုင်း ထိုကဲ့သို့သော ခံစားချက်များ ဖြစ်ပေါ်နေမိတော့၏။

မောင်သာမောင်လေးသည် ကျောင်းတိုက်သို့ရောက်တိုင်း ကန်တောရဆရာတော်ကြီးများ၏ အဆုံးအမများကို အမြဲနာယူရသောကြောင့် ဓာတ်ခံကောင်းများ တဖြည်းဖြည်းကူးလာကာ သာသနာတော်ကို ကြည်ညိုစိတ်များ ရင်ထဲ၌ တလှိုက်လှိုက်ဖြစ်ပေါ်လာကာ သာသနာ့ဘောင်သို့ အပြီးတိုင်ဝင်ရောက်လိုသောစိတ်များ ဖြစ်ပေါ်လာ၏။

ထို့နောက် မိဘများထံမှ ခွင့်တောင်းသောအခါ အစပထမ၌ သဘောမတူခဲ့ပေ။ နောက်ဆုံး ဦးရီးတော်ဦးပြည့်ထွန်းမှ နားချသောကြောင့်သာ မတတ်သာဘဲ ခွင့်ပြုလိုက်ရတော့၏။ မောင်သာမောင်သည် သူဖြစ်ချင်သော ဆန္ဒများ ပြည့်ဝသွားသောအခါ များစွာဝမ်းမြောက်ပျော်ရွှင်ခဲ့ရလေတော့၏။ လောကသာသနာ ကောင်းကျိုးဖြစ်ထွန်းစေမည့် ပုဂ္ဂိုလ်တစ်ဦး သာသနာ့ဘောင်သို့ ရောက်လာဖို့ရန်အတွက် သာသနာစောင့်နတ်များကပင် မရောက်ရောက်အောင် ပို့ဆောင်ပေးလိုက်ခြင်း ဖြစ်ပေလိမ့်မည်။ ကံတရား၏ စီမံမှုကို မည်သူမျှ မငြင်းဆန်နိုင်ပေ။

သက္ကရာဇ် (၁၃၂၂) ခုနှစ်၊ နယုန်လဆန်း (၈) ရက်နေ့တွင် မိဘတို့၏ ခွင့်ပြုချက်ဖြင့် ဒုတိယအကြိမ် ရှင်သာမဏေပြုခဲ့လေသည်။ ထိုအချိန်၌ မောင်

သာမောင်၏ အသက်မှာ ၁၈ နှစ်အရွယ် ရောက်လေပြီ။ မောင်သာမောင်လေး သည် မိဘတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ဂန္ဓဝေါမြို့နယ် ကန်တော‌ရကျောင်း တိုက်၌ ပထမကန်တောရဆရာတော် ဦးကေတုကို ဥပဇ္ဈာယ်ပြု၍ ရှင်သာ မဏေအဖြစ်သို့ ရောက်ရှိခဲ့၏။ ပထမအကြိမ် သာမဏေဝတ်စဉ်က ခဏသာ ဖြစ်၍ ဘွဲ့အမည်မပေးခဲ့။ ယခုအကြိမ်မှသာ ရှင်သာမဏေဘွဲ့ကို ပေးခဲ့လေ သည်၊ ကန်တောရကျောင်းတိုက်၏ စာချဆရာတော် ဦးနန္ဒိမာက ကျက်သရေ အဝဝကို အစိုးရကြောင်း နိမိတ်ကောင်းဖြင့် ဘွဲ့အမည်ကို "ရှင်သိရိန္ဒ" ဟုပေးခဲ့ လေသည်။

## စာပေသင်ကြားခြင်း

ရှင်သိရိန္ဒသည် ပထမ ကန်တောရဆရာတော်ဘုရားကြီးထံ၌ အခြေခံ ပရိယတ္တိစာပေများကို အပတ်တကုတ် ကြိုးစားသင်ယူလေသည်။ မေတ္တာ၊ စေတနာ အပြည့်အဝဖြင့် ဆရာသမားများ၏ သင်ကြားပေးမှုကို ပင်ကိုဉာဏ် ထက်မြက်သော ကိုရင်သိရိန္ဒမှာ သဒ္ဓါတရားထက်သန်စွာဖြင့် ပရိယတ္တိ အခြေခံစာပေများကို နေ့ညဥ့်မပြတ် ကြိုးစားသင်ယူခဲ့ပေသည်။ ထိုကဲ့သို့ ဆရာသမားကောင်းများထံမှ စာပေများသင်ကြားရင်း ကိုရင်ဘဝဖြင့် တစ်နှစ် သာ ရှိသေးချိန်တွင် ပထမ ကန်တောရဆရာတော်ကြီး ပျံလွန်တော်မူခဲ့လေ သည်။

ရှင်သိရိန္ဒသည် ဒုတိယကန်တောရဆရာတော် ဦးဝိသုတ၊ စတုတ္ထ ကန်တောရဆရာတော် ဦးကေလာသ၊ စာချဆရာတော် ဦးနန္ဒိမာ၊ ဦးသာကိန္ဒ (သိရိပဝရ ဓမ္မာစရိယ) တို့၏အထံ၌ သဒ္ဒါ သင်္ဂဟ ပါတိမောက် ကစ္စည်း ရူပသိဒ္ဓိ ဋီကာကျော် မာတိကာ ဓာတုကထာ ပါဠိရေးနည်း ဂါထာစီကုံးနည်း ကဗျာ လင်္ကာစီကုံးနည်းတို့ကို ရှင်သာမဏေဘဝ ၂ နှစ်တာအတွင်း အခြေခံမှစ၍ စနစ်တကျ သင်ယူခဲ့လေသည်။

## ပညာလိုလား စာသင်သား

ရှင်သိရိန္ဒကိုရင်လေးသည် ဉာဏ်ပညာထက်မြက်ပြီး ဆရာသမားများ သင်ကြားပေးသမျှကို အချိန်တိုအတွင်း ကောင်းစွာသဘောပေါက်နားလည် လွယ်၏။ မှတ်ဉာဏ်ကောင်းလွန်းသောကြောင့် သင်ကြားပြီးသော စာများကို မမေ့ပျောက်၊ မသင်ကြားရသေးသော စာကိုလည်း ရှည်ရှည်ဝေးဝေး ရှင်းပြ စရာမလိုဘဲ တစ်ထွာပြ တစ်တောင်မြင်ဆိုသကဲ့သို့ သဘောပေါက်နားလည် လွယ်၏။

သင်ကြားပြသပေးသော ဆရာသမားများသည် ကိုရင်ငယ်လေး၏ ပညာလိုလားမှု ဉာဏ်ပညာထက်မြက်မှု ကြိုးစားမှုတို့ကို သိမြင်ရသောအခါ အတိုင်းထက်အလွန် အားရကျေနပ်ကြလေ၏။ အစတွင် အခြားစာသင်သား များနှင့် အတူတွဲ၍ စာပေပို့ချပေးသည်။ နောက်ပိုင်း၌ ရှင်သိရိန္ဒလေးအား သီးခြားခွဲ၍ တစ်ပါးတည်း သီးသန့်သင်ကြားပေးလေ၏။ အကြောင်းမှာ စာကို စိတ်ဝင်စားပြီး သဘောပေါက်နားလည်လွယ်သောကြောင့် အချိန်ကုန်သက် သာစေရန် အရှင်သိရိန္ဒအတွက် ပို့ချပေးရခြင်း ဖြစ်လေ၏။ အချို့စာဝါများကို သာ ပို၍ကျေညက်စေရန် အများနှင့်တွဲ၍ သင်ယူစေ၏။

## သင်ပေးသလောက် အကျိုးရောက်

ရှင်သိရိန္ဒအား စာပေပို့ချပေးသော ဆရာတော်များသည် ပရိသတ် ၁၀၀ ကို ပို့ချပေးရခြင်းထက် ထိုအရှင်တစ်ပါးအား သင်ကြားပေးရခြင်းက ပို၍ အားရကျေနပ်မှုရှိကြောင်း၊ ပင်ပန်းရမှန်းပင် မသိကြောင်း ချီးကျူးသည်ဟု သိရသည်။ ရှင်သိရိန္ဒသည် သင်ကြားပြသသလောက် တတ်မြောက်၏။ ရှင်သိရိန္ဒမှလည်း အစွမ်းကုန် ကြိုးစား၏၊ ဆရာသမားများဘက်ကလည်း ရက်ပျက်မရှိသလောက် အချိန်မှန်မှန် ကြိုးစားသင်ကြားပို့ချပေး၏။ သာမန် ကိစ္စဖြင့် ညဥ့်အိပ်ညဥ့်နေ ခရီးမသွား၊ အနည်းအကျဉ်း နေထိုင်မကောင်းဖြစ် လျှင်ပင် စာဝါ အပျက်မခံပေ။ တစ်နေ့ တိပိဋကဖြစ်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် သင်ကြားပေးခြင်း မဟုတ်။ မျှော်လင့်သည့်အတိုင်း ဖြစ်ချင် မှ ဖြစ်တတ်သော်လည်း မမျှော်လင့်သည်များ ဖြစ်လာတတ်ပေသည်။

## သင်ကြားခဲ့သော စာဝါများ

ရှင်သိရိန္ဒသည် အခြားအခြားသော စာသင်သားများ လေးငါးနှစ်ကြာ သင်ကြားရမည့် စာပေကျမ်းဂန်များကို ကိုရင်ဘဝဖြင့် (၂) နှစ်ခန့်သာ သင်ကြားခဲ့လေသည်။ သင်ပြီးသော စာများကိုလည်း အပေါ်ယံသာ မဟုတ်၊ စနစ်တကျ ပိုင်ပိုင်နိုင်နိုင် သင်ကြားတတ်မြောက်ခဲ့ခြင်း ဖြစ်၏။ ရှင်သာမဏေဘဝဖြင့် သင်ကြားခဲ့သော စာဝါများမှာ

(၁) သဒ္ဒါပိုင်းဆိုင်ရာ၌ ကစ္စည်းသဒ္ဒါကြီး၊ ရူပသိဒ္ဓိ၊ ပဒမာလာ၊ ပုဒ်စစ်၊ သုတ်စစ်။

(၂) အဘိဓမ္မာပိုင်းဆိုင်ရာ၌ သင်္ဂဟ၊ ဋီကာကျော်၊ မာတိကာ၊ ဓာတုကထာ။

(၃) ဝိနည်းပိုင်းဆိုင်ရာ၌ ဘိက္ခုပါတိမောက်၊ ကင်္ခါ စသည်တို့အပြင် ဆန်း၊ အဘိဓာန်နှင့် ပါဠိစီကုံးနည်း၊ ကဗျာလင်္ကာစီကုံးနည်း စသည်သည်ဖြင့် တစ်ခုပြီးတစ်ခု စုံလင်အောင် သင်ကြားခဲ့၏။

ရှင်သာမဏေဘဝကတည်းကပင် မိမိ၏စိတ်ကို စာပေကျမ်းဂန်ထဲ၌သာ မြှုပ်နှံခဲ့လေသည်။ ရှင်သိရိန္ဒသည် အပြောနည်းပြီး မိမိနှင့်သက်ဆိုင်ရာ အလုပ်များကိုသာ လုပ်ကိုင်ပြီး အချိန်ကို တန်ဖိုးရှိရှိ အသုံးချကာ အချိန်ရှိသခိုက် စာပေများကိုသာ ကြိုးစားသင်ယူ၏။

## အခန်း ၂၂
## အရှင်သီရိန္ဒ၏ ဥပသမ္ပဒ မင်္ဂလာ

### ရဟန်းပြုခြင်း

၁၃၂၄ ခု၊ ကဆုန်လပြည့်ကျော် (၈) ရက် စနေနေ့တွင် ပဋိသန္ဓေနှင့် တကွ အသက် ၂၀ ပြည့်လတ်သောအခါ ကန်တောရ ကျောင်းတိုက်အတွင်းရှိ ခဏ္ဍသိမ်ကြီး၌ ကန်ရွာ ကန်တောရကျောင်းတိုက် တတိယပဓာန နာယက ဆရာတော်ဘုရားကြီး ဦးဝိသုတကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာများစွာဖြင့် ခမည်းတော် ဦးရဲနိုင်၊ မယ်တော် ဒေါ်တုတ်ခိုင်၊ ဘေးတော် ဒေါ်ခြုံ ဘိုးဘွားများ ဖြစ်ကြသော ဦးကျော်ထိုက်၊ ဒေါ်စိုးချုပ်၊ ဒေါ်ရွှေဖုံး အစရှိသော မိဘ ဘိုးဘွား တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ တော့၏။ ဘွဲ့အမည်မှာလည်း အရှင်သီရိန္ဒပင်ဖြစ်၏။

### ထူးခြားသော ရဟန်းခံပွဲ

အရှင်သီရိန္ဒ၏ရဟန်းခံပွဲမှာ အခြားသော ရဟန်းခံပွဲများနှင့်မတူ တစ်မူ ထူးခြား၏။ ထူးခြားပုံမှာ မိမိကိုယ်တိုင် ရဟန်းခံပွဲ၌ ကိုယ်တိုင်ကိုယ်ကျ တရားဟောတော်မူခြင်းဖြစ်ပြီး အရှင်၏ ပြတ်ပြတ်သားသား မှတ်သားဖွယ်ရာ

ပထမဦးဆုံးသော ပွဲဦးထွက်တရားမှာပင် ပောကြားပုံကောင်းလှသည်ဟူ၍လည်း တရားနာပရိသတ်များက များစွာကြည်ညိုကြကုန်၏။ အရှင်သီရိန္ဒသည် မိမိ၏ရဟန်းခံပွဲ အထိမ်းအမှတ်အဖြစ် ကိုယ်တိုင်ရေးဖွဲ့ထားသော ရတုပိုဒ်စုံနှင့် ဂါထာများတွင် ရဟန်းဘဝကို ရောက်ရှိရသဖြင့် အတိုင်းမသိဝမ်းသာပီတိ ဖြစ်ရပုံကို ဂါထာစီ သီကုံးရေးသားဖြန့်ဝေခဲ့သည်။

မိမိ၏ ရဟန်းအဖြစ်ရရှိပုံကို အဘယ်မျှပင် ဝမ်းမြောက်ဂုဏ်ယူမဆုံးရှိပုံကို အရှင်၏ရင်တွင်းမှ စိမ့်ထွက်လာသော ပီတိအဟုန်ပင်ဖြစ်တော့သည်။

## ဥပသမ္ပဒ ရတုပိုဒ်စုံ

အရှင်သီရိန္ဒသည် ရှင်သာမဏေဘဝကတည်းကပင် ဆရာသမားများထံမှ ကဗျာလင်္ကာစီကုံးနည်း၊ ဂါထာစီကုံးနည်း၊ ရတုပိုဒ်စုံ ရေးနည်းတို့ကို သေချာကျနပိုင်နိုင်စွာ သင်ကြားပြီး ဖြစ်၏။ ထို့ကြောင့် မိမိကိုယ်တိုင် ရဟန်းအဖြစ်သို့ ရောက်သောအခါ အမှတ်တရအနေဖြင့် ဥပသမ္ပဒရတုပိုဒ်စုံနှင့် ဥပသမ္ပဒ ဥဒါနဂါထာတို့ကို စီကုံးရေးဖွဲ့ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။

အရှင်ရေးသားခဲ့သော ဥပသမ္ပဒရတုပိုဒ်စုံမှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ကဲလွန့်ဂုဏ်ရောင်၊ တို့ဘုန်းခေါင်၏၊ မိန့်ဆောင်ဒေသနာ၊ မှတ်သားနာလော့၊ မြတ်စွာဗုဒ္ဓ၊ ဆုံးမမိန့်မှာ၊ သာသနာကို၊ ပစ္စယာမွေ့၊ နဂ္ဂဟာဖြင့်၊ ချီးမြှင့်တကယ်၊မလွယ်ကူလှ၊ရေးကပြုဖူး၊ဘုန်းကံထူးထွေ၊ရှိဖူးလေမှ၊ ချီးမြှင့်ရ၏၊ ပုညနွမ်းပါး၊ ဘုန်းကံရှားမူ၊ မလွယ်ကူလှ၊ ဝေးကွာစွာ့ရှင့်၊ ပဗ္ဗဇိတ၊ ဒုလ္လဘမှန်၊ ရဟန်းခံမူ၊ ရှင်ပြုတစ်ဖြာ၊ မွှာနဂ္ဂဟာ၊ ကျိုးဖလကား၊ များပြားလှဘိ၊ သီရိမွှော၊ သောကာအထွတ်၊ ရာဇမြတ်ကို၊ မိန့်လတ်ဝါစီ၊ မဟီမြေမှ၊ ဘဝဂ်ကျအောင်၊ များမြောင်သိမ့်သည်း၊ ပစ္စည်းရွှေငွေ၊ ထွေထွေရတနာ၊ ပြည့်စွာဖြိုးဖြိုး၊ သဒ္ဓါမိုးဖြင့်၊ မညိုးစေတနာ၊ လှူဒါန်းပါလည်း၊ သာသနာတွင်း၊ ကိုယ့်သားရင်းနှင့်၊ ဖန်ဆင်းမခြား၊ သူ၏သားကို၊ ရှစ်ပါးပရိက္ခရာ၊ စုံလင်စွာဖြင့်၊ ချီးမြှင့်ရတုံ၊ ဒုလ္လဘစစ်၊

ရှင်ချစ်ရဟန်း၊ ရွှင်လန်းသဒ္ဓါ၊ ဓမ္မာနုဂ္ဂဟာ၊ မြတ်ဒါနလှူငါ၊ အအသချေ၊ ရေဝတွက်မရ၊ ကျိုးဖလပြား၊ လွန်စွာများသည်၊ မြတ်ဖျားဘုန်းမြတ် မိန့်ခွန်းတည်း။

(၂) ကြံစွန့်ကုန်ပေါင်၊ သဒ္ဓါပြောင်သား၊ ရာထောင်မကာ၊ ပစ္စယပေး၊ လှူဒါန်း ပေးလည်း၊ ကွာဝေးမမှီ၊ ဓမ္မဆီနစ်၊ နုဂ္ဂဟာစစ်ကို၊ ရှင်ချစ်မောဂ္ဂလိ၊ သီရိ ဓမ္မာ၊ သောကာအထွတ်၊ ရာဇာမြတ်အား၊ မိန့်လတ်မကွာ၊ ဒေသနာနှင့်၊ ညီစွာချင့်၍၊ မျှော်လင့်အကျိုး၊ သွန်းမိုးပမာ၊ စေတနာခိုင်၊ သဒ္ဓါလှိုင် လျက်၊ ပြုနိုင်ခဲစွာ၊ ဓမ္မာနုဂ္ဂဟာ၊ မြတ်ဒါနကို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ စိတ်သန် မှန်းဆ၊ ဗုဒ္ဓသာသနာ၊ ရောင်ဝါလင်းနိုက်၊ ပြုလိုက်ကြလော့၊ လောက ထွတ်ထား၊ မြတ်ဘုရားပင်၊ သက်တော်ထင်ရှား၊ ရှိစင်ငြားက၊ သား ရာဟုလာ၊ ခါခါညွှတ်ပြောင်း၊ အမွေတောင်းသော်၊ တို့ရှင်တော်လည်း၊ ပစ္စည်းအမွေ၊ မပေးလေဘဲ၊ အပြတ်ကဲဘိ၊ ပဗ္ဗဇိတ၊ ဒါယဇ္ဇကို၊ မ.စချီးမြှင့်၊ ပေးတံ့လင့်၏၊ လွန်မြင့်မြတ်လှ၊ ထိုဒါနကြောင့်၊ မုချမသွေ၊ ဘဝေဘဝါ၊ ရာထောင်မကာ၊ သုခစည်းစိမ်၊ ရှိန်ရှိန်မငြိး၊ ခံစားပြီးသော်၊ ဝင့်မီးငြိမ်းရာ၊ နိဗ္ဗုတာသို့၊ မချို့ထူးခြား၊ ကေန်လားမည်၊ ထွတ်ဖျား ဆုံးသတ် လိမ့်ချမ်းတည်း။

(၃) သဲညွှန့်ကုန်အောင်၊ ပီတိကျောင်းသား၊ အခေါင်မိပတိ၊ သီရိကျက် သရေ၊ ထိန်လင်းဝေသည့်၊ တက်နေပမာ၊ ဂုဏ်ရောင်ဖြာလတ်၊ အမြတ် လွန်ကဲ၊ သာသနာထဲ၌၊ ရနိုင်ခဲစွ၊ ဒုလ္လဘစစ်၊ ပဗ္ဗဇ္ဇမှန်၊ အလွန်မြတ်လှ၊ သာကီယနွယ်၊ တကယ်တင့်ဆန်း၊ ရဟန်းအဖြစ်၊ ရတုံလစ်၍၊ စင်စစ် မသွေ၊ အောင်မြေပိုက်ချီး၊ အောင်သံဟည်းကာ၊ မငြိးရွှင်ပျော်၊ အရ တော်လှ၊ ငါ့ဘဝဟု၊ နှေ့ညမကွာ၊ ဝမ်းသာမဆုံး၊ ပီတိလုံးဆို့၊ ပြုံးလို့ ချည်းလျှင်၊ နေလိုက်ချင်၏၊ သို့ပင်ငြားလည်း၊ ဘုရားမြတ်စွာ၊ သာသနာ ကို၊ ငါ့မှာပြုထိုက်၊ နလုံးပိုက်လျက်၊ ကြံဖြိုက်နိုင်ခဲ၊ အားသွန်ကြကာ၊ ခါခါမလပ်၊ မြင့်မြတ်သာသနာ၊ ထွန်းလင်းပါအောင်၊ လုံ့လဆောင်၍၊ မြင့်ခေါင်တက်ထိပ်၊ သဒ္ဓါစိတ်ဖြင့်၊ အကြံတ်အနယ်၊ တကယ်သာပ၊

ယောဒ္ဒာနနှင့်၊ ပြည်ပပြည်တွင်း၊ အကြွင်းမရှိ၊ နှံ့ဘိသာသနာ၊ တည်ပါ စေကြောင်း၊ အာသီလျှောင်းလျက်၊ မပျက်မမှန်၊ စိတ်သန်ရည်စူး၊ ဖြန့်ဖြူးပါအံ့၊ နလုံးသန့်ထား၊ လွန်ကြိုးစားမည်၊ တက်အားသုံးသပ် စိမ့်လန်းတည်း။

ရှင်သိရိန္ဒ(ကန်တော့ရ) ရေးသားသည်။
၁၃၂၄ - ခုနှစ်၊ ကဆုန်လ။

မိမိ ဤကဲ့သို့ ရဟန်းဘဝရောက်အောင် ပစ္စည်းလေးပါးဖြင့် အစွမ်းကုန် ဖြည့်ဆည်းပေးခဲ့သော မိဘဆွေမျိုးများကိုလည်း "ဥပသမ္ပဒ ဥဒါနဂါထာ" ဆိုသည့် ဂါထာလေးကိုလည်း ကိုယ်တိုင်ရေးဖွဲ့ခဲ့လေသည်။

ဉာတီဟိစာ နဂ္ဂဟိတော
မာတာပိတူဟိ ဒါနိစ
ဒုလ္လဘံ ပုဗ္ဗကမ္မေန
လဒ္ဓါဟံ ဥပသမ္ပဒံ။

(ပထမ ဘကာရစိပုလာဂါထာ)

**ဥပသမ္ပဒ ဥဒါနကထာ**

ဉာတီဟိစ - လက်ပံရွာတွင်၊ဂုဏ်ထင်ပြန့်မွေး၊အဘေးတော်စပ်၊တရားမြတ်၌၊ မမြတ်ပွားထုံ၊ ဒေါ်ဒေါ်ချုံနှင့်၊ ပွားထုံတရား၊ အဘွားဒေါ်ထုံ၊ ဒေါ်ရွှေဖုံးဟု၊ ကောင်းမှုစိုက်ပျိုး၊ အသီတိုးသည့်၊ ဆွေမျိုးတို့သည်လည်းကောင်း၊ (ဝါ) လက်ပံရွာ၌၊ နစ်ခြိုက်မွေ့လျော်၊ အဘိုးတော်ပြား၊ သဒ္ဓါပွားသည့်၊ ထူးခြားသိုက်မြိုက်၊ ဦးကျော်ထိုက်နှင့် သိုက်မြိုက်ဝေဆာ၊ သဒ္ဓါထူးခြား၊ အဘွားသမုတ်၊ ဒေါ်စိုးချုပ်တို့သည်လည်းကောင်း၊ (ဝါ) ကန်ရွာကြီး၌ ပျော်ပိုက်ဂုဏ်ရှိန်၊ ပန်းထိမ်တတ်စွမ်း၊ ဦးပြည့်ထွန်းနှင့် အေးချမ်းကြည်လင် ဒေါ်ပေါခင်ခေါ် ဆွေတော်မျိုးတော်တို့သည်လည်းကောင်း၊ မာတိပိတူဟိ စ - ဂန့်ဂေါမြို့နယ်၊ လွန်တင့်တယ်လှ၊ ရှုမဝသည့် လွန်စွာသာယာ၊ လက်ပံရွာ၌ ပျော်ပိုက်နေလျက်၊

သက်မွေးဖြူစင်၊ အယူသန့်ရှင်း၊ သတင်းပြန့်လှိုင်၊ ဦးရဲနိုင်နှင့် ထူးတင့်မြိုင်ဆိုင် ဒေါ်တုတ်ခိုင်ဟု မှတ်ရှုခေါ်ဝေါ်၊ မယ်တော်ခမည်းတော်တို့သည်လည်းကောင်း၊ အနုဂ္ဂဟိတော - ပရိက္ခာစုံလင်စွာဖြင့် သဒ္ဓါထူးလတ် ချီးမြှောက်အပ်သည် ဖြစ်၍ (ဝါ) ချီးမြှောက်အပ်သော၊ အဟံ - ကံ့ရွာမြောက်စောင်းတောရကျောင်း ၌၊ ပျော်အောင်းမွေ့လျော်၊ ရှင်တော်မိန့်မှာ၊ သာသနာကို၊ ရှည်ကြာတည်ခြား၊ လုံ့လအားဖြင့်၊ ကြိုးစားနေရ သိရိန္ဒဟု၊ နာမမည်တွင် ငါအရှင်သည်၊ ဒါနိ - ဣဒါနိ - သာသနာရောင် တောက်ပြောင်ထိန်လင်း ခေတ်အတွင်းမှာ တွေ့ ကြုံပါရ၊ ဤယခုအခါကာလ၌ (ဝါ) ၁၃၂၄ ခု ဥတုဂိမာန၊ ကဆုန်လဆုတ်၊ သမုတ်တွက်စစ် (၈) ရက်ရောက်လာ၊ စနေနေ့၊ ယခုအခါ၌၊ ပုဗ္ဗကမ္မေန - နောင်အခါကာလ၊ သမယဝယ်၊ ဗုဒ္ဓမိန့်မှာ၊ သာသနာနှင့်၊ မလင့်ပုံသေ၊ တွေ့ပါ စေသား၊ တွေ့စေသားဟု၊ တောင်းဆုဆိုကာ ပြုခဲ့ပါလတ်၊ ရှေးကုသိုလ်ကံမြတ် ကြောင့်၊ ဒုလ္လဘံ - ပဗ္ဗဇိတဘာဝေါ ဒုလ္လဘောဟု၊ ရှင်စောမိန့်ကြား၊ မြတ်စကား အရ၊ ဘဝကမ္ဘာ၊ များစွာလွန်သွား၊ ကုန်လေငြားလည်း ထူးခြားပိုင်ပိုင်၊ အလွန် ရနိုင်ခဲလှပေသော၊ ဥပသမ္ပဒံ - အရှုပ်နှောင်ကွင်း၊ ထောင်အတွင်းမှ၊ လွတ် ကင်းရန်ငှာ၊ လမ်းပေါက်ရှာလတ်၊ အပြတ်ထိပ်တင်၊ လွန်စွာကျယ်လစ်၊ ရဟန်းအဖြစ်ကို၊ လဒ္ဓေါ - ထူကဲလှစွာ၊ ဝမ်းသာမဆုံး၊ ပီတိလုံးဖြင့်၊ စမွယ်တင့် ငြား၊ ထူးခြားပိုင်ပိုင်၊ လက်ကိုင်မိမိ၊ ရရှိခဲ့လေပြီတကား (ဝါ) ကန်ရွာတောရ၊ တတိယမော် ဆရာတော်ကို၊ မှီခိုသမှု၊ ဆရာပြုကာ၊ ကောင်းစွာပိုင်ပိုင်၊ ရရှိနိုင် ခဲ့လေပြီတကား။

ရှင်သိရိန္ဒ(ကန်တောရ) ရေးသားသည်။
၁၃၂၄ - ခုနှစ်၊ ကဆုန်လ။

## ရဟန်းဖြစ်လိုခြင်း အကြောင်း

ဘဝသံသရာအဆက်ဆက်ကကောင်းတဲ့ဓာတ်သတ္တိများပါလာကြသူ များသာ ရဟန်းဘဝကို မြတ်နိုးတန်ဖိုးထားကြကုန်၏။ ပါရမီဓာတ်ခံကောင်း မပါလာသူများအတွက်ကားရဟန်းပြုမည်ဟုစိတ်ထဲ၌တွေးရုံမျှပင်မဝံ့မရဲရှာကြ

ပေ။ ရာသက်ပန် ရဟန်းပြုဖို့ ဆိုသည်မှာ ဝေလာဝေးပင်။ အချို့သောသူများမှာ အထုံပါရမီပါအောင်ဆိုပြီး ခဏတာ ဒုလ္လဘဝတ်ကြလေ၏။ ရည်ရွယ်ချက်ကြီးကြီးမားမား မရှိကြပေ။

ရဟန်းဘဝဆိုသည်မှာလူဝတ်ကြောင်ဘဝဖြင့်များစွာသာလွန်မြင့်မြတ်လေသောကြောင့်လူတိုင်းရဟန်းမပြုနိုင်ကြပေ။မြင့်မြတ်သောဘဝဆိုသည်မှာ မြင့်မြတ်သော စိတ်ထားရှိသူတို့နှင့်သာ ထိုက်တန်ကြကုန်၏။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ပင်လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်စဉ် ကာလအတွင်းမှာတောင် ရဟန်းဘဝကို ကိုးကြိမ်ပဲ ရခဲ့ဖူးသည်ဟု ဆို၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် မိမိတို့၏မွေးဖွားလာသော ကလေးများ၊ သားယောကျ်ားလေးဖြစ်လျှင် ရှင်ပြု၊ ရဟန်းခံ ပေးရမည်ဟူသော အသိပါလာကြတော့၏။ဒါကြောင့်ကြုံခဲလှသောသာသနာတော်မှာတစ်သက်လုံးရဟန်းအဖြစ်နှင့်မဝင်ရောက်နိုင်တောင်မှခေတ္တခဏဒုလ္လဘရဟန်းအဖြစ် ခံယူကြကုန်၏။

လောကတွင်မူ လူအမျိုးမျိုး စိတ်အထွေထွေ ရှိသည်ဆိုသော စကားအတိုင်း ရဟန်းဝတ်ရခြင်း၏ ရည်ရွယ်ချက်ကို မေးခဲ့လျှင် မိမိတို့၏ စိတ်ခံစားချက်၊ ခံယူပုံ၊ အသိဉာဏ် အားလျော်စွာ အမျိုးမျိုးဖြေကြပေလိမ့်မည်။ နောက်ဆုံးအဆင့် ဒုလ္လဘဝတ်သော ရဟန်းပင်လျှင် အထုံပါရမီပါအောင်၊ ကုသိုလ်ရအောင်ဆိုသည့် အဖြေမျိုးသာ ဖြေကြပေလိမ့်မည်။ မည်သို့ပင်ဆိုစေကာမူ လူတိုင်းလူတိုင်းခံယူပုံ၊အသိဉာဏ်အားလျော်စွာအနှစ်ချုပ်လိုက်လျှင်ကုသိုလ်ရဖို့နှင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့သာ ဖြစ်၏။

## မန္တလေးသို့ စာသင်ကြွခြင်း

အရှင်သိရိန္ဒသည် ကန်တောရကျောင်းတိုက် ပထမဆရာတော်ကြီး ဦးကေတု၊ တိုက်အုပ်ဆရာတော် ဦးဝိသုတ၊ စာချဆရာတော် ဦးကေလာသ၊ ဦးနန္ဒိမာ၊ ဦးသာကိန္ဒတို့ထံမှ ရှင်သာမဏေဘဝဖြင့် နှစ်ဝါတိုင်တိုင် ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

ရဟန်းခံပြီးနောက်ကန်တောရကျောင်းတိုက်၌လည်းစာချဆရာတော် လုံလောက်စွာ မရှိသောကြောင့် မန္တလေးသို့ ပညာသင်သွားဖို့ရန် အကြောင်း ဖန်လာတော့၏။ အရှင်၏ မူလဥပဇ္ဈာယ်ဆရာဖြစ်သော လက်ပံဆရာတော်မှ မန္တလေးသို့ပညာဆည်းပူးရန် စီစဉ်ပေးရတော့၏။ ဤသို့သော အကြောင်းများ ကြောင့် အရှင်သိရိန္ဒသည် ၁၃၂၄ ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်နေ့တွင် ဂန့်ဂေါမြို့မှ မန္တလေးသို့ လေယာဉ်ခရီးဖြင့် ပညာတော်သင် ကြွသွားရတော့ပြီ။ ပညာသင်သွားသော အရှင်သိရိန္ဒအား မိဘဆွေမျိုးများအားလုံးက လေဆိပ် အထိ လိုက်လံပို့ဆောင်ပေးကြသည်။ မိဘများမှာ မိမိတို့၏ သားရဟန်းလေး နှင့် ခွဲခွာရတော့မည်ဆိုသည့်အတွက် ဝမ်းနည်းမျက်ရည်များပင် ကျရှာလေ တော့သည်။ အရှင်သိရိန္ဒကမူ မတုန်မလှုပ်၊ တည်ကြည်ငြိမ်သက်သော ဣန္ဒြေ ဖြင့်ပင် ကြွနိုင်ပေတော့သည်။

## ဆရာ့တာဝန်

သာသနာတော်အတွက် အမြော်အမြင်ရှိကြကုန်သော ဆရာသမား များသည် မိမိတို့၏ တပည့်များ အရည်အချင်း ဉာဏ်ရည်ဉာဏ်သွေးကို ကြည့် ပြီး အချိန်တန်လျှင် ပရိယတ္တိစာသင်တိုက်များသို့ ပို့လွှတ်ပြီး ပညာသင်ကြား စေတော့၏။ ဤအတူပင် စာချဆရာတော် ဦးသာကိန္ဒ(သိရီပဝရ ဓမ္မာစရိယ) သည် ရဟန်းဖြစ်ပြီးခါစ အရှင်သိရိန္ဒ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ပညာလိုလား မှု၊ တည်ငြိမ်မှု၊ အကျင့်စာရိတ္တကောင်းမွန်မှု၊ ဣန္ဒြေသိက္ခာရှိမှုတို့ကို ကြည့်၍ "နောင်တစ်ချိန်တွင် သာသနာတော်အတွက် အားကိုးအားထားလောက်မည့် ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်လာလိမ့်မည်" ဟု ယုံကြည်ကာ ပညာတတ်အကျော်အမော် စာချဆရာတော်များရှိရာ မန္တလေးမြို့သို့ ပညာသင်ဖို့ရန် စီမံပေးရလေတော့သည်။

အရှင်၏ ပရိယတ္တိအရည်အချင်းသည် ပထမကြီးတန်းသို့ပင် ဝင် ရောက်ဖြေဆိုအောင်မြင်နိုင်မည့် အဆင့်သို့ပင် ရောက်ရှိနေပြီ ဖြစ်လေသည်။ သို့သော်လည်းဂန့်ဂေါမြို့၌ပါဠိပထမပြန်စာဖြေဌာနမရှိခြင်းကြောင့်မည်သည့်

စာမေးပွဲကိုမျှ မဖြေဆိုရသေးပေ။ ထို့ကြောင့် စာချဆရာတော် ဦးသာကိန္ဒမှ မိမိ၏တပည့်ဖြစ်သူကို "မိမိကိုယ်တိုင် တတ်နေရုံနှင့် မပြီးသေးဘူး၊ ခေတ်ကာလအရ ဂုဏ်ဆိုတာ လိုသေးတယ်။ လောကမှာ ဂုဏ်မရှိလျှင် လူရောရှင်ပါ မလေးစားဘူး။ ဂုဏ်ရှိမှ တန်ဖိုးထားလေးစားကြတယ်၊ ပညာတတ် မတတ်ကို အဆင့်အတန်းနဲ့သာ တိုင်းတာနေတဲ့ခေတ် ဖြစ်နေတယ်။ စာဖြေဖို့ အချိန်ရောက်နေပြီ။ နောက်တောင်ကျနေပြီ" ဟု ပြောဆိုကာ စာပေကျမ်းဂန်များကို ဆက်လက်သင်ယူရန် မန္တလေးမြို့တော်ကြီးသို့ ပို့ဆောင်ပေးခဲ့လေတော့၏။

## ဆုံးဖြတ်ချက်အခိုင်အမာချခဲ့ပုံ

သက္ကရာဇ် ၁၃၂၄ ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်နေ့တွင် ဂန့်ဂေါမြို့မှ မန္တလေးမြို့သို့ ပညာသင်သွားမည်ဟု ဆုံးဖြတ်ချက်ချကာတည်းက "ငါသည် ဓမ္မာစရိယမအောင်မချင်း ဂန့်ဂေါနှင့် မွေးရပ်မြေကို ခြေမချတော့ပြီ" ဟု လေယာဉ်ထွက်ခါနီး မိဘများ၏ရှေ့မှောက်၌ ရဲရင့်စွာပြောဆို၍ ခိုင်မာသော ဆုံးဖြတ်ချက်ကို ချခဲ့လေ၏။ အရှင်သိရိန္ဒသည် မိမိပြောသည့်အတိုင်းပင် ၆ နှစ်တာကာလပတ်လုံး နေရပ်သို့မပြန်ဘဲ မန္တလေးမြို့၌သာ စာပေကျမ်းဂန်များကို ထက်သန်သော ဆန္ဒ လုံ့လတို့ဖြင့် ကြိုးစားအားထုတ်ခဲ့လေသည်။ ဤသို့ ကြိုးစားအားထုတ်ခဲ့ခြင်းကြောင့် ၁၃၃၀ ပြည့်နှစ်တွင် ဓမ္မာစရိယတန်းကို အောင်မြင်ပြီးမှသာ နေရပ်သို့ ပြန်လာခဲ့လေ၏။

# အခန်း (၃)
## မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်သို့ ရောက်ခြင်း

အရှင်သိရိန္ဒသည် ၁၃၂၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈) ရက်နေ့တွင် ရဟန်းခံပြီး၊ ထိုနှစ် နယုန်လဆန်း (၁၁) ရက်တွင် မိမိနေရာဇာတိမြေမှ မန္တလေးမြို့သို့ ပညာသင်ကြားရန် ရည်မှန်းချက် ခိုင်မာစွာ "ဓမ္မာစရိယတန်း မအောင် မချင်း ရွာသို့ ပြန်မကြွလိုပြီ" ဟု ရဲရဲဝံ့ဝံ့ပြတ်သားသော ဆုံးဖြတ်ချက်ဖြင့် ရောက်ရှိလာ၏။ မန္တလေးမြို့သို့ ရောက်သောအခါ ဝိဇ္ဇာလင်္ကာရတိုက်၌ တစ်ပတ်ခန့် တည်းခိုနေထိုင်စဉ်ကလျာဏမိတ်ဆွေများအဖြစ်အရှင်နရိန္ဒ၊အရှင်ကောသလ္လ တို့မှ လိုအပ်သည်များကို ကူညီစောင့်ရှောက်ပေးလေသည်။

အရှင်သိရိန္ဒသည် ဝိဇ္ဇာလင်္ကာရကျောင်း၌ တစ်ပတ်ခန့် တည်းခိုပြီး နောက်ထိုကျောင်းတိုက်ဆရာတော်ဦးခေမာစာရ၊အရှင်ကောသလ္လ၊ဦးပညာ ဝံသတို့ ကိုယ်တိုင်ပင် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ လိုက်ပါအပ်နှံပေးလေသည်။ ဤသို့ဖြင့် အရှင်သိရိန္ဒသည် မန္တလေးမြို့ရွှေကျင် နိကာယဗဟိုဌာနချုပ်ဖြစ်သည့် မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ အောင်မြေသာစည် ကျောင်း၌ ဦးပဏ္ဍိစ္စ(ကန်ရွာ)၏ အကူအညီဖြင့် ပညာသင်ကြားခွင့် ရရှိခဲ့လေ သည်။

ပါရမီတတ်ခံကောင်းပါလာသူတို့သည်ဆရာကောင်းများ၏အဆုံးအမ ဩဝါဒကို ခံယူရလေသည်။ အရှင်သိရိန္ဒသည် သာသနာ့ပိုင်မြောင်းမြဆရာ တော်၊သံတော်ဆင့်ဆရာတော်ဦးတိလောက၊အောင်မြေသာစည်ဆရာတော် ဦးဥတ္တရာဇီဝ၊ ဦးပဏ္ဍဝံသ၊ သုဓမ္မေတန်းကျောင်းဆရာတော် အရှင်ဂရုဓမ္မ စသော စာချဆရာတော်များထံ ပညာသင်ယူခဲ့ရလေသည်။

ထို့အပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ မစိုးရိမ်တိုက်သို့ သွား၍ ထိုတိုက်ရှိ စာချဆရာတော်များဖြစ်သော အရှင်ဝိစိတ္တာဘိဝံသ၊ အရှင်စန္ဒောဘာသာ ဘိဝံသ၊ အရှင်ကုန္ဒာစာရ၊ အရှင်ဓမ္မာနန္ဒစသော စာချဆရာတော်များအပြင် တောင်ထီးလင်းတိုက်၊ ဆရာတော် ဦးဝဇီရဗုဒ္ဓိစသော ညဝါဆရာတော် အကျော်များထံ၌ ပရိယတ္တိစာပေများကို သင်အံ့ကြိုးစား အားထုတ်တော်မူခဲ့ သည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

မန္တလေးမြို့၌ (၅) နှစ်တာကာလအတွင်း အောင်မြင်ခဲ့သော အတန်း များမှာ ၁၃၂၄ (၁၉၆၂) ခုနှစ်တွင် ပထမငယ်တန်းကို အောင်မြင်ခဲ့သည်။ ထူးခြားသည်မှာ အရှင်သိရိန္ဒသည် ရဟန်းဖြစ်ပြီးမှ ပထမငယ်တန်းကို ဝင် ရောက်ဖြေဆိုခြင်း ဖြစ်သည်။ ၁၃၂၅ (၁၉၆၃) ခုနှစ်တွင် ပထမလတ်တန်းကို အောင်မြင်ပြီး ၁၃၂၆ (၁၉၆၄) ခုနှစ်တွင် ပထမကြီးတန်းကို ဖြေဆိုရာ အောင် မြင်ပြန်သည်။ ဤသို့ဖြင့် နှစ်စဉ်ဆက်တိုက် ကျရှုံးသည်မရှိဘဲ အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သည်။အရှင်သည်၁၃၂၇ခုနှစ် (၁၉၆၅) တွင် ဓမ္မာစရိယ စာချတန်း ကို ဆက်တိုက်ပင် ဖြေဆိုခဲ့ပြန်ရာ ကျမ်းရင်းသုံးကျမ်းလုံးအနက် ပါရာဇိကဏ် နှင့် အင်္ဂုတ္တိုရ်ပါဠိကဲသို့ ... ကို အောင်မြင်ခဲ့လေသည်။ ၁၃၂၈ (၁၉၆၆) ခုနှစ်တွင် ပါစိတျာဒိ ပါဠိဂုဏ်ထူးဆောင်ကျမ်းကို ဆက်လက်ဖြေဆိုရာ အောင်မြင်ခဲ့၏။ ဤတွင် ထူးခြားသောအချက်မှာ ကျမ်းရင်းသုံးကျမ်းစလုံး မအောင်မြင်သေးမီ ကာလအတွင်းမှာပင် ဂုဏ်ထူးတန်းကျမ်းကို စောစောကတည်းက အောင်မြင် ထားပြီးဖြစ်ကြောင်း သိရ၏။ အရှင်သိရိန္ဒ၏ အရည်အချင်းသည် အများနှင့်

မတူ တစ်မူထူးခြား အံ့ဩဖွယ်ရာတစ်ခုပင် ဖြစ်လေတော့သည်။ ၁၃၂၉ ခုနှစ် ဓမ္မာစရိယ အောင်မြင်သည့်အခါတွင်လည်း တစ်နိုင်ငံလုံး အမှတ်အများဆုံး အောင်မြင်ခြင်းဖြစ်သောကြောင့်သာသနဓဇဓမ္မာစရိယအဂ္ဂမဟာအကျော်ဘွဲ့ ကို ရရှိတော်မူခဲ့ခြင်း ဖြစ်သည်။ တစ်ဖန် ပါဠိဂုဏ်ထူးတန်းကို အောင်မြင်ထား သောကြောင့် ဝိနယပါဠိပါရဂူဘွဲ့ကိုလည်း ရရှိထားပြန်လေတော့သည်။ ထိုနှစ် ၁၃၂၈ - ခုနှစ်တွင်ပင် ဝိနယပါဠိပါရဂူနှင့် စေတိယင်္ဂဏ စာသင်တန်း နှစ်ပွဲကို အောင်မြင်ခဲ့ပြန်သည်။စေတိယင်္ဂဏစာသင်တန်းကိုအောင်မြင်ခဲ့သဖြင့်အဘိ ဝံသဘွဲ့ထပ်တိုးလာပြန်၏။ မူလဘွဲ့အမည် အရှင်သိရိန္ဒမှ အရှင်သိရိန္ဒာဘိဝံသ ဟူ၍ ဘွဲ့အမည် ထပ်တိုးလာပြန်၏။ ဤသို့ဖြင့် အရှင်သိရိန္ဒာဘိဝံသသည် မန္တလေးမြို့၌ငါးနှစ်တာကြာမျှပရိယတ္တိစာပေများကိုလုံ့လကြိုးကုတ်အားထုတ် ကြိုးပမ်းသင်ကြားခဲ့၏။ ထိုငါးနှစ်တာ အချိန်အတွင်း မည်သည့်အရပ်ဒေသ သို့မျှ အလည်အပတ်ပင် ကြွရောက်တော် မမူခဲ့လေ။ မိမိ သင်ကြားရာ စာပေ များအပေါ်၌သာ အာရုံစူးစိုက်သင်ကြားခဲ့၏။

## စာသင်သားဘဝ ဆင်းရဲခဲ့ရပုံ

အရှင်သိရိန္ဒသည် မန္တလေးမြို့၌ ပညာသင်ယူစဉ်အခါက အစစအရာ ရာ ချို့တဲ့ခဲ့ရလေသည်။ နောက်ဆုံး မိမိသင်ယူနေသော ပရိယတ္တိဆိုင်ရာ ကျမ်း စာအုပ်များကိုပင် ပြည့်စုံအောင် မဝယ်ယူနိုင်ရှာခဲ့ပေ။ စာသင်သားရဟန်း အဖော်များထံမှ ငှားရမ်းဖတ်ရှု ရှာရလေသည်။ အရှင်သိရိန္ဒသည် စာအုပ် အဟောင်းဆိုင်များမှ ယိန္နမ်းလုပြီဖြစ်သော စာအုပ်အဟောင်းများကို ဈေး ပေါပေါဖြင့်ဝယ်ယူဖတ်ရှုရင်းဖြင့်ပထမငယ်တန်း၊ပထမလတ်တန်း၊ပထမကြီး တန်း၊ ဓမ္မာစရိယ၊ ပါရာဇိကဏ်၊ အဋ္ဌသာလိနီ ၂ ကျမ်း၊ ဝိနယပါဠိပါရဂူ၊ စေတိယင်္ဂဏ စာမေးပွဲတို့ကို နှစ်မခြားဘဲ အောင်မြင်ခဲ့လေသည်။

အရှင်သိရိန္ဒသည် မိမိဖြေဆိုနေရသည့် စာမေးပွဲကား များပြားသော ကြောင့် ကျမ်းစာအုပ်မျိုးစုံကိုလည်း ရှိနေဖို့ လိုအပ်နေပေသည်။ သို့သော် လည်း မဝယ်ယူနိုင်ရှာခဲ့ပေ။ ထိုသို့ ကျမ်းစာအုပ်များအတွက် အခက်အခဲ ဖြစ်

နေသည်ကို ကလေးမြို့နယ် မြို့လှဆရာတော်ဦးနန္ဒက ကြားသိရသောအခါ အရှင်သိရိန္ဒထံသို့ စာအုပ်များဝယ်ယူနိုင်ဖို့ရန် ဝတ္ထုငွေ ၁၀ဝိ/နှင့် အထွေထွေ သုံးရန် ဝတ္ထုငွေ ၄ဝိ/ ပေါင်း ၁၄ဝိ/ ကျပ်သော ဝတ္ထုငွေကို နှစ်ကြိမ်ခွဲကာ ထောက်ပံ့လှူဒါန်းခဲ့ဖူးကြောင်း သိရ၏။

အရှင်သည် မည်မျှပင် ဆင်းရဲပင်ပန်းပါစေ စိတ်ဓာတ်မကျ၊ အားမငယ်၊ မိမိ၏ပညာရေးကိုအဆုံးရှုံးမခံ၊ လောကဓံကိုကြံ့ကြံ့ခံကာစိတ်ဓာတ်ကိုမြှင့်ပြီး အထက်သို့တက်ရန် အစွမ်းကုန် ကြိုးစားလေသည်။ မိမိရည်မှန်းထားသော ပန်းတိုင်ကို မရောက်မချင်း လုံ့ဝနောက်မဆုတ်ဘဲ အစွမ်းရှိသရွေ့ကြိုးစားနေ လေတော့၏။

**မိဘများထံ ပြန်စာ**

ဒါယကာကြီးဦးရဲနိုင်

၁၃၂၅ ခုနှစ်၊ နတ္တော်လဆုတ် ၃ ရက်၊ (၃-၁၂-၆၃) အင်္ဂါနေ့

ဦးပဥ္ဇင်းစာရေးသားပြန်ကြားအပ်ပါသည်။

ဒါယကာကြီးနှင့်တကွ ဦးကျော်ထိုက်၊ ဒေါ်ရွှေဖုံး၊ ဒေါ်ခြံ၊ ဦးကွမ်းအုပ် စသော ဒကာ ဒကာမတို့ထံမှ လှူဒါန်းတင်ပို့လိုက်သော ဝတ္ထုငွေကို ၎င်းလဆုတ် ၂ ရက်နေ့တွင် ကောင်းစွာလက်ခံရရှိပါသည်။ ဤကဲ့သို့ စီးပွားရေး အခက်အခဲ ကြားထဲမှနေ၍ ဦးပဥ္ဇင်းမှာကြားသမျှ ဝတ္ထုငွေ (၁၅ဝိ/)ကို မငြင်းမဆန်ဘဲ လှူဒါန်းတင်ပို့ကြသည်ကို ဦးပဥ္ဇင်းအနေဖြင့် ချီးကျူးပါသည်။ ဝမ်းမြောက်ပါ သည်။

ဒကာ ဒကာမတို့ စီးပွားရေးအခက်အခဲနှင့် တွေ့ကြုံနေရသည်ဟု ကြား ရတော့ ဦးပဥ္ဇင်း စိတ်မကောင်းပါ။ ဝတ္ထုငွေကိုလည်း ရေးကလို သုံးစရာရှိတိုင်း မသုံးဝံ့တော့ပါ။ မျက်စိကြည့်မကောင်းဟုဆိုသော်လည်း မွဲတာတော့ မဟုတ်၊ အဝေးသို့ကြည့်လျှင် ဝေနေခြင်းသာ ဖြစ်ပါသည်။ စာကိုတော့ ကြည့်နိုင်ပါ သည်၊ သို့ရာတွင် စာကြည့်ဖန်များလာလျှင် မျက်ရည်များကျ၍ ဝေလာသည်၊ ရှိပါစေ။ ကိုယ့်ဉာဏ်ကိုသုံးပြီး ကျန်းမာရေးကို စွမ်းနိုင်သမျှ ဂရုစိုက်လျက်ပါပဲ။

ဦးပဠင်းသည် တတ်နိုင်သမျှ အဆင်းရဲခံပါမည်။ ရဟန်းတို့၏ ရောင့်ရဲခြင်းဖြင့် ဖြစ်သလို တင်းတိမ်ရောင့်ရဲနေပါမည်။ မိမိ၏ရည်ရွယ်ချက် ပညာရေးလမ်းဖြောင့်ဖို့သာ အဓိကဖြစ်သည်ဟု သဘောထားပါသည်။

ဦးပဠင်းတွင် လွန်ခဲ့သော တန်ဆောင်မုန်းလဆွန်းမှစ၍ နတ္တော်လွှန်းအထိ ပခုံး၌ အနာပေါက်ခဲ့ရာ တစ်လကျော်ကျော်မျှ တော်တော်ပြင်းပြင်းထန်ထန် ခံရပြီး ဆေးဆရာကိုပြ၍ ကုသသဖြင့် ပျောက်ခါနီးပါပြီ။

ဒါယကာကြီးထံမှ စာတွင် ဘထွေးတော်သူ ဦးရဲလှထံတွင် ဝတ္ထုငွေအလှူခံရမည်ဟုပါရာ ဦးပဠင်းအနေဖြင့် တကာယ့်တကယ် အခက်အခဲနှင့်ကြုံနေလျှင်တော့ တောင်းပါမည်။ နေသာသမျှတော့ နေပါမည်။ ကလေးမြို့နယ်မြို့လှဘုန်းကြီးဦးနန္ဒကထံမှလည်း စာအုပ်ဖို့သက်သက် (၁၀ိ/)၊ အထွေထွေသုံးရန် (၄ိ/) ပေါင်း (၁၄ိ/) ကို ၁၃၂၄ ခုနှစ်၊ နတ္တော်လကတစ်ကြိမ်၊ လွန်ခဲ့သော ကဆုန်လက တစ်ကြိမ် ထောက်ပံ့ခဲ့ပါသည်။

ဒါယကာကြီး ဒါယကာမကြီးနှင့်တကွ သားသမီးဆွေမျိုးဉာတိအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြစေရန် ဦးပဠင်း မေတ္တာပို့သလျက်ရှိပါသည်။

ဦးသိရိန္ဒ

မန္တလေး

## မီးဘမျှားထံ မျက်မှန်ဖိုး အလှူခံ

အရှင်သိရိန္ဒသည် မန္တလေးမြို့၌ ပရိယတ္တိစာပေမျှား ကြိုးစားသင်ကြားရင်း စာပေမျှားကို အမြဲတမ်းဖတ်ရှုနေရ၍ မျက်စိမကောင်း ဖြစ်ခဲ့ရ၏။ အဝေးသို့ကြည့်လျှင်လည်း ဝေနေတတ်ပြီး သဲကွဲစွာမမြင်ရ၊ ဇဝေဇဝါ ဖြစ်လာသည်။ စာကို အချိန်ကြာကြာ ကြည့်လျှင်လည်း မျက်ရည်ပူမျှား ကျကျလာတော့သည်။

ထို့ကြောင့် မျက်စိဆရာဝန်နှင့်ပြသရာ မျက်မှန်တပ်ဖို့ လိုအပ်ကြောင်းပြောလေသည်။ မဖြစ်မနေ ကျန်းမာရေးအတွက် လိုအပ်လာပြီဖြစ်သော

ကြောင့် မိမိ၏ မယ်တော်၊ ခမည်းတော်တို့ထံ စာရေးကာ ဝတ္ထုငွေ ၁၅ဝ / အလှူခံ၏။ အရှင်သိရိန္ဒသည် သာမန်ကိစ္စဖြင့် မည်သူ့ထံမှ အလှူခံလေ့ မရှိ။ မဖြစ်သာသည့်အဆုံးမှာသာ အလှူခံခြင်း ဖြစ်၏။

ထိုသို့ အလှူခံသောအချိန်၌ ခမည်းတော်၊ မယ်တော်တို့မှာ စီးပွားရေးအကျပ်အတည်းများနှင့် ကြုံတွေ့နေရသော်လည်း ဆွေမျိုးများနှင့် ဝိုင်းဝန်းစုပေါင်းကာ သားရဟန်းအတွက် ဝတ္ထုငွေ ၁၅ဝ / ကို မိဘများမှ ပေးပို့လှူဒါန်းလိုက်လေတော့သည်။ မိဘများထံမှ ပေးပို့လှူဒါန်းလိုက်သော ဝတ္ထုငွေများ ရောက်ရှိလာသောအခါ အရှင်သိရိန္ဒသည် စီးပွားရေးအကျပ်အတည်းများကြားမှ မိမိအတွက် မဖြစ်ဖြစ်အောင် ဖန်တီးလှူဒါန်းပေးကြောင်း သိရသောအခါ များစွာစိတ်မကောင်းဖြစ်ပြီး မယ်တော် ခမည်းတော်တို့ထံ ပြန်စာရေးသားပို့ပေးလိုက်၏။

## ဆရာတော်၏ တပည့်ကျော်သည်

ပထမငယ်တန်းကိုပင် ဝင်ရောက်မဖြေဆိုရသေးသော အချိန်၌ပင် အရှင်သိရိန္ဒ၏ ဉာဏ်ပညာအရည်အချင်းသည် အလွန်အံ့သြစရာကောင်းလှပေတော့၏။ ဓမ္မာစရိယဘွဲ့ရသော ပုဂ္ဂိုလ်တိုင်းသော်မှ ရတုပိုဒ်စုံနှင့် ဂါထာများကို ကာရန်နဘေ လှပစွာဖြင့် ထိထိမိမိ ရေးသားနိုင်ဖို့ရန် မလွယ်ကူချေ။

ရတုပိုဒ်စုံ၊ တေးထပ်၊ ကဗျာလင်္ကာ၊ ဂါထာများ ရေးသားရာ၌ စာပေ တတ်ကျွမ်းမှုနှင့် ဝါသနာ အထူးလိုအပ်၏။ အချို့သော ပုဂ္ဂိုလ်များမှာ စာပေ တတ်မြောက်ကျွမ်းကျင်ကြသော်လည်း ရေးသားလိုသော ဝါသနာက အားနည်း၍ မရေးတတ်ချေ။ အချို့သောသူများကား ရေးသားလိုသော ဝါသနာရှိသော်လည်း စာပေတတ်မြောက်ကျွမ်းကျင်မှုက အားနည်းသောကြောင့် မရေးတတ်ချေ။

အရှင်သိရိန္ဒအဖို့မှာမူ ကန်တောရဆရာတော်များ၏ စနစ်တကျ သင်ကြားပို့ချပေးခဲ့မှုကြောင့်လည်းကောင်း၊ ကိုယ်တိုင် ဝါသနာပါမှု၊ ကျွမ်းကျင်မှုတို့ကြောင့်လည်းကောင်း ရှင်သာမဏေဘဝကတည်းကပင် ရတုပိုဒ်စုံနှင့် ဂါထာများကို ကျွမ်းကျွမ်းကျင်ကျင် ရေးသားနိုင်ခဲ့ခြင်း ဖြစ်၏။

ဤသို့ ကျွမ်းကျင်ပိုင်နိုင်စွာ ရေးသားနိုင်ခြင်းမှာ သင်ကြားပို့ချပေးသော ဆရာက တော်၍ နည်းစနစ်တကျ ခံယူသော တပည့်များကျော်ရခြင်း ဖြစ်ပေတော့၏။ လောက၌ ဆရာ ကောင်းမကောင်း၊ ဆရာ တော်မတော်၊ တပည့်ကို ကြည့်လျှင် သိနိုင်ပေသည်။ အသိ၊ အကျင့် ဘက်စုံ ထူးချွန်သော တပည့်ကောင်းကို ဆရာကောင်းများကသာ ဖော်ထုတ်ပေးနိုင်စွမ်း ရှိ၏။ အရည်အချင်းပြည့်မီသော တပည့်ကောင်းတစ်ယောက် ဖြစ်လာနိုင်ဖို့ရန် အရည်အချင်းပြည့်မီသည့် ဆရာကောင်းများနှင့် တွေ့ဆုံဖို့ရန် များစွာလိုအပ်လှပေ၏။

ဆရာကောင်းမှ တပည့်ကောင်းမည်။ တပည့်ကောင်းမှ နောက်မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်၏။ ကန်တောရဆရာတော်များသည် အသိ၊ အကျင့် ဘက်စုံပြည့်စုံသော အရည်အချင်းနှင့် ပြည့်စုံတော်မူကြကုန်၏။ ဣန္ဒြေသိက္ခာကြီးမားတော်မူကြပြီး သာသနာပြုစိတ်ဓာတ် ပြင်းထန်တော်မူကြ၏။ ထို့ကြောင့်လည်း အရည်အချင်းပြည့်မီသည့် တပည့်များကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းပင် ဖြစ်တော့၏။

## စာတတ်အကျော်များထွက်ရာ ကန်တောရ

ကန်တောရကျောင်းတိုက်ကြီးသည် ရှေးအခါက ပရိယတ်၊ ပဋိပတ် အကျင့်မြတ်တို့ဖြင့် ပြည့်စုံလှသော ဆရာတော်ကြီးများကြောင့် နာမည်ကျော်ကြားခဲ့သည်။ ကလေး၊ ဂန့်ဂေါ၊ ထီးလင်း၊ ယော လေးမြို့နယ်ရှိ သံဃာတော်များသည် များသောအားဖြင့် ကန်တောရကျောင်းတိုက်သို့ သွားရောက်ကာ ပညာသင်ကြားခဲ့ကြောင်း၊ ကျမ်းကြီးပေါက် စာတတ်ပေတတ် အကျော်အမော်များစွာ ထွက်ရှိကြောင်း သိရ၏။

ကန်တောရကျောင်းတိုက်ကြီး၌ ပညာသင်ကြားခဲ့ပြီး မိမိတို့နှင့် သပ္ပါယမျှစွာ နေထိုင်သီတင်းသုံးတော်မူသော ကျောင်းထိုင်ပုဂ္ဂိုလ်များ၊ နိုင်ငံခြား သာသနာပြု ပုဂ္ဂိုလ်များ၊ တရားဟော ဓမ္မကထိက ပုဂ္ဂိုလ်များ အများအပြားရှိခဲ့၏။ ကန်တောရဆရာတော်များ၏ စနစ်တကျ ပြုစုပျိုးထောင်နိုင်ခဲ့မှုကြောင့် ထူး

ချွန်သည့် တပည့်ပုဂ္ဂိုလ်ကျော် အများအပြားပေါ်ထွက်လာခဲ့ရခြင်း ဖြစ်လေတော့၏။

## စာကျက်နည်း အတုယူဖွယ်

အရှင်သိရိန္ဒသည်လည်း စာပေပရိယတ္တိများကို သင်ကြားနေသော စာသင်သားပင်ဖြစ်သော်လည်း နံနက်စောစော အိပ်ရာမှထကာ မိမိ သီတင်းသုံးရာဖြစ်သော မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည်ကျောင်းတွင်းရှိ သံဃာတော်များအတွက် သောက်ရေ၊ သုံးရေများ ခပ်ပေးလေသည်။ ထိုသို့ ပြုလုပ်ပြီးမှ ဆွမ်းခံခြင်း၊ ဆွမ်းစားခြင်း၊ စာဝါလိုက်ခြင်း၊ လိုက်ပြီးသော စာဝါများကို နှလုံးသွင်း ကျက်မှတ်ခြင်းတို့ကို နေ့စဉ်နှင့်အမျှ ပြုလုပ်လေ့ရှိသည်။

အရှင်သိရိန္ဒ၏ ထူးခြားသော စာကျက်နည်းကား အခြားစာသင်သားများကဲ့သို့ စာကို အသံထွက်၍မကျက်ဘဲ ပါးစပ်အနည်းငယ် လှုပ်ရုံသာလှုပ်၍ မိမိ၏စာဝါများကို ကျက်မှတ်လေသည်။ ပါးစပ်လှုပ်၍ ကျက်ရသည့်အခါ နည်းလှပေသည်။ မျက်စိကိုဖွင့်လိုက်၊ မှိတ်လိုက်ပြုလုပ်ပြီး အလွတ်မရသေးသည့် စာများကို ပြန်ကြည့်ကာ နောက်ထပ်တစ်ဖန် နှလုံးသွင်းပြီး ကျက်ပြန်၏။ စာများကိုကြည့်ရုံမျှသာကြည့်ရှုပြီးတရားမှတ်သကဲ့သို့မှတ်ပြီးစာသတိပဋ္ဌာန်သဘောမျိုးနှင့်ပင် ရပြီးသောစာများကိုလည်း အသံထွက်၍ မဆိုတော့ဘဲ မျက်စိမှိတ်ပြီး စိတ်ဖြင့် နှလုံးသွင်း၏။ ထိုသို့ ကျက်မှတ်သော်လည်း တစ်ခါတစ်ရံ စိတ်လွင့်သွားသည့်အခါမှာတော့ မိမိ၏ လက်ချောင်းလေးများကို အသုံးပြုပြီး အမှတ်သညာပေးကာ နှလုံးသွင်းဆင်ခြင်ပြန်၏။ ဤနည်းဖြင့်ပင် အရှင်သိရိန္ဒသည်စာပေများကိုတရားအမှတ်အနေဖြင့်စူးစိုက်မှတ်သားသောကြောင့် စိတ်တည်ငြိမ်ကာ သမာဓိအားကောင်းပြီး ကျက်မှတ်ပြီးသရွေ့စာပေများသည် လည်း မမေ့ပျောက်တော့ဘဲ စိတ်ထဲ၌သာ စွဲမြဲနေတော့၏။

ထို့ကြောင့် အရှင်သိရိန္ဒသည် မိမိနှင့်အတူ စာသင်ဖက်အပေါင်းအဖော်များကိုလည်း မိမိ၏ စာကျက်နည်းကို ဖွင့်ဟပြောဆိုလေသည်။ မိမိကဲ့သို့ အသံတိတ်နည်းဖြင့်စာကျက်သောကြောင့်ခန္ဓာကိုယ်လည်းမပင်ပန်း၊လေနာ

ရောဂါလည်း မထနိုင်ပေ။ ဒွါအပြင် တပည့်တော်၏ အသံကြောင့် သူတစ်ပါး အတွက်လည်းအနှောင့်အယှက်မဖြစ်တော့ပေ။ဤနည်းသည်ပိုမိုခရီးရောက် ပြီး လူလည်းသက်သာသည်ဟူ၍ ဆိုပါသည်။ နဂိုမူလကတည်းက ပညာ လိုလားပြီး အမြဲတစေ စာနှင့် နေ၏။ စာအံနည်းမှာလည်း အတုခိုးလောက် ပေသည်။ အပျင်းနှင့် အဖျင်းတို့ အချင်းချင်းဆုံမိလျှင် ပျက်စီးတတ်သည်ဟု အရှင်သိရိန္ဒ ရိပ်မိလေဟန်ရှိသည်။ စာသင်သားဘဝတစ်လျှောက်လုံး စာအံ၊ စာကျက်၊ စာတက်ဖို့ ပျင်းသည်ဟူ၍ တစ်ရံတစ်ခါမျှ မရှိချေ။ ပါရမီအခံကောင်း ပါလာသော အရှင်သိရိန္ဒအတွက် နှစ်ဖက်နှစ်လမ်း အကျိုးဖြစ်ထွန်းကာ နောင်လာနောင်သားများအတွက် အားကျအတုယူဖွယ်ပင် ဖြစ်တော့သည်။

## အရှင်၏ တောရစိတ်

ယောဆရာတော်ဟု ထင်ရှားလာမည့် အရှင်သိရိန္ဒသည် ဆိတ်ငြိမ် အေးချမ်းရာ အရပ်သို့ရောက်လျှင် စိတ်အစဉ်မှာ မွေ့လျော်လေ့ရှိ၏။ မြတ်စွာ ဘုရားရှင်သည်လည်း အင်ကြင်းတောထဲဖွား၊ မိဂဒါဝုန်တောထဲ တရားကျင့်၊ ထိုတောထဲမှာပင် ဘုရားဖြစ်တော်မူခဲ့သည်။ ငါလည်းပဲ စာချတန်း (ခေါ်) မွော စရိယတန်းလောက်အောင်လျှင်ပင် မိမိရပ်ရွာ ယောနယ်မြေသို့ပြန်၍ တော ဘုန်းကြီးလေးအဖြစ် အစွမ်းရှိသရွေ့ဘုရားရှင်၏ သာသနာတော်ကို တိုးတက် ပြန့်ပွားအောင် ကြိုးစားမည်။ ဤကဲ့သို့သော ရည်ရွယ်ချက်ဖြင့် မိမိရပ်ရွာမှ စွန့်ခွာကာ မန္တလေးမြို့သို့ ပညာသင်ကြားရန် ကြွရောက်တော်မူလာခြင်း ဖြစ် သည်။ ထို့ကြောင့်ပင် မန္တလေးမြို့၌ ပညာသင်ကြားစဉ် ကာလအတွင်း မွောစရိယတန်း အောင်မြင်ဖို့ရန်သာ ရည်ရွယ်ခဲ့သည်။ အခြားအခြားသော ခက်ခဲသည့် သကျသီဟ၊ စေတိယင်္ဂဏစာမေးပွဲ ဆိုသည်များကို ကြားဖူးနားဝ လောက်သာ ရှိ၏။ တိပိဋကဓရဆိုသည်မှာ တွေးရုံမျှပင် မတွေးဝံ့ခဲ့ချေ။

မိမိသာသနာပြုဖို့ရာ ရည်ရွယ်ခဲ့သော ယောနယ်လေးသည် ပုဂံခေတ် ကတည်းကအလောင်းမင်းတရားကြီးတည်ထားကိုးကွယ်ခဲ့သောဖောင်တော် ဦး၊ ဖောင်တော်ကြီးဘုရားများ၊ နရပတိစည်သူမင်းကြီး ထုလုပ်ပူဇော်ခဲ့သော

စကားဘုရားများ၊အလောင်းစည်သူမင်းကြီး၏ကောင်းမှုတော်ဘုရား၊မဏိပူရ ကသည်းပြည်သို့ စစ်ချီတက်ရာလမ်းကြောင်းတစ်လျှောက်ဖြစ်သော တမူး ကဘော်ဒေသရှိ စေတီဘုရားများ တည်ထားကိုးကွယ်ရာ အရပ်ဒေသလေး ဖြစ်သည်။ ဤအရပ်ဒေသသည် ရှေးအစဉ်အဆက်ကတည်းက ဗုဒ္ဓသာသနာ တော်သည်စဉ်ဆက်မပြတ်ထွန်းကားခဲ့မည်မှာဧကန်ပင်ဖြစ်သည်။အကြောင်း မှာရှေးဟောင်းဘုရားပျက်များ၏အထောက်အထားများကိုကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။

ယောနယ်အရပ်လေးသည် ဆောင်းအခါရောက်လျှင်လည်း တော တောင် ကုန်းတန်း လျှိုတို့ဖြင့် အလွန်သာယာအေးချမ်းပြီး တောပျော် တိရိစ္ဆာန် များပေါများပြီး အလွန်မွေ့လျော်ဖွယ် ကောင်းလှပေတော့သည်။ ဂန့်ဂေါမြို့မှ ဗြဲမိုင်ကွာဝေးသောနေရာ၌ညောင်ပင်ကြီးတစ်ပင်ရှိရာထိုညောင်ပင်ကြီးပေါ် ၌လည်း ဆောင်းတွင်းအခါတွင် နံနက်ခင်း နေစာလှုံ၍ နေကြလေကုန်သော ငှငှက်ခေါ် မယ်ဇယ်ငှက်ပေါင်းများစွာတို့ ကွန်းခိုနေကြရာ ဗိမာန်ကြီးသဖွယ် ဖြစ်လေတော့၏။ ထိုငှက်ကလေးများသည် အခြားငှက်များနှင့်မတူ တစ်မူ ထူးခြားကာ သစ္စာရှိသော ငှက်မျိုးပင်ဖြစ်လေတော့သည်။ မည်သည့်သက်ရှိ ပိုးကောင် မွှားကောင် သတ္တဝါကိုမျှ သတ်ဖြတ် စားသောက်ခြင်းမရှိပေ။ သက်ရှိ သတ္တဝါများကိုပင် မဆိုထားနှင့် လူသားတို့ စားသုံးဖို့ရန် စိုက်ပျိုးထားသော ဘယ်လိုသီးနှံမျိုးကိုမဆို ဖျက်လိုဖျက်ဆီး ကိုက်ဖြတ် စားသောက်လေ့ မရှိပေ။ ထိုကဲ့သို့သော ငှက်သူတော်ကောင်းများကို မညှာမတာ ပစ်ခတ်လေ့ ရှိသော မသူတော်တို့၏လက်ချက်ဖြင့်ထိမှန်သေဆုံးပြန်လျှင်လည်းထိုပစ်သူ၏ခြေရင်း ၌ပင် ထိုးဆင်းပျံကျကာ နှုတ်သီးကိုဟ၍ သူတို့၏အစာများကို အန်ထုတ်ပြ လေသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် လူသားများ မသဒ္ဓါသော အသီးအနှံ များကို ဖျက်ဆီးလိုသော သဘောမျိုးဖြင့် မစားကြပါ။ သင်တို့ မယုံလျှင် ကြည့် ကြပါလော့။မိမိတို့စားသောက်ရာဖြစ်သောညောင်သီးများကိုသာအန်ထုတ်ပြ ရင်း အသက်ကုန်သွားကြရရှာတော့သည်။ အလွန်ထူးခြားသော သနားစရာ ကောင်းလှသော ငှက်များဖြစ်လေတော့သည်။

မိုးဥတုအခါ ရောက်ပြန်တော့လည်း ဂန့်ဂေါမြို့၏ အရှေ့ဘက်နားရှိ လယ်ကွင်းပြင်များထဲတွင်ရေကွက်များရှိတတ်ကြလေသည်။ထိုရေများထဲတွင် အစာရှာစားပြီး အချင်းချင်းပျော်မြူးရန် မောက်တင်ငှက် ခေါ် ရေဝမ်းဘဲတို့ လာရောက် ပျော်မြူးကြရာနေရာလေး ဖြစ်တော့သည်။ မောက်တင်ငှက်တို့၏ ပုံသဏ္ဌာန်မှာလည်းဟင်္သာငှက်လောက်ရှိကာအမွေးအတောင်တို့သည်အလွန် လှပပြီး နှုတ်သီး၏ အရင်းနားမှာ ဂုံညှင်းသဏ္ဌာန်ဝိုင်းစက်၍ မာကျောသော အမောက်လည်း ရှိလေသည်။ ဤငှက်များသည် ငှငှက်များ နည်းတူ အလွန် သနားစရာကောင်းသော ငှက်များဖြစ်ကြလေသည်။ တစ်ခါက ယောနယ်သား တစ်ဦးသည် မောက်တင်ငှက် (ခေါ်) ဝမ်းဘဲများကို သေနတ်နှင့် ပစ်လေ၏။ ထိုထဲမှ ဝမ်းဘဲတစ်ကောင်ကို သေနတ်ထိမှန်သွား လေတော့သည်။ ထိုသို့ ထိမှန်သွားသော ဝမ်းဘဲကို အဖော်ငှက်များမှ ပစ်ခွာမသွားဘဲ ဒဏ်ရာထိမှန် သော မိမိတို့၏အဖော်ကို အတောင်ဖြင့် ထူမကြလေသည်။ ဤငှက်များသည် တိရစ္ဆာန်ပင်ဖြစ်သော်လည်း မိမိတို့အား ရန်ပြုနေသော ရန်သူ၏ရှေ့မှောက်၌ ပင်ကြောက်ရွံ့စိတ်မရှိ၊မိမိတို့၏အသက်ကိုပင်မငဲ့ကွက်ဘဲဒဏ်ရာထိမှန်သော ငှက်လေး၏ဘေး၌ ရဲရဲဝံ့ဝံ့ ရှိနေပေးသည်မှာ သာမန်လူများပင် ပြုနိုင်ခဲ့သော အရာပင် ဖြစ်လေသည်။ ဒဏ်ရာရသော ဝမ်းဘဲကို ယူဆောင်သွားသောအခါ တွင်လည်း အဖော်များသည် ကောင်းကင်ထက်၌ ပျံဝဲကာ သနားစဖွယ် အော် ဟစ်၍ လိုက်လာကြလေသည်။

ဤကဲ့သို့သော သဘာဝပတ်ဝန်းကျင်များရှိသော နေရာဒေသသို့ ၁၂၃၀ ပြည့်နှစ်တွင် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် မင်းတုန်းမင်းတရားကြီး တို့၏ အစီအစဉ်ဖြင့် သာသနာပြုများကို ကိုးတိုင်း ကိုးဌာနသို့ စေလွှတ်တော်မူ ခဲ့သည်။ ကြွရောက်တော်မူလာကြသော ဆရာတော်များမှာ ရာဇဂုရုတံဆိပ် တော်ရ ရှိမ်းမကားဆရာတော် အရှင်ကလျာဏနှင့် သက်တော် ၂၂ နှစ် အရွယ် ဝါတော် သုံးဝါမျှသာရှိသေးသော သာသနာပြုဆရာတော် အရှင်ဂန္ဓမာတို့ ကြွ ရောက်လာကြသည်။ ၁၂၄၀ ပြည့်နှစ်တွင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံ၍ နေပြည်တော်သို့ ရှိမ်းမကားဆရာတော်သည် ပြန်လည်ကြွသွားတော်မူ၏။

ကျန်ရစ်နေခဲ့သော အရှင်ဂန္ဓမာတစ်ပါးတည်းသာ သာသနာတော်ကို ဆက်လက်ထွန်းကားအောင် ပြုဖို့ရန်အတွက် ကျန်ရစ်နေခဲ့လေတော့သည်။ နောင်တွင် ကလေးဒေသတွင် သုံးဂိုဏ်းချုပ်ဆရာတော်ကြီးအဖြစ် ထင်ရှားလေသည်။

ထိုသုံးဂိုဏ်းချုပ်ဆရာတော်ကြီးသည်နှစ်ပေါင်း၄၀တိုင်အောင်နယ်သူနယ်သားတို့၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် သာသနာပြုတော်မူခဲ့ရာ ကျေးရွာဘုန်းတော်ကြီးကျောင်းပေါင်း (၆၀) ကျော်အထိ စည်ပင်ပြန့်ပွားအောင်သာသနာပြုတော်မူခဲ့သည်။ကလေး၊တိန်ညင်၊ရာဇဂြိုဟ်သုံးဂိုဏ်းချုပ်ဆရာတော်ကြီး၏ တပည့်များသည်လည်း ကန်တောရစာသင်တိုက်ကြီးကို တည်ထောင်ပြီး သာသနာပြုတော်မူခဲ့သည်။ ကန်တောရဆရာတော်ကြီး၏ တပည့်များဖြစ်ကြသော ဆရာတော် ဦးကေတုနှင့် ဦးဇယန္တ ဆရာတော်နှစ်ပါးတို့သည် ဆရာတော်ကြီး၏ တပည့်ကောင်းများ ပီသစွာ သိက္ခာသုံးပါး အကျင့်မြတ်တရားတို့ဖြင့် ပြည့်ဝစုံလင်စွာ ကလေး၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆောဟ ယောဒေသတစ်ခွင်တွင် နေလ နှစ်ဆူပမာ တရားအလင်းရောင် ပေးတော်မူနိုင်ခဲ့သည်။ ဤသို့ဖြင့် သဒ္ဓါတရားထက်သန် အားကောင်းကြသော ယော လေးမြို့နယ်မှ ပစ္စည်းလေးပါး ပြည့်စုံစွာဖြင့် စိတ်အေးချမ်းသာစွာ နှစ်ပေါင်း (၅၀) ကျော်မျှ သာသနာပြုတော်မူခဲ့၏။ ထိုကဲ့သို့ ထက်သန်သော လုံ့လဝီရိယဖြင့် သာသနာပြုတော်မူခဲ့ရာ သာသနာတော်ကြီးအတွက် အားကိုးအားထားရာ အရည်အချင်းပြည့်စုံသော ကျောင်းထိုင်ဘုန်းကြီးပေါင်း (၁၅၀) ကျော်အထိ မွေးထုတ်ပေးနိုင်ခဲ့လေသည်။

ကန်တောရဆရာတော်ဘုရားကြီး၏ တပည့်များစွာတို့သည် ယောလေးမြို့အနှံ့အပြားတွင် ကျောင်းထိုင်ဘုန်းကြီးများအဖြစ်ဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်ကို တတ်စွမ်းသရွေ့ သာသနာ့အမွေကို ဆက်လက်ခံယူ သာသနာပြုတော်မူခဲ့ကြသည်။ ထိုယောလေးမြို့နယ်အနက် ကလေးဒေသသည် ပတ်ဝန်းကျင် သဘာဝတောတောင်ခရီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် ရဟန်းသာမဏေ၊ စေတီပုထိုး၊ ကျောင်းကန်များဖြင့်

သာသနာတော်ကြီးသည် ဆထက်ထမ်းပိုး တိုးတက်ထွန်းကားလာခဲ့သည်။

ထို့ကြောင့်ပင် ရှေးယခင်ကတည်းက သာသနာ့အာဇာနည် ထွတ်ခေါင် ဆရာတော်များသည် ဤဒေသ၌ ပေါ်ထွန်းလာခြင်းဖြစ်သည်။ အရှင်သိရိန္ဒ သည်လည်း ရှေးဆရာတော်များနည်းတူ မိမိသည်လည်း သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးအကျင့်မြတ်တရားတို့ကို ပြည့်ဝစုံလင်စွာ ဖြည့်ကျင့်ကြိုးစားရင်း သာသနာ့အကျိုး၊ ရပ်ရွာအကျိုး အများကောင်းကျိုးပြု အလုပ်များကို လုပ် ဆောင်ဖို့ရန် ရည်ရွယ်တော်မူခဲ့လေသည်။ သို့သော် ကံတရားတို့သည်ကား မိမိမျှော်မှန်းထားသည့်အတိုင်းဖြစ်မလာခဲ့ပေ။အလွန်ဆန်းကြယ်လှပေတော့ ၏။

ရဟန်းသည် မိမိသူတစ်ပါး အကျိုးကိုပြီးစေလျှင် မြို့ကျောင်း၊ ရွာ ကျောင်းတို့တွင်လည်း နေနိုင်သည်။ ထိုရဟန်းအားလည်း ချီးကျူးတော်မူ၏။ တောတွင်ဖြစ်စေ၊ မြို့တွင်ဖြစ်စေ သူတော်ကောင်းတရားနှင့် မမေ့မလျော့ နေခြင်းဖြင့် နေဖို့ရန်သာ အဓိကကျပေတော့သည်။

## အရှင်၏ စိတ်ထား

အရှင်သိရိန္ဒသည် ၁၃၂၈-ခုနှစ်တွင် မန္တလေးမှ ရန်ကုန်မြို့သို့ စေတိယင်္ဂဏ စာမေးပွဲဖြေဆိုရန်အတွက် ကြွရောက်လာ၏။ ခေတ္တတည်းခိုရာ နေရာမှာ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီးရှိ အင်းလေးမဗ္ဗာရုံတွင် သီတင်း သုံးတော်မူ၏။ ထိုနှစ် စေတိယင်္ဂဏစာမေးပွဲကိုလည်း အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်ခဲ့လေသည်။ အရှင်သိရိန္ဒသည် စာမေးပွဲဖြေဆိုဖို့ရန် အတွက် မန္တလေးမှ ရန်ကုန်သို့ ကြွလာဖို့ လမ်းခရီးစရိတ်ကိုပင် ခဲယဉ်းစွာ ရှာဖွေခဲ့ရလေသည်။ ဤကဲ့သို့ အခက်အခဲကြားမှပင် ဖွဲမလျှော့ဘဲ ခက်ခဲနက်နဲ သော စာမေးပွဲကို ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့လေသည်။ မန္တလေးမြို့၌ စာသင် သားဘဝဖြင့် နေစဉ်ကာလအတွင်း၌လည်း အစစအရာရာ ချို့တဲ့သော်လည်း စိတ်ဓာတ်မကျ၊ အားငယ်ခြင်းမရှိ၊ ရသမျှဖြင့်သာ ရောင့်ရဲတင်းတိမ်လေတော့ သည်။ အရှင်၏ ခံယူချက်မှာ ငါသည် ရခဲလှစွာသောလူ့ဘဝတွင် ရဟန်းအဖြစ်

ကိုလည်းရရှိခဲ့ပြီး ရခဲလှသောဘဝတွင်ကြုံတောင့်ကြုံခဲသော သာသနာတော်၌ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ပရိယတ္တိစာပေများကို အစွမ်းကုန် ကြိုးစားသင်ယူမည်။ ယခုငါ၏ ဆင်းရဲပင်ပန်းမှုသည် ရှေးအစဉ်အဆက် အရှင်ကောင်း အရှင်မြတ်များနှင့် နှိုင်းယှဉ်လျှင် ဤဆင်းရဲဒုက္ခလေးသည် ရေစက်ရေပေါက်သဖွယ်သာဖြစ်တော့၏။ ရှေးသူတော်ကောင်းကြီးများသည် မြတ်စွာဘုရားရှင်၏ သာသနာတော်ကို အသက်နှင့်ရင်း၍ ဘုရားရှင် ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) တို့ကို နှုတ်ငုံဆောင်ကြလေကုန်၏။

## နေရာမှန် လူမှန်

အရှင်သီရိန္ဒသည် စာမေးပွဲ ဖြေဆိုပြီးနောက် အဖော်ရဟန်းတော် တစ်ပါးနှင့်အတူ ရန်ကုန်မြို့သို့ရောက်ခိုက် အနီးအနား ပတ်ဝန်းကျင်သို့ ခြေကျင်လျှောက်သွားပြီး လှည့်ပတ်ကြည့်ရှုရင်း ဗဟန်းမြို့နယ် ရေတာရှည် လမ်းထဲရှိ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ရှေ့နားသို့ ရောက်သွားခဲ့ကြလေတော့သည်။ ကျောင်းဝန်းအတွင်းသို့ကား မဝင်ဖြစ်ခဲ့ချေ။ အပြင်မှနေပြီးတော့သာ လှမ်းမျှော်ကြည့်ရှုပြီး စိတ်ထဲတွင် ထိုကျောင်း၌ နေချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာမိတော့၏။ မိမိကိုယ်တိုင် မန္တလေးသို့ စာသင်ဖို့ရန် ကြွလာချိန်မှစ၍ မဟာဝိသုဒ္ဓါရုံတိုက်ရှိ စာချအကျော် ဆရာတော် အရှင်ဝါသဝါဘိဝံသထံ ပညာသင်ကြားလို၏။ ထိုကဲ့သို့သော စိတ်ဆန္ဒများသည် အစကတည်းက ဖြစ်ပေါ်နေခဲ့၏။ မိမိရောက်လို နေလိုသောနေရာသို့ ရောက်ရှိလာသောအခါ မကြည့်ဘဲ မနေနိုင်လောက်အောင် ဖြစ်မိတော့၏။ တစ်နေ့ သည်နေရာသို့ ရောက်အောင်လာမည်ဟုပင် စိတ်ထဲ၌ သန္နိဋ္ဌာန်ချမိလေတော့၏။ ထို့နောက် စာမေးပွဲဖြေဆိုအပြီး မန္တလေးသို့ ပြန်ရောက်သောအခါ မိမိဖြစ်ချင်သော ဆန္ဒများကို မန္တလေးမဟာဝိသုဒ္ဓါရုံ သံတော်ဆင့်ဆရာတော် ဦးတိလောက အားမိမိဆန္ဒကိုဖွင့်ဟလျှောက်ထားလေတော့သည်။ သပ္ပာဒေဝ နတ်ကောင်း နတ်မြတ်များကပင် စောင့်ရှောက်ခြင်းပေလောမသိ၊ ဆရာတော်သည် အရှင်

သိရိန္ဒအား ခွင့်ပြုရုံသာမက အားပေးတိုက်တွန်းခြင်းပင် ပြုလေတော့သည်။ သံတော်ဆင့်ဆရာတော်ကိုယ်တိုင်ရန်ကုန်မြို့မဟာဝိသုဒ္ဓါရုံတိုက်ဆရာတော် အရှင်ဝါသဝါဘိဝံသထံ အပ်နှံပေးလေသည်။ ဆရာတော်ကြီးမှလည်း အရှင် သိရိန္ဒကို နှစ်လိုဝမ်းမြောက်စွာ လက်ခံတော်မူ၏။

ရှေးဘုန်းရှေးကံ ပါလာကြသော ပုဂ္ဂိုလ်များသည် ဘယ်လိုပင် နိမ့်ကျသော အရပ်၌ဖြစ်စေကာမူ ထိုက်ကံကပင်လျှင် ထိုသူနှင့် ထိုက်တန်သော ဆရာသမား၊ မိတ်ဆွေများရှိရာအရပ်သို့မရောက်ရောက်အောင်ထိုက်ကံကပင်စီမံပေးကြရ၏။ ထို့အပြင် ဘဝလမ်းကြောင်းတစ်လျှောက်လုံး ချွတ်ချော်တိမ်းစောင်းမှု မရှိရလေအောင် မိမိကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်းလည်း ရှိပေ၏။

(အင်္ဂုတ္တရနိကာယ် စတုက္က စက္ကသုတ်)

ယောဆရာတော်ဟု ထင်ပေါ်ကျော်ကြားမည့် အရှင်သိရိန္ဒသည် မိမိနေရာမှန်သို့ ကြွရောက်ဖို့ရန် အကြောင်းဖန်လာ၏။ ပုဂ္ဂိုလ်သတ္တဝါအားလုံးသည် မိမိနေလိုရာ အရပ်များ၌သာ စိတ်ညွတ်ကြကုန်၏။ ဤစကားသည် မြတ်စွာဘုရားရှင်၏စကားတော်နှင့်လည်း ညီညွတ်ပါပေ၏။ အကြောင်းသော်ကား မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါ ဘုရားရှင်သည် ဒေသစာရီ ကြွချီတော်မူရာ ပါဋ္ဌလိရွာသို့ ရောက်တော်မူလေ၏။ မြတ်စွာဘုရားရှင် ဒေသစာရီလှည့်လည်နိုက်ဝဿကာရအမတ်ကြီးတို့သည်လည်းပါဋ္ဌလိရွာသို့ ရောက်တော်မူလေ၏။ ရောက်လာရခြင်းအကြောင်းမှာ ပါဋ္ဌလိရွာသို့ ခံတပ်မြို့တည်လျက် ရှိကြကုန်သည်။ အကြင်အရပ်၌ ဘုန်းတန်ခိုးကြီးမားကုန်သော နတ်တို့သည် နန်းတော်တည်ရာ စသည်တို့ကို မှတ်သားကြကုန်၏။ ထိုအရပ်၌ ဘုန်းတန်ခိုးကြီးမားသော အကြင်အရပ်၌ ဘုန်းတန်ခိုးအလတ်စားရှိကြကုန်သော နတ်တို့က နန်းတော်တည်ရာ စသည်တို့ကို မှတ်သားကြကုန်၏။ ထိုအရပ်၌ ဘုန်းတန်ခိုး အလတ်စားရှိကြကုန်သော မင်းအမတ်ကြီးတို့သည် စိတ်ညွတ်ကြကုန်၏။ အကြင်အရပ်၌ ဘုန်းတန်ခိုး သေးငယ်သောနတ်တို့က နန်းတော်တည်ရာ စသည်တို့ကို မှတ်သားကြကုန်၏။ ထိုအရပ်၌ ဘုန်းတန်ခိုး သေးငယ်သော မင်းအမတ်ကြီးတို့သည် စိတ်ညွတ်ကြကုန်၏။ နတ်များမှတ်

သွားပြီးသော အရပ်၌ လူများက စိတ်ညွတ်ကာ သက်ဆိုင်ရာနန်းတော် စသည်တို့ကို ဆောက်လုပ်ကြသည်ဟူ၍ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာကို ဟောတော်မူခဲ့လေသည်။

ဤအတူပင် ဤနေရာ ဤဌာနသို့ ဘုန်းတန်ခိုးကြီးသော နတ်များ လာရောက်မှတ်သားကြသည့်အတိုင်း ဤကျောင်းတိုက်ကြီး၌ မိမိ၏စိတ်အစဉ်က ညွတ်ခြင်းဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ အမှန်စင်စစ်သော်ကား ဤမဟာဝိသုဒ္ဓါရုံတိုက်သာမဟုတ် မိမိတို့ နေထိုင်ရာ အိမ်၊ ကျောင်း၊ ဇရပ်၊ နန်းတော်စသည့် အဆောက်အအုံတို့ကို ဆောက်လုပ်သည့်အခါ၌လည်း နတ်တို့က သိမ်းဆည်းရာထားပြီးသား နေရာ၌သာ စိတ်ညွတ်ပြီး ဆောက်လုပ်ကြရသည်သာ ဖြစ်၏။

ဤသို့ဖြင့် အရှင်သီရိန္ဒသည် ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးရန် စီစဉ်လေတော့သည်။ အရှင်သည် မန္တလေးမှ ရန်ကုန်သို့ မကြွရောက်မီ မန္တလေးအရှေ့ပြင်ရှိ ကုသိုလ်တော်ဘုရားသို့ သွားရောက်ဖူးမြော်ခဲ့လေသည်။ ထိုဘုရားသို့ သွားရောက်ဖူးမြော်ရခြင်း အကြောင်းမှာလည်း ဘုရားဝင်းကြီးအတွင်း၌ မင်းတုန်းမင်းဘုရားကြီးလက်ထက် ပဉ္စမသင်္ဂါယနာတင်အပြီး ရေးထွင်းထားသော ပိဋကကျောက်စာတော်များကို လေ့လာလိုသောကြောင့်ပင် ဖြစ်လေသည်။ ထို့အပြင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူသော မိမိအလွန်ကြည်ညိုလေးစားသည့် အရှင်ဇနကာဘိဝံသ၏ကျောင်းတိုက်သို့ သွားရောက်ခဲ့လေသည်။ မဟာဂန္ဓာရုံကျောင်းတိုက်သည် ရွှေကျင်ကျောင်းတိုက်ဖြစ်ပြီး အရှင်သီရိန္ဒသွားရောက်စဉ်အချိန်က အရှင်ဇနကာဘိဝံသမှာ သက်တော်ထင်ရှားရှိတော်မူသေး၏။ ထိုစဉ်အချိန်က မဟာဂန္ဓာရုံကျောင်းတိုက်ကြီးတွင် သံဃာအပါး (၅၀၀) ကျော်မျှ ရှိလေသည်။

ထိုကျောင်းတိုက်ကြီးသည် ကျယ်ဝန်းပြီး သစ်ပင်ကြီးငယ်များနှင့် စိမ်းလန်းဝေဆာနေကာ အရိပ်အာဝါသလည်း ကောင်းလှပြီး ကျောင်းတိုက်ကြီးအတွင်းသို့ ရောက်လာသူမှန်သမျှ၏ စိတ်ထဲအေးချမ်းသွားလေတော့သည်။

ကျောင်းတိုက်ကြီး ကျယ်ဝန်းပေမဲ့လည်း ကျောင်းဝန်းအတွင်း၌ သန့်ရှင်းနေလေတော့သည်။ သံဃာ (၅၀၀) ကျော်ပင်ရှိသော ကျောင်းတိုက်ကြီးဖြစ်သော်လည်း တိတ်ဆိတ်ငြိမ်သက်လှပေတော့သည်။ ဤသည်ကပင် ကျောင်းတိုက်ကြီး၏ ဂုဏ်ကို ပံ့ပိုးနေပေတော့သည်။

## အဖိုးတန်ဩဝါဒများ

မဟာဂန္ဓာရုံကျောင်းတိုက်ကြီးအတွင်း နေ့စဉ်နှင့်အမျှ အရုဏ်ဦး အလင်းရောင်လေးများထွန်းလင်းလာသည်နှင့် တစ်ချိန်တည်းမှာပင် ကျောင်းတိုက်အတွင်းရှိ အုန်းမောင်းခေါက်သံလေးသည် ကျောင်းတိုက်ကြီးတစ်တိုက်လုံးသို့ ပဲ့တင်ထပ်သွားတော့၏။ ထိုကဲ့သို့ တုံးခေါက်သံမဆုံးမီလေးမှာပင် ဆရာတော်ကြီးမှာ စာချကျောင်းဆောင်ပေါ်သို့ တဖြည်းဖြည်းချင်း ကြွလာတော်မူလေသည်။ တပည့်သံဃာအပေါင်းတို့သည်လည်း နေ့စဉ်နှင့်အမျှ မိမိတို့အား ဩဝါဒပေးပြီး စာချတော့မည်ဟူသော အသိစိတ်ဖြင့် တဖွဲဖွဲ ကြွရောက် နေရာယူတော်မူကြလေသည်။ ဤကဲ့သို့ သံဃာများစွာ ကြွလာတော်မူလာသော်လည်း စာချကျောင်းဆောင်ကြီးအတွင်း၌ အပ်ကျသံမျှပင် မကြားရပေ။ ဆူညံခြင်းအလျဉ်း မရှိ။ ကျောင်းဆောင်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေစဉ် ဆရာတော်ကြီး၏ တည်ငြိမ်အေးချမ်းသော အသံတော်သည် သံဃာအားလုံး၏ စိတ်နလုံးသို့ ညွတ်ပျောင်းစီးဝင်နေပေတော့သည်။ ဆရာတော်ကြီးသည် သံဃာတော်များအား စာမချသေးမီ နံနက်ခင်းတိုင်း ဩဝါဒပေး၍ ဆုံးမသွန်သင်တော်မူခဲ့ရာ ပျံလွန်တော်မူသည့်တိုင် ပျက်ကွက်ခြင်း မရှိခဲ့ပေ။ ဆရာတော်ကြီးသည် ဘုရားရှင်၏ ဂုဏ်တော်များ သံဝေဂလင်္ကာများကို ရွတ်ဆိုနိုင်းပြီး တစ်ကမ္ဘာလုံးကို မေတ္တာပို့အမျှဝေခိုင်းသည်မှာ နေ့စဉ်နှင့်အမျှ ဖြစ်၏။ ဩဝါဒပေးပြီးနောက် ကဲ ... တော်ပြီ မေတ္တာပို့ သီရန်မှန်က ဆိုအမျှဝေဟု မိန့်တော်မူ၏။

**မိတ်ကောင်းကူးယှဉ်ပုံ**

လောက၌သတ္တဝါတို့သည်မိတ်ချင်းတူသူအချင်းချင်းသာလျှင်ပေါင်းဖော် ယှဉ်တွဲချင်ကြကုန်၏။ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်သူတို့နှင့်သာလျှင်တစ်ပေါင်းတည်းဖြစ်ကြကုန်၏။သဒ္ဓါတရားရှိသူတို့သည်သဒ္ဓါတရားရှိသော သူတို့နှင့်သာ တစ်ပေါင်းတည်း ဖြစ်ကြကုန်၏။ မကောင်းမှုပြုလုပ်ရမှာရှက်တတ်သော သူတို့သည် မကောင်းမှုပြုလုပ်ခြင်းမှ ကြောက်လန့်ကြကုန်သော သူတို့နှင့် တစ်ပေါင်းတည်းဖြစ်ကုန်၏။ ဤအတူပင် မြတ်စွာဘုရားရှင်၏တရားတော်သည်အစ၊ အလယ်၊ အဆုံး သုံးပါးလုံးနှင့် ပြည့်စုံကောင်းမွန်တော်မူ၏။ထိုတရားတို့ကိုကောင်းသောအဆွေခင်ပွန်းရှိသူ၊ကောင်းသောအပေါင်းအဖော်ရှိသူ၊သူတော်ကောင်းတရားတို့၌ညွှတ်သောစိတ်ရှိသူအားသာဖြစ်၏။ အပြန်အားဖြင့် မကောင်းသော အဆွေခင်ပွန်းရှိသူ၊ မကောင်းသော အပေါင်းအဖော်ရှိသူ၊ ယုတ်မာသောသူတို့၌ မဖြစ်နိုင်ကြကုန်။

**သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းအကျိုး**

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် သက္ကတိုင်း သာကီဝင်တို့၏နဂရကမည်သောနိဂုံး၌သီတင်းသုံးနေတော်မူ၏။ထိုအခါရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ထံသို့ ချဉ်းကပ်ပြီး ရှိခိုးလျက် ဘုရားရှင်အား ဤစကားကို လျှောက်ထားတော်မူ၏။ "မြတ်စွာဘုရားလောက၌ ကောင်းသော အဆွေခင်ပွန်းရှိသောသူ၏အဖြစ်၊ ကောင်းသော အပေါင်းအဖော်ရှိသောသူ၏ အဖြစ်သည် ရတနာသုံးပါး၌ စိတ်ညွှတ်သောသူသည် မဂ်ဖိုလ် နိဗ္ဗာန်ရဖို့ရန်အတွက်ခရီးတစ်ဝက်ပြီးမြောက် စေနိုင်ပါသည်" ဟု လျှောက်လေသည်။

ထိုကဲ့သို့ အရှင်အာနန္ဒာမထေ ရ် လျှောက်ထားသောစကားကို ဘုရားရှင်က "အာနန္ဒာဤသို့မဆိုလင့်၊အာနန္ဒာဤသို့မဆိုလင့်၊ကောင်းသောအဆွေခင်ပွန်းရှိသူ၏အဖြစ်၊ ကောင်းသော အပေါင်းအဖော်ရှိသူ၏အဖြစ် သူတော်ကောင်းတရားတို့၌စိတ်ညွှတ်ကုန်သောသူတို့သည်မဂ်၊ဖိုလ်နိဗ္ဗာန်ရဖို့အတွက်ပြီးပြည့်စုံပြီး ဖြစ်လေသည်ဟု" မိန့်တော်မူ၏။

## သူတော်ကောင်းတို့ထုံး နှလုံးမူ

အရှင်သီရိန္ဒသည် ငယ်ရွယ်စဉ် ကလေးဘဝကတည်းကပင် အရှင်ဇနကာဘိဝံသ၏ စာအုပ်များကို အစမှအဆုံး အကြိမ်ကြိမ် ဖတ်ရှုပြီး ဆရာတော်၏ အဆုံးအမများသည် မိမိ၏ နှလုံးသားထဲ၌ စွဲငြိနေတော့၏။ ထိုအချိန်ကတည်းကပင်စာရေးသူအရှင်ဇနကာဘိဝံသကိုဖူးမြင်ချင်စိတ်များဖြစ်ပေါ်ပြီး ရင်ထဲ၌ တစိမ့်စိမ့် ကြည်ညိုလေးစားနေမိတော့၏။ ရဟန်းဘဝရောက်တော်မူသောအခါ အမရပူရမြို့သို့ မရောက်ရောက်အောင် သွားခဲ့လေသည်။ ထိုသို့ သွားရောက်ခဲ့သော်လည်း ဆရာတော် သီတင်းသုံးသော ဝါးကပ်မိုး သစ်သားကျောင်းထဲတွင်မတ်တတ်ရပ်စားပွဲ၌မတ်တတ်ရပ်၍စာရေးနေသဖြင့်အနှောင့်အယှက်မဖြစ်စေလို၍လှမ်းမျှော်ဖူးမြင်ကာပြန်လည်ကြွလာတော်မူခဲ့၏။မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းတွင် ကြီးကျယ်ခမ်းနားသော အဆောက်အအုံများစွာရှိသော်လည်း ဆရာတော် သီတင်းသုံးနေတော်မူသော ကျောင်းမှာမူ သစ်သားကျောင်းငယ်လေးသာ ဖြစ်သည်။ ထိုသစ်သားကျောင်းငယ်လေး၏ အကျယ်အဝန်းမှာ အနံ ပေ ၃၀၊ အလျား ၃၆ ပေ၊ အမြင့် ၂၅ ပေမျှသာ ရှိလေသည်။၁၉၄၃ခုနှစ်တွင်စစ်ကိုင်းဒုတိယမဟာဂန္ဓာရုံချမ်းအေးဆရာတော်ဘုရားကြီး စွန့်အပ်သော ကျောင်းဟောင်းမှ သစ်သားများနှင့် သင့်တင့်အောင် ဆောက်လုပ်ထားသော ကျောင်းဆောင်ကလေး ဖြစ်၏။ အရှင်သီရိန္ဒသည် မဟာဂန္ဓာရုံကျောင်းတိုက်မှအပြန်လမ်းတစ်လျှောက်လုံးမိမိကြည်ညိုမြတ်နိုးသော ဆရာတော်ကြီးကို စံထား၍ သူတော်ကောင်းတို့၏ လမ်းစဉ်အတိုင်း ငါလည်းလိုက်နာကျင့်သုံးမည်ဟုအားကျအတုယူလိုသောစိတ်များတဖွားဖွား ဖြစ်ပေါ်လာခဲ့တော့သည်။

## ရောင့်ရဲလွယ်ခြင်း

လောက၌ ရောင့်ရဲလွယ်သော သူတို့ကို ပညာရှိကုန်သော လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့သည်ကြည်ညိုလေးမြတ်ကြကုန်၏။မကြည်ညို၊မမြတ်နိုးဘဲ မနေနိုင်ကြပေ။ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်ကောသလမင်းကြီးလှူအပ်

သောသုဓာဘုတ်ဆွမ်းကိုအလှူခံတော်မူသကဲ့သို့ပုဏ္ဏမည်သောကျွန်မလေး၏ ဖွဲမုန့်ဆုပ်ကိုလည်း ကြည်လင်နစ်သက်စွာ ဘုဉ်းပေးသုံးဆောင်တော်မူ၏။ ထို့အတူ ပြဟ္မာကြီးလှူအပ်သော ရွှေကြာသက်န်း၌ ကြည်လင်နစ်သက်တော်မူသကဲ့သို့ လူသေကောင်မှ ခွာယူ၍ရသော ပံ့သကူသင်္ကန်းကိုလည်း ကြာသင်္ကန်းနှင့်မခြား နလုံးထားတော်မူနိုင်ခဲ့လေသည်။ ကြေးပြာသာဒ် ကျောင်းတော်တို့၌အေးချမ်းငြိမ်သက်စွာသီတင်းသုံးနေတော်မူသကဲ့သို့သစ်ပင်ရင်း၌လည်း ကြေးပြာသာဒ်နှင့်မခြား ကြည်လင်ရွှင်ပြစွာ သီတင်းသုံးနေတော်မူ၏။ ဤကဲ့သို့ရောင့်ရဲလွယ်သောဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုအဘယ်သူသည် မကြည်ညို၊ မဆည်းကပ်ဘဲ တတ်ကောင်းပါအံ့နည်း။

အရှင်သိရိန္ဒသည် ရှေးသူတော်ကောင်းကြီးတို့၏ လမ်းစဉ်အတိုင်း ရဟန်းဖြစ်သည်မှစ၍ ကျင့်ဝတ်အတိုင်း ရပ်ဆွမ်းခံကြွ၍ ရသမျှဖြင့် ရောင့်ရဲ၏။ မိမိအား ကြည်ညိုလေးစားကြသော ရဟန်းအမများမှ ဆွမ်းအတွက် မပင်ပန်းစေလို၍ထမင်းဆိုင်၌ဆွမ်းစရိတ်ပေးကာဆွမ်းဘုဉ်းပေးပါ။ကုန်ကျသလောက်လှူဒါန်းပါမည်ဟု ဆိုသည်ကိုပင် လက်မခံပေ။ မိမိရသမျှနှင့်သာ တင်းတိမ်ရောင့်ရဲပြီး ပညာကိုသာ ကြိုးစားသင်ယူ၏။ မန္တလေးတွင် စာသင်သားဘဝနှင့်နေစဉ် အဖိုးတန် စာအုပ်ကောင်းများကို ဖတ်ရှုလေ့လာလိုသော်လည်း မိမိကိုယ်ပိုင် မဝယ်နိုင်သောကြောင့် အပေါင်းအဖော်များထံမှ ငှား၍ ဖတ်ရှုရလေ၏။ ထိုအဖိုးတန်စာအုပ်များကို မဆိုထားနှင့် သင်ယူနေသော ကျမ်းစာအုပ်များကိုပင် အားလုံးပြည့်စုံအောင် မဝယ်နိုင်ရာပေ။ ဤသို့ပင်ဖြစ်သော်လည်း မိမိနှင့်သက်ဆိုင်သောသူများကိုလည်းဝန်မပိစေချင်သောကြောင့်မည်သူ့ကိုမျှ မပြောရချေ။

ကျန်းမာရေးနှင့် ပတ်သက်ပြီး မဖြစ်သာသည့် အဆုံးကျမှ မိမိ၏ ခမည်းတော် မယ်တော်တို့ထံ စာကြည့်ရာတွင် မျက်မှန်တပ်ဖို့လိုကြောင်း ဆရာဝန်မှ ညွှန်ကြား၏။ ကိုယ်တိုင်လည်း များများကြည့်ပါလျှင် မျက်ရည်များ ကျလာသောကြောင့် မျက်မှန်ဝယ်ဖို့ရန်အတွက်သာ နောက်ဆုံး ဝတ္ထုငွေ (၁၅၀) ကျပ်ကို စာရေးအလှူခံရတော့သည်။ သို့သော်လည်း မိသားစု၌ စီးပွားရေး အခက်

အခဲနှင့် ကြုံတွေ့နေရသည်ဟု ကြားမိသောအခါ မိမိအတွက် မရှိမဖြစ် မျက်မှန်ကိုမဝယ်တော့ဘဲ မိမိ၏ဉာဏ်ကိုသာ အသုံးပြုပြီး မျက်စိကျန်းမာရေးကို အထူးဂရုစိုက်ကာ ကံပေးသမျှနှင့်သာ ရောင့်ရဲတင်းတိမ်နေမည်ဟု နှလုံးသွင်းတော်မူ၏။ ငယ်ရွယ်စဉ်ကတည်းက နေထိုင်မကောင်းဖြစ်လျှင် မညည်းမညူဘဲ ဖြစ်လာသော ဝေဒနာကိုသာ အောင့်အည်းသည်းခံ၏။ မန္တလေး၌ စာသင်ကြားနေစဉ် ပခုံး၌ အနာပေါက်ခဲ့ရာ တစ်လခန့်အထိ ကြာရှည်စွာ ခံစားခဲ့ရလေသည်။ မည်သူ့ တစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခမပေးဘဲ ဝေဒနာကိုသာ သည်းခံ၍ ရှုမှတ်နေတော့၏။

စာသင်သားဘဝတွင် လိုအပ်သော ကျမ်းစာများကို အပြည့်အစုံ မဝယ်နိုင်ခြင်း၊ ရပ်ဆွမ်းခံခြင်းဖြင့် ရသမျှရောင့်ရဲခြင်း၊ နေထိုင်မကောင်းသော်လည်း သူတစ်ပါးအား ဒုက္ခမပေး ဝေဒနာကိုသာ သည်းခံ၍ ရှုမှတ်ခြင်း၊ လိုအပ်လျှင် အလှူခံဖို့ ဖိတ်မန္တကပြုသော်လည်း အလှူမခံ၊ မဖြစ်မနေလိုအပ်မှသာ အလှူခံမည်ဟု ဆိုသည်။ ဤကဲ့သို့ စာသင်သားဘဝတွင် ခက်ခဲပင်ပန်းစွာ နေရသော်လည်း စာမေးပွဲများကို တစ်ဆင့်ပြီးတစ်ဆင့် လွယ်ကူချောမွေ့စွာ အောင်မြင်တော်မူခဲ့သည်မှာ အားကျအတုယူဖွယ် ကောင်းလှပေတော့သည်။ ကြီးသော လုံ့လရှိခြင်း၊ သဒ္ဓါတရားထက်သန်ခြင်း၊ အထူးသည်းခံ စောင့်စည်းခြင်း ရှိလေသည်။ လောက၌ ပဌာန်းပြားစစ်သည် သွေးတိုင်းသွေးတိုင်းတောက်ပသည်ထက် တောက်ပသည်သာပင် ဖြစ်တော့သည်။

## မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်တွင် ပညာသင်ကြားစဉ်

အရှင်သိရိန္ဒသည် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ သာမန်စာသင်သား ဘဝကတည်းက အနေအထိုင် သိုသိပ်ကျစ်လျစ်ပြီး အခြားသော သီတင်းသုံးဖော်များနှင့်လည်း ရောနှောနေလေ့မရှိဘဲ တည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့် မိမိနှင့်ဆိုင်ရာ စာပေများကိုသာ ကြိုးစားသင်ယူလေသည်။ စာအံ၊ စာကျက်၊ စာတတ်ရာ၌ ပျင်းသည်ဟူ၍ မရှိပေ။ အခြားအကြောင်းအရာများကိုလည်း စိတ်ဝင်စားခြင်း မရှိ၊ စာပေများကို ကျက်မှတ်ရာ၌လည်း မိမိ

သူတစ်ပါး အနှောင့်အယှက်မဖြစ်စေဘဲ အသံတိတ်နည်းဖြင့် ကျက်မှတ်လေ့ရှိသည်။တစ်ခါတစ်ရံမှသာတိုးတိုးသက်သာရွတ်ဆိုလေ့ရှိသည်။စာသင်သားဘဝကတည်းက စာအံ၊ စာကျက်၊ စာတက်ရာတွင် ပျက်ကွက်လေ့ မရှိဘဲ ကျောင်းတိုက်၏စည်းကမ်းကို တိတိကျကျလိုက်နာ၏။ ထို့ကြောင့် ဆရာသမားများသာမက ပတ်ဝန်းကျင်ရှိ ဘဝတူ သီတင်းသုံးဖော်အချင်းချင်းပင် ကြည်ညိုလေးစားကြလေသည်။

အရှင်သီရိန္ဒသည် ဥပုသ်နေ့မှလွဲ၍ အခြားနေ့ရက်များတွင် ညနေ (၄) နာရီကျော်လျှင် အညိုရောင်သက်န်းလေးကို ညီညာသပ်ရပ်စွာ လေးငါးကြိမ်ထက်မနည်းညီညာသထက်ညီညာအောင်ပြင်ဆင်ပြီးမှသင်းပိုင်တစ်ထည်ကို ညာဘက်ပခုံးပေါ် ခေါက်တင်ပြီး စာအုပ်ပိုက်လျက် အလယ်တိုက်ကြီးမှနေ၍ ဘုရားကြီးဘက်သို့ စာဝါတက်လေ့ရှိသည်။

## သင်္ကန်းဝတ်ရုံ စနစ်ကျပုံ

အရှင်သီရိန္ဒသည် မန္တလေးမြို့၌ စာသင်သားဘဝ၌ ရှိစဉ်က မြောင်းမြဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကို ခိုလှုံပြီး အဆုံးအမခံယူဖူးလေသည်။မိမိ၏ကျေးဇူးရှင်ဆရာတော်ကြီးတစ်ပါးလည်းဖြစ်လေသည်။မြောင်းမြဆရာတော်ကြီးသည် မိမိကျောင်းတိုက်အတွင်းရှိ စာသင်သားများကို သင်္ကန်းဝတ်ရုံသည့်အခါ သေခိယသိက္ခာပုဒ်တော်နှင့်အညီ ဝတ်ရုံခိုင်း၏။ သင်းပိုင်ကို ဒူးဆစ်အောက်လက်ရှစ်သစ်လောက်ချ၍ဝိုင်းစက်ညီညာအောင်ဝတ်ရသည်။ အပေါ်မှလည်း ချက်ကို ဖုံးမိစေရသည်။

ကောသီကိုလည်း ဒူးဆစ်အောက် လက်လေးသစ်လောက်ချလျက် အောက်ဘက်၌အကျညီစေပြီးဝိုင်းစက်ညီညာနေအောင်ရန်းရသည်။လက်ဝဲဘက် တံတောင်ဆစ်ကိုလည်း ဖုံးအုပ်နေစေရသည်။

သင်္ကန်းကို ရုံသည့်အခါ၌လည်း ဒူးဆစ်မှအောက် လက်လေးသစ်လောက်ချလျက် အောက်ဘက်၌ ညီနေစေရသည်။ အပေါ်ဘက်ပိုင်း၌ လည်မျိုနှင့်ဘယ်ဘက်လက်ကောက်ဝတ်တို့ကိုလည်းဖုံးအုပ်နေစေရသည်။ကုပ်ပိုး

ကိုလည်း ပွယောင်းယောင်း မဖြစ်စေရဘဲ ချပ်ချပ်ရပ်ရပ် ရှိနေစေရသည်။

ဤကဲ့သို့ သေသေသပ်သပ် မဝတ်ရုံတတ်သေးသော ရှင်ငယ်၊ ရဟန်းငယ်များကိုမူ အနားသို့ခေါ်ပြီး သင်္ကန်းရုံပုံကို သေချာကျနစွာ သင်ပေးလေသည်။ ဝတ်ရုံပြီးသည်များကိုလည်း ပြန်ဖျက်စေ၍ ထပ်တလဲလဲ ပြန်၍ ဝတ်ရုံခိုင်းလေသည်။ အချို့ကိုမူ သုံးလေးရက်တိုင်တိုင် သင်ပြပေးရလေသည်။ သည်ပုံသည်နည်းဖြင့် သင်္ကန်းရုံပုံကို ကိုယ်တိုင်ကိုယ်ကျ စနစ်တကျ သင်ပြပေးထားပါလျက်နဲ့ အချို့ရဟန်းများမှာ အမှုမဲ့အမှတ်မဲ့ဖြစ်ကတတ်ဆန်းဝတ်ရုံလာလျှင် ဆရာတော်ကြီးသည် ဆူပူ၍ မဆုံးနိုင်အောင် ဖြစ်လေတော့သည်။ ထိုကဲ့သို့သောသူများကို တွေ့တိုင်း၊ မြင်တိုင်း၊ သတိရတိုင်း မာန်မဲပြောဆို၏။ ဆရာတော်ကြီးသည်သင်္ကန်းဝတ်ရုံပုံကိုမည်မျှလောက်ဂရုပြုရသနည်းဟူမူ -

တစ်ချိန်က နိဂြောဓသာမဏေလေးသည် သင်္ကန်းကို ညီညာစွာ ဝတ်ဆင်ပြီး တည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့် နန်းရင်ပြင်မှဖြတ်ပြီး မိမိ၏မယ်တော်ဆီသို့ ကြွသွားလေသည်။ ထိုအချိန်၌ အသောကမင်းကြီးသည် လေသာပြတင်းပေါက်မှနေ၍ ဣန္ဒြေရစွာ ဖြတ်သွားသော သာမဏေလေးကို မြင်လိုက်ရသောအခါ အသောကမင်းကြီး၏စိတ်ထဲ၌ အလွန်တရာ ကြည်ညိုလေးစားသွားလေတော့သည်။ ထို့ကြောင့် နန်းတော်အတွင်းသို့ ပင့်ပြီး တရားတော်ကို နာကြားပြီးနောက် သာသနာတော်ကို အလွန်ကြည်ညိုသော ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်အောင် ဆွဲဆောင်နိုင်ခဲ့လေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် သာသနာတော်၌ အဝတ်အရုံ၊ အသွားအလာ၊ အစားအသောက်တို့သည် ဘယ်လောက်အရေးကြီးကြောင်း သိနိုင်လေသည်။ ထို့ကြောင့် သင်္ကန်းဝတ်ရုံပုံ စနစ်တကျဖြစ်စေချင်၍ ခဏခဏ ဆုံးမနေရခြင်း ဖြစ်သည်ဟု မိန့်ကြားတော်မူလေသည်။

တောင်းမှာ အကွပ်၊ လူမှာ အဝတ်ဆိုသည့်အတိုင်း တောင်း၏ ကျက်သရေသည် စနစ်တကျရက်လုပ်ထားပုံနှင့် အကွပ်မှာတည်နေဘိသကဲ့သို့၊ ရှင်ရဟန်းတို့၏ ကျက်သရေသည်လည်း အဝတ်အစား၊ အသွားအလာ၊ အနေ

အထိုင်၊ အပြောအဆို၊ ဝိနည်းသိက္ခာပုဒ်နှင့် ပြည့်စုံကာ စိတ်ကောင်း၊ စေတနာကောင်းရှိမှုပင် မဟုတ်ပါလော။

ထို့ကြောင့် အရှင်သိရိန္ဒသည် ဆရာသမားများ၏ အဆုံးအမအတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်သုံးကာ သက်န်းဝတ်ခြင်းကို အထူးဂရုပြု ဝတ်ရုံခြင်း ဖြစ်လေတော့သည်။

၅

# အခန်း (၄)
# မြောင်းမြဆရာတော် ချီးမွမ်းခြင်း

အရှင်သီရိန္ဒသည် မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် စာသင်သားဘဝဖြင့် သီတင်းသုံးနေထိုင်စဉ် အချိန်ကဖြစ်သည်။ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် သံဃာတော်များသည် ရွှေကျင်ထုံးစံအတိုင်း လပြည့် လကွယ်နေ့တိုင်း သုတ္တုဒ္ဒေသ သံဃာ့ဥပုသ်အကျယ်ပြုကြရလေသည်။ မဟာဝိသုဒ္ဓါရုံတိုက်သစ်အတွင်း၌ကျောင်းဘုန်းကြီး (၁၂) ကျောင်းအုပ်ချုပ်ရသည့်ကျောင်းပေါင်း (၁၂) ကျောင်းသည် အလှည့်ကျ အစဉ်အတိုင်း ပါတိမောက္ခ ဒေ္ဒသကတာဝန်ယူပြီးပါတိမောက်ပြကြရသည်။အလှည့်ကျသောရဟန်းနှင့်အဖြေကျသော ရဟန်းတို့ အမေးအဖြေပြုလုပ်ပြီးလျှင် ဘိက္ခုပါတိမောက်ကို အကျယ်ရွတ်ပြရသည်။ နှုတ်သွက်၍ စာကျေသော ရဟန်းဖြစ်လျှင် နာရီဝက်ခန့် ကြာလေသည်။

ဒသမမြောက် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ကြီးသည် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ရှိနေပါလျှင် မည်သည့်အကြောင်းကြောင့်မျှ ဥပုသ်ပြု ပျက်ကွက်လေ့ မရှိပေ။ ဥပုသ်ပြုရာသို့ ကိုယ်တိုင်ကြွရောက် ဥပုသ်ပြု၍ ပါတိမောက်ပြပြီးပါက သင့်တော်သော ဩဝါဒတို့ကို ချီးမြှင့်လေ့ရှိသည်။

တစ်နေ့တွင် အရှင်သိရိန္ဒနေထိုင်သော အောင်မြေသာစည် အလယ်တိုက်ကြီးသည် ပါတိမောက်ပြရန် အလှည့်ကျလေသည်။ ပါတိမောက်ပြသော ရဟန်းတော်သည် ရှင်းလင်းပီသစွာ မနေးမမြန် ရွတ်ဆိုပြီး ပါတိမောက်ပြသည်၊ အခြားရဟန်းတော်များ ရွတ်ဆိုရာတွင် နာရီဝက်ခန့်ကြာသော်လည်း အရှင် သိရိန္ဒမှာတော့ မိနစ် (၄၀) ကျော် ကြာလေတော့သည်။ အချို့ရဟန်းများကား သည်လောက်ကြာရပ့ါမလားဟု ညည်းညူကြလေသည်။

အရှင်သိရိန္ဒ ပါတိမောက်ပြပြီး၍ မြောင်းမြဆရာတော်ကြီးက ဩဝါဒပေးသောအခါ "ယခု ပါတိမောက်ပြသွားတဲ့ ဦးဇင်းဟာ သိပ်နှုတ်ရှင်းတယ်၊ စာလည်းသိပ်ကျေတယ်၊ ဝိနည်းတော်ကို လေးစားရိုသေသောအားဖြင့် ဖြည်းဖြည်းမှန်မှန် ရွတ်ပြသွားလိုက်တာ သိပ်ကြည်ညိုစရာကောင်းတယ်။ အခြားကိုယ်တော်တွေလည်း ဒီဦးဇင်းလို ကျေအောင် ကျက်ကြ၊ ပြန်ဆိုထားကြ၊ တာဝန်ကျလို့ ပါတိမောက်ပြန်ကြရပြီဆိုရင်လည်း ဒီဦးဇင်းလို ကြည်ညိုဖွယ်ဖြစ်အောင် ပြကြ" စသည်ဖြင့် ချီးမွမ်းစကား မိန့်ကြားတော်မူသည်။

ဤအကြောင်းကို ဆရာတော် အရှင်ဩဒါတသိရီဘိဝံသက မှတ်တမ်းတင် ရေးသားဖော်ပြထားပါသည်။ အရှင်ဩဒါတသိရီဘိဝံသက "မြောင်းမြဆရာတော်ကြီးကို သိမီလိုက်သော (၁၀) နှစ်တာကာလအတွင်း ဝိသုဒ္ဓါရုံပါတိမောက္ခုဒ္ဒေသက (ပါတိမောက်ပြသောရဟန်း) အားချီးမွမ်းစကားပြောဆိုခြင်းကို ဤတစ်ကြိမ်သာ မိမိတို့ တွေ့ဖူးပါသည်" ဟူ၍ မှတ်တမ်းတင် ဖော်ပြထားသည်။ ဤသို့လျှင် အရှင်သိရိန္ဒသည် မြောင်းမြဆရာတော်ကြီး၏ ချီးကျူးမှုကို ထူးထူးခြားခြား ရရှိခဲ့သူ ဖြစ်လေသည်။

## မြောင်းမြဆရာတော်ကြီး၏ အဆုံးအမ

မြောင်းမြဆရာတော်ကြီးသည် အရှင်သိရိန္ဒာဘိဝံသကို ငယ်ငယ်ရွယ်ရွယ်နှင့် ခက်ခဲသော သကျသီဟ စာမေးပွဲတွေကို အလွယ်တကူ အောင်မြင်ခဲ့သောကြောင့် ဝမ်းမြောက်ဂုဏ်ယူခဲ့သည်ဟု ဆို၏။ သို့ပေမဲ့ စာမေးပွဲအောင်ရုံဖြင့် ကျေနပ်မနေဘဲ အနေအထိုင်၊ အကျင့်သိက္ခာ၊ ဝိနည်းကို ရိုသေလေးစား

တန်ဖိုးထားကာ သာသနာ့အကျိုး တိုးတက်အောင် ဆောင်ရွက်ဖို့လိုအပ်သည်။ အမှန်တကယ် အလုပ်လုပ်သူတွေ၊ ကျင့်ကြံသူတွေ နည်းပါးလာပြီး ဟန်သမားတွေလောက် များနေသည်။ ထို့ကြောင့် လက်တွေ့ ကျင့်ကြံအားထုတ်ပါဦးဟု သတိ ပေးဆုံးမတော်မူလေသည်။

မြောင်းမြဆရာတော်ကြီးသည် အရှင်သီရိန္ဒ၏ အရည်အချင်း၊ ဖွဲ့ လုံ့လ ဝီရိယရှိပြီး သာသနာတော်တွက် များစွာအကျိုးဖြစ်ထွန်းမည်ကို ကြိုတင်၍ သိမြင်ပြီးဖြစ်သောကြောင့် ပရိယတ္တိကိုသာမက ပဋိပတ္တိကိုပါ ကြိုးစားအားထုတ်စေလိုခြင်းဖြစ်ပြီး တကယ့်ကြီးမားသော မေတ္တာ စေတနာအပြည့်အဝဖြင့် တိုက်တွန်းဩဝါဒပေးခြင်းကြောင့် မြောင်းမြဆရာတော်ကြီး၏ အဆုံးအမသည် အရှင်သီရိန္ဒာဘိဝံသ၏ နှလုံးသားထဲ၌ သံမှိုစွဲသကဲ့သို့ ဖြစ်လေတော့သည်။ အရှင်သီရိန္ဒာဘိဝံသသည် ဤသို့ ချိုမြိန်ကောင်းမြတ် အနှစ်သာရ ပြည့်ဝသော သူတော်ကောင်းကြီးများ၏ အဆုံးအမ ဩဝါဒကိုလည်း နာကြားခွင့်ရခဲ့၏။

## ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သို့ ရောက်ပြီ

အရှင်သီရိန္ဒသည် မန္တလေးမြို့မှ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကြီးသို့ ၁၃၂၉-ခုနှစ်၊ နယုန်လတွင် ကြွရောက်လာခဲ့သည်။ ထိုသို့ ပြောင်းရွှေ့လာသော အရှင်ကို ပဓာနနာယက ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသကလည်း ဝမ်းမြောက်ဝမ်းသာစွာ လက်ခံတော်မူသည်။ ထိုအချိန်တွင် ဆရာတော်ကြီး၏သက်တော်မှာ(၆၀)ရှိပြီးအရှင်သီရိန္ဒ၏သက်တော်မှာ(၂၅) နှစ်မျှသာ ရှိသေးသည်။ အရှင်သီရိန္ဒသည် မန္တလေးမြို့ စာသင်တိုက်၌ ငါးနှစ်တိုင်တိုင် ပရိယတ္တိစာပေများကို အပတ်တကုတ်ကြိုးစား သင်ယူခဲ့သောကြောင့် ထိုငါးနှစ်တာ ကာလအတွင်း အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း၊ ဓမ္မာစရိယတန်းတွင် ပါရာဇိကာဏ်နှင့် အဋ္ဌသာလိနီ နှစ်ကျမ်းကို အောင်မြင်စွာ ဖြေဆိုခဲ့ပြီး ဖြစ်လေသည်။ ဓမ္မာစရိယတန်းတွင် ကျမ်းသုံးကျမ်း ရှိသည့်အနက် သီလက္ခန်တစ်ကျမ်းသာ ကျန်တော့သည်။ ထို့ပြင် ဝိနယပါဠိ

ပါရဂူတို့ကိုလည်း အောင်မြင်ပြီး စေတိယင်္ဂဏစာသင်တန်း၊ စာချတန်းတို့ကို အောင်မြင်ပြန်သောကြောင့်အဘိဝံသဘွဲ့ကိုရရှိခဲ့၏။ထို့ကြောင့်အရှင်သီရိန္ဒမှ အရှင်သီရိန္ဒာဘိဝံသဟူသော ဘွဲ့အမည်တွင်ခဲ့လေတော့သည်။

အရှင်သီရိန္ဒာဘိဝံသသည် ကျောင်းတိုက်အတွင်းသို့ ရောက်ပြီး အရှင်ဝါသဝါဘိဝံသဆရာတော်ကြီးကို ဖူးတွေ့ရသောအခါ ရေတွေ့သောကြာပဒုမ္မာကဲ့သို့ လွန်စွာရွှင်ပျဝမ်းမြောက်တော်မူလေသည်။ ငါ့အဖို့ အရတော်လေစွ၊ ဤမျှပြည့်စုံသော ဆရာတော်ထံ တိုက်တိုက်ဆိုင်ဆိုင် ကံဇာတာကောင်းလို့ ရောက်လာရပေသည်။ ငါ့ရဲ့ဆရာ ဖြစ်ထိုက်ပါပေသည်ဟု ထပ်ကာထပ်ကာ ပီတိဝေဖြာနေတော့၏။

## ဣန္ဒာသယကုန်းမြေ

မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်ကြီးသည် ရန်ကုန်မြို့တွင်ရှိသည့် ကုန်း (၉) ကုန်းတွင် အပါအဝင်ဖြစ်သော ဣန္ဒာသယကုန်းမြေပေါ်တွင် တည်ရှိသည်။ ယခင်က ဣန္ဒာသယကုန်းမြေပေါ်၌ ဣန္ဒာသယကျောင်းဟူသော အမည်ဖြင့် တစ်ပါးနေကျောင်းလေးရှိခဲ့ပေသည်။ နောင်တစ်ချိန်တွင် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ဟူသောအမည်ဖြင့် ကျောင်းတိုက်ကြီးတစ်တိုက် ဖြစ်ပေါ်လာဖို့ရန် အခြေခံအုတ်မြစ်ချလိုက်သော ကျောင်းလေးပင် ဖြစ်ပေသည်။ ထိုကျောင်းလေး၌ ဣန္ဒာသယဆရာတော်ကြီး သီတင်းသုံးတော်မူ၍ ကုန်းမြေအမည်အားဖြင့် ဣန္ဒာသယကုန်းမြေ၊ ဣန္ဒာသယကျောင်း၊ ဣန္ဒာသယဆရာတော်ဟု ကင်ပွန်းတပ်ထားသည်မှာ အလွန်ပန်ရလှပေတော့သည်။

ဟိုယခင်အချိန်က ပတ်ဝန်းကျင်တွင် ကုန်းမြေအပြည့် လူနေအိမ်များနှင့် ရောပြွမ်းနေသည်။ ကုန်းမြေပေါ်တွင်လည်း ကျောင်းငယ်လေးမှအပ ဝန်းကျင်တစ်ဝိုက်တွင် ဝါးပင်ချုံပင်များ ပေါက်ရောက်နေရာယူလျက်ရှိသည်။ ဤသို့ဖြင့် ကျောင်းလေးသည် မြင်ရသူများအဖို့ အထီးကျန်ဆန်နေသော်လည်း သူတော်ကောင်းများအဖို့ နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော နေရာလေးပင် ဖြစ်သည်။ ဣန္ဒာသယဆရာတော်ကြီးသည် သက်တော်ကြီးရင့်လှ

ပြီဖြစ်၍ ဤကုန်းမြေပေါ်၌ ပရိယတ္တိသာသနာထွန်းကားစေချင်သော ဆန္ဒ ပြင်းပြခဲ့လေသည်။ ဤသို့သာသနာစိတ်ပြင်းပြလှသော ဆရာတော်ကြီးသည် တစ်နေ့ သည်နေရာတွင် ပရိယတ္တိသာသနာ ထွန်းကားစေရမည်ဟူသော ရည်မှန်းချက်ဖြင့် ကုန်းမြေပေါ်ရှိ လူနေအိမ်များကို ဓမ္မဝိနယနှင့်အညီ တဖြည်းဖြည်းခြင်း ဖယ်ရှား၍ ပရိယတ္တိစာသင်တိုက်ကြီး ပေါ်ထွန်းလာမည့် အခွင့်အလမ်းကိုသာ ရှာကြံမျှော်တွေးလျက်သာ နေတော့၏။

## မျှော်လင့်ချက်ရောင် ခြည်သန်းလေပြီ

"ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ" ဆိုသည့်အတိုင်း ဆန္ဒပြင်းပြလာလျှင် မဖြစ်နိုင်တာ ဘာမျှမရှိ ဆိုသည်နှင့်အညီ တစ်ချိန်တွင် ဏ္ဍသာယဆရာတော်ကြီးအတွက် အခွင့်ကောင်းတစ်ခု ပေါ်လာခဲ့တော့သည်။ မြန်မာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ နတ်မောက်လမ်း ဦးကျော်စိန်၊ ဒေါ်အုန်းစိန် မိသားစုတို့၏ ရှင်ပြုအလှူသို့ မန္တလေးမြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ သံတော်ဆင့်ဆရာတော်ဘုရားကြီး ကြွရောက်လာတော်မူသည်။ ဏ္ဍသာယဆရာတော်ကြီးသည် သံတော်ဆင့်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်လျက် မိမိ၏ ဖြစ်ချင်သော ဆန္ဒများကို လျှောက်ထားလေတော့သည်။ ဆရာတော်၏လျှောက်ထားပုံမှာမိမိနေရာဏ္ဍသာယကုန်းမြေပေါ်၌ပရိယတ္တိသာသနာ ထွန်းကားပြီး စာသင်တိုက်ကြီးဖြစ်ပေါ်လာဖို့ရန် လျှောက်ထားဆွေးနွေးလေသည်။ ဏ္ဍသာယဆရာတော်ကြီးသည် မိမိဖြစ်ချင်သည့် ဆန္ဒကို တိုက်ရိုက်မကြိုးစားနိုင်သော်လည်း ဖြစ်သင့်ဖြစ်ထိုက်သော နည်းလမ်းကောင်းများကို ရှာကြံလုပ်ဆောင်ခြင်းမှာ ဖြစ်သင့်လှပါသည်။

ထိုစဉ်က ဏ္ဍသာယကုန်းကြီးသည် တစ်ဧကမျှသာ ကျယ်ဝန်းပြီး ထိုနေရာလေးကို သံတော်ဆင့်ဆရာတော်ကြီးအားလှူအပ်လှူဒါန်းလိုက်ပါတော့သည်။ ထိုဏ္ဍသာယကျောင်းလေး၏ မြေအလှူရှင်မှာ ရန်ကုန်မြို့ ကြည့်မြင်တိုင်၊ ကမ်းနားလမ်း အမှတ် (၂၈၈) နေ ဦးမောင်ဟန်၊ ဒေါ်စမ်းခင်မိသားစုတို့ ဖြစ်ကြပါသည်။ ဏ္ဍသာယကုန်းမြေကို သံတော်ဆင့်ဆရာတော်ကြီးအားပေး

အပ်လှူဒါန်းလိုက်သော အချိန်တွင် ဣန္ဒာသဃဆရာတော်ကြီး သက်တော်သည် (၇၈) နှစ်သို့ ရောက်ပြီဖြစ်လေသည်။

## တာဝန်လွှဲအပ်လေပြီ

သံတော်ဆင့်ဆရာတော်ကြီးသည် မိမိအပေါ် ကျရောက်လာသော တာဝန်ကို မိမိ၏တပည့်ဖြစ်သူ အရှင်ဝါသဝါဘိဝံသကို တာဝန်လွှဲအပ်လေတော့သည်။ အရှင်ဝါသဝါဘိဝံသသည် မန္တလေးမြို့တွင် စာချနာမည်ကြီးလှသော စာချအကျော် ဆရာတော်တစ်ပါး ဖြစ်လေသည်။ မိမိသီတင်းသုံးရာ ဝိသုဒ္ဓါရုံစာသင်တိုက် စာချဘုန်းကြီးဆိုသော်လည်း ဝိသုဒ္ဓါရုံတစ်တိုက်လုံးသာမက မန္တလေးမြို့ လေးပြင်လေးရပ်ရှိ အခြားကျောင်းတိုက်များမှ စာသင်သား သံဃာများပါ စာဝါလိုက်ကြသည်။ အရှင်ဝါသဝါဘိဝံသ၏ စာဝါတိုင်းစာလိုက် သံဃာများ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်။

ဤသို့ဖြစ်ရခြင်းမှာစာချဆရာတော်၏ရှင်းလင်းပြတ်သားမှုရှိခြင်း၊ စိတ်ဝင်စားဖွယ်ကောင်းအောင် ပြောဆိုနိုင်ခြင်း၊ စာချချိန်မှန်ကန်ခြင်း၊ ဖွဲလုံ့လဝီရိယရှိခြင်းတို့ကြောင့်ပင် ဖြစ်သည်။ အရှင်ဝါသဝါဘိဝံသသည် မိမိထံ၌ စာလိုက်နေကြသော သံဃာများကို ဖြတ်တောက်စွန့်ခွာပြီး မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ရန် အခက်တွေ့နေ၍ ချက်ချင်းဝန်မခံသာဘဲ ဖြစ်နေတော့၏။ နောက်ဆုံးတွင် ကျေးဇူးရှင်ဆရာတော်ကြီးနှစ်ပါးနှင့် ကျောင်းဒါယကာ၊ ဒါယိကာမတို့၏ မငြင်းသာအောင် တိုက်တွန်းမှုကြောင့် လက်ခံခဲ့ရလေတော့သည်။

# အခန်း (၅)

# မဟာဝိသုဒ္ဓါရုံတိုက်သစ် ဖြစ်ပေါ်လာခြင်း

ကမ္ဘာ့သာသယကုန်းမြေပေါ်တွင်မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်ဟူသော ပရိယတ္တိစာသင်တိုက်ကြီးကို ၁၃၂၀ ပြည့်နှစ်တွင် သံတော်ဆင့်ဆရာတော်ဘုရားကြီးကိုယ်တိုင် ကျေးဇူးတော်ရှင် မူလမဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးကို ပူဇော်သောအားဖြင့် ခေါ်ဝေါ်သမုတ်ခဲ့သော အမည်ဖြစ်လေသည်။ ဤသို့မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်ဟုအမည်မှည့်တွင်သည်ကိုရွှေကျင်နိကာယ သာသနာပိုင်ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးကိုယ်တိုင်ပင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် သံဃာများစွာအလယ်၌ ကျေနပ်ဝမ်းမြောက်စွာ အသိမှတ်ပြုတော်မူခဲ့သည်။

မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်ကြီးကို စာသင်တိုက်အဖြစ် စတင်တည်ထောင်သည့်အချိန်မှစ၍ လိုအပ်သော ပစ္စည်းလေးပါးဟူသမျှကို လိုလေသေးမရှိ ပြည့်စုံစွာ လှူဒါန်းထောက်ပံ့ပေးသော အလှူရှင်များမှာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ် ၉၆/၉၈ နေ ဦးကျော်စိန် + ဒေါ်အုန်းစိန်တို့၏ မိသားစုတို့ ဖြစ်ကြသည်။ ထို့ကြောင့် ဦးကျော်စိန် + ဒေါ်အုန်းစိန်တို့၏ မိသားစုကို မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၏ မူလအစ ကျောင်းဒါယကာများအဖြစ် အသိအမှတ်ပြုခြင်း ဖြစ်သည်။

---

ဤသို့ဖြင့်ရန်ကုန်မြို့မဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်သစ်ကြီးတည်ထောင် ခါစတွင်အရှင်ဝါသဝါဘိဝံသနှင့်အတူမန္တလေးမြို့မှစာသင်သားအပါး(၃၀)ခန့် လိုက်ပါလာကြသည်။ ဆရာတော်၏လုံ့လဝီရိယရှိခြင်း၊ သဒ္ဓါတရားထက်သန် ခြင်း၊ ဖွဲ့သတ္တိရှိခြင်း စသည့်ဂုဏ်တို့ကြောင့် နှစ်အနည်းငယ်အတွင်း စာသင် သား (၆၀) ကျော်အထိဖြစ်လာခဲ့သည်။ ကျောင်းတိုက်တည်ထောင်ပြီး သုံးနှစ် အတွင်း ပါဠိတက္ကသိုလ် အရည်းအချင်းပြည့်ဝသော စာသင်တိုက်တစ်တိုက် အဖြစ် ၁၃၂၃ - ခုနှစ် ဒုတိယဝါဆိုလ၊ ၁၉၆၁ - ခုနှစ် ဇူလိုင်လ (၁) ရက်နေ့မှစ၍ အစိုးရသာသနာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုခြင်းခံရသည်အထိ တိုး တက်အောင်မြင်ဖြစ်ထွန်းခဲ့သည်။

## ဥယျာဉ်မှူးများ

### အရှင်ဝါသဝါဘိဝံသ

အရှင်ဝါသဝါဘိဝံသလောင်းလျာကို မန္တလေးတိုင်း၊ မလှိုင်မြို့နယ် ချင်း ယားရွာသစ်၌ ၁၂၇၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် (၈) ရက် (၁၃.၁. ၁၉၀၉) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ မိဘများမှာ ခမည်းတော် ဦးကောက်ရ၊ မယ်တော် ဒေါ်ပိုတို့ဖြစ်ပါသည်။

အသက် (၁၅) နှစ် အရွယ်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူကာ ရှင်သာမဏေပြုခဲ့သည်။ သက်တော် (၂၀) ပြည့်မြောက် သောအခါ ဥ ဏ္ဍိစတုဗ္ဗကမ္မဝါစာဖြင့် "အရှင်ဝါသဝ" ရဟန်းအဖြစ်သို့ ရောက် ရှိခဲ့ပါသည်။

အရှင်ဝါသဝါဘိဝံသသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ တိုက် အုပ် ကနီဆရာတော်၊ စည်ရှင်ဆရာတော်၊ ဆီးပင်ဆရာတော်စသည့် စာချ အကျော် ဆရာတော်များ၊ မြတောင်တိုက်၊ ဘုရားကြီးတိုက်၊ ရွှေရေးဆောင် တိုက် မစိုးရိမ်တိုက်ရှိ စာချအကျော်ဆရာတော်များနှင့် အမရပူရ စစ်ကိုင်းမြို့ များရှိ စာချအကျော် ဆရာတော်များအထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည့်

ကျမ်းစာစုံလင်အောင် ကြိုးစားသင်ယူဆည်းပူးခဲ့လေသည်။ အရှင်သည် မန္တလေးမြို့ ပရိယတ္တိ ပထမကျော်စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ သကျသီဟ စာမေးပွဲစသည့် ခက်ခဲသော စာမေးပွဲများ၌ ထူးချွန်စွာအောင်မြင်တော်မူခဲ့သောအရှင်မြတ်ဖြစ်လေသည်။ အရှင်ဝါသဝါဘိဝံသသည် အသက် ၂၇ နှစ် ရဟန်း ခုနစ်ဝါ ရလို့မှ သကျသီဟစာမေးပွဲမအောင်မြင်ခဲ့လျှင်တော့ လူထွက်မည်ဟု ကြုံးဝါးခဲ့သူဖြစ်သည်။ ထို့သို့ ကြုံးဝါးခဲ့သည့်အတိုင်း သကျသီဟ စာမေးပွဲကို အသက် ၂၇ နှစ်မပြည့်မီ အောင်မြင်တော်မူခဲ့သည်။

အရှင်ဝါသဝါဘိဝံသသည် မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သံတော်ဆင့် စာချ ဆရာတော်တစ်ပါးအဖြစ် စာသင်သားများအား အားကိုးအားထားပြုရာ စာချ အကျော်အမော်တစ်ပါးအဖြစ် ထင်ရှားခဲ့လေသည်။ ထို့ကြောင့် မန္တလေးမြို့ စာသင်သားလောကတွင် "တောင်ပြင်နဂါး၊ အနောက်ပြင်ကျား၊ မစိုးရိမ်အာ၊ ဝိ-သံ-ဝါ" ဟု စာချီးခံရသည်အထိ ထင်ရှားခဲ့သည်။

တောင်ပြင်နဂါး-ဟူသည် မန္တလေးမြို့ တောင်ပြင် အသောကာရာမ တိုက်၌ သီတင်းသုံးကာ စာပေများပို့ချပေးတော်မူသော ဆရာတော် ဦးတေဇနိယ ဖြစ်သည်။ ထိုဆရာတော်ကား နောင်အခါတွင် ပြည်မြို့ ဇောတိကာရုံ တိုက် ဆရာတော်ဟု ထင်ရှားသည့် စနေသားဖြစ်သောကြောင့် တောင်ပြင် နဂါးဟု ဆိုခြင်းဖြစ်လေသည်။

အနောက်ပြင်ကျား-ဟူသည် မန္တလေးမြို့ အနောက်ပြင် ဝေဃံဘုံသာ တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးကလျာဏဖြစ်၏။ တနင်္လာသားဖြစ် သောကြောင့် အနောက်ပြင်ကျားဟု ဆိုခြင်းဖြစ်ပါသည်။

မစိုးရိမ်အာ-ဟူသည် မစိုးရိမ်တိုက်၊ အာဂမန ယူပဒေသကျောင်း၌ သီတင်းသုံးပြီး စာချတော်မူသော ဆရာတော် ဦးဝိစိတ္တာဘိဝံသဖြစ်ပါသည်။

ဝိသံဝါ-ဟူသည် ဝိသုဒ္ဓါရုံတိုက်သစ်၊ သံတော်ဆင့်ကျောင်း စာချ ဆရာတော် ဦးဝါသဝါဘိဝံသ ဖြစ်လေတော့သည်။

အရှင်ဝါသဝါဘိဝံသသည် စာချတော်မူရာ၌ စာချစဉ်ဆက် နည်းနာများ အပြင် ဆရာနည်းကျ ပို့ချနိုင်ခဲ့လေသည်။ တရားဟောရာ၌လည်း ဆရာတော်

များထံမှ နားကြားခဲ့ရသော ဩဝါဒများ၊ ဗဟုသုတများဖြင့် ပစ္စည်းလေးပါး ဒကာ ဒကာမများ၏ သဒ္ဓါတရားကို ပိုမိုဖြစ်ထွန်းစေခဲ့သည်။ ဆရာတော်သည် သာသနာတော်အတွက် အလွန် အလုပ်လုပ်တော်မူခဲ့လေသည်။ စာသင်သား များကိုလည်း အချိန်မှန်မှန် စာပေပို့ချသည်။

## အခြားဆောင်ရွက်ချက်များ

ဤကဲ့သို့သော အရည်အချင်းများကြောင့် အစိုးရပထမပြန် စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ မန္တလေး၊ မြင်းခြံစသော အသင်းစာပေးပွဲများ၌ ပုစ္ဆက အဖြစ် လည်းကောင်း၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံစသော ပြည်ပနိုင်ငံများသို့ လည်း ပါဠိဘာသာဖြင့် အမေးအဖြေများကို ပေးပို့တော်မူခဲ့လေသည်။ ထို့ အပြင် ဆဋ္ဌသင်္ဂါယနာတွင် သင်္ဂီတိကာရကအဖြစ်ဖြင့်လည်းကောင်း၊ ပိဋကတ် စာပေ တည်းဖြတ် ပြင်ဆင်ရေးတွင် မူလဝိသောဓက၊ ပဋိသောဓက၊ ဩသာန ဝိသောဓက ဆရာတော်အဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်သည် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာကိစ္စများတွင် ထူးချွန်ပြောင်မြောက် စွာ တာဝန်ယူဆောင်ရွက် လုပ်ကိုင်နိုင်ခဲ့သောကြောင့် ၁၃၁၄ – ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံချောင်၌ ကျင်းပသော အဌမအကြိမ် ရွှေကျင် နိကာယဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ကမ္မဝါစာရက (ဂိုဏ်းလုံး ဝန် ဆောင်နာယက) ဆရာတော်အဖြစ် တင်မြှောက်ခြင်းခံခဲ့ရပြီး ရွှေကျင်နိကာယ ဝိနယဓရတာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့ရပြန်လေသည်။

## များစွာသော ဘွဲ့ရတပည့်များ

အရှင်ဝါသဝါဘိဝံသ ဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရုံတိုက် သစ်၌ နှစ်ပေါင်း (၂၀) ကျော် စာပေပို့ချ ပေးတော်မူခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် ပိဋကတ်သုံးပုံဆောင် ဆရာတော်ငါးပါးမျှသာ ရှိသောအချိန်၌ မိမိကျောင်းတိုက်အတွင်းမှ ပိဋကတ်သုံးပုံဆောင် ဆရာတော်နှစ်ပါး၊ ပိဋကတ် နှစ်ပုံခွဲအောင် တစ်ပါး၊ ပိဋကတ်တစ်ပုံအောင် ခြောက်ပါး၊ အစိုးရ ပထမကျော်၊

အဂ္ဂမဟာအကျော်၊ အဘိဝံသအကျော်အမော်များ၊ ပါဠိပါရဂူ၊ ဓမ္မာစရိယ၊ သက္ကျသီဟ၊ စေတိယင်္ဂဏ၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးအောင် သံဃာများစွာတို့ကို သံဃာအရေအတွက်နှင့် မမျှအောင် အလွန်များပြားစွာ ပြုစုမွေးထုတ်ပေးနိုင်ခဲ့လေသည်။

ပရိယတ္တိကို လေးစားတန်ဖိုးထားသော ပုဂ္ဂိုလ်သည် ပဋိပတ္တိကိုလည်း မြတ်နိုးတန်ဖိုးထားမည်ဆိုသည်မှာ ဧကန်မလွဲပင်ဖြစ်သည်။ ပဋိပတ္တိကို ယုံကြည်ကိုးစား မြတ်နိုးကြသူများမှာ ပဋိဝေဓသို့ မရောက်နိုင်ဟု မဆိုနိုင်ပေ။ ပရိယတ္တိတည်းဟူသော ကန်ဘောင်ရိုး မပျက်မစီး ခိုင်ခံ့စွာ တည်ရှိနေလျှင် ပဋိပတ္တိတည်းဟူသောရေလည်း ရှိမည်သာ ဖြစ်တော့သည်။ ရေတည်းဟူသော ပဋိပတ္တိရှိပြန်လျှင် ကြာတည်းဟူသော ပဋိဝေဓသည်လည်း မပေါ်မရှိနိုင်ဟု မဆိုနိုင်ရှိတော့မည်သာဖြစ်၏။ ဤသို့သော အကြောင်းများကြောင့် သီလ၊သမာဓိဂုဏ်နှင့်တကွပညာရှိတော်မူကြကုန်သောသူတော်ကောင်းကြီးများသည် အဘယ်ကဲ့သို့လျှင် ပရိယတ္တိကို လျစ်လျူရှုတော်မူပြီး နေကြပါမည်နည်း။ ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သုဘဒ္ဒရဟန်းကြီးအား "ငါ ဘုရားရှင် (၄၅) ဝါ ကာလပတ်လုံး ဟောတော်မူခဲ့သော တရားတော် တည်ရှိနေသမျှ ကာလပတ်လုံး လောက၌ ရဟန္တာမဆိတ်သုဉ်းဘူး" ဟူ၍ မိန့်တော်မူခဲ့ပေသည်။

ပရိယတ္တိသာသနာတော်နှင့် စပ်လျဉ်း၍ ဆရာတော်ကြီး၏ ဩဝါဒ အတိုချုပ်လေးမှာ "ကမ္ဘသကာ၊ လူဗိုလ်ပါတို့၊ ငါနှင့်မဆိုင်၊ မတတ်နိုင်ဟု၊ မပြိုင်ခင်ရှုံး၊ စိတ်နှလုံးကို ဗုန်းဗုန်းကြီးချ ရှိချေကမူ၊ ဗုဒ္ဓသာသနာ ကွယ်ပျောက်ရာ၏" ဟူသော လင်္ကာကို ဆရာတော်ကြီးသည် ၁၂၄၇-ခုနှစ် မြန်မာနိုင်ငံ အင်္ဂလိပ်မင်းလက်အောက်၌ ကျရစဉ်အချိန်က ဤကဗျာလေးဖြင့် ဗုဒ္ဓဘာသာဝင် အပေါင်းတို့ကို တပ်လှန့်နှိုးဆော်ပေးခဲ့သည်။ ဤကဗျာလေးကို ဖတ်ရှုပြီး မော်လမြိုင်မြို့မှ သူဌေးကြီးဦးသာညွှန်းသည် သဒ္ဓါတရားဖြစ်လာကာ ပရိယတ္တိသာသနဟိတအသင်း တည်ထောင်ဖို့ရန် မန္တလေးမြို့ရှိ ဥက္ကဋ္ဌကြီး ဦးညိုထံသို့ ငွေဒင်္ဂါးတစ်ထောင်ကျပ်တိတိကို လှူဒါန်းခဲ့လေသည်။

ဤသို့ဖြင့် ၁၂၆၀-ပြည့်နှစ်၊ ဝါခေါင်လတွင် ထိုငွေဒင်္ဂါးတစ်ထောင်နှင့် အသင်းကြီးကို မတည်ခဲ့သည်။ ၁၂၆၅-ခုနှစ် နယုန်လမှာတော့ စာပြန်ပွဲကို စတင်ကျင်းပနိုင်ခဲ့သည်။အရှင်ဝါသဝါဘိဝံသသည်ဤကဲ့သို့အဖိုးတန်ဩဝါဒများကိုလည်း ဟောပြောနိုင်ခဲ့လေသည်။

## ကျောင်းတိုက်စည်းကမ်း

အရှင်ဝါသဝါဘိဝံသသည် ကျောင်းတိုက်စည်းကမ်းချက်များနှင့်အညီ နေထိုင်လိုက်နာနိုင်သော သံဃာတော်များကိုသာ လက်ခံလေ့ရှိသည်။ ဆရာတော်သည် မိမိကိုယ်တိုင်လည်း စည်းစနစ်ရှိပြီး ဝိနည်းကိုလည်း အလွန်တရာ လေးစားတန်ဖိုးထား၏။ ထို့ကြောင့် မိမိကျောင်းတိုက်အတွင်းရှိ သံဃာများကိုလည်း အရည်အချင်းပြည့်ဝပြီး ကျောင်းတိုက်၏ စည်းကမ်းများကို တစ်သဝေမတိမ်း လိုက်နာစေချင်၏။ ကျောင်းစည်းကမ်းကို မလိုက်နာသော သူများကို တွေ့ရှိပါလည်း အပြီးတိုင် (သို့) တစ်ပတ်၊ နှစ်ပတ်တန်သည် နှင်ထုတ်တော်မူ၏။ မြို့ထဲ၌ ပွဲလမ်းသဘင်များ ကျင်းပြုလုပ်လေ့ရှိသည့် သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ သင်္ကြန်၊ လွှတ်လပ်ရေးပွဲတော်များကဲ့သို့သော ပွဲတော်ရက်များတွင် တစ်နာရီတစ်ကြိမ် သံချောင်းခေါက်၍ အမည်ခေါ်ကာ စစ်ဆေးလေ့ရှိ၏။

ကျောင်းတိုက်၏အတုယူဖွယ်ရာ စည်းကမ်းချက်များမှာလည်း -

(၁) မြို့ရွာအတွင်းသို့ဝင်လျှင် အသွားအပြန် နာယကဆရာတော်ထံ ပန်ကြား၍ ဝိနည်းတော်နှင့်အညီ သက်န်းရုံရမည်။

(၂) နာယကဆရာတော်နှင့် စာချဘုန်းကြီး၊ ဆွမ်းစားကျောင်း ဘုန်းကြီးများ၏ ညွှန်ကြားချက် အဆုံးအမကို ဆင်ခြေမများမူ၍ အမြဲ လေးစားလိုက်နာရမည်။

(၃) ပြောပလောက်သော ဂိလာနအကြောင်းကို ချန်လှပ်၍ ညဦး၊ နံနက်ဘုရားဝတ်မပျက် အချိန်မှန်မှန်လိုက်ရမည်။

(၄) လပြည့်၊ လကွယ်နေ့တိုင်း သံဃဥပုသ်ပြုရာသို့ လည်းကောင်း၊ ဥပုသ်နေ့ ညစဉ် ရွှေကျင်ဂိုဏ်း ကျင့်ထုံးဩဝါဒ မိန့်ကြားရာသို့ လည်းကောင်း၊ မပျက်မကွက်လိုက်ပါရမည်။

(၅) မိမိတက်ပြီးသော စာဝါများကို မပျက်မကွက်စေဘဲ တစ်ပတ်အတွင်း ကျက်စာများကို ဆိုင်ရာစာချဘုန်းကြီးများထံ အမှန်ပြန်ရမည်။

(၆) ဝါတွင်းဝါပ သီတင်းနေ့တိုင်း ပြုလုပ်သော အစမ်းစာမေးပွဲကို ဖောက်ပြန်ဖြေဆိုရမည်။

(၇) အကြောင်းထူးကိစ္စရှိ၍ သွားလိုသော်လည်းကောင်း၊ ပြန်ရောက်လျှင်သော် လည်းကောင်း၊ ဆရာသမားများထံ လာရောက်လျှောက်ထားရမည်။

(၈) ဆေးလိပ်သောက်ခြင်း၊ နေ့လွဲကွမ်းစားခြင်း၊ ဆေးဝါးခြင်း၊ ဝိနည်းတော်နှင့် မလျော်သော ယာဉ်၊ ရထားစီးခြင်းတို့မှ လုံးဝရှောင်ကြဉ်ရမည်။

(၉) ရုပ်ရှင်၊ ဘောပွဲ၊ အငြိမ့်ပွဲစသည်သွားရောက်ကြည့်ရှုခြင်း၊ မလျော်သော သင်္ကန်းရောင်ဝတ်ခြင်း၊ အံသကိုဋ် (အင်္ကျီလက်တို) ဝတ်ခြင်းတို့မှ လုံးဝရှောင်ကြဉ်ရမည်။

(၁၀) ကျန်းမာ၍ အကြောင်းထူးမရှိလျှင် ဆွမ်းခံဝတ်ကို မပျက်စေမူ၍ သံဃာညီညွတ်မှုကို ရှေးရှုလျက် ဆွမ်းစားကျောင်း၌သာ အများနှင့်အတူ ဆွမ်းစားရမည်။

(၁၁) ဆရာ၊ မိဘ၊ ရဟန်းဒကာ၊ ရဟန်းအမ၊ ရှင်ဒကာ၊ ရှင်အမ တစ်ဦးဦးကိုယ်တိုင်သော်လည်းကောင်းယုံကြည်လောက်သောစာဖြင့်သော် လည်းကောင်း ပို့အပ်သော ပုဂ္ဂိုလ်ဖြစ်၍ ကျောင်းတိုက်အတွင်း အာမခံပုဂ္ဂိုလ် ရှိရမည်။

(၁၂) အနည်းဆုံး တစ်နေ့လျှင် စာဝါနှစ်ဝါရှိစေ၍ သက်ဆိုင်ရာ သေနာသနဝတ်ကိုလည်း မပျက်အောင် ဆောင်ရွက်ရမည်။

---

ဆုပြည့်စုံထွန်းစာပေ

(၁၃) ဤကျောင်းတိုက်အတွင်းအချင်းချင်းသွေးကွဲကြောင်းဖြစ်သော အသင်းအပင်းဖွဲ့ခြင်း၊ တစ်ဦးနှင့်တစ်ဦး ချောပစ်ကုန်းတိုက်ခြင်း စသည်မှ ရှောင်ရှားလျက် သံဃာညီညွတ်မှုကို အမြဲလေးစား ရှေးရှုနေထိုင်ရမည်။

(၁၄) ဤကျောင်းတိုက်၌ နေထိုင်သမျှကာလပတ်လုံး နိုင်ငံရေးလိုက်စားခြင်း၊ခေတ်ပညာသင်ကြားခြင်းတို့ကိုလုံးဝမပြုလုပ်ပါဟုဝန်ခံသူဖြစ်၍ ယင်းဝန်ခံချက်နှင့်လည်း အမှန်ညီညွတ်သူဖြစ်ရမည်။

(၁၅) ဤကျောင်းတိုက်၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေမည့် အပြောအဆို၊ အပြုအမူများမှ အထူးရှောင်ကြဉ်၍နေထိုင်ရမည်။

(မှတ်ချက်။ ။ ၁၃၀၇-ခုနှစ် မန္တလေး မဟာဝိသုဒ္ဓါရုံ ဆရာတော်ထုတ်ပြန်တော်မူသော စည်းမျဉ်းဥပဒေကိုသော် လည်းကောင်း၊ ဤစည်းမျဉ်း ဥပဒေကိုသော်လည်းကောင်း၊ကျူးလွန်ပါကနာယကဆရာတော်နှင့်စာချဘုန်းကြီးများ၏ ပေးအပ်သော အပြစ်ဒဏ်ကို မသွေမဖီ လိုက်နာခံယူရမည်။)

## ရောဂါဆိုးကြီးဝင်ရောက်ခြင်း

အရှင်ဝါသဝါဘိဝံသသည် ရဟန်းပြုပြီးနောက် သာသနာ့ဘောင်သို့ ခိုင်မာသော စိတ်ဓာတ်ပြင်းထန်စွာဖြင့် ဝင်ရောက်ခဲ့သည်။ ဆရာတော်၏ ဥပမိရုပ်ရည်တင့်တယ်မှုသည် ဖူးမြင်ရသူများ၏ စိတ်နှလုံးတွင် ကြည်လင်အေးချမ်းသော သွင်ပြင်လက္ခဏာရှိ၏။ အရှင်ဝါသဝါဘိဝံသသည် စာသင်သားများအား အသင်အပြကောင်းခြင်း၊ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ ကုသိုလ် တိုးပွား ကြည်ညိုအားထားစရာဖြစ်ခြင်း၊ သာသနာတော်ကြီး၏ ဂုဏ်သိက္ခာကိုဆထက်ထမ်းပိုးတိုးတက်အောင်အစွမ်းကုန်ဆောင်ရွက်တော်မူရင်း မျှော်လင့်မထားသော ရောဂါဆိုးကြီး ဝင်ရောက်လာပါတော့သည်။ နာမကျန်းဖြစ်သောအခါမှ ဆရာဝန်ဖြင့် ပြသစစ်ဆေးတော်မူရာ အလွန်ဆိုးရွားသည့်အရိုးကင်ဆာဟုသိရ၍တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့မှာ အတိုင်းမသိ စိတ်မကောင်းခြင်းများစွာ ဖြစ်ကြကုန်တော့၏။

## အရှင်ဇနကာဘိဝံသထံမှ ပေးစာ

အရှင်ဇနကာဘိဝံသသည် မိမိ၏တပည့်ဖြစ်သူ အရှင်ဝါသဝါဘိဝံသ ထံသို့မကြာမကြာဆုံးမစာများပေးပို့လေ့ရှိသည်။နောက်ဆုံးပေးပို့သောစာမှာ အရှင်ဝါသဝါဘိဝံသ ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသနေချိန်ဖြစ်လေသည်။ ဆရာဖြစ်သူမှ ပေးပို့သောစာသည် တပည့်ဖြစ်သူအတွက် တန်ဖိုးမဖြတ်နိုင် လောက်အောင် တန်ဖိုးရှိသောစာ ဖြစ်လေသည်။ အရှင်ဇနကာဘိဝံသသည် မိမိ၏တပည့်အား -

(၁) ဘုန်းကြီးတို့သည် ပထမအရွယ်၌ မိမိပညာရေးဖြင့် အချိန်ကုန် စေခဲ့ကြ၏။

(၂) ဒုတိယအရွယ်၌ မိုခိုသူများ၏ ပညာရေးဖြင့် အချိန်ကို ကုန်စေခဲ့ ကြ၏။ ထိုအရွယ်နှစ်မျိုး၌ မိမိတို့၏ စိတ်ထားအလိုက် ကုသိုလ် အနည်းအများ ရခဲ့ကြသော်လည်း အားကိုးအားထားလောက် သော ကုသိုလ်များ မဟုတ်ကြသေးပေ။

(၃) တတိယ အရွယ်၌ကား လာမည့်ဘဝနှင့် နီးကပ်လုပြီဖြစ်သော ကြောင့် လာမည့်ဘဝအတွက် စိတ်ချရလောက်အောင် အဆင် သင့် ပြုလုပ်ထားသင့်သည်ဟု ယူဆပါသည်။ ထို့ကြောင့် "ဘာ လုပ်နေပါတုန်း" ဟု မေးလျှင် "သေဖို့ပြင်နေသည်" ဟု ဖြေဆိုရ ပေလိမ့်မည်။

## အရှင်ဝါသဝါဘိဝံသမှ ပြန်စာ

ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၊

၁၃၃၉ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်

ရှိသေလေးမြတ်စွာ ပြန်လည်လျှောက်ထားအပ်ပါသည် ဘုရား။

ဆရာတော်ဘုရား အဆုံးအမ မိန့်ကြားတော်မူအပ်သော ဩဝါဒများကို တပည့်တော်၏ နှလုံးအိမ်ထဲဝယ် သံမှိုနက်သကဲ့သို့ နှစ်သက်မြတ်နိုး ဦးထိပ် ရွက်ပန်ဆင်ပါသည် ဘုရား။ တပည့်တော်၏ ရည်မှန်းချက် အလိုဆန္ဒသည်

လည်း ဤကဲ့သို့သော ရောဂါမခံစားရသေးခင် သုံးနှစ်အလိုလောက်ကတည်းက ရှေးအစဉ်အဆက် ဆရာတော်ကြီးများ သီတင်းသုံးသွားခဲ့သော သစ်ပင်တောတောင် အထပ်ထပ်တို့ဖြင့် မှိုင်းညို့ အုပ်ဆိုင်းသော နေရာ၌ တရားနှင့်မွေ့လျော်တော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့ဖြစ်ပါ၏။ ငါ၏ သက်တော် (၇၀) ပြည့်၍ ဝါတော် (၅၀) အရတွင် ထိုတောရကျောင်းလေး၌ ကပ္ပိယနှင့်သာ နေထိုင်ဖို့ရန်အတွက်တောရကျောင်းလေးကိုထိန်းသိမ်းပိုင်ဆိုင်သူ ဘုန်းကြီးဦးဇာဂရထံမှလည်း အလှူခံထားပြီးဖြစ်၏။

ယခုအခါ ဘယ်လိုမှ မျှော်လင့်မထားသော ရောဂါဆိုးကြီး ဝင်ရောက်လာသောအခါ ရှေ့ဆက်ပြီး ကံကြမ္မာက မည်သို့မည်ပုံ ဖန်တီးမည်ကို မလျှောက်ထားတတ်အောင် ရှိနေပါသည် ဘုရား။

တပည့်ကြီး

ဝိသုဒ္ဓါရုံ၊ ရန်ကုန်(ခေတ္တ - ဆေးရုံကြီး)

ဤစာကို ဖတ်ရသူတိုင်း လွန်စွာ သတိသံဝေဂရစရာ ကောင်းလှပေတော့သည်။ မိမိသည် အသက် (၇၀) ပြည့်လျှင် တရားဓမ္မဖြင့် မွေ့လျော်တော့မည်ဟုရည်မှန်းခဲ့၏။အသက်(၇၀)ပြည့်ခါနီးတော့မျှော်လင့်မထားသောအရိုးကင်ဆာဆိုသည့် ရောဂါကြီးက ဝင်ရောက်လာသဖြင့် မိမိမျှော်မှန်းသလို ဖြစ်မလာခဲ့တော့ပေ။ ဤတွင် မင်းကွန်းဆရာတော်ဘုရားကြီး၏ သံဝေဂဆောင်ပုဒ်လေးကို သတိရမိပေတော့၏။ ဆရာတော်ဘုရားကြီးသည် သူတော်ကောင်းအပေါင်းတို့၊ ဆောင်ပုဒ်တစ်ခု ဆောင်ထားကြပါ။

- မမေ့မလျော့ကြလေနှင့်
- တို့တွေမှာ သေခြင်းတရားနှင့် အချိန်းအချက် မရှိဘူး
- မိမိတို့ ဆောင်ရွက်ရမည့် ဓမ္မကိစ္စများကို နောက်ဆွဲမထားဘဲ ခုချိန်ကစပြီး ကြိုးစားအားထုတ်ကြပါ ဟူ၍ဖြစ်၏။

အရှင်ဝါသဝါဘိဝံသမထေရ်မြတ်ကြီးသည် တပည့်ပရိသတ်များကို စာပေပို့ချ၊ ဒကာ၊ ဒကာမများအားလည်း ဩဝါဒပေးတရားဟောအလုပ်အပြင် အခြားသာသနာရေး ဆောင်ရွက်ချက်များကို လုပ်ကိုင်ရင်း အချိန်တွေကုန်

သည်ဟုအချို့သောသူများမှထင်မှတ်ကောင်းထင်မှတ်ကြပေလိမ့်မည်။အမှန် တကယ်တော့ ရှေးပညာရှိ အကျော်အမော်ဆရာတော်များသည် ပရိယတ်နှင့် ပဋိပတ်ကို လက်တွေ့ယှဉ်တွဲ အသုံးချကြမည်မှာ မလွဲပေ။ မိမိတို့ အသက် အရွယ်အားလျော်စွာ ရရှိသမျှသော အချိန်တိုင်း တရားအသိဖြင့်သာ နလုံး သွင်းနေကြလေသည်။ အရှင်ဝါသဝါဘိဝံသ၏ ပင်ကိုစိတ်ရင်းကလည်း ဆိတ် ငြိမ်အေးချမ်းရာ သူတော်ကောင်းတို့ နေထိုင်ရာဖြစ်သော တော၌သာ နေထိုင် လိုသည်။ ရှေးရှေးဘုရားအဆူဆူနှင့် သူတော်ကောင်းကြီးများသည် တောကို နှစ်သက်မြတ်နိုးကြသည်။ တော၌သာ မိမိတို့၏ တရားဓမ္မကို ရှာဖွေနလုံးသွင်း ကုန်ကြသည်မှာ အစဉ်အလာ ဓမ္မတာကြီးပင် ဖြစ်လေသည်။ ထိုသူတော် ကောင်းကြီးတို့၏ လမ်းစဉ်အတိုင်းပင် အရှင်ဝါသဝါဘိဝံသသည် ဆိတ်ငြိမ် အေးချမ်းလှသော နောကန်တောရကျောင်းလေးကို မိမိ၏ တရားဓမ္မအတွက် ဓမ္မအရေး အတွက် ရွေးချယ်ထားပြီး ဖြစ်လေသည်။

အရှင်ဝါသဝါဘိဝံသသည် ဘုရားရှင်၏ သာသနာတော် သုံးရပ်တွင် ပရိယတ္တိသာသနာသည် မူလဘူတဖြစ်ကြောင်း ဟောဖော်ညွှန်ပြခဲ့ဖူးသည်။ ယင်းစကားသည် "ပရိယတ္တိယာ ဌိတာယ ပဋိပတ္တိ ပတိဋ္ဌာတိ – ပရိယတ္တိ တည် နေသမျှကာလပတ်လုံး ပဋိပတ္တိလည်း တည်နိုင်ပေသည်"ဟု မိန့်ဆိုထား သည်။ သာသနာတော် ရှည်ကြာအောင် တည်တံ့စေဖို့ရန် ပရိယတ်သည် အဓိကဖြစ်သည်။

ဘုရားရှင်၏ သာသနာတော်၌ ထက်သန်သောသဒ္ဓါတရားဖြင့် ဝင် ရောက်လာကြသော ပုဂ္ဂိုလ်တိုင်းသည် ငယ်ရွယ်စဉ်အခါ၌ ပရိယတ္တိကို ကြိုး စားသင်ယူပြီး ပဋိပတ်ကိုလည်းအချိန်ပိုင်းအားထုတ်ကြကုန်၏။ ဤပုံဤနည်း အတိုင်း ကျင့်ကြံလုပ်ဆောင်ခဲ့ကြတော်မူခြင်းကြောင့် ဘုရားရှင်၏ သာသနာ တော်ကြီးကို ယခုထိတိုင် တွေ့မြင်နေကြရခြင်းပင်ဖြစ်သည်။

အချို့သောသူများသည် စာပေပရိယတ္တိ သင်ကြားပို့ချနေကြကုန်သော ပုဂ္ဂိုလ်များကို နွားကျောင်းသား ဥပမာဖြင့် နှိုင်းယှဉ်ကြပေသေးသည်။ နွား ကျောင်းသားဟူသည် နွားတွေကိုသာ ထိန်းကျောင်းရသည်။ နွားနို့၏ အရသာ

ကို မသောက်သုံးရဟုဆို၏။ ဤသို့ဆိုလျှင် ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာ တင် မထေရ်ကြီးများသည်လည်း ပရိယတ်ထဲမှ ပဋိပတ်အကျင့်ကို မကျင့်ဘဲ နေကြပါမည်လော။ ပမာအားဖြင့်ဆိုရသော် မိမိ၌ အဖိုးထိုက်တန်သော လက်ဝတ်ရတနာများစွာ ရှိသောသူသည် အချိန်ကာလအားလျော်စွာ ထိုပစ္စည်းများကို အသုံးပြုကြပေလိမ့်မည်။ ဤအတူပင် ပရိယတ်ကို သင်ကြားပို့ချပေးနေကြသော သံဃာတော်များသည်လည်း မိမိတို့ ပိုင်ဆိုင်ထားကြသော ပဋိပတ္တိ ဆိုသည့် အဖိုးတန်ရတနာများကိုလည်း အချိန်ကာလ အားလျော်စွာ အသုံးပြုကြပေလိမ့်မည်ဖြစ်၏။

အရှင်ဝါသဝါဘိဝံသသည် ပရိယတ္တိတည်းဟူသော စာပေကို သင်ကြားပို့ချချိန်တွင် သာသနာဆက်လက် တည်တံ့ကြာရှည်စေဖို့ရန် အားထုတ်ကြိုးပမ်းဆောင်ရွက်တော်မူရင်း အကြားအကြား၌သော် လည်းကောင်း၊ ညဉ့်၊ နေ့ အခါ၌သော် လည်းကောင်း အချိန်ရတိုင်း ပဋိပတ္တိကို အားထုတ်ကာ နွားနို့တည်းဟူသော နို့၏အရသာကို ခံစားသုံးဆောင်တော်မူမည်ဖြစ်၏။ အမှန်တကယ် အားထုတ်သောပုဂ္ဂိုလ်တို့သည် ကြွားဝါပြောဆိုလေ့ မရှိကြပေ။ သိုသိပ်ကျစ်လျစ်စွာအားထုတ်ကြကုန်၏။ ထို့ကြောင့်လည်း ဤကဲ့သို့ပြင်းထန်သော ရောဂါဝေဒနာဆိုးကြီးကို ကြံ့ကြံ့ခိုင်ကာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်သည်။ သာမန်လူတို့အဖို့မှာမူ သည်လိုရောဂါဆိုးကြီးနှင့် ရင်ဆိုင်ရလျှင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်မည်မှာ မလွဲကောန်ပင်။ ရောဂါဝေဒနာကို ခံစားနေရချိန်မှာတောင် "သဗ္ဗမင်္ဂလာဓမ္မဒေသနာ" ကျမ်းစာအုပ်ကြီးကို ပြီးစီးအောင် ရေးသားပြုစုတော်မူခဲ့သည်မှာ အံ့သြဖွယ်ရာကောင်းလှပေတော့သည်။

## အရှင်သိရိန္ဒာဘိဝံသအား ဆုံးမခြင်း

အရှင်ဝါသဝါဘိဝံသသည် ရောဂါဝေဒနာဆိုးကြီးကို ခံစားနေရချိန်မှာပင် တပည့်ဖြစ်သူ အရှင်သိရိန္ဒာဘိဝံသအား ဆုံးမဩဝါဒစကားမိန့်ကြားတော်မူပေသည်။ မိန့်ကြားတော်မူပုံမှာ -

"အသက် (၇၀) ပြည့်လျှင် ကျောင်းတိုက်ကြီးကို စွန့်ခွာပြီး တောရ ဆောက်တည်မည်ဟု ရည်မှန်းထားခဲ့သော်လည်း အသက် (၇၀) ပြည့်ခါနီးချိန် ရောက်တော့ ရောဂါဆိုးကြီးက လက်ဦးမှု ရသွားလေပြီ။ ရောဂါခံစားနေရချိန် မှာတော့ ကျန်းမာစဉ်ကာလလောက် တရားနှလုံးသွင်းတာ မတွင်ကျယ်ဘူး။ ဒါကြောင့် ဦးပဥ္စင်းလည်း စာဝါလည်းချပါ။ မိမိအတွက်လည်း အချိန်မနှောင်းရ လေအောင် ကျန်းမာတုန်းအခါ၌ တရားကိုအားထုတ်ဖြစ်အောင် အားထုတ်ပါ" ဟု ဆုံးမ တော်မူခဲ့ရှာလေသည်။

အရှင်ဝါသဝါဘိဝံသသည် မိမိခံစားနေရသော ရောဂါဝေဒနာကို ပမာ ပြုကာ သတိသံဝေဂရလေအောင် တရားပြဟောပြောခဲ့လေသည်။ အရှင် သိရိန္ဒာဘိဝံသအတွက် တန်ဖိုးမဖြတ်နိုင်သော အဆုံးအမ ဩဝါဒပင်ဖြစ်လေ တော့သည်။

## ခန္ဓာဇာတ်သိမ်းတော်မူခြင်း

တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ မှီခိုအားထားရာ ဖြစ်တော် မူသော ကျေးဇူးရှင်ဆရာတော် အရှင်ဝါသဝါဘိဝံသသည် တစ်နေ့ထက် တစ်နေ့ ရောဂါဝေဒနာ ပြင်းထန်စွာခံစားရပြီး ဆရာများနှင့် ကြိုးစားပမ်းစား ကုသသော်လည်း မလွန်မြောက်နိုင်သော ဓမ္မတာအတိုင်း သက်တော် (၇၁) နှစ် သိက္ခာတော် (၅၂) ဝါအရ မြန်မာသက္ကရာဇ် ၁၃၄၁ - ခုနှစ်၊ တော်သလင်း လပြည့်ကျော် (၅) ရက် (၁၀ - ၉ - ၇၉) တနင်္လာနေ့ ည (၈) နာရီ (၁၅) မိနစ် အချိန်တွင် ဘဝတစ်ပါး ပြောင်းရွှေ့ကြွသွားတော်မူသည်။

## အမှတ်တရဩဝါဒ

ရဟန်းသည် ရဟန်းပီသလေလေ ကြီးပွားလေလေဖြစ်ကြောင်း ထင် ရှားသည်။ အမှန်တကယ်သာသနာ့အမြင်ရှိသည့် ဒကာ ဒကာမများသည် လူ့ထက် မြောက်မြားစွာသာသော၊ လူထက်များစွာမြင့်မြတ်သော အကျင့် သီလရှိသည့် ရဟန်းတော်မျိုးကိုသာ ကြည်ညိုကြ၊ လှူဒါန်းလိုကြ၊ ကိုးကွယ် လိုကြ၊ ပူဇော်လိုကြသည်။

## ဒုတိယမြောက်ဆရာတော်

မဟာဝိသုဒ္ဓါရုံတိုက်သစ်တည် ဆရာတော် အရှင်ဝါသဝါဘိဝံသသည် မိမိ၏ ကျန်းမာရေးအခြေအနေကို သိတော်မူသောကြောင့် တပည့်ကြီးများ ဖြစ်ကြသောအရှင်ကောဏ္ဍညနှင့်အရှင်သိရိန္ဒာဘိဝံသအရှင်မြတ်နှစ်ပါးအား ၁၃၃၉–ခုနှစ်တွင် ကျောင်းတိုက်ကြီးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက် ဖို့ရန်ယုံကြည်စွာအပ်နှံခဲ့လေသည်။ထိုသို့ဆရာတော်ကြီးမှယုံကြည်စွာအပ်နှံ ခဲ့မှုကြောင့် တပည့်နှစ်ပါးမှာ ဆရာတော်၏စကားကို ရိုသေကျိုးနွံ အလေး အနက်ထား ဆောင်ရွက်ကာ ဆရာတော်ကြီးရှိစဉ် ကာလကဲ့သို့ ပရိယတ်၊ ပဋိပတ် နှစ်ရပ်စုံလင်စွာ အရှိန်အဟုန်မပြက် တိုးတက်အောင် လုပ်ဆောင်နိုင် ခဲ့ကြသည်။

## ဒုတိယနာယကတာဝန်ပေးခြင်း

ဆရာတော်အရှင်ဝါသဝါဘိဝံသသည် ယောဆရာတော်၏ အရည် အချင်းကို ယုံကြည်သောကြောင့် ပဓာနနာယကဆရာတော် ဦးကောဏ္ဍည နှင့် လက်တွဲဆောင်ရွက်ရန် ယောဆရာတော်အား ဒုတိယနာယကတာဝန် အပ်နှင်းပေးခဲ့ခြင်းဖြစ်သည်။

ယောဆရာတော် တိပိဋကအားလုံး ပြီးဆုံးသွားသောအခါ ဒကာ ဒကာ မများက "ဂုဏ်ရှိန်ကြီးမားတဲ့ တိပိဋကဆရာတော်ကြီးတစ်ပါး ဖြစ်နေမှတော့ သာမန်ပုဂ္ဂိုလ်တစ်ပါး၏ လက်အောက်၌ ဒုတိယနာယက လုပ်မနေပါနဲ့တော့။ ကျောင်းတိုက်သစ်တည်ထောင်၍ ကိုယ်ကျောင်းနှင့်ကိုယ် ခွဲနေပါတော့။ ကိုယ့်ဣဿရိယနဲ့ ကိုယ် ခွဲနေတာပဲ ကျက်သရေရှိပါတယ်" ဟု လျှောက်ကြ လေ၏။

ထိုအချိန်၌လည်း နိုင်ငံတော်အစိုးရမှ တိပိဋကဆရာတော်များ ကျောင်းတိုက်တည်ထောင်လိုပါက လိုချင်သောမြေနေရာကို ပေးလှူမည်ဟု ကမ်းလှမ်းနေသောအချိန်လည်း ဖြစ်၏။ ဒကာ ဒကာမများက ကျောင်းတိုက် သစ် တည်ထောင်ရန် လျှောက်ထားကြသည်ကို ယောဆရာတော်မှ "တိုက်

တည်ဆရာတော်ကြီးမှ ကိုယ့်ကို ယုံကြည်၍ ဒုတိယနာယကတာဝန် ပေးထားခဲ့တာ ဖြစ်ကြောင်း၊ ကျောင်းတိုက်ကို မျက်နှာလွှဲသွားလျှင် တာဝန်မဲ့လွန်းရာရောက်မည်ဖြစ်ကြောင်း၊ ဆရာတော်ကြီး၏ စကားကိုလည်း လွန်ဆန်ရာရောက်မည်ဖြစ်ကြောင်း" မိန့်တော်မူလိုက်လေ၏။

ထိုအချိန်မှစ၍ ဒကာ ဒကာမများသည် ယောဆရာတော်၏ ကျောင်းတိုက်သစ်မ.တည်ထောင်ခြင်းသဘောကိုနားလည်လာ၍ဆက်ပြီးမလျှောက်ထားကြတော့ပေ။ ယောဆရာတော်သည် မိမိကိုယ်ကို ဒုတိယပဓာန နာယကဟု သဘောမထားဘဲ သာမန်စာချဘုန်းကြီးတစ်ပါးကဲ့သို့ ဟိတ်ဟန်မာန်မာနမရှိ၊ ရိုးရိုးကုတ်ကုတ်သာ နေတော်မူ၏။ အရှင်ဝါသဝါဘိဝံသကသာ ဒုတိယနာယကတာဝန် အပ်နှင်းခဲ့၍သာ အများက ဒုတိယနာယကဆရာတော်ဟု ခေါ်ကြသည်။ မိမိကိုယ်တိုင်ကမူ စာချဘုန်းကြီးတစ်ပါးအဖြစ်သာ ခံယူပြီးကျောင်းတိုက်ကိစ္စကို ဦးကောဏ္ဍညအား အကုန်လုံးလွှဲအပ်ကာ အကြံဉာဏ်ပေးခြင်းကိစ္စ၊ ဟောရေးပြောရေးကိစ္စ၊ စာပေပို့ချခြင်းကိစ္စကိုသာ ဆောင်ရွက်တော်မူသည်။

"နသိက္ခိ ဗဟု နာယကာ" ဆိုသည့်အတိုင်း နာယကများလျှင် ပျက်စီးတတ်သည့်သဘောကို သိလေသောကြောင့် ပဓာနနာယကသဘောအတိုင်းအုပ်ချုပ်စေသည်။ ပဓာနနာယကဆရာတော်ကလည်း ကြီးမားသောကိစ္စများကို ယောဆရာတော်နှင့်တိုင်ပင်၍သာ ဆောင်ရွက်တော်မူသည်။

## အပြန်အလှန်လေးစားကြ

ဆရာတော်ဦးကောဏ္ဍညနှင့် ယောဆရာတော်တို့နှစ်ပါးသည် တစ်ကျောင်းတိုက်တည်း အတူတကွ အုပ်ချုပ်ကြသော်လည်း တစ်ပါးနှင့် တစ်ပါးဆန့်ကျင်ဖက် မလုပ်၊ သူ့တာဝန်၊ ကိုယ့်တာဝန် ကျေပွန်အောင် ဆောင်ရွက်တော်မူကြသည်။ ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်းစွာ အလုပ်လုပ်ကြ၏။

"တစ်ဂူတည်း၌ ခြင်္သေ့နှစ်ကောင် အောင်းရိုးထုံးစံမရှိ"ဟု လောကဆိုရိုးစကား ရှိငြားသော်လည်း ဆရာတော်နှစ်ပါးမှာ ဆရာတူတပည့် ဖြစ်နေ

ခြင်း၊ တိုက်တာနှင့် သာသနာတိုးတက်လိုသည့်ဆန္ဒ တူနေခြင်းတို့ကြောင့် (၁၈) နှစ်တာ ကာလပတ်လုံး အတူလက်တွဲ အလုပ်လုပ်ခဲ့ကြရာ မည်သည့် ပြဿနာမှ မဖြစ်ခဲ့ဖူးပေ။

ပဓာနနာယကဆရာတော် ဦးကောဏ္ဍညမှလည်း "ငါ ပဓာနနာယက ဆရာတော်ပဲ" ဟု ထင်ရာမလုပ်၊ ယောဆရာတော်ကလည်း "ငါကတော့ တိပိဋကဓရ ဆရာတော်ပဲ" ဟု ဟိတ်ဟန်မရှိ။ ဤသို့ တစ်ပါးနှင့်တစ်ပါး မာန်မာန ကင်းရှင်းစွာနဲ့ ချစ်ခင်ညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်တော်မူခဲ့သောကြောင့် ထိုဆရာတော်နှစ်ပါးလက်ထက်၌ ပိဋကနှစ်ပုံခွဲအောင်၊ နှစ်ပုံအောင်၊ တစ်ပုံအောင်၊ အဘိဓံသ၊ အဂ္ဂမဟာကျော်၊ ပထမကျော်၊ ပထမပြန်အထူးအောင် ပုဂ္ဂိုလ်များ၊ နိကာယ်ဆိုင်ရာ အထူးအောင်ပုဂ္ဂိုလ်များ အမြောက်အမြား ပေါ်ထွက်ခဲ့သည်။

ထိုဆရာတော်နှစ်ပါးစလုံးသည် လက်တွဲညီညီဖြင့် အရေးအတွက်ထက် အရည်အချင်းကို ဦးစားပေးပြီး စည်းကမ်းပေါင်ခတ် တင်းကျပ်တိကျစွာ အုပ်ချုပ်တော်မူခဲ့ခြင်းကြောင့် ကျောင်းတိုက်ကြီးသည် များစွာတိုးတက်လာခဲ့တော့သည်။

## တိုင်ပင်ဆွေးနွေး အုပ်ချုပ်ခြင်း

ဆရာတော် ဦးကောဏ္ဍညသည် ကျောင်းတိုက်ရေးရာကိစ္စများ ဆောင်ရွက်စရာ ရှိပါက တိပိဋကယောဆရာတော်ထံ သွားရောက်၍ လေးလေးစားစား အသိပေးတော်မူသည်။ တစ်ပါးနှင့်တစ်ပါး တိုင်ပင်ဆွေးနွေးပြီးမှသာ ဆောင်ရွက်စရာကိစ္စများကို ဆောင်ရွက်လေ၏။ အကြောင်းကိစ္စရှိ၍ ယောဆရာတော်ထံ သွားရောက်သောအခါတွင်လည်း လှေကားခြေရင်းအရောက်တွင် သင်္ကန်းကို ညီညာသပ်ရပ်စွာဖြင့် ဝတ်ပြီးမှ ကျောင်းဆောင်ပေါ်သို့ တက်လေ၏။

တစ်ခါကလည်း ဆရာတော်ဦးကောဏ္ဍညမှ ယောဆရာတော်ရှိရာ ကျောင်းဆောင်သို့ ဝင်ရောက်လာပြီး ကျောင်းတိုက်ကွင်းပြင်ကြီးကို နှိုင်းလွန်

ကတ္တုရာခင်းရန် ယောဆရာတော်အား အသိပေးတိုင်ပင်လေသည်။ ထိုအခါ တိပိဋကယောဆရာတော်မှ "နောင်တော်ကြီး သဘောပါ၊ နောင်တော်ကြီး ကောင်းသလို စီမံပါ။ နောင်တော်ကြီးပြီးရင် ပြီးတာပဲ" ဟု ပြန်လည်မိန့်ကြား လေသည်။ ဆရာတော်နှစ်ပါး၏ အချင်းချင်း ချစ်ခင်ညီညွတ်စွာ အတူလက်တွဲ၍ သာသနာပြုနေကြသည်ကို မြင်တွေ့ရသော ရဟန်း ရှင် လူများက ချီးကျူး ကြလေသည်။

## တာဝန်ကိုယ်စီ

မဟာဝိသုဒ္ဓါရုံတိုက်ကြီး၏ အုပ်ချုပ်ရေးအပိုင်းကို ဆရာတော် ဦးကောဏ္ဍညမှ အဓိကထားဆောင်ရွက်တော်မူလေသည်။ ဟောရေး၊ ပြောရေး အပိုင်းကိုတော့ ယောဆရာတော်မှ အဓိကထား ဆောင်ရွက်တော်မူသည်။ ဒကာ ဒကာမများမှ ပင့်ဖိတ်၍ မြို့တွင်းသို့ ဆရာတော်နှစ်ပါး အတူတူ ကြွရောက်ရသည့်အခါမျိုးတွင် ဆရာတော်ဦးကောဏ္ဍညမှ သီလတရား ချီးမြှင့်တော်မူပြီး တိပိဋကယောဆရာတော်မှ တရားချီးမြှင့်တော်မူလေသည်။

ဆရာတော်ဦးကောဏ္ဍညသည် ယောဆရာတော်ဘုရား၏ တရား တိတ်ခွေများကို မကြာမကြာ နာယူကြောင်း သိရလေသည်။ သက္ကရာဇ် ၁၃၅၇ ခုနှစ်တွင် ဆရာတော်ဦးကောဏ္ဍညသည် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ တရားတော်များ ထုတ်လွှင့်ဟောကြားရမည်ဖြစ်၍ တိပိဋကယောဆရာတော်၏ တရားခွေများကို ထပ်ကာထပ်ကာ ဖွင့်၍ တရားနာယူမှတ်သားနေသည်ကို ကျောင်းတိုက်ရှိ သံဃာများမှ တွေ့မြင်ကြရလေ၏။

## အရှင်သုမင်္ဂလမှ ချီးမွမ်းခြင်း

စတုတ္ထမြောက် တိပိဋကဆရာတော် အရှင်သုမင်္ဂလာလင်္ကာရသည် တိပိဋကယောဆရာတော်နှင့် တွေ့ဆုံသည့်အခါတိုင်း "တပည့်တော် ဆရာ တော်ကို အရမ်းကြည်ညိုတယ် ဘုရား" ဟု အမိန့်ရှိလေသည်။ ထိုအခါ တိပိဋကယောဆရာတော်မှ "တပည့်တော်ကို ဘာလို့ကြည်ညိုတာလဲ" ဟု

မေးသည့်အခါ "တစ်ကျောင်းတိုက်တည်း ဆရာတော်နှစ်ပါး အတူတကွ အုပ်ချုပ်ပြီး ဘာပြဿနာမှ မဖြစ်၊ ဘာဆန့်ကျင်ဘက်မှ မရှိဘဲ ညီညွတ်စွာ ကျင့်သုံးနေထိုင်နိုင်တာကို ကြည်ညိုတာ ဘုရား" ဟု အမိန့်ရှိလေသည်။

## တည့်အောင်နေနည်း

လောက၌တစ်ယောက်တည်းတည့်အောင်နေလိုလျှင် "သတိ" တရားကို အမြဲလက်ကိုင်ထားရသည်။ နှစ်ယောက်ကစ အများနှင့် တည့်အောင်နေလိုလျှင် "ခန္တီ"တရား၊ "မေတ္တာ" တရားကို အမြဲလက်ကိုင်ထားရမည်။ အများနဲ့ နေသည့်အခါ ကိုယ့်ကိုလည်း သူ မကြိုက်တာ ရှိကောင်း ရှိလိမ့်မည်။ သူ့ကိုယ်လည်းကိုယ်မကြိုက်တာ ရှိကောင်းရှိလိမ့်မည်။ အဲဒါကို သဘောထားကြီးကြီးနဲ့ သည်းခံခွင့်လွှတ်ပြီး မေတ္တာများများ ပို့လွှတ်ပေးပါက တစ်ဖက်မှာမေတ္တာအရှိန်အဝါကြောင့် စိတ်ထားတွေ နူးညံ့လာပြီး မိမိကို ချစ်ခင်လေးစားလာလိမ့်မည်။ အကောင်းမြင်လာလိမ့်မည်ဟု တိပိဋကယောဆရာတော်ဘုရားမှ ဆုံးမလမ်းညွှန်တော်မူသည်။

တိပိဋကယောဆရာတော်ဘုရားသည် သတိတရား အမြဲလက်ကိုင်ထားတော်မူသည်။ မေတ္တာတရား အမြဲပွားများ ပို့လွှတ်တော်မူသည်။ ခန္တီတရား အမြဲကျင့်သုံးတော်မူသည်။ ထို့ကြောင့်လည်း ရဟန်း ရှင် လူများ၏ ချစ်ခင်ကြည်ညိုလေးစားမှုကို ခံယူနေရသည်။ ယောဆရာတော်ဘုရားကို အပြစ်ပြောသူဟူ၍ မတွေ့ရ။ ချီးကျူးဂုဏ်တင်ပြောနေကြသည့် ဂုဏ်သတင်းကိုသာ ကြားနေရလေတော့၏။ ဆရာတော်ဘုရားကြီးသည် ဘွဲ့ထူးဂုဏ်ထူးများဖြင့် အရှိန်အဝါကြီးမားသော်လည်း ထိုဘွဲ့ထူးဂုဏ်ထူးများ မရှိဟုပင် ထင်မှတ်ရလေအောင် ရိုးရိုးကုတ်ကုတ်သာ နေတော်မူပါသည်။ ထို့ပြင် ပညာမာန်လည်း လုံးဝမရှိ၊ ကြွားဝါလိုစိတ်မရှိ၊ ဆန့်ကျင်ဘက်အလုပ်ကို လုံးဝ မလုပ်တတ်ပေ။

# အခန်း [၆]
# ယော ဆရာတော်ဘုရား

ဒုတိယမြောက်ဆရာတော် အရှင်ကောဏ္ဍညသည် ၁၃၅၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်၊ အင်္ဂါနေ့ နံနက် (၄) နာရီအချိန်တွင် ပျံလွန်တော်မူပြီးနောက် တတိယမြောက်ဆရာတော်အဖြစ် အရှင်သီရိန္ဒာဘိဝံသ အရှင်မြတ်ကို မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာအဖြစ် တင်မြှောက်ကြသည်။ ထိုသို့ ဦးစီးပဓာန နာယကအဖြစ် တင်မြှောက်ပွဲ၌ ရွှေကျင်နိကာယ ဥက္ကဋ္ဌ၊ မဟာနာယက ညောင်ရွှေဆရာတော်ဘုရားကြီး ဦးစီးပြီး ရွှေကျင်ဆရာတော်ကြီးများက သာသနာရေးဝန်ကြီး ဦးဆောင်သော ကျောင်းဒကာ၊ ကျောင်းဒကာမများ ရှေ့မှောက်၌ ခမ်းခမ်းနားနား တင်မြှောက်ကြခြင်း ဖြစ်လေသည်။

ကျောင်းတိုက်၏ပဓာနနာယကအဖြစ်ထမ်းဆောင်ချိန်၌အရှင်သီရိန္ဒာဘိဝံသ၏ သက်တော်သည် (၅၅) နှစ်ရှိလေပြီ။ အရှင်သီရိန္ဒာဘိဝံသသည် ရှေ့ဆရာတော်ကြီးနှစ်ပါး ချထားတော်မူခဲ့သော လမ်းစဉ်ကို သွေဖည်ခြင်းမရှိ၊ ခြေရာလက်ရာမပြတ် ဆက်လက်တာဝန်ယူကာ ကျောင်းတိုက်၏တာဝန်ကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

အရှင်သိရိန္ဒာဘိဝံသသည် မန္တလေးမြို့၌ ငါးနှစ်တာ ပညာသင်ကြားပြီး နောက် သံတော်ဆင့်ဆရာတော်ကိုယ်တိုင် ၁၃၂၉-ခုနှစ်တွင် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်သို့ လာရောက်ပြီး အရှင်ဝါသဝါဘိဝံသထံ၌ အပ်နှံပေးလေသည်။ အရှင်သိရိန္ဒာဘိဝံသသည် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် ဦးဝါသဝါဘိဝံသထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည့် ပိဋကစာပေ များကို သင်ကြားဆည်းပူးလေတော့သည်။ ထို့ပြင် စာချဆရာတော် ဦးသီလာ စာရာဘိဝံသ၊ အလယ်တောရဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးသူရိယာ ဘိဝံသထံတို့၌လည်း စာဝါများကို ပြည့်စုံသည်ထက် ပြည့်စုံအောင် လုံ့လကြိုး ကုတ် အားထုတ်တော်မူခဲ့သည်။

## လက်ထောက်စာချတာဝန် ထမ်းဆောင်ခြင်း

အရှင်သိရိန္ဒာဘိဝံသသည် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ရှိလာ ချိန်မှစပြီး မိမိကိုယ်တိုင် အဖက်ဖက်မှ ပြည့်စုံအောင် ပိဋကစာပေများကို သင် ကြားရင်း၊ တစ်ဖက်မှလည်း စာချတာဝန်ကို ထမ်းဆောင်ကာ တစ်နေ့လျှင် စာဝါ နှစ်ဝါ နေ့စဉ်ပို့ချရင်း ကျောင်းတိုက်၏တာဝန်ကို တစ်ဖက်တစ်လမ်းမှ ကူညီလုပ်ဆောင်ပေးနိုင်ခဲ့လေသည်။ အရှင်သည် မိမိဆိုင်ရာ စာမေးပွဲများကို ဖြေဆိုရန်အတွက် စာပေများကို လေ့လာကျက်မှတ်ရင်း စာသင်သားများကို လည်း စာချခြင်းအလုပ်ကို မပျက်မကွက် လုပ်ဆောင်နိုင်ခဲ့ခြင်းသည် အရှင် ၏ ထက်မြက်သော အရည်အချင်းကြောင့်ပင် ဖြစ်လေသည်။ အရှင်သိရိန္ဒာ ဘိဝံသသည် စကားကိုလည်း အပိုအလိုမပြောပေ။ ဝိနည်းတော်ကိုလည်း အလွန်လေးစားပြီး စာသင်စာချချိန်မှလွဲသော အချိန်များတွင် အမြဲလိုလို စာကြည့်၊ စာဖတ်ခြင်းတို့ဖြင့် အချိန်ကို ကုန်လွန်စေ၏။

## စာမေးပွဲများ ဆက်တိုက်အောင်မြင်ခြင်း

ဤကဲ့သို့ စာသင်စာချပြုလုပ်ရင်းဖြင့် စာမေးပွဲများကို ဝင်ရောက်ဖြေဆို တော်မူခဲ့ရာ -

၁၃၂၉ – ခုနှစ်တွင် အစိုးရ ဓမ္မာစရိယစာချတန်းကို တစ်နိုင်ငံလုံးအမှတ်အများဆုံးဖြင့် အောင်မြင်ဆွတ်ခူးနိုင်ခဲ့သောကြောင့် အဂ္ဂမဟာအကျော်ဘွဲ့ကို ရရှိတော်မူခဲ့သည်။

နိုင်ငံတော်အစိုးရမှ ကျင်းပပြုလုပ်သော ဓမ္မာစရိယခေါ် စာချတန်းတွင် တစ်နိုင်ငံလုံးအမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်သူများကို "အဂ္ဂမဟာအကျော်" ဟူ၍ဘွဲ့ထူးကို သီးခြားတီထွင် ဆက်ကပ်တော်မူလေ့ရှိသည်။ အဓိပ္ပာယ်မှာ မြင့်မြတ်ကြီးကျယ်သော အကျော်ပုဂ္ဂိုလ်၊ ထိပ်တန်းအကျော်ပုဂ္ဂိုလ်ဟု အနက်တွင်၏။ ထိုဘွဲ့သည် "အကျော်" ဟူသော ရှေ့တွင် "အဂ္ဂ" ဟူသောဂုဏ်ကို ထည့်လောင်းဖြည့်စွက်ထားလေတော့သည်။ ထိုအဂ္ဂမဟာအကျော်ဟူသောဘွဲ့သည် အမြင့်ဆုံးဘွဲ့ထူးတစ်ခု ဖြစ်ပေရာ ထိုကဲ့သို့သော ဘွဲ့ထူးဂုဏ်ထူးကို လိုချင်ကြသော်လည်း လူတိုင်းမရနိုင်ပေ။

စာကမရှုပ်၊ လူကရှုပ်
ပရိယတ်ပဲဖြစ်ဖြစ်၊ ပဋိပတ်ပဲဖြစ်ဖြစ်
အလေ့အကျင့်ရှိမှ ကျွမ်းကျင်တယ်။
စာတွေက လွယ်ပါတယ်။
လူကသာ မလွယ်တာ
လူက ရှုပ်လို့သာ စာမရတာ၊ စာမေးပွဲကျတာ
စာရချင်ရင်၊ စာမေးပွဲအောင်ချင်ရင်
လူကမရှုပ်ရဘူးဟု မိန့်တော်မူလေသည်။

၁၃၃၀ပြည့်နှစ်တွင် သကျသီဟ စာသင်တန်းကို နံပါတ်တစ်ဖြင့် အောင်မြင်ပြန်သည်။ ဤတွင် သကျသီဟ စာမေးပွဲကို စာသင်တန်း၊ စာချတန်းဟူ၍ နှစ်တန်းခွဲခြားသတ်မှတ်ထားလေသည်။ထိုသို့နှစ်တန်းခွဲထားရခြင်းမှာလည်း ပုဂံခေတ်မှစ၍ကုန်းဘောင်ခေတ်အတွင်းကျမ်းတတ်အကျော်ဆရာတော်ကြီးများ၏ပရိယတ္တိစာပေသင်ကြားပို့ချနည်းစနစ်မျိုးစုံကိုထိန်းသိမ်းစောင့်ရှောက်လိုရင်းသာ ဖြစ်ပေသည်။

စာသင်၊ စာချတန်းနှစ်တန်းတွင် စာသင်တန်းကို အရင်ဖြေဆိုရလေသည်။ ထိုစာသင်တန်းကို ဖြေဆိုဖို့ရန်အတွက် သက်ဆိုင်ရာ ဘာသာရပ်များ၌ အမှန်တကယ် ကျေညက်ပြီး၊ မပြီးကို စစ်ဆေးဖို့ရန်အတွက် အရင်ဆုံးနှုတ်ဖြေဖြေဆိုရလေသည်။ နှုတ်ဖြေအောင်မှသာ ရေးဖြေဖြေဆိုဖို့ ခွင့်ပြုတော်မူသည်။ သဘောရေးဖြေပိုင်းတွင် -

(၁) ဝိနည်း

(၂) သုတ္တံ

(၃) ဂါထာ

(၄) အဘိဓမ္မာ (သင်္ဂြိုဟ်)

(၅) အဘိဓမ္မာ (ညဝါ) ဟူ၍ ငါးဘာသာပြဋ္ဌာန်းထားပြီး ငါးရက် ဖြေဆိုရသည်။

တစ်ဘာသာလျှင် အောင်မှတ် (၅၀) ဖြစ်ပြီး ငါးရက်စလုံးအောင်မြင်ပါမှ စာသင်တန်းအောင်မြင်သည်ဟု သတ်မှတ်ပါသည်။ ထိုစာမေးပွဲကိုလည်း အသက်အရွယ်ကန့်သတ်ထားပြန်လေသည်။စာသင်တန်းဖြေဆိုဖို့ရန်အတွက် အသက် ၂၀ မှ ၂၇ နှစ်အတွင်း (ရဟန်း ခုနစ်ဝါအတွင်း) ရဟန်းတော်များသာ ဝင်ရောက်ဖြေဆိုခွင့်ရှိသည်။ အကယ်၍ အသက် (၂၇) နှစ်အတွင်း မအောင်မြင်ပြန်လျှင် ဆက်လက်ပြီး ဖြေဆိုခွင့်မရှိတော့ပေ။ ထိုကဲ့သို့သော စာမေးပွဲကို အရှင်သိရိန္ဒာဘိဝံသသည် နံပါတ်တစ်ဖြင့်သာ အောင်မြင်တော်မူခဲ့ပြန်ပေသည်။ အရှင်၏ ဖွံ့၊ လုံ့လသည် အံ့ဩဖွယ်ကောင်းလေတော့သည်။

ဤစာမေးပွဲကြီးကို ၁၂၆၅ – ခုနှစ်မှစတင်၍ပွဲစားကုန်သည်ကြီး ဦးထွန်းအမှူးပြုသော ဥပါသကာ (၁၂) ယောက်တို့မှ သာသနာပိုင် မိုးတားဆရာတော်နှင့်အတူ ဆရာတော်ကြီး (၁၈) ပါးတို့၏ ဩဝါဒကိုခံယူပြီး အဆိုပါအသင်းကြီးကိုတည်ထောင်ခဲ့ခြင်းဖြစ်သည်။အသင်းကြီးကိုတည်ထောင်ရခြင်း၏ရည်ရွယ်ချက်မှာ သီပေါမင်းပါတော်မူပြီးနောက် သူ့ကျွန်ဘဝရောက်သည့်အချိန်တွင် ပရိယတ္တိစာချစာသင်သံဃာတော်များအတွက်ဆွမ်းကွမ်းအခက်အခဲဖြစ်ကြ၍ သက်ဆိုင်ရာနယ်ပယ်အသီးသီးသို့ကြွရောက်ကြကုန်သည့်အတွက် မန္တလေး

နေပြည်တော်ကြီး၌စာချ၊စာသင်ပရိယတ္တိလုပ်ငန်းကြီးများရပ်ဆိုင်းကုန်တော့သည်။ သီပေါမင်းလက်ထက်ကတည်းက ကျင်းပခဲ့သော ပထမပြန်စာမေးပွဲများလည်း ရပ်ဆိုင်းခဲ့ရပြန်တော့သည်။ ဤကဲ့သို့သော အကြောင်းများကြောင့် သာသနာနောင်ရေး တိုးတက်ဖို့ရန်ကို ရည်မျှော်မှန်းပြီး ပညာရှိသော ရဟန်းရှင်လူပုဂ္ဂိုလ်များမှ အသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဤအသင်းကြီးသည် လေးပြင်လေးရပ်မှ စာချဆရာတော်များအားလစဉ်လတိုင်း ဆွမ်းဆန်တော်၊ ဆီစသည်တို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြလေသည်။

## စေတီယင်္ဂဏစာမေးပွဲလည်းအောင်ပြီ

၁၃၃၁ - ခုနှစ်တွင် စေတီယင်္ဂဏစာမေးပွဲကို ဖြေဆိုရာ အောင်မြင်ခဲ့ပြန်လေသည်။ မန္တလေး သကျသီဟစာမေးပွဲနည်းတူ အောင်မြင်ဖို့ရန်ခက်ခဲသော စာမေးပွဲနောက်ထပ်တစ်ခုကားရန်ကုန်မြို့ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ကျင်းပသော "စေတီယင်္ဂဏ" စာမေးပွဲပင် ဖြစ်လေသည်။ ထိုစာမေးပွဲကို ၁၂၈၀ ပြည့်နှစ်မှစတင်ကျင်းပပြီး စည်းမျဉ်းများမှာလည်း သကျသီစာမေးပွဲနှင့် အတူတူပင် ဖြစ်ပေတော့သည်။ စေတီယင်္ဂဏစာမေးပွဲသည် သကျသီဟစာမေးပွဲထက် ၁၅ နှစ်လောက် နောက်ကျပြီးမှ ကျင်းပခဲ့ရခြင်း ဖြစ်သည်။

## သကျသီဟစာမေးပွဲလည်း အောင်ခဲ့ပြန်ပြီ

၁၃၃၂ ခုနှစ်မှာတော့ ကျန်ရှိနေသော သကျသီဟစာချတန်းကို ဖြေဆိုခဲ့ရာ အောင်မြင်မှုရရှိခဲ့လေသည်။

ဤစာချတန်းတွင် ချမှတ်ထားသော ပြဋ္ဌာန်းကျမ်းစာများမှာ

(၁) ဝိနည်းပိဋကမှ ပါရာဇိက ကဏ္ဍအဋ္ဌကထာ

(၂) သုတ္တန်ပိဋကမှ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ

(၃) အဘိဓမ္မပိဋကမှ အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းရင်း သုံးကျမ်း ပြဋ္ဌာန်းထားပြီး

သုံးရက်ဖြေဆိုရသည်။ တစ်ကျမ်းလျှင် အောင်မှတ် (၇၀) ဖြစ်သည်။ ဤစာချတန်းကို စာသင်တန်းအောင်ပြီးသော ရဟန်းတော်များသာ ဆက်လက်ဖြေဆိုခွင့်ရကြသည်။ ဤအတန်းတွင်လည်းအသက်အပိုင်းအခြားရှိပြန်သည်။ သက်တော်အားဖြင့် ၃၂ နှစ်အထိသာဖြစ်ပြီး အကယ်၍ ၃၂ နှစ်ကျော်ခဲ့သော် ဖြေဆိုခွင့်မရှိတော့ပေ။ ဤသို့ စာသင်၊ စာချတန်း အောင်မြင်ပြီးသူများအား အသင်းကြီးမှ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ (ဝါ) အဘိဝံသဘွဲ့ ဟူ၍ ဆက်ကပ်လေသည်။

ဤသို့ဖြင့် အရှင်သိရိန္ဒဟူသောဘွဲ့အမည်နောက်၌ အဘိဝံသဟူသော ဘွဲ့တစ်ခုထပ်တိုးကာ အရှင်သိရိန္ဒာဘိဝံသဟူ၍ ဖြစ်ပေါ်လာတော့သည်။ ထို့ကြောင့် အချို့ဆရာတော်ကြီးများ၏ ဘွဲ့အမည်အဆုံးတွင် အဘိဝံသဟူ၍ ထပ်တိုးပြီးခေါ်ဝေါ်ကြသည်။ သာသနာတော်တွင်အရှင်ဝိစိတ္တာသာရာဘိဝံသ၊ အရှင်ဝါသဝါဘိဝံသ၊ အရှင်သိရိန္ဒာဘိဝံသစသည့်ဖြင့် အဘိဝံသဟူသည် ဘွဲ့အမည်တစ်ခုဖြစ်ပြီး အဓိကော + ဝံသော ယဿာတိ အဘိဝံသောဟူသော ဝစနတ္ထနှင့်အညီမြင့်မြတ်သောဆရာစဉ်ဆက်မှဆင်းသက်လာသူဟုအဓိပ္ပာယ်ရလေသည်။ ထိုဘွဲ့ကိုသာသနာနွယ်ဝင်ရဟန်းတော်တိုင်းတပ်ချင်တိုင်းတပ်၍ ရသောဘွဲ့မဟုတ်ပေ။

ဤသကျသီဟ စာမေးပွဲတွင် ပြဋ္ဌာန်းထားသော ကျမ်းစာများကလည်း အလွန်ပင်များပြား၊ မေးသည့်မေးခွန်းများကလည်း ခက်ပြန်၊ အသက်အပိုင်းအခြားကိုလည်းကန့်သတ်ထားသောကြောင့်သာမန်စာသင်သားရဟန်းတော်များအဖို့ ဝင်ရောက်ဖြေဆိုဖို့ရန် မဖြစ်နိုင်ပေ။ အချို့မှာ တွေးတောင် မတွေးဝံ့ကြပေ။ ပင်ကိုဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပြီးကြီးမားသောဝီရိယရှိ၍ဆရာသမားများထံမှ စနစ်တကျသင်ယူလေ့လာပြီး ကျန်းမာရေး ကောင်းမွန်မှသာ ဝင်ရောက်ဖြေဆိုအောင်မြင်နိုင်ကြပေလိမ့်မည်။ ထိုသို့မဟုတ်ပါကအောင်ဖို့ရန်ခက်ခဲလှသောဤစာမေးပွဲကိုဝင်ရောက်ဖြေဆိုကြသောအချို့ရဟန်းတော်များမှာကြိုးစားရင်းဖြင့်ရောဂါဝေဒနာစွဲကပ်လေသောကြောင့်လယ်တီဆရာတော်ဘုရားကြီး ကိုယ်တိုင်ကမှု "သကျသီဟ စာမေးပွဲဟူသည် လူသတ်စာမေးပွဲ" ဟူ၍ပင် မှတ်ချက်ချလေတော့သည်။

## မြန်မာဂုဏ်ထူးပါ ပါရဂူဘွဲ့ရပြန်ပြီ

၁၃၃၄ – ခုနှစ်တွင်ပဋိသမ္ဘိဒါမဂ္ဂပါဠိပါရဂူတန်းကိုဖြေဆိုရာအောင်မြင်ခဲ့လေသည်။၁၃၃၅ – ခုနှစ်တွင်ဝါဘာဂါဒိမြန်မာဂုဏ်ထူးတန်းနှင့်သထုံမြို့သုဝဏ္ဏဘုမ္မိစာမေးပွဲ တတိယအဆင့် အာဘိဓမ္မိကတန်းကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၃၃၆ – ခုနှစ်တွင် ရန်ကုန်မြို့နိကာယ်သာသနာတော် ထွန်းကားရေးအသင်းမှ ကျင်းပသော နိကာယ်စာမေးပွဲတွင် နိကာယုဇ္ဈောတက အဘ္ဓဝိသာရဒမူလအာဘိဓမ္မိကဘွဲ့ကို ရရှိပြန်လေသည်။

## နိကာယ်သာသနာတော် ထွန်းကားပြန့်ပွားရေးအသင်းကြီး ဖြစ်ပေါ်လာပုံ

မင်းကွန်းဆရာတော်ဘုရားကြီးသည် ဓမ္မာစရိယတန်း အောင်မြင်ပြီးသော ရဟန်းသံဃာတော်များ၊ အကယ်၍ တိပိဋကစာမေးပွဲကို ဆက်တိုက်ဖြေဆိုဖို့ရန်မှာ မဖြစ်နိုင်၊ မလွယ်ကူလှပေ။ မလွယ်ကူရခြင်းအကြောင်းမှာ တိပိဋကစည်းမျဉ်းအရပထမနှစ်၌ဝိနည်းငါးကျမ်းပြန်ရမည်ဟုသတ်မှတ်ထား၏။ နောက်ပိုင်း၌ ဒီဃနိကာယ် သုံးကျမ်းမှလည်းစပြီး ဝင်ရောက်ပြန်ဆိုနိုင်သည်ဟုဆို၏။ ထို့ကြောင့် ဓမ္မာစရိယတန်းပြီးလျှင် တိပိဋကစာမေးပွဲကို တက်ရောက်ဖို့ ပေါင်းကူးတံတားအဖြစ် နိကာယ်စာမေးပွဲကို ပြုလုပ်ဖို့အကြံ ဖြစ်ပေါ်လာတော့၏။ ထိုဖြစ်ပေါ်လာသောအကြံကို အကောင်အထည်ဖော်ဖို့ရန် ဆရာတော်ကြီးသည် ကျေးရှူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတအဘိဓဇ မဟာရဋ္ဌဂုရုဆဋ္ဌသံဂီတိ သံဃမဟာနာယက မစိုးရိမ်ဆရာတော်ဘုရားကြီးအား လျှောက်ထားတောင်းပန်ခဲ့ဖူးလေသည်။ကျေးရှူးရှင်မစိုးရိမ်ဆရာတော်ကြီးသည်လည်း ပင်ကိုကပင် ပရိယတ္တိသာသနာတော်ထွန်းကားပြီး တိပိဋက အရှင်ကောင်း၊ အရှင်မြတ်များ ပေါ်ထွန်းစေလိုသော ဆန္ဒရှိသည့်အလျှောက် မင်းကွန်းဆရာတော်ကြီး၏တောင်းပန်လျှောက်ထားချက်ကိုဝမ်းမြောက်ဝမ်းသာစွာလက်ခံပြီး မန္တလေးမြို့ ပရိယတ္တိအသင်းကြီးအား ဝေယျာဝစ္စတာဝန်ယူစေ၍ ပထမဦးစွာ မန္တလေးမြို့၌နိကာယ်စာမေးပွဲကိုကျင်းပပေးတော်မူခဲ့ပါသည်။သက်တော်(၉၀) သို့ ရောက်တော်မူသောအခါ ရန်ကုန်မြို့၌ "နိကာယ်သာသနာထွန်းကားရေး

အသင်းကြီး" ကို ဖွဲ့စည်းပြီး နိကာယ်စာမေးပွဲကြီးကို ကျင်းပပေးနိုင်ခဲ့သည်။ ဤသို့ဖြင့် ဓမ္မာစရိယတန်းနှင့် တိပိဋကစာမေးပွဲအကြား စာသင်သားများအဖို့ အလွယ်တကူသွားဖို့ရန်စာပေပေါင်းကူးတံတားသည်နိကာယ်စာမေးပွဲကြီးပင် ဖြစ်လေတော့သည်။

အရှင်သိရိန္ဒာဘိဝံသသည် စာပေကို ချစ်မြတ်နိုး၏။ တရားဓမ္မကိုလည်း ကျင့်ကြံကြိုးကုတ်အားထုတ်၏။ ယောဆရာတော်ဘုရားကြီး၏ ဆောင်ပုဒ်မှာ "ပဋိပတ်မကင်းသော ပရိယတ်၊ ပရိယတ်မကင်းသော ပဋိပတ်" ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိ၏တပည့်များကိုလည်း ပိဋကတ်စာပေများ ပို့ချရင်း အကျင့်ပဋိပတ်ကိုလည်း ကျင့်ကြံကြိုးကုတ်အားထုတ်စေသည်။ ယခုလက်ရှိ ရထားသောမိမိတို့၏အတိတ်ကံကောင်းကိုအရင်းအနှီးပြုလုပ်၍ပစ္စုပ္ပန်ဉာဏ်၊ ဝီရိယကို မထိန်ချန်ဘဲ စိုက်ထုတ်အသုံးချသူများသည် သာမန်လူသားဘဝမှ ထူးခြားသောလူ့ရည်ချွန်ပုဂ္ဂိုလ်ထူးများဖြစ်လာကြသည်။ထူးခြားသောလူသား အာဇာနည်သည် အရေအတွက်အားဖြင့် မများလှသော်လည်း မရေမတွက် နိုင်သော လူသားများ၏ ကောင်းကျိုးကို စွမ်းဆောင်ပေးနိုင်ကြပါသည်။

အရှင်သိရိန္ဒာဘိဝံသ၏ မူလရည်ရွယ်ချက်ရင်းမှာ ဓမ္မာစရိယတန်း လောက်သာ မျှော်မှန်းခဲ့သည်။ သကျသီဟ၊ စေတိယင်္ဂဏစာမေးပွဲများကို ဖြေဆိုဖို့ရန် စိတ်မကူးခဲ့။ တိပိဋကဓရဆိုသည်ကား မိမိနှင့် အလှမ်းကွာဝေး သည်ဟု ထင်မှတ်ခဲ့သည်။ သို့သော်လည်း မိမိ၏ဆရာတော် ဘဒ္ဒန္တဝါသဝ ဘိဝံသ၏ အားပေးချီးမြှောက်ခြင်း၊ မိမိကိုယ်တိုင်ကလည်း ဘုရားဟော ပိဋကတ်စာပေများကို စွမ်းအားရှိသလောက် လေ့လာလိုက်စားလိုခြင်း၊ ဘုရားဟောစာပေများကို လေ့လာလိုက်စားရာမှာ တရားတော်၏အရသာကို တဖြည်းဖြည်းပို၍ ခံစားမိလာ၏။ အရသာတကာတို့တွင် တရားအရသာသည် အမြတ်ဆုံး အကောင်းဆုံး ဟူ၍ ဆိုကြလေကုန်သည်။

ဆရာတော်ကြီး၏ အဆိုမှာ -

စာတွေ့ကတော့

"အရသာရှိတယ်၊ ချမ်းသာတယ်"

ဆိုရုံလောက် သိတာပါ။
လက်တွေ့ကျမှ တကယ်ချမ်းသာတာ၊
တကယ်အရသာရှိတာပါဟု ဆို၏။

## တိပိဋကလမ်းစပေါ်လာပုံ

ဤသို့ဖြင့် အရှင်သိရိန္ဒာဘိဝံသသည် အလွန်ခက်ခဲလှစွာသော စာမေးပွဲများကို နှစ်စဉ်ဆက်တိုက် အောင်မြင်သောအခါ ဆရာတော်အရှင်ဝါသဝါဘိဝံသသည် ဒီလောက်ခက်ခဲသောစာတွေကို ဘယ်အချိန် ဘယ်လိုလုပ်ပြီး ကျက်မှတ်နိုင်ရတာလဲ၊ စာကျက်သံလည်း မကြားရ၊ အခြားသူများ အသက်ထွက်မတတ် ကျက်နိုင်မှရသော စာမေးပွဲများကို ဤကဲ့သို့ အသံတိတ်နည်း၊ လူမသိသောကြောင့် ဆရာတော်ကြီးမှာ မိမိ၏တပည့်ကို အံ့ဩချီးမွမ်းမဆုံး ရှိလေတော့သည်။ ထို့ကြောင့် ဆရာတော်ကြီးမှာ အရှင်သိရိန္ဒာဘိဝံသ၏ စာကျက်ပုံ၊ စာကျက်နည်းကို မေးမြန်းရလေတော့သည်။ အရှင်သိရိန္ဒာဘိဝံသမှ မိမိသည် အသံတိတ်နည်းဖြင့် စာကျက်ခြင်းကြောင့် လေနာထခြင်းရောဂါမှလည်း ကင်းဝေး၊ သူတစ်ပါးတို့အတွက်လည်း အနှောင့်အယှက်ကင်းစေပြီး စိတ်ထဲ၌ စွဲမြဲစွာ ကျန်နေခဲ့ကြောင်း လျှောက်ထား၏။ သည်လိုသာဆိုလျှင် ပိဋကသုံးပုံကိုလည်း မပင်မပန်း သက်သက်သာသာ ဖြေဆိုနိုင်မှာပါ။ တိပိဋက စာမေးပွဲ ဝင်ဖြေပါဟု တိုက်တွန်းလေသည်။ အရှင်သိရိန္ဒာဘိဝံသသည် တိပိဋကစာမေးပွဲကို ဖြေဖို့ရန် မရည်ရွယ်ပါ။ သို့သော်လည်း မြတ်စွာဘုရားရှင်၏ တရားတော်များကို မြတ်နိုးတန်ဖိုးထားကာ ကြည်ညိုစိတ်ဖြင့် လေ့လာကျက်မှတ်ပြီး မိမိ၏နှလုံးသားမှာ ဘုရားတည်ချင်လို့ လေ့လာနေပါသည်ဟု ဆို၏။ သည်လို မိမိ၏စိတ်ထဲ၌ ကြည်ညိုပြီး လေ့လာနေတာထက်စာရင် တိပိဋကစာမေးပွဲကို ဖြေဆိုနိုင်အောင် ရည်ရွယ်ထားပြီး အစမ်းသဘောမျိုးဖြင့် ဝင်ရောက်ဖြေဆိုပါဟု အားပေးတိုက်တွန်းမှုကြောင့် အရှင်သိရိန္ဒာဘိဝံသသည် တိပိဋကလမ်းကြောင်းပေါ်သို့ ရောက်ခဲ့လေတော့သည်။

**တိပိဋကအစမ်းဖြေဆို**

ကျေးဇူးရှင်အရှင်ဝါသဝါဘိဝံသ၏တိုက်တွန်းမှုကြောင့်အစမ်းသဘော မျိုးဖြင့် ဝင်ရောက်ဖြေဆိုပါဟု ဆိုခြင်းကြောင့် အရှင်သိရိန္ဒာဘိဝံသသည် ကျောင်းတိုက်၌မိမိတာဝန်စာဝါနစ်ဝါပို့ချရင်း (၂၂) ကြိမ်မြောက်ကျင်းပသော တိပိဋကရေ ရွေးချယ်ပွဲကြီးကို အစမ်းဝင်ရောက်ဖြေဆိုခဲ့သည်။ မိမိအနေဖြင့် နဂိုကတည်းက အစမ်းသဘောဖြင့် ဝင်ရောက်ဖြေဆိုခြင်းကြောင့် ဝိနည်း ငါးကျမ်းကိုသာ ကျက်မှတ်သည်။ ဥဒါန်းစဉ်ဂါထာများကိုကား ကျက်မှတ်ခြင်း မပြုဘဲ ချန်ထားခဲ့လေသည်။

ဤသို့ဖြင့် တိပဋကရေ ရွေးချယ်ပွဲ၌ ဝင်ရောက်ဖြေဆိုရာ ဝိနည်း ငါးကျမ်းကို ဖြေဆိုရာ၌ သုံးကျမ်းခွဲအထိ ချောမောပြေပြစ်စွာ ပြန်ဆိုနိုင်သော ကြောင့် စာထောက်စာမအဖွဲ့များမှ အလွန်ကျေနပ်အားရခဲ့လေတော့သည်။ စာထောက်စာမများမှလည်း စာကိုစန်ကျော်ပြီး ပြန်ခိုင်းကြလေသည်။ ဤသို့ ဖြင့်စူဠဝါပါဠိတော်အလှည့်ရောက်သည့်တိုင်အောင်ကောင်းမွန်ကျေညက်စွာ ပြန်ဆိုနိုင်သဖြင့် စာထောက်စာမများမှ ကျေနပ်မဆုံးရှိနေကြစဉ် ခုဒ္ဒကဝတ္ထု၊ ခန္ဓကအဆုံး ဥဒါန်းစဉ်ဂါထာပေါင်း (၅၀) သို့ ရောက်သောအခါ စာထောက် စာမများမှ "တသုဒ္ဒါန် ဂါထာကိုကျော်၍ ပြန်လိုက်ပါဟု" မိန့်တော်မူလိုက် သည်။ ထိုအခါ အရှင်သိရိန္ဒာဘိဝံသဘိဝံသသည် ထိုဂါထာများကို မိမိအနေ ဖြင့် ကျေညက်အောင် မကျက်ရသေးပါ။ သေနာသနက္ခန္ဓကကိုကျော်ပြီး ပြန်ခိုင်းတော်မူပါဘုရားဟု လျှောက်ထားလေသည်။

ရှေ့ပိုင်း၌ ပြန်ဆိုစဉ်အခါက အရှင်သိရိန္ဒ၏ ဖြေဆိုမှုများသည် ရှင်းလင်း ပြတ်သားပြီး ကျေနပ်အားရစရာ ကောင်းသောကြောင့် ဥဒါန်းစဉ်ဂါထာ အလှည့်ရောက်ခါမှ ဤသို့ဖြစ်ကြရ၍ စာထောက်စာမများအားလုံး၏ စိတ်ထဲ၌ မချိတင်ကဲဖြစ်ကာရှေ့ကိုဘယ်လိုဆက်လုပ်ရမှန်းမသိအောင်အခက်တွေ့နေ ကြတော့သည်။

တိပိဋကစာထောက် စာမအဖွဲ့ထဲတွင် ပရိယတ္တိ အကျော်ဆရာတော် များရော၊ လူပြန်တော် စာတတ်ပုဂ္ဂိုလ်များပါ ပါဝင်ကြလေသည်။ အရှင်သိရိန္ဒ

ပြန်ဆိုသော စာထောက်စာမအဖွဲ့ထဲတွင် ဦးခင်မောင်လင်းဆိုသည့် ဒကာကြီးသည် ဆရာတော်ကို ကြည်ညိုသနားစိတ်ပိုကာ တစ်ဂါထာလေးပဲဖြစ်ဖြစ် ပြန်ပေးပါ ဘုရား၊ ပြီးလျှင် ကျော်ပေးပါမည်ဟု ဆိုလေသည်။

ထိုအခါ အရှင်သိရိန္ဒာဘိဝံသမှ ထိုဂါထာများကို လုံးဝမရသေးပါ။ ကျော်၍သာ မေးပါဟုဆို၏။ သည်လိုဆိုလျှင် စာမေးပွဲကျသွားမှာပါ ဘုရား၊ သည်လို မလုပ်ပါနဲ့၊ စည်းကမ်းဘောင်အတွင်းဝင်အောင် ပါးစပ်လှုပ်ရုံကလေးသာ လှုပ်ပါဟု ထပ်မံလျှောက်ထားပြန်လေသည်။ ကျပါစေ၊ အစမ်းသဘောနဲ့ ဝင်ရောက်ဖြေဆိုခြင်း ဖြစ်ပါသည်။ ကျော်၍သာ မေးပါဟုဆို၏။ နောက်ဆုံး လက်လျှော့ပြီး အဖွဲ့ဝင်များက ကျော်၍မေးလိုက်ကြလေတော့သည်။ ကျန်ရှိနေသေးသော စူဠဝါပါဠိတော်ကို ဆက်လက်ပြန်ဆိုစေသည်။ အရှင်သိရိန္ဒသည် တည်ငြိမ်အေးဆေးစွာဖြင့်ပင် ဆက်လက်ပြန်ဆိုလေသည်။ ထို့နောက် ပရိဝါပါဠိတော်ကိုလည်းကျွန်ခြေမပျက်တည်တည်ငြိမ်ငြိမ်ပင်ကောင်းစွာပြန်ဆိုနိုင်ခဲ့လေသည်။ ဤသို့ဖြင့် (၂၂) ကြိမ်မြောက် စာပြန်ပွဲတော်ကြီးတွင် ဝိနည်းငါးကျမ်းကို အောင်မြင်စွာ ပြီးစီးသွားလေတော့သည်။

## အဖွဲ့ဝင်ဆရာတော်ကြီးများ မှတ်ချက်

အရှင်သိရိန္ဒာဘိဝံသသည် ဝိနည်းငါးကျမ်းကို (၁၅) ရက်ပတ်လုံး အစမ်းသဘောမျိုးဖြင့် ပြန်ဆိုပူဇော်ခွင့်ရပြီဟု မိမိ၏စိတ်ထဲတွင် ပီတိဖြစ်ကာ အကျေနပ်ကြီး ကျေနပ်နေပါတော့သည်။

ဆရာတော်ကြီးများလည်း "သည်ကိုယ်တော်လေးဟာစာမေးပွဲအောင်ချင်လို့ စာပြန်တာမဟုတ်၊ တရားတော်များကို မိမိ၏ ပင်ကိုသဒ္ဓါတရားအလျောက် စိတ်ပါလက်ပါစွာဖြင့် ပြန်ဆိုခြင်းဖြစ်လေသည်။ အစမ်းသဘောမျိုးဖြင့် ပြန်ဆိုခြင်းဟု ဆိုသော်လည်း စိတ်ပါလက်ပါနှင့် ထက်ထက်သန်သန် ပြန်ဆိုလိုက်တာ အလွန်အံ့သြစရာကောင်းတဲ့ ကိုယ်တော်လေးပဲ" ဟု မှတ်ချက်ချ ချီးမွမ်းမဆုံးနိုင်အောင် ဖြစ်လေတော့သည်။

## ပိဋကတစ်ပုံ အောင်မြင်ပြီ

အရှင်သိရိန္ဒာဘိဝံသဘိဝံသသည် ၁၃၃၂-ခုနှစ် (၂၃) ကြိမ် တိပိဋက ရေး ရွေးချယ်ရေး စာမေးပွဲကို အစမ်းသဘောမျိုးမဟုတ်တော့ဘဲ အမှန် တကယ် ဝင်ရောက်ဖြေဆိုခြင်းဖြစ်ရာ ယခင်နှစ်က မကျက်ဘဲ ချန်လှပ်ထားခဲ့ သော ဥဒါန်းစဉ်ဂါထာများကိုလည်း ကျေညက်စွာကျက်မှတ်ခဲ့သည်။ ထို့ ကြောင့် ဝိနည်းငါးကျမ်းကို အာဂုံရော၊ ရေးဖြေပါ ကောင်းစွာဖြေဆိုအောင်မြင် ခဲ့သဖြင့် ဝိနယဓရ ဝိနယကောဝိဒဘွဲ့ကို ရရှိခဲ့သည်။

## ပိဋကတ်နှစ်ပုံအောင်မြင်ပြီ

၁၃၃၈-ခုနှစ်တွင်အဘိဓမ္မာဒုတိယပိုင်းကိုအာဂုံရော၊ရေးဖြေပါဖြေဆို အောင်မြင်ခဲ့၍ အာဘိဓမ္မိက အဘိဓမ္မကောဝိဒဘွဲ့ကို ရရှိခဲ့သည်။ ပိဋကတ် နှစ်ပုံကို အောင်မြင်၍ အရိုးဝါကနက္ကဒက်ာ ထီးဖြူတော်နှစ်လက် တံဆိပ်ပါရှိ သော သာသနာ့အောင်လံတော်ကို လက်ခံရရှိသည်။

## ပိဋကတ်သုံးပုံလုံး အောင်မြင်ပြီ

၁၃၄၀-ပြည့်နှစ်တွင် သုတ္တန္တပိဋကဒီဃနိကာယ် သုံးကျမ်းကို အာဂုံ ပြန်ဆိုအောင်မြင်ခဲ့သဖြင့် ဒီဃဘာဏကဘွဲ့နှင့် သင်ရိုးပိဋကတ်သုံးပုံ အာဂုံ ဆောင်နိုင်ခဲ့သဖြင့် တိပိဋကဓရ ဘွဲ့ရရှိခဲ့သည်။ ထို့ကြောင့် အရိုးနီကနက္ကဒက်ာ ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသည့် သာသနာ့အောင်လံတော်ကို လက်ခံ ရရှိခဲ့သည်။

၁၃၄၆-ခုနှစ်တွင် (၃၇) ကြိမ်မြောက် တိပိဋကရွေးချယ်ပွဲတွင် ကျန်နေ သေးသော သုတ္တန္တပိဋက ဒီဃနိကာယ် သုံးကျမ်းကို သဘောရေးဖြေ၊ ဖြေဆို ခဲ့ရာ အောင်မြင်ခဲ့၍ တိပိဋကဓရဘွဲ့တော်သာမက တိပိဋက ကောဝိဒဘွဲ့ပါ ရရှိခဲ့လေတော့သည်။

## တိပိဋကဓရ စာမေးပွဲအတွက် လျှောက်လှမ်းအားထုတ်ခဲ့ပုံ

ယောဆရာတော်ဘုရား၏ တိပိဋကလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းခဲ့ရပုံများကို နောင်လာနောက်သား တိပိဋကလောင်းလျာများ အားကျအတုယူနိုင်ဖို့ရန် ရည်ရွယ်ပြီး ဒါယကာတစ်ဦး၏ လျှောက်ထားတောင်းပန်မှုကြောင့် မိမိ၏ အားထုတ်ခဲ့ပုံ အတွေ့အကြုံများကို ပြောပြလေ၏။ ယောဆရာတော်ဘုရား၏ တိပိဋကလမ်းကြောင်း အတွေ့အကြုံကို အကုန်အစင် တင်ပြရန်မှာ မလွယ်ပေ။ သို့သော် ထင်ရှားသော အကြောင်းအရာများလောက်ကိုသာ ရေးသားထားခြင်းဖြစ်ပါသည်။

မဟာဝိသုဒ္ဓါရုံတိုက်မှ စတုတ္ထမြောက် တိပိဋကဓရဆရာတော် အရှင်သုမင်္ဂလာလင်္ကာရသည် သက်တော် (၂၇) နှစ် အရွယ်၌ တိပိဋကဓရဘွဲ့ရခဲ့သည်။ ယောဆရာတော်မှာကား သက်တော် (၂၇) နှစ် အရွယ်ရောက်မှ တိပိဋက လုပ်လိုစိတ်ဖြစ်ပေါ်ခဲ့ပြီး တိပိဋကစာမေးပွဲကို စတင်ခဲ့တော့သည်။ အကယ်၍ မအောင်မြင်ခဲ့သော်လည်း ဘုရားစကားတော်များကို နှုတ်ထဲ နှလုံးသားထဲ ထည့်သွင်းခွင့်ရခြင်းပင် အမြတ်ဟုသဘောထားကာ ဝိနည်းပါဠိတော်ကို စ၍ ချမှတ်ခဲ့ပါသည်။

ယောဆရာတော်ဘုရားသည် ဝိနည်းပါဠိတော်ကို စတင်ကျက်မှတ်ချိန်၌ စိတ်ဆန္ဒရှိ၍ စမ်းပြီးကျက်မှတ်နေသော်လည်း သကျသီဟစာချတန်းနှင့် စေတိယင်္ဂဏ စာချတန်းစာမေးပွဲဖြေဆိုဆဲ တန်းလန်းသာဖြစ်နေပြီး မပြီးပြတ်သေးပေ။ ထို့ပြင် စာသင်သားများအား နေ့စဉ် စာဝါ နှစ်ဝါ ပို့ချပေးနေရသေး၏။ ဒကာ ဒကာမ အလှူရှင်တို့အားလည်း တရားဟောပြောရသေး၏။ တိပိဋကလမ်းကြောင်းပေါ်တက်သော်လည်း အာရုံတစ်ခုတည်းဖြင့် တည်ငြိမ်စူးစိုက်စွာ ကြိုးစားခွင့်ရနေခြင်း မဟုတ်ပါ။

ယောဆရာတော်သည် ကျက်မှတ်လိုသော ပါဠိတော်မှ အဖြတ်ကောင်းရာ ဝါကျတစ်ခုစီကို ပိုင်းလိုက်သည်။ မြန်မာလို အဓိပ္ပာယ်နားလည်အောင် ဖတ်သည်။ နိဿယ မြန်မာပြန်စာအုပ်နှင့် တိုက်ဆိုင်ကြည့်၏။

ထိုသို့ တိုက်ဆိုင်ကြည့်ပြီး မြန်မာလိုနားလည်ပြီးသောအခါမှ ပါဠိတော် ဝါကျအစုံလိုက် စိတ်ထဲ၌ စွဲလာအောင် ငါးခေါက်လောက် မျက်စိဖွင့်ကြည့် သည်။စာရွက်ထဲမှစာကြောင်းများကိုစိတ်ဖလင်ကော်ပြားထဲသို့ရောက်အောင် သတိဝီရိယဉာဏ်ဖြင့် ကူးယူသည်။

ယောဆရာတော်သည် စာကျက်သောအခါ၌လည်း အသံထွက်၍ ကျက်လေ့မရှိပေ။ငယ်စဉ်အခါကတည်းကစ၍စာကိုအသံတိတ်နည်းဖြင့်သာ ကျက်လေ့ရှိသည်။ ထိုသို့အသံထွက်ပြီး မကျက်သောကြောင့် ယောဆရာ တော် စာကျက်သည်ကို အများက မသိကြပေ။ ဤနည်းဖြင့် စာကျက်မှတ်ရာ အခြားလူများအတွက်လည်း အနှောင့်အယှက်မဖြစ်သလို မိမိအတွက်လည်း ပင်ပန်းခြင်း၊ လေနာထခြင်းစသည့် ကျန်းမာရေးအနှောင့်အယှက်လည်း မဖြစ်ခဲ့တော့ပေ။ စာများကိုသာ စိတ်ထဲ၌ အထပ်ထပ်ဖတ်ရုံသာ ဖြစ်၏။

ဤနည်းဖြင့် ငါးခေါက်လောက် မျက်စိဖွင့်ဖတ်ပြီးနောက် နောက်ထပ် ငါးခေါက်လောက်ကို မျက်စိစုံမှိတ်ပြီး စိတ်ထဲ၌ နလုံးသွင်းသည်။ တစ်နည်း အားဖြင့် စာကသိုဏ်းရှုခြင်းပင် ဖြစ်သည်။ စာလုံးများကို စိတ်ထဲ၌ သတိဖြင့် စိတန်းကာ သိုမှီးထားလိုက်ခြင်းဖြစ်သည်။ ဘုရားစကားတော်များကို နလုံး သားမှာထည့်သွင်းထားခြင်းဖြစ်၍နလုံးသား၌ဘုရားတည်ပေးခြင်းဖြစ်သည်။

"ငါ့နလုံးသားထဲ ဘုရားကြွရောက် သီတင်းသုံးနေပြီ" ဟု စာကြောင်း များကို နလုံးသားထဲ ကပ်ထားမိတိုင်း သဒ္ဓါပီတိဖြင့် ကြည်နူးမှုများ တဖွားဖွား ဖြစ်ရသည်။ ထို့ကြောင့်လည်း မိမိစိတ်၌ ပင်ပန်းမှုများ မဖြစ်ခဲ့ရဘဲ ဝမ်းသာ ရွှင်လန်း အေးချမ်းမှုများသာ ဖြစ်ခဲ့ရသည်။

စာဝါတစ်ခုပြီးသွားလျှင်နောက်ဝါကျတစ်ခုသို့ဆက်၍ဤနည်းအတိုင်း ပင် ကျက်မှတ်သည်။ နောက်ဝါကျတစ်ခုပြီးတိုင်း ရှေ့ပြီးခဲ့သည့် ဝါကျနှင့် ပေါင်းစပ်၍ စိတ်ထဲ၌ စီကုံးထားလေသည်။ တစ်မျက်နှာလောက် ပြီးဆုံးသွား လျှင်လည်း ထိုတစ်မျက်နှာလုံး ပြန်ပေါင်း၍ အသိစိတ်မှာ ချုပ်ယပ်စွာကပ်၍ ထပ်ထားသည်။

ဝါကျအနေအထားသိပ်သည်း၍ အဓိပ္ပာယ်ခက်ခဲသော နေရာတို့၌ သတိဝီရိယအင်အားကို နှစ်ဆ သုံးဆလောက် မြှင့်တင်ပြီး ကြိုးစားရသည်။ ဂါထာများကို ကျက်မှတ်ရာ၌ ပုံမှန်ထက် (၁၀) ဆလောက် မြှင့်တင်အားထုတ်ရပါသည်။ ဂါထာများကိုကျက်မှတ်ရာ၌ ယောဆရာတော်သည် ပင်ကိုကတည်းက စိတ်ဖြင့်သာ ကျက်မှတ်သူဖြစ်၍ စုဏ္ဏိယပါဠိများကဲ့သို့ စိတ်ထဲတွင် မှတ်သားသီကုံးဖို့ရာ ရုတ်တရက်တော့ မလွယ်ကူဘဲ ရှိလေ၏။

ယောဆရာတော်ဘုရားသည် စာကျက်ရာ၌ စာမျက်နှာပုံသေ သတ်မှတ်ချက် မရှိပေ။ စာအသွားအလာလွယ်လျှင် လွယ်သလို စာမျက်နှာအရေအတွက်များပြီး ခက်လျှင်တော့ စာမျက်နှာအရေအတွက် နည်းပါသည်။ တစ်နေ့လျှင်တော့ ပျမ်းမျှအားဖြင့် (၁၀) မျက်နှာမှ (၁၅) မျက်နှာလောက်အထိ ကျက်မှတ် ဖြစ်၏။ အာဂုံမကျက်ရဘဲ သဘောဖြင့်သာ မှတ်သားရသော ပဋ္ဌာန်းပါဠိတော်မျိုး၌ စာမျက်နှာအရေအတွက် ၂၀/၃၀ လောက်အထိ ရောက်သည့် အခါမျိုးလည်း ရှိလေသည်။ ဂါထာများကိုတော့ သီးခြားအချိန်ပေးပြီး သီးခြား ကျက်မှတ် ရသည်ဟု ဆိုပါသည်။

သရုပ်များသောနေရာ၊ စကားလုံးဝေါဟာရများသော နေရာတို့၌ စာအုပ်အတွင်းရှိ စာမျက်နှာဘေးဘက်နား၌ ခဲတံဖြင့် သင်္ကေတသင်္ချာကလေးများ မှတ်ထားပြီး ကျက်မှတ်သောအခါ၊ ပြန်ဆိုသောအခါတို့၌ အရေအတွက်များ မမှားရလေအောင် လက်ချောင်းလေးများကို အသုံးပြု၍ သတိဉာဏ်ကို အသုံးပြုပါသည်။

ပါဠိတော်များသည်စကားအသုံးအနှုန်းပြေပြစ်ညက်ညော၍စကားလုံးအထားအသို ပုံသေနည်းစနစ်မှန်သောကြောင့် အဋ္ဌကထာ၊ ဋီကာများကဲ့သို့ ခက်ခဲစွာ ကျက်မှတ်ရသည် မဟုတ်ပေ။ အချို့နေရာများ၌ အကြောင်းအရာခေါင်းစဉ်စကားလုံးကလေးများကို မှတ်သားထားပြီး စိတ်ထဲတွင် ပါဠိ စီကုံးဆို၍ပင် ရနိုင်ပါသည်။

ကာံ၊ ကတ္တား၊ ဝုတ္တ အဝုတ္တ ဝါစ္စ ဝါစက လိင် ဝုစ် စသည် မှန်ကန်အောင် ပါဠိတော်များကို မှတ်သားတတ်ဖို့ အထူးလိုအပ်သဖြင့် အနည်းဆုံး မဗ္ဗာစရိယ

တန်း (စာချတန်း) ဆိုင်ရာ စာပေလေ့လာပြီးသူများ ဖြစ်နိုင်လျှင် ဓမ္မာစရိယဘွဲ့ တစ်ခုခုရရှိပြီးသူများသာ တိပိဋကဆိုင်ရာကျမ်းစာများကို ကျက်မှတ်ဖို့အသင့် လျော်ဆုံးဖြစ်သည်ဟု ဆို၏။

စာသွားစာလာ စည်းကမ်းစနစ်ကို နားမလည်ဘဲ အကုန်လုံးတွေ့သမျှ အာပူတိုက်အော်နေရလျှင် မလိုအပ်ဘဲ ပင်ပန်းပြီး အချိန်ကုန်သလောက် ခရီး မရောက် ဖြစ်နေတတ်ပါသည်။ သဒ္ဒါမြင်၍ စာပေစည်းကမ်းကို အထိုက် အလျောက် နားလည်မှုလည်း ကျက်မှတ်ရာတွင် သက်သာစေပြီး ဉာဏ်သတိ ဖြင့် မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု ဆို၏။

ဝိနည်း၊ သုတ္တန်အားလုံးကိုလည်း ဤနည်းစနစ်အတိုင်းပင် ကျက်မှတ် လေသည်။ အဘိဓမ္မာ၌ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထုကျမ်း တို့ကိုဝိနည်း၊သုတ္တန်ကျက်မှတ်သည့်ပုံစံနည်းစနစ်အတိုင်းကျက်မှတ်ရသည့် အပြင် အဘိဓမ္မာ၊ သဂြိုဟ်သရုပ်ကိုလည်း ကျေညက်နေဖို့ လိုအပ်ပါသည်။

ဓာတုကထာ၊ ယမိုက်ကျမ်းတို့သည်ကား ညဝါများဖြစ်၍ ငယ်၊ လတ်၊ ကြီးတန်းတုန်းက ဖြတ်သန်းကျက်မှတ်ခဲ့ရသည့် ညဝါနည်းအတိုင်းပင် နည်းမှီပြီး ကျက်မှတ်ရပါသည်။ အချို့နေရာများ၌ သရုပ်သဘောကို စဉ်းစားကျက်မှတ်ပြီး အချို့နေရာများတွင် အမှတ်သင်္ကေတနည်းစနစ်ဖြင့်ပင် ကျက်မှတ်ရပါသည်။

ပဋ္ဌာန်းပင်လယ်ပြင်ကြီးကို ကူးခတ်ရာ၌ အဓိကအားဖြင့် ပထမကြီး တန်းတုန်းက လေ့လာခဲ့ရသော ကုသလတိတ်ကို အထူးကျေပွန်ဖို့ လိုအပ် သည်။ ကြွင်းကျန်သော တိက်ဒုက်များကိုကား မာတိကာအရကောက်ကို အထူးကျေပွန်အောင် လေ့လာရပါသည်။ ဝိဘင်္ဂဝါရပါဠိများကို အများအားဖြင့် ကုသလတိက်ကို နည်းမှီ၍ ဖြုတ်သင့် ခွဲသင့်သည်တို့ကို ဉာဏ်ဖြင့်ချင့်ချိန်ပြီး ပါဠိကို စီကုံးကျက်မှတ်ရပါသည်။

ပဋ္ဌာန်းသချာဝါရကိုကား သဘောဉာဏ်သုံး၍ တွက်ချက်ပြီး ကျက်မှတ် ရသည်လည်း ရှိသည်။ သညာမှတ်သင်္ကေတနည်းဖြင့် မှတ်သားထားရမှုသည် လည်း အမြောက်အမြားပါဝင်သည်။ မာတိကာအရကောက် ကျေညက်နေဖို့ ကတော့ အရေးကြီးဆုံး ဖြစ်သည်ဟု ဆိုပါသည်။

ယောဆရာတော်သည် ကျက်မှတ်ပြီးသည့် ပါဠိတော်များကို မမေ့ မပျောက်ရအောင် ထိန်းသိမ်းထားရာတွင် မိမိကိုယ်တိုင် ပြန်ဆိုရာ၌ အသံ မထွက်ဘဲ အသံတိတ်နည်းဖြင့်သာ ပြန်ဆိုလေ၏။ တကယ့်ပွဲကြီး၌ ပြန်ဆိုနိုင် ရန် အစမ်းလေ့ကျင့်ရာ၌ စာထောက်စာမ တစ်ပါးစီ အနားမှာထား၍ စာအုပ်ကို အကြည့်ခိုင်းပြီး ပြန်ဆိုလေသည်။ ပုံမှန်စာများကို တစ်ပိုင်း၊ ခက်ခဲသောစာ နှင့် ဂါထာများကို တစ်ပိုင်းအားဖြင့် အပိုင်းနှစ်ပိုင်း ခွဲပြီး ပြန်ဆိုလေသည်။ နေ့စဉ် နေ့တိုင်းစာအုပ်တိုင်းညာဏ်ကိုဖြန့်ကျက်ထားပြီးအုပ်တိုင်းအုပ်တိုင်းအချိုးကျ ပိုင်းပြီး ပြန်ဆိုလေတော့သည်။

အဋ္ဌကထာ၊ ဋီကာများကို လေ့လာမှတ်သားရာတွင်လည်း အဖွင့်ခံ ပါဠိကိုအခြေခံ၍အဋ္ဌကထာနှင့်ဋီကာကိုတွဲဖက်ကြည့်ရှုကျက်မှတ်မှစာမြင်ပြီး စွဲမြဲနိုင်သည်ဟု ဆိုလေသည်။ အဋ္ဌကထာ၊ ဋီကာများကို မှတ်စုထုတ်နုတ်၍ ကျက်မှတ်လေ့ မရှိပေ။ အစမှအဆုံးအထိ အကုန်ဖတ်ပြီး အကြောင်းပြ၊ သရုပ်ပြ၊ အဆုံးအဖြတ်စသော အထူးမှတ်သားဖွယ်အကြောင်းအရာများကို မင်နီဖြင့်မှတ်သားပြီးသာမန်ရိုးရိုးစာများထက်အခေါက်ပေါင်းများစွာဖတ်လေ သည်။ အချို့စာပိုဒ်များကိုကား ပါဠိတော်ကျက်မှတ်သည့် ပုံစံအတိုင်းပင် ကျက်မှတ် လေ၏။

ယောဆရာတော်သည် ကျမ်းစာများကို ကျက်မှတ်ရာ၌ သတိ၊ သမာဓိ ကို အများဆုံး အသုံးပြုကာ ညာဏ်ကိုထုတ်၍ ကြိုးစားခြင်းကြောင့် တိပိဋက စာပြန်ရာ၌ မည်သူ့ကိုမျှ ကြောက်ရွံ့လေ့ မရှိပေ။ စာကိုလည်း မကြောက်၊ ရေးဖြေ ဖြေဆိုရာ၌လည်း မိမိနားလည်သဘောပေါက်သလို သိထားသည် များကို ဖြေဆိုရခြင်းဖြစ်၍ မကြောက်ပေ။ ယောဆရာတော်သည် စာတစ်ကြိမ် ပြန်ပြီး၊ စာတစ်ပုဒ် ဖြေပြီးတိုင်း မိမိသည် အလွန်တရာ မွန်မြတ်သည့် ဘုရား စကားတော်များကို စိတ်ထဲ၊ နှလုံးသားထဲ၌ သိုမှီးသိမ်းထားပြီးမှ ထုတ်နုတ် သုံးရခြင်းဖြစ်၍ သဒ္ဓါပီတိဖြင့် အလွန်ကြည်နူး ပျော်မွေ့တော်မူလေသည်။

ယောဆရာတော်ဘုရားသည် တိပိဋကဓရ ရွေးချယ်စာမေးပွဲကို အာဂုံ ရော၊ ရေးဖြေပါ ကျရှုံးဖူးပါသည်။ သို့သော် မိမိ၌ စာမလုံလောက်၊ မပြည့်စုံသေး

မှန်းသိ၍ပြန်ဆို၊ရေးဖြေဖြေနေရခြင်းပင်ပျော်မွေ့နေပါသည်ဟုဆို၏။ထိုကဲ့သို့ ကျရှုံးခဲ့ဖူးသော်လည်း စိတ်ပျက်၊ ဝမ်းနည်း၊ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း လုံးဝမရှိခဲ့ပေ။

ယောဆရာတော်ဘုရားသည် မိမိကျောင်းတိုက်၌ တစ်နေ့လျှင် စာဝါ နှစ်ဝါ ပို့ချ၊ တရားဟောအလုပ်ကို လုပ်ရင်းဖြင့် မိမိဆိုင်ရာ စာမေးပွဲကိုလည်း တည်ငြိမ်အေးဆေးစွာပင် ပြန်ဆိုလေသည်။ မိမိတိပိဋကဓရ ပြီးဆုံး၍ ကြာခဲ့ သော နှစ်အရေအတွက်ကို ပြန်ပြောင်းရေတွက်ကြည့်ရာ (၁၆) နှစ်တိတိ ကြာ လေသည်။ ထိုသို့ နှစ်ကြာသော်လည်း သဒ္ဓါတရားဖြင့် ကြည်နူးနှစ်သိမ့်နေခြင်း ကြောင့် နှစ်နှစ် သုံးနှစ်ကြာသည်ဟု ထင်မိနေသည်ဟု ဆိုလေသည်။

ယောဆရာတော်ဘုရားသည် မိမိကိုယ်တိုင် တိပိဋကဓရစာမေးပွဲကို ကြိုးစားပြန်ဆိုရာ၌ စာသင်သားပုံစံအနေဖြင့် စာကိုတစိုက်မတ်မတ် ဖောက်ချ လုပ်ခဲ့ရသည် မဟုတ်ဘဲ စာချအလုပ်တစ်ဖက်၊ တရားဟောခြင်း အလုပ်က တစ်မျိုး၊ မပြီးဆုံးသေးသော အခြားစာမေးပွဲများဖြင့် တွဲလျက် တဖြည်းဖြည်း ချင်း လုပ်ခဲ့ရသည့်ဖြစ်၍ တိပိဋကပြီးဆုံးချိန် (၁၆) နှစ်တာခရီးကို မြန်သည် ဟုပင် ထင်ခဲ့လေတော့သည်။ ယောဆရာတော်ဘုရားသည် (၁၆) နှစ်လုံးလုံး မိမိနှလုံးသားထဲ၌ ဘုရားတည်နေရခြင်းဖြစ်၍ ဂုဏ်ယူဝမ်းမြောက်ကြည်နူးနေ မိတော့သည်။

ထိုကဲ့သို့နှလုံးသားထဲတွင်ဘုရားတည်ပြီးတရားဖြင့်မွေ့လျော်ကြည်နူး သောကြောင့် တိပိဋကဓရပြီးဆုံးသောအခါ၌လည်း (မဇ္ဈိမနိကာယ) ကို ဆက် လက်ပြန်ဆိုရန် ကြိုးစားခဲ့ပြန်လေသည်။ အချိန်လု၍ လုံးဝမရသောအခါမှသာ လက်လျှော့လိုက်ရပေတော့သည်။ မိမိ တိပိဋကဓရဘွဲ့ရသောအခါ၌လည်း ပူဇော်ပွဲလုပ်ကြသည်ကိုလည်းမနှစ်မြို့ခဲ့ပေ။အပူဇော်ခံလို၍လုပ်သည်မဟုတ်၊ မိမိ၏နှလုံးသားထဲ၌သာ ဘုရားတည်နေရခြင်းဖြစ်၍ ကျေနပ်ပျော်ရွှင်စရာ ကောင်းသောကြောင့်ပြုလုပ်နေရခြင်းပင်ဖြစ်သည်ဟုပြောကာငြင်းပယ်ခဲ့လေ သည်။

ဆရာတော်သည် ဓမ္မရတနာကို ရတနာအသိဖြင့် စိတ်နှလုံးထဲ၌ ထည့်သွင်းထားရခြင်းသည်ကား လောကတွင် မည်သည့်အရသာနှင့်မျှ နှိုင်းယှဉ်၍ မကုန်နိုင်လောက်အောင် ကျေနပ်ပျော်ရွှင်ဖွယ်ရာ ကောင်းလှသည်ဖြစ်၍ အလွန်တရာ အေးချမ်းမွန်မြတ်လှပေတော့သည်။

ကံရှိသူတိုင်း တိပိဋကလမ်းကြောင်းပေါ်ရောက်၍ ဉာဏ်ဝီရိယတို့ဖြင့် ဓမ္မရတနာကို တူးဖော်နိုင်ကြပါစေ။

(တိပိဋက ရွှေရတု အထိမ်းအမှတ် စာစောင်)

## အလကားရသောဘွဲ့ကို အားမပေး

တိပိဋကယောဆရာတော်ဘုရားသည် မိမိ၏ဉာဏ်အစွမ်းဖြင့် ကြိုးစားဖြေဆို၍ရရှိသော ဘွဲ့တံဆိပ်ကိုသာ တန်ဖိုးထားသည်။ မိမိ၏ဉာဏ်အစွမ်းအစ မပါသော နိုင်ငံတော်မှ ဆက်ကပ်သည့်ဘွဲ့တံဆိပ်များကို တန်ဖိုးမထားခဲ့ပေ။ မိမိ၏တပည့်များအား အားလည်းမပေးခဲ့ပေ။ ပူဇော်ပွဲလုပ်၍ တရားဟောပင့်လျှင်လည်း မလိုက်ပေ။

ယောဆရာတော်ဘုရားသည် နိုင်ငံတော်က ဆက်ကပ်သည့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ရစဉ်အခါက ကျောင်းတိုက်ဝေယျာဝစ္စ ဒကာ ဒကာမများမှ "အဂ္ဂမဟာပဏ္ဍိတ" ပူဇော်ပွဲကျင်းပပြုလုပ်ရန် အလှူငွေများလက်ခံ၍ အခမ်းအနားများ စီစဉ်ထားကြသည်။ အားလုံးစီစဉ်၍ပြီးသောအခါ ကျောင်းတိုက်ဝေယျာဝစ္စလူကြီးများက ယောဆရာတော်ထံသွား၍ မနက်ဖြန်မှာ "အဂ္ဂမဟာပဏ္ဍိတ" ပူဇော်ပွဲပြုလုပ်မည်ဖြစ်ကြောင်းလျှောက်ထားရာ ယောဆရာတော်မှ ဤဘွဲ့သည် မိမိ၏ ဉာဏ်စွမ်းဖြင့် ကြိုးစားဖြေဆို၍ ရရှိသောဘွဲ့တံဆိပ်မဟုတ်၊ အလကားရသောဘွဲ့ဖြစ်၍ ပူဇော်ပွဲကို လက်မခံကြောင်းနှင့် လှူဒါန်းထားသော အလှူငွေများကိုလည်း အလှူရှင်များထံ ပြန်လည်ပေးအပ်ရန် မိန့်တော်မူ၍ "အဂ္ဂမဟာပဏ္ဍိတ" ပူဇော်ပွဲကို လက်မခံဘဲ ရုပ်သိမ်းခိုင်းလိုက်သည်။

ထိုအချိန်၌ ယောဆရာတော်သည် ပဓာနနာယကမဖြစ်သေး၊ ဒုတိယနာယကသာ ဖြစ်၏။ နိုင်ငံတော်မှ ဘွဲ့တံဆိပ်များ ဆက်ကပ်ပြီးချိန်၌ နေရာ

အသီးသီးမှ ဆရာတော်များ၊ ဒကာ ဒကာမများမှ ပူဇော်ပွဲတရားဟောပေးရန် လာရောက်ပင့်လျှောက်ကြလေ၏။ ဆရာတော်မှ ကြွရောက်တရားဟောလေ့ မရှိပေ။

မိမိ၏ ဉာဏ်အစွမ်းဖြင့်ရသော ပထမကြီးအောင်၊ ဓမ္မာစရိယအောင် ပုဂ္ဂိုလ် စသည်များမှ ပူဇော်ပွဲပြုလုပ်ရန် လာရောက်ပင့်လျှောက်ရာ၌ကား ယောဆရာတော်သည် ဝမ်းသာအားရ လက်ခံလေတော့၏။ ညတရားပွဲ ကျင်းပရာ၌ အကယ်၍ အကြောင်းမညီညွတ်သောကြောင့် မအားခဲ့လျှင် ညနေဆည်းဆာတရားပွဲအဖြစ် ချီးမြှင့်ဟောကြားတော်မူ၏။

၉

# အခန်း (၇)
# သာသနာ့ဦးဩချောင် ဆရာတော်ကြီး

## မင်းကွန်းဆရာတော်ထံဖူးတွေ့လိုခြင်း

အရှင်သိရိန္ဒာဘိဝံသသည် ရှေးက တစ်ခါမှ မရောက်ဖူးသော မင်းကွန်း ဆရာတော်ထံသို့ ၁၃၃၃ ခုနှစ် နွေရာသီ၌ အစပထမဆုံး သွားရောက်ခဲ့သည်။ မင်းကွန်းဆရာတော်ကြီးကို ဖူးတွေ့လိုသဖြင့် ပတ္တမြားဆရာတော်ကြီး၏ သက်တော် ၉၀ ပြည့်အတွက် သွားရောက်ရင်း အဖော်ရဟန်းတစ်ပါးနှင့်အတူ ဓမ္မနာဒကျောင်းတိုက်သို့ ရောက်အောင်သွားခဲ့လေသည်။

အရှင်သိရိန္ဒာဘိဝံသသည် အဖော်ရဟန်းတော်နှင့်အတူ ဓမ္မနာဒ ကျောင်းတိုက်ထဲသို့ရောက်သောအချိန် ရဟန်း၊ သာမဏေများ တံမြက်လှည်း နေသည်နှင့်ကြုံကြိုက်လေတော့သည်။ ကျောင်းထဲ၌ ဆရာတော်ဘုရားရှိ၊ မရှိ မေးမြန်းကြည့်ရာ ရဟန်းတော်များက ဆရာတော်ရှိသည့်နေရာကို လက်ညှိုး ညွှန်ပြလေသည်။ ရဟန်းများ၏ လက်ညှိုးညွှန်ရာကို ကြည့်လိုက်သောအခါ ရဟန်း၊ သာမဏေများ တံမြက်လှည်းပြီး စုပုံထားသော အမှိုက်ပုံများကို လိုက် ကျုံးနေသည့်မင်းကွန်းဆရာတော်ကြီးကိုတွေ့လိုက်ရလေတော့၏။ ထို့နောက် အာဂန္တုရဟန်းနှစ်ပါးကို တွေ့မြင်သောကြောင့် အမှိုက်ကျုံးရာက ထလာပြီး

"သူများတွေအလုပ်လုပ်တာမြင်ရရင်ကိုယ်လည်းမလုပ်ဘဲမနေနိုင်လို့အမှိုက် ဝင်ကျုံးနေတာပါဦးဇင်း"ဟုမိန့်ကြားကာအရှင်နှစ်ပါးလာရောက်ဖူးမြင်ခြင်းကို တွေ့ဆုံဖူးမြင်ခွင့်ပြုတော်မူပါသည်။

အရှင်သီရိန္ဒာဘိဝံသည် ၁၃၂၂ ခုနှစ်တွင် မင်းကွန်းဆရာတော်ဘုရား ကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့၏ ဆဋ္ဌသင်္ဂါယနာ အမေး၊ အဖြေ တိပ်ခွေကို မိမိ သာမဏေဘဝကတည်းကပင် စတင်နာယူခွင့်ရခဲ့ရာ ထပ် တလဲလဲ နာယူ၍ မဝနိုင်လောက်အောင် ကြည်နူးဝမ်းသာမဆုံးရှိခဲ့၏။ ဆရာ တော်ကြီး၏အသံတော်သည် ကြည်လင်ပြတ်သားပြီး သာယာနာပျော်ဖွယ် ရှိရာ ကြားနာရသူတိုင်း နာယူ၍ မဝနိုင်၊ မငြီးငွေ့နိုင်အောင် အသံပါရမီ ပြည့်စုံ လှပေသည်။

## သူတော်ကောင်းတို့၏ နေရာ

အရှင်သီရိန္ဒာဘိဝံသည် ၁၃၄၇ ခုနှစ် နွေရာသီတွင် တိပိဋကရေရှုပြီးစ အချိန် မင်းကွန်းရတနာဂူချောင်သို့ သွားရောက်အနားယူစဉ် မင်းကွန်းဆရာ တော်ကြီးထံသွားရောက်ဖူးမြော်ခဲ့ရာဆရာတော်ကြီးမှ "ဦးသီရိန်၊မင်းကွန်းကို ဘာလာလုပ်တာလဲ"ဟုမေးလေသည်။ "အနားလာယူတာပါဘုရား"ဟုဆိုရာ "အေး-ကောင်းတယ်၊ မင်းကွန်းဟာ စာလာပေလာအတိုင်း အလုပ်လုပ်ဖို့ လည်း အလွန်ကောင်းတဲ့နေရာ မင်းကွန်းဟာ တရားချစ်တဲ့ သူတော်ကောင်း တွေရဲ့အောင်မြေပဲ ဦးပဥ္စင်း"ဟု ပြန်လည်မိန့်ကြားလေသည်။

ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိဝါ ထလေ။

ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယျကံ။

ဓမ္မပဒဂါထာ - ၉၈

ဒေသတစ်ခုသည်ရွာဖြစ်စေ၊တောဖြစ်စေ၊ချိုင့်ဝှမ်းဖြစ်စေ၊ကြည်းကုန်း ဖြစ်စေ၊မည်သို့သောနေရာတွင်ဖြစ်စေ၊သူတော်ကောင်းများနေထိုင်ရာဖြစ်ရိုး မှန်လျှင် ထိုနေရာ ထိုဒေသသည် ကမ္ဘာမြေအပြင်တွင် မွေ့ပျော်ဖွယ်အကောင်း ဆုံး ဖြစ်သည်။

လောကသည် ဗုဒ္ဓကြောင့် လှခြင်းဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓ၏ အဆုံးအမ ရှိသော နေရာတိုင်းသည် အလှတရားရှိသောနေရာ ဖြစ်လေတော့၏။

## ထူးခြားသောနှစ်

ဗဟန်းမဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ မော်လမြိုင်မြို့ သတိပဋ္ဌာန် ဆရာတော်ဘုရားကြီးသည် ၁၃၄၅ ခုနှစ်၊ နတ်တော်လ၌ ဓမ္မသီတင်းသုံးရန် ကြွတော်မူလာ၏။ အရှင်သိရိန္ဒာဘိဝံသမှ သွားရောက်ဦးချကန်တော့ရာ ကော့ကရိတ်ဆရာတော် ဦးသုမနမှ သည့်ဦးဇင်းဟာ တိပိဋကဓရလုပ်နေသော ဦးသိရိန္ဒာဘိဝံသပါဘုရားဟု ဆရာတော်ကြီးနှင့် မိတ်ဆက်ပေးလေသည်။

ထိုအခါ ဆရာတော်ကြီးမှ တရားအားထုတ်ပြီးပြီလားဟု မေးရာ အရှင်သိရိန္ဒာဘိဝံသမှ အသေအချာ အကျအန အားမထုတ်ရသေးပါဘုရားဟု ပြန်လည်လျှောက်ထားသည်။ ဆရာတော်ကြီးမှ ဘုရားဟောတဲ့ သတိပဋ္ဌာန်တရားတွေက အလွန်ကောင်းကြောင်း၊ မကျင့်နိုင်စရာ မရှိကြောင်း၊ ဣရိယာပုတ် (၄) ပါးလုံး ကျင့်လို့ရကြောင်း၊ အလွန်အကျိုးများကြောင်း၊ ထို့ကြောင့် နောက်မကျရလေအောင် အမြန်အားထုတ်စေချင်ကြောင်း၊ မေတ္တာ ကရုဏာ ရှေ့ထားပြီး ဩဝါဒပေးလေသည်။

အရှင်သိရိန္ဒာဘိဝံသကို အချို့ဆရာတော်ကြီးများနှင့် ဒကာ ဒကာမများမှ တိပိဋကဓရဘွဲ့ကို အမြန်ဆုံးရစေချင်ကြ၏။ ရှေးကခက်ခဲသော ဒီဃနိကာယ် ၃ ကျမ်းသာ ကျန်တော့သည်။ သည်လောက်ကြာဖို့ မဟုတ်ပါဘူး။ တကယ်လုပ်ရင် တစ်နှစ်တည်းနဲ့ အောင်မြင်မှာပါဟု ဆို၏။ အရှင်သိရိန္ဒာဘိဝံသမှာ အသက်ငယ်သေးသည်။ မင်းကွန်းဆရာတော်ဘုရားကြီးတောင်မှ ၄၀ ကျော်ပြီးမှ တိပိဋကဓရဘွဲ့ ရယူခဲ့သည်။ မိမိလည်း (၄၀) ကျော်ပြီးမှ တိပိဋကဓရ ရယူချင်၏။ ထို့ကြောင့် အချိန်ဆွဲနေလေ၏။ ဤကဲ့သို့ အချိန်ဆွဲနေသော အရှင်သိရိန္ဒာဘိဝံသအား နတ်ကောင်းနတ်မြတ်များကပင် တိုက်တွန်းနှိုးဆော်လေသည်လားမသိ ဆရာတော်ဘုရားကြီး၏ မေတ္တာရှေ့ထားပြီး မိမိအကျိုးကို လိုလားစွာ ဆုံးမဩဝါဒပေးသည်ကို အလေးအနက်ထားပြီး

တိပိဋကရေဘွဲ့ကို အမြန်ဆုံးပြီးဆုံးအောင် လုပ်တော့မည်ဟူ၍ ဆုံးဖြတ်ချက်ချ လိုက်ပေတော့သည်။ တိပိဋကရေဘွဲ့ရပြီးနောက် ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း လိုက်နာပြီး သတိပဋ္ဌာန်တရားကို အားထုတ်ပြီး အချိန်ရသမျှ တရားနှင့်နေတော့မည်ဟု ဆုံးဖြတ်ပြီး ၁၃၃၆ ခုနှစ်၊ (၃၇) ကြိမ်မြောက် တိပိဋကရေ ရွေးချယ်ပွဲ၌ ကျန်နေသေးသော သုတ္တန္တပိဋကဒီဃနိကာယ် ၃ ကျမ်းကို သဘောရေးဖြေပါ ဖြေဆိုအောင်မြင်ခဲ့သည်။ ထိုနှစ်မှာပဲ ပိဋက ၃ ပုံ အာဂုံရော၊ ရေးဖြေပါ အားလုံး ပြီးဆုံးသွားပြီး တိပိဋကကောဝိဒဘွဲ့ကို ရရှိတော်မူခဲ့လေသည်။

## တိုက်ဆိုင်မှုများ

အရှင်သီရိန္ဒာဘိဝံသ တိပိဋကကောဝိဒဘွဲ့ ရရှိချိန်နှင့် မင်းကွန်းဆရာတော်ကြီး တိပိဋကရပြီးချိန် အသက်သိက္ခာချင်း တူနေပေတော့သည်။ အရှင်သီရိန္ဒာဘိဝံသသည်လည်း သက်တော် (၄၂) နှစ် ဝါတော် (၂၃) ဝါဖြစ်ပြီး မင်းကွန်းဆရာတော်ဘုရားကြီးသည်လည်းသက်တော်(၄၂)နှစ်ဝါတော်(၂၃)ဝါ ဖြစ်လေသည်။ တိပိဋကစာမေးပွဲကို မင်းကွန်းဆရာတော်ကြီးမှ လေးနှစ်သာ ကြာသော်လည်း အရှင်သီရိန္ဒာဘိဝံသမှာ (၁၆) နှစ်ကြာသည်သာ ထူး၏။

၁၃၇၃ ခုနှစ်တွင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး သက်တော် ရာပြည့်ဖြစ်သကဲ့သို့ အရှင်သီရိန္ဒာဘိဝံသ (ယော) ဆရာတော်ဘုရားသည် လည်းရဟန်းသိက္ခာ ရွှေရတုနှစ်လည်းဖြစ်၏။ ယောဆရာတော်ဘုရား၏မယ် တော်ကြီးဒေါ်တုတ်ခိုင်၏ အသက် (၉၀) ပြည့်နှစ်လည်းဖြစ်၏။ ကုသိုလ်ရရှိ တိုးပွားစရာအဖြစ်ဖြင့် ကြုံကြိုက်တိုက်ဆိုင်လာသောကြောင့် ယှဉ်တွဲဖော်ပြ ခြင်းဖြစ်ပါသည်။

## မင်းကွန်းဆရာတော်ဘုရားကြီးအား ချီးကျူးပူဇော်မှု

အရှင်သီရိန္ဒာဘိဝံသသည်တိပိဋကရေမင်းကွန်းဆရာတော်ဘုရားကြီး ကို အလွန်လေးစားကြည်ညို၏။ မိမိကိုယ်တိုင် တိပိဋကရေ ပြီးဆုံးပြီးချိန်တွင်

ဆရာတော်ဘုရားကြီးကိုသွားရောက်ဖူးတွေ့လေသည်။ထိုအချိန်၌ဆရာတော်ဘုရားကြီး၏ သက်တော်မှာ ၇၄ နှစ်ရှိလေပြီ ဖြစ်သည်။ မင်းကွန်းတောင်ရိုးဓမ္မနာဒကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူလျက်ရှိ၏။

ဆရာတော်ဘုရားကြီး၏ရှာပနာကိစ္စတုန်းက "အသိဆန်းကြြယ်အနစ်ကြွယ်" ဆိုသည့်စကားကိုခေါင်းစဉ်တပ်၍တိပိဋကဓရအားလုံးတို့၏ကိုယ်စား ဆရာတော်ဘုရားကြီး၏ တိပိဋကဓရဂုဏ်ကို အာရုံပြုကာ ဟောကြားပူဇော်ခဲ့၏။

## န မော ဝိစိတြ ဉာဏသာ

* ဆဋ္ဌခေတ်မှာ၊ လူ့ပြည်လာ၍
  ကျရာတာဝန်၊ ကျေပွန်အောင်ထမ်း
  အံ့မခန်း၊ မင်းကွန်းဆရာတော်
* တစ်ခေတ်တစ်ခါ၊ တစ်ပါးသာ
  လူမှာ ဖြစ်ပေါ်ထွန်း
* ကံထူး၊ ဉာဏ်ထူး၊ လုံ့လထူး
  အထူးပုဂ္ဂိုလ်ကျော်
* အရင်းများများ၊ စိုက်၍ထားလည်း
  အနည်းငယ်သာ၊ အမြတ်မှာ
  ယူကာသွားသည့် ဆရာတော်
* အသိဆန်းကြြယ်၊ အနစ်ကြွယ်
  အံ့ဖွယ်ဆရာတော်
* ဂုဏ်နည်းသူမှာ အားမပါ
  မကြာမီပင် မေ့သွားသော်။
* ဂုဏ်ကြီးသူမှာ၊ စွမ်းအားပါ
  ကြာပါသော်လည်း မမေ့နော်
* စာပေလည်းတတ် ကျင့်သုံးတတ်
  မြင့်မြတ်ပုဂ္ဂိုလ်မော်။

"အသိဆန်းကြွယ် အနှစ်ကြွယ်" ဆိုသည် ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး၏ဘွဲ့အမည်တော်ကိုအရှင်သိရိန္ဒာဘိဝံသ(ယော)ဆရာတော်မှ ချီးကျူးပူဇော် မြန်မာပြန်ဆိုထားသောစကားဖြစ်ပါသည်။

## သူတော်ကောင်းတို့၏ ကျင့်ထုံး

လူသားတို့သည် မိမိတို့၏ ဓလေ့ထုံးစံကို လိုက်နာကျင့်သုံးလေ့ရှိ၏။ ဤအတူပင် ရှင်၊ ရဟန်းများသည်လည်း ဆရာသမားများ၏ ကျင့်နည်းကျင့်ဟန်ကို အတုယူကျင့်သုံးတတ်ပေသည်ဟု အရှင်မဟာဗုဒ္ဓဃောသ ဆရာတော်မှ မိန့်ဆိုခဲ့လေသည်။

## ဒေါက်တာဘွဲ့လက်မခံခဲ့

ထိုအဆိုနှင့်အညီပင် ယောဆရာတော်ဘုရားသည်လည်း ရှေးရှေးသော သူတော်ကောင်းကြီးတို့၏ လမ်းစဉ်အတိုင်း ကျင့်သုံးလိုက်နာပေတော့သည်။ ပထမရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းတုန်းမင်းကြီးမှ ဆက်ကပ်သော သာသနာပိုင်ဘွဲ့တံဆိပ်ကို လက်ခံတော်မမူဘဲ ကိုးတိုင်း ကိုးဌာန သာသနာပြုတာဝန်ကိုသာ ယူတော်မူခဲ့သည်။ ယောဆရာတော်ဘုရားကြီးသည်လည်းထိုင်းနိုင်ငံမဟာချူလာလောင်ကွန်တက္ကသိုလ်မှဂုဏ်ထူးဆောင် (Ph.D) ဒေါက်တာဘွဲ့ဆက်ကပ်လှူဒါန်းရန် စကားကမ်းလှမ်းခဲ့သော်လည်း လက်မခံဘဲငြင်းပယ်ခဲ့လေသည်။

## ကားအလှူကို ငြင်းဆန်ခဲ့

တစ်ချိန်က မြန်မာနိုင်ငံအစိုးရအား ဆိုဗီယက်ရုရှားအစိုးရက သေနတ်ပစ်ခံသည့် သံမဏိမော်တော်ကားနှစ်စီးကို လက်ဆောင်အဖြစ် ပို့ပေးလေသည်။ ဦးနုမှ အစိုးရကိုယ်စား ဆဋ္ဌသင်္ဂါယနာအောင်ပွဲ ကျင်းပသောအခါ သံမဏိမော်တော်ကားတစ်စီးကိုမင်းကွန်းဆရာတော်ဘုရားကြီးအားလှူဒါန်းလေသည်။ ဆရာတော်ကြီးသည် နိုင်ငံတော်အစိုးရ၏ သဒ္ဓါတရားကို ငဲ့သော

အားဖြင့် သင်္ဂါယနာအောင်ပွဲအတွင်း၌သာ အသုံးပြုပါသည်။ ပွဲပြီးဆုံးသော အခါ နိုင်ငံတော်အစိုးရပိုင်ကားပင် ဖြစ်စေခဲ့ပါသည်။ ဤနည်းအတူ ယော ဆရာတော်ဘုရားကြီးသည်လည်းကားတန်ဖိုးများမြင့်စဉ်အချိန်ကနိုင်ငံတော် မှ ဆရာတော်အား ကားပါမစ်များ လှူဒါန်းသော်လည်း လက်မခံခဲ့ပေ။ ဆရာတော်ကြီးအား ကြည်ညိုကြသော ဒါယကာများမှလည်း ဆရာတော် တရားဟောကြွရာသာသနာပြုကိစ္စများတွင်အသုံးပြုနိုင်ဖို့ရန်တန်ဖိုးကြီးကား များကို လှူဒါန်းဖို့ရန် လျှောက်ထားကြသော်လည်း လက်မခံခဲ့ပေ။ အတင်း အကျပ် လျှောက်ထားသောအခါမှ အလှူရှင်များ၏ သဒ္ဓါတရားကို ငဲ့ညှာသော အားဖြင့် ကျောင်းသံဃာများ ချမ်းသာစေရန် အလိုငှာ ဆွမ်းခံကားသာ စီမံပေး ပါဟု မိန့်တော်မူလေသည်။

## နိုင်ငံပြင်ပ အလည်မကြွ

မင်းကွန်းဆရာတော်ဘုရားကြီးအား နိုင်ငံရပ်ခြား တိုင်းပြည်များရှိ ဗုဒ္ဓ ဘာသာဝင်များကပင့်ဖိတ်ကြလေသည်။ ဆရာတော်ကြီးမှ "အမိမြေကိုစွန့်ခွာ ပြီး ဘယ်နိုင်ငံကိုမျှ ခေတ္တခဏဖြစ်စေ၊ မသွားချင်ပါဘူး" ဟူ၍ ငြင်းပယ်တော်မူ ခဲ့သည်။

ယောဆရာတော်ဘုရားကြီးသည်လည်း အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ စင်္ကာပူစသည့်နိုင်ငံရပ်ခြားများတွင်နေထိုင်ကြသောဗုဒ္ဓဘာသာဝင်များ၊နိုင်ငံ ခြားသားများမှဆရာတော်ကိုလာရောက်ပင့်ဖိတ်ကြ၏။ယောဆရာတော်ဘုရား သည် လက်ခံတော်မမူဘဲ ငြင်းပယ်ခဲ့လေသည်။

သို့သော်လည်း နိုင်ငံတော်အစီအစဉ်အရ ငြင်းပယ်၍ မရနိုင်ဘဲ ၁၉၇၇ ခုနှစ် မေလတွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ (ဇင်းမယ်မြို့) ၌ ပိဋကသုံးပုံ ပူဇော်ပွဲ ကျင်းပပွဲသို့ တိပိဋကဓရ ဆရာတော်သုံးပါးနှင့်အတူ ကြွရောက်ခဲ့ရလေသည်။

နောက်တစ်ဖန် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ၌လည်း တိပိဋက ယော ဆရာတော်ဘုရားသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာ တော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ၊ ဘဒ္ဒန္တ

ပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တဝဏ္ဏိတဆရာတော်တို့နှင့်အတူ လာအိုနိုင်ငံသို့ သာသနာရေးကိစ္စဖြင့် ကြွရောက်ခဲ့ရပြန်လေသည်။

**အကျိုးမများ ပူဇော်ပွဲများ**

အရှင်ဇနကာဘိဝံသသည် ဘွဲ့တံဆိပ်များရ၍ မိမိအားပူဇော်ပွဲများကျင်းပပေးသည်ကို နှစ်သက်ခြင်းမရှိ အားပေးခြင်းလည်း မရှိပေ။ အချိန်ကုန် လူပန်း၊ ငွေကြေးအကုန်အကျများလှသည်။ ထိုငွေတို့ဖြင့် လိုအပ်သောနေရာတို့၌သာ လှူဒါန်းမှုပြုခြင်းကိုသာ အားပေး၏။

ထို့အတူ ယောဆရာတော်ဘုရားသည်လည်း တိပိဋကရေဘွဲ့ရရှိသောအခါ ပူဇော်ပွဲများကျင်းပမည်ဟု လျှောက်ထားကြသော်လည်း နှစ်သက်အားပေးခြင်းမရှိ ငြင်းပယ်ခဲ့၏။

အရှင်ဇနကာဘိဝံသဆရာတော်ကြီးအမြဲသီတင်းသုံးရာကျောင်းလေးသည် သုံးခန်းပတ်လည်ကျောင်း အနိမ့်လေးဖြစ်၏။ နွေအခါ အပူချိန်လွန်ကဲ၍ မနေနိုင်သောအခါ ကျောင်းအမိုးပေါ်၌ ထန်းရွက်များဖြင့် ထပ်ဆင့် မိုးပေးရသည်။ ထိုသို့ ထန်းရွက်များဖြင့် မိုးပေးသော်လည်း အပူချိန်မြင့်နေသေးလျှင် ရေချိုးခန်းနှင့် တွဲ၍ထားသော ကုဋီအတွင်းသို့ပင် ဝင်ရောက်နေလေ့ရှိသည်။ ဆရာတော်ကြီးပျံလွန်တော်မမူမီရက်ပိုင်းအချိန်တွင်ဒကာမကြီးတစ်ယောက်မှ အအေးဒဏ်ခံနိုင်စေရန် အနွေးစက်လေးတစ်ခုကို တပ်ဆင်ပေးလေသည်။ ထိုအခါ ဆရာတော်မှ "အဲဒါဘာလဲ"ဟု မေးလေသည်။ "ဆရာတော် အေးမှာစိုး၍ နွေးအောင် ပြုပေးတဲ့ စက်ပါဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ ဆရာတော်မှ "မလိုပါဘူး။ နောင်လာနောက်သား ရဟန်းငယ်၊ သာမဏေငယ်များက ဘုန်းကြီးတွေ ကောင်းကောင်းမွန်မွန်နှင့် ဒီလို ခေတ်မီအသုံးအဆောင်များဖြင့် (ဇိမ်ခံ)နေကြခြင်းသည် ဘုန်းကြီးလောက၌ထုံးစံပဲဟုထင်မှတ်နေကြလိမ့်မည်။ ဒါကြောင့် ပြန်ယူသွားပါ"ဟု မိန့်တော်မူသည်။

**ဇိမ်ခံပစ္စည်း မလိုလား**

အရှင်ဇနကာဘိဝံသသည် မိမိကိုယ်ကို ချမ်းသာအောင် ကြံဆောင်၍ ဇိမ်ခံနေခြင်းဖြင့် ကိုယ်ကျင့်သီလများတိုးတက်အောင်ဖြည့်ကျင့်ဆည်းပူးရာ၌ အဟန့်အတားဖြစ်နိုင်သည်ဟု ယူဆရှိသာမက ဘုရားရှင်၏ အလိုတော်ကျ မြိုးခြံစွာ ကျင့်သုံးခြင်းဖြင့် သူတော်ကောင်းများနစ်မြို့ဖွယ်ရာ ဖြစ်ပေတော့သည်။

တစ်ခါက ယောဆရာတော်ဘုရားကြီး သီတင်းသုံးရာ ကျောင်းလေးကိုလည်း အလှူရှင်မှ အဲယားကွန်း (လေအေးပေးစက်) တစ်လုံး တပ်ဆင်ပေးလေသည်။ ဆရာတော်ကြီးသည် ခေတ္တခဏသာထားပြီး မကြာမီ ပြန်ဖြုတ်နိုင်းကာ အခြားနေရာတွင် တပ်ဆင်နိုင်းလေတော့သည်။

**မိဘဝတ္တရားကျေပွန်သူ**

မြတ်စွာဘုရားသည် မဟာသုတသောမဇာတ်တော်၌ မိဘဝတ္တရား ကျေပွန်သူ သားသမီးများမှာ သေရမှာကြောက်ဖို့ မလိုကြောင်းကို

**မာတာပိတာ စ မေ ဥပဋ္ဌိတာ၊**

**နာန သောစံ ပရလောကံ ဂန္တဝ္ဝံ ဟူ၍**

မိဘဝတ္တရား ကျေပွန်သူများသည် နောင်ဘဝကူးပြောင်းရာ၌ စိုးရိမ်စရာ မလိုကြောင်း၊ တမလွန်လောက နောက်ဘဝလမ်းမကြီး ဖြောင့်ဖြူးနေပြီ ဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။

ယောဆရာတော်ဘုရားသည် မိဘဝတ္တရား ကျေပွန်လှပေ၏။ ဆရာတော်သည် မိဘများအား ပြန်လည်၍ကျေးဇူးဆပ်နိုင်သည့်အချိန် ရောက်သောအခါ မိဘနှစ်ပါးအား နှစ်စဉ် လှူဒါန်းထောက်ပံ့ခဲ့သည်။ အေးချမ်းစွာ တရားဘာဝနာပွားများနိုင်အောင်လည်း အထူးဆောင်ရွက်ပေးခဲ့သည်။ ဖခင်ကြီးကွယ်လွန်သွားသောအခါ မယ်တော်ကြီး၊ ဦးလေးနှင့် ညီမ သီလရှင်ဆရာလေးတို့ကို ရန်ကုန်မြို့သို့ ခေါ်ယူ၍ သီးခြားနေအိမ်တိုက်ခန်းတွင်ထားပြီး အာမိသဓမ္မဖြင့် အနီးကပ်ကျေးဇူးဆပ်လေသည်။

## ကျေးဇူးအထူးသိတတ် ရဟန်းမြတ်

ယောဆရာတော်ဘုရားကြီးသည် မယ်တော်ကြီးဒေါ်တုတ်ခိုင်ကို ဦးလေးဖြစ်သူဦးမောင်သန်းနှင့်အတူ ရန်ကုန်မြို့သို့ခေါ်ဆောင်ကာ နေအိမ်တိုက်ခန်းပေးပြီး အာမိသ ဓမ္မနှစ်မျိုးတို့နှင့် အနီးကပ် ကျေးဇူးဆပ်တော်မူသည်။ မယ်တော်ကြီးအား တရားဘာဝနာအလုပ် အားထုတ်နိုင်ရန်နှင့် ကုသိုလ်ကောင်းမှု အလှူဒါနများ ပြုလုပ်နိုင်အောင် အထူးဆောင်ရွက်ပေးတော်မူသည်။

နေ့စဉ် လိုအပ်သော စားသောက်ဖွယ်ရာများ၊ ဆေးဝါး အသုံးအဆောင်များကိုလည်း ပေးကမ်းလှူဒါန်းကာ အထူးလိုအပ်လျှင် လိုအပ်သလို အချိန်အခါကိုကြည့်ပြီးဖြည့်ဆည်းပေးတော်မူသည်။ မယ်တော်ကြီးစိတ်ချမ်းသာစေဖို့ရန်အတွက် ဦးလေးဖြစ်သူ ဦးမောင်သန်း၊ နမဖြစ်သူ သီလရှင်၊ တူ တူမများကို ပါ ခေါ်စေ၍ အတူနေစေသည်။ မိသားစုအားလုံးအတွက် လိုအပ်သမျှကို ယောဆရာတော်မှ တာဝန်ယူထား၏။

မယ်တော်ကြီးအတွက် တစ်လလျှင် (၅) သိန်းကျပ်နှင့် လိုအပ်မည် ထင်သည့် ပစ္စည်းများကို ပေးကမ်းလှူဒါန်း၍ ကျေးဇူးဆပ်တော်မူ၏။ စားသောက်ဖွယ်ရာများကိုကား နေ့စဉ်မပြတ် လှူဒါန်းပေးပို့တော်မူသည်။

မယ်တော်ကြီးကို အနီးကပ်ပြုစုစောင့်ရှောက်နေသော သမီးသီလရှင် အား တစ်လလျှင် (၂) သိန်းကျပ်၊ ရွာ၌နေကြကုန်သော မယ်တော်ကြီး၏ သမီးများနှင့် မြေးများကို အလှည့်ကျစီခေါ်၍ မယ်တော်ကြီးအား ပြုစုခ တစ်လလျှင် (၃) သိန်းကျပ်ဖြင့် လစဉ် လစဉ် ပေးကမ်းစွန့်ကြဲတော်မူသည်။ မယ်တော်ကြီး စိတ်ချမ်းသာမှုဖြစ်စေရန်အတွက် သမီးများနှင့် မြေးများကို တစ်လတစ်ကြိမ် ခန့် အပြောင်းအလဲလုပ်ကာ လခများပေး၍ ခေါ်ထားခြင်း ဖြစ်၏။

မယ်တော်ကြီးသည် အသက် (၉၅) နှစ်ရှိပြီဖြစ်သော်လည်း နားအနည်း ငယ် လေးသည်ကလွဲ၍ ကျန်းမာရေးကောင်းမွန်နေဆဲ ဖြစ်၏။ ကုသိုလ်ကောင်းမှု တရားအလုပ်များပြုလုပ်အားထုတ်နိုင်ဆဲ ဖြစ်သည်။ မယ်တော်ကြီး ဒေါ်တုတ်ခိုင်သည် မိမိအား သားဖြစ်သူမှ လစဉ် (၅) သိန်းကျပ်ဖြင့် လှူဒါန်းသော နဝကမ္မများကို လိုအပ်သည့်နေရာများ၌ လှူဒါန်းစွန့်ကြဲလေသည်။

တစ်ချိန်က မယ်တော်ကြီးသည် ချောင်းဆိုရင်ကျပ်ဖြစ်၍ တစ်ညလုံး မအိပ်ရဟု သိရ၏။ မနက်မိုးလင်းသောအခါ သမီးဖြစ်သူ သီလရှင်အား ငွေ (၁၀) သိန်း အထုတ်ခိုင်းပြီး "ဆရာတော်ထံ ပို့ပေးပါ။ ဆရာတော်ထံ ငွေ (၁၀) သိန်း လှူဒါန်းချင်တယ်၊ အခု ပို့ပေးပါ" ဟု တစာစာ တောင်းဆိုနေ၍ သမီးဖြစ်သူ သီလရှင်မှ ယောဆရာတော်ထံ ပို့ပေးရလေတော့သည်။

ဆရာတော့်ထံမှောက်ရောက်သောအခါ "တပည့်တော်သေတော့မှာနဲ့ တူတယ် ဘုရား၊ အသေမဦးခင် ကုသိုလ်က လက်ဦးအောင်လို့ ဒီမှာ နဝကမ္မ (၁၀) သိန်းကျပ်ကို ကျောင်းတိုက် ပဒေသာပင်အတွက် လှူဒါန်းပါတယ် ဘုရား" ဟု ပင်ပန်းနွမ်းနယ်နေသည့်လေသံဖြင့် လျှောက်လေသည်။

ထိုအခါ ယောဆရာတော်မှ ပြုံးတော်မူ၍ "မသေသေးပါဘူး မယ်တော်ကြီး၊ စိတ်အားကို လျှော့မပစ်နဲ့။ တင်းထားပါဦး" ဟု မိန့်လေသည်။ မယ်တော်ကြီးသည် အသက် (၉၅) နှစ်ရှိပြီဖြစ်သော်လည်း သတိဉာဏ် ကောင်းသည်။ သူမ အရင်က သိထားဖူးသော လူများနှင့်တွေ့လျှင် နာမည်ကို တန်းခေါ်နိုင်သည်။ အချိန်ကို တန်ဖိုးထား၍ တရားဘာဝနာကို အချိန်ရှိသရွေ့ပွားများအား ထုတ်၏။

မယ်တော်ကြီးသည် မရဏာနဿတိကမ္မဋ္ဌာန်းကို များများအားထုတ်ဟန် တူသည်၊ နေထိုင်မကောင်းဖြစ်လာပြီဆိုလျှင် ကုသိုလ်လက်ဦးမှုရလေအောင် မိမိရှိသည့် ပစ္စည်းဝတ္ထုများကို ကျောင်းကန်ဘုရားသို့ လှူဒါန်းခိုင်းလေတော့၏။

တိပိဋက ယောဆရာတော်သည် မယ်တော်ကြီး ချမ်းချမ်းသာသာနှင့် တရားအားထုတ်နိုင်စေရန် ဘာမှလိုလေသေးမရှိအောင် အစွမ်းကုန် ကျေးဇူး ဆပ်တော်မူ၏။ မိဘကျေးဇူးကို သိတတ်သော၊ သိသည့်အားလျော်စွာ အထူး ကျေပွန်စွာ ကျေးဇူးဆပ်သော သားကောင်းသားမြတ်နှင့် တွေ့ဆုံရသော မယ်တော်ကြီးဒေါ်တုတ်ခိုင်သည် အထူးကံကောင်းလှပေတော့၏။

## ယောဆရာတော်ဘုရား၏ ပညာရေး၊ လူမှုရေးကုသိုလ်များ

ယောဆရာတော်ဘုရားသည် မိမိ၏ မိဘများကိုသာမက ဇာတိရပ်ရွာရှိ အသက် (၇၀) ကျော် အဘိုးအဘွားများနှင့် ဂိလာနများကိုလည်း ထောက်ပံ့ လှူဒါန်းခဲ့လေသည်။

## ဇာတိလက်ပံရွာ စောင့်ရှောက်တာ

ဇာတိလက်ပံရွာ၌လည်း စေတီတော်၊ နှစ်ထပ်ဘုန်းကြီးကျောင်းဆောင်၊ ဓမ္မာရုံ၊ တံတိုင်း၊ ရေတွင်းများ၊ စာကြည့်တိုက်၊ မီးစက်၊ ကျန်းမာရေးအတွက် လိုအပ်နေသည့် အခမဲ့ "တိပိဋက မေတ္တာဆေးကုဆောင်" (ဆေးရုံကြီးကို) သမားတော်များ၊ ဆရာဝန်၊ ဆရာမများ၊ ခေတ်မှန်စသည့် ကုသရေးအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာဖြင့် ကျပ်သိန်းပေါင်းတစ်သောင်းကျော် အကုန်အကျခံ၍ လူနာပေါင်းများစွာကို အခမဲ့ ကုသပေးလျက် ရှိသည်။

ဆေးရုံကြီးအတွက် ပဒေသာပင်များစိုက်ထူပြီး ဝန်ထမ်းအတွက် လစာများ၊ ဆေးဖိုးကုန်ကျစရိတ်၊ ဆေးရုံနှင့်ပတ်သက်သမျှ အားလုံးကိုလည်း ဆရာတော်ကြီးမှပင် တာဝန်ယူလှူဒါန်းထောက်ပံ့လျက်ရှိပါသည်။

ထို့ပြင် ဇာတိလက်ပံရွာနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများအတွက် လျှပ်စစ်မီးရရှိအောင် ကျပ်သိန်းပေါင်း ၄ ထောင်ကျော်နှင့် ကျေးရွာရှိမူလွန်ကျောင်းကိုလည်း အထက်တန်းကျောင်းခွဲအဖြစ် အဆင့်ဆင့်ရရှိအောင် ဆောင်ရွက်ပေးပြီး လိုအပ်နေသော စာသင်ဆောင်ကြီး နှစ်ဆောင်နှင့် သင်ထောက်ကူပစ္စည်းများကိုလည်း လှူဒါန်းပေးခဲ့သည်။

## ငယ်စဉ်ဘဝ မမေ့ရ

ယောဆရာတော်ဘုရားသည် မိမိကျောင်းသားဘဝ ပညာသင်ကြားခဲ့သော ကန်ရွာအထက်တန်းကျောင်း၌ လိုအပ်နေသော နှစ်ထပ်စာသင်ကျောင်းဆောင်၊ လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ တိုက်နယ်ဆေးရုံသစ်ကြီးနှင့် ကျောင်းခွဲများ၌ လိုအပ်နေသည့် ကျောင်းဆောင်များနှင့် အသုံး

အဆောင်ပစ္စည်းများကို သိန်းပေါင်းများစွာ စွန့်ကြဲလှူဒါန်းပေးခဲ့သည်။

ယောဆရာတော်ဘုရားသည် မိမိရှင်သာမဏေဘဝက ပညာသင်ကြားခဲ့ရာ ကန်တောရကျောင်းတိုက်၌ ပိဋကတ်တိုက်ကျောင်းဆောင်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း၌ လိုအပ်သည့် သိပ္ပါလယ (၄) ထပ် ဆွမ်းစားကျောင်းဆောင်တို့ကို ကျပ်သိန်းပေါင်း (၆၆၆) သိန်း မ,တည်လှူဒါန်းပေးခဲ့သည်။

## သာသနာအတွက် အားပေးလျက်

ကလေးမြို့မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ လိုအပ်နေသည့် ငွေရတု ဗိမာန်တော်ကြီးကို ကျပ်သိန်းပေါင်း (၅၀၀)၊ ကန်ရွာအနောက်ကျောင်း၌ ကျေးရွာရှင်စာချဆရာတော်ကြီးဘဒ္ဒန္တသာကိန္ဒ သီတင်းသုံးရာစိန်ရတုကျောင်းဆောင်ကို ကျပ်သိန်းပေါင်း (၁၅၀)၊ မြောက်ဒဂုံ ထေရဝါဒဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်၌ သိမ်ကျောင်းတော်အတွက် ကျပ်သိန်းပေါင်း (၂၀၀) ကျော်၊ ထေရဝါဒဓမ္မရတနာ သုံးထပ်သံဃာဆောင်အတွက် သိန်းပေါင်း (၅၀၀) ကျော် မ,တည်၍ လှူဒါန်းခဲ့သည်။

## ယောနယ် သာသနာရေး အစဉ်အားပေး

ရန်ကုန်မြို့၌ လိုအပ်နေသော ယောနယ်အသင်းဓမ္မာရုံအတွက် သိန်းပေါင်း (၅၀၀) ကို မ,တည်လှူဒါန်ပေးခဲ့သည်။ နှစ်စဉ်နှစ်တိုင်းလည်း မန္တလေးငါးမြို့နယ်၊ ပုသိမ်ကြီး၊ အမရပူရ ခုနစ်မြို့နယ်ရှိ ယောနယ်ဖွား စာအောင် သံဃာတော်များ၊ သီလရှင်များ၊ ရန်ကုန်တိုင်းအတွင်း ရောက်ရှိနေကြသော ယောနယ်ဖွား ရဟန်း၊ သာမဏေ၊ သီလရှင်များကို နှစ်စဉ် စာအောင်ဆုများ ချီးမြှင့်လှူဒါန်းပါသည်။ ယောဆရာတော်သည် ကျောင်းတိုက်အတွင်းနှင့် ကျောင်းတိုက်ခွဲများရှိ စာအောင်သံဃာများကိုလည်း အပတ်စဉ် စာမေးပွဲတိုင်း စာအောင်သံဃာများအား ဆုချီးမြှင့်လှူဒါန်းလျက်ရှိသည်။

## ကျေးဇူးသိတတ် ကျေးဇူးဆပ်

ယောဆရာတော်ဘုရားသည် မိမိ နေထိုင်ပညာသင်ကြားခဲ့သော မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာနချုပ်မဟာဝိသုဒ္ဓါရုံတိုက်သစ်နှစ်(၁၀၀) ပြည့်၊ ဂန္ဓဝေါမြို့နယ် ကန်တောရကျောင်းတိုက် နှစ် (၁၀၀) ပြည့်၊ မိမိပညာသင် ကြားခဲ့ရာဖြစ်သော မစိုးရိမ်တိုက်သစ် နှစ် (၁၀၀) ပြည့်၊ မိမိ၏ ကျေးဇူးရှင် ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်တည် ဆရာတော်ဘုရားကြီး၏ သက်တော် (၁၀၀) ပြည့်၊ ကျောင်းတိုက်တည်နှစ် (၅၀) ပြည့် ရွှေရတု၊ စုဒ္ဓသမ ရွှေကျင်သာ သနာပိုင် ဝါဆိုဆရာတော်ကြီး သက်တော် (၉၀) ပြည့်၊ ကျေးဇူးရှင်ဆရာတော် ဘဒ္ဒန္တသာကိန္ဒ၏ သက်တော် (၇၅) နှစ်ပြည့်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ကျေးဇူးရှင်ဆရာတော်ကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ သက်တော်(၇၅) နှစ်ပြည့်၊ကလေးမြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်(၂၅) နှစ်ပြည့်ငွေရတု နှင့် တောင်ဖီလာတောရ (၂၅) နှစ်ပြည့် ငွေရတု အထိမ်းအမှတ်ပွဲများ၌ ဆရာ တော်မှ ဦးဆောင်ကာ ကျပ်သိန်းပေါင်းများစွာ လှူဒါန်းခဲ့သည်။

မန္တလေးဝိသုဒ္ဓါရုံ ဂဏဝါစကနှင့် ကျောင်းဘုန်းကြီးများ၊ ဝိဇ္ဇာလင်္ကာရ ရွှေဘုန်းဝန်ကျောင်းတိုက်များမှ သံဃာတော်များအားလည်း နှစ်စဉ် ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုများ လှူဒါန်းခြင်း၊ မိမိကျောင်းတိုက်ရှိ စာချ ဘုန်းကြီးများကို လည်း အထူးချီးမြှောက်ပေးကမ်းခြင်း၊ စာသင်သားများအတွက် စားဝတ် နေရေး၊ ကျန်းမာရေး စာသင်သားသုံး စာအုပ်များ အားလုံးပြည့်စုံအောင် ထောက်ပံ့ပေးလျက် ရှိပါသည်။

## ငယ်ဆရာတော်အား ကျေးဇူးဆပ်

ယောဆရာတော်ဘုရားသည် သာမဏေဘဝက ပရိယတ္တိစာပေများ ကို အခြေခံမှစ၍ စနစ်တကျ ပိုင်နိုင်စွာ သင်ကြားပေးတော်မူပြီး ဂါထာ၊ လင်္ကာ စီကုံးနည်း၊ ရတုပိုဒ်စုံ ရေးနည်းတို့ကိုလည်း ကျကျနန ပိုင်ပိုင်နိုင်နိုင် သင်ပြပေး တော်မူသော ငယ်ဆရာရင်းဖြစ်တော်မူသော ဦးသာကိန္ဒ (သိရီပဝရ ဓမ္မာ စရိယ) ၏ သက်တော် (၇၅) နှစ်ပြည့် စိန်ရတုပွဲကို ကျေးဇူးဆပ်သောအားဖြင့်

သိန်းပေါင်းများစွာ အကုန်ကျခံကာ ထိုက်ထိုက်တန်တန် ပြုလုပ်လှူဒါန်းပေး ခဲ့လေသည်။ မိမိ၏ ဆရာသမား သီတင်းသုံးရန် စိန်ရတုကျောင်းဆောင်ကို လည်း ဆောက်လုပ်လှူဒါန်းတော်မူကာ ဆရာသမားထံသို့လည်း မကြာမကြာ သွားရောက်၍ ချီးမြှောက်ထောက်ပံ့တော်မူခဲ့၏။

## သက်န်းသက် နှစ် (၅၀) ပြည့် ရွှေရတုပွဲ

ယောဆရာတော်ဘုရားကြီးသည် မိမိ၏သက်န်းသက် နှစ် (၅၀) ပြည့် ရွှေရတုပွဲကို ရန်ကုန် မဟာဝိသုဒ္ဓါရုံတိုက်၌ တစ်ကြိမ်၊ မြောက်ဒဂုံ ကျောင်း တိုက်ခွဲ၌ တစ်ကြိမ်၊ ရွှေဥမင်ကျောင်းတိုက်၌ တစ်ကြိမ်၊ မန္တလေး ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်၌ တစ်ကြိမ်၊ ကလေးမြို့ မဟာဝိသုဒ္ဓါရုံ၌ တစ်ကြိမ်၊ ကလေးမြို့ တိပိဋကတောင်ဖီလာကျောင်း၌ တစ်ကြိမ်၊ ကန်တောရကျောင်းတိုက်၌ တစ် ကြိမ်၊ ဇာတိ လက်ပံရွာ၌ တစ်ကြိမ်၊ တစ်နှစ်တည်းဖြင့် (၈) ပွဲ (၈) နေရာ၌ သိန်း ပေါင်းများစွာ အကုန်အကျခံကာ သိန်းပေါင်းမြောက်မြားစွာ လှူဒါန်းတော်မူခဲ့ သည်။

## တိပိဋကဘွဲ့ရ (၂၅) နှစ်ပြည့် ငွေရတု

ယောဆရာတော်သည် မိမိ၏တိပိဋကဓရဘွဲ့ရ (၂၅) နှစ်ပြည့် ငွေရတု ကို ရန်ကုန် မဟာဝိသုဒ္ဓါရုံကျောင်း၊ မြောက်ဒဂုံ ဓမ္မရောင်ခြည်ကျောင်း၊ ရွှေဥမင်ကျောင်း၊တောင်ဖီလာကျောင်း၊ကန်တောရကျောင်းတို့၌တိပိဋကဓရ ဘွဲ့ရ (၂၅) နှစ်ပြည့် ငွေရတု၊ နှစ် (၃၀) ပြည့် ပုလဲရတုကို ၅ နေရာခွဲ၍ သိန်း ပေါင်းများစွာ အကုန်အကျခံကာ လှူဒါန်းတော်မူခဲ့လေသည်။

ထို့ပြင် ယောဆရာတော်ဘုရားကြီးသည် မိမိ၏မွေးနေ့ကို နှစ်စဉ် (၅) နေရာခွဲ၍ သိန်းပေါင်းများစွာ အကုန်အကျခံကာ အကြီးအကျယ်လှူဒါန်းမှု ပြု ခဲ့လေသည်။

## မယ်တော်၏ ပတ္တမြားရတု၊ နဝရတ်ရတုပွဲ

ယောဆရာတော်ဘုရားကြီးသည် မယ်တော်ကြီးအား ကျောင်းတိုက်အနီး၌ နေစရာတိုက်ခန်း စီစဉ်ပေးထားပြီး လစဉ် နဝကမ္မ (၅) သိန်းကျပ်နှင့် လိုအပ်ရာရာများကို နေ့စဉ်ထောက်ပံ့လှူဒါန်း ကျေးဇူးဆပ်ခဲ့လေသည်။

မယ်တော်ကြီး၏ အသက် (၈၀) ပြည့် ပတ္တမြားရတုပွဲ၊ အသက် (၉၀) ပြည့် နဝရတ်ရတုပွဲတို့ကိုလည်း သံဃာတော်များ၊ သီလရှင်များအား ပင့်၍ အကြီးအကျယ်ပြုလုပ် လှူဒါန်းပေးလေသည်။ မယ်တော်ကြီး၏ မွေးနေ့ကိုလည်း နှစ်စဉ် သိန်းပေါင်းများစွာ အကုန်အကျခံကာ ပြုလုပ်လှူဒါန်းပေးတော်မူခဲ့သည်။

## ကျောင်းတိုက်ခွဲများ လှူဒါန်း

ယောဆရာတော်ဘုရားကြီး၏ ကျောင်းတိုက်ခွဲများဖြစ်ကြသော ကလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် (၂၅) နှစ်ပြည့် ငွေရတုပွဲ၊ နှစ် (၃၀) ပြည့် ပုလဲရတုပွဲနှင့် တိပိဋကတောင်ဖီလာတောရစာသင်တိုက် (၂၅) နှစ်ပြည့် ငွေရတုပွဲတို့ကို သိန်းပေါင်းများစွာ စွန့်ကြဲလှူဒါန်းခဲ့လေသည်။

- ကလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်ကျောင်း၌ လိုအပ်နေသော ဓမ္မာရုံကြီးအတွက် သိန်း (၅၀၀)
- တိပိဋကတောင်ဖီလာတောရစာသင်တိုက်၌ လိုအပ်နေသော ဓမ္မာရုံကြီးအတွက် သိန်း (၅၀၀)
- ရန်ကုန်မြို့ ယောနယ်အသင်းအတွက် လိုအပ်နေသော ယောနယ် ဓမ္မာရုံအတွက် သိန်း (၅၀၀)
- မြောက်ဒဂုံ ထေရဝါဒဓမ္မရောင်ခြည်ကျောင်းတိုက် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် သိန်း (၇၀၀)
- ရွှေဥမင်ကျောင်းတိုက် အဆောက်အအုံအတွက် သိန်း (၂၀၀)

တို့ကို စွန့်ကြဲလှူဒါန်း ဒါနပါရမီ ဖြည့်တော်မူခဲ့သည်။

## ကလေးမြို့ မဟာဝိသုဒ္ဓါရုံအတွက် လှူဒါန်းခဲ့

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလတွင် ကလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တစ်တိုက်လုံး ရေမြုပ်၍ကျောင်းတိုက်ရှိပစ္စည်းအားလုံး ရွှံ့နွံများဖြင့် ရောထွေးနေ၍ အကုန်လုံး ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

စာချဘုန်းကြီးသုံးစာအုပ်များ၊ စာသင်သားသုံးစာအုပ်စာတမ်းများပါ တစ်ခုမကျန် ပျက်စီးဆုံးရှုံး၍ ယောဆရာတော်မှ စာချဘုန်းကြီးသုံး၊ စာသင်သားသုံး စာအုပ်စာတမ်း၊ စာရေးကိရိယာများနှင့် သက်နှီး စသော ပစ္စည်းမျိုးစုံတို့ကို လေယာဉ်ဖြင့် (၉) ခေါက်ဆက်တိုက် ပို့ဆောင်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း ပျက်စီးဆုံးရှုံးမှုများကို ပြုပြင်ဖို့ရန်အတွက် ကျပ်သိန်း (၁၀၀၀) နှင့် စာချဘုန်းကြီး (၇) ပါးတို့အား တစ်ပါးလျှင် (၈) သိန်းကျပ်စီ တစ်ကြိမ်တည်း လှူဒါန်းတော်မူခဲ့သည်။

## ယောဆရာတော်ဘုရားကြီး၏ တစ်နေ့တာလုပ်ငန်း

### နံနက်ချိန်မှ ဆရာ့ကိစ္စ

ယောဆရာတော်ဘုရားကြီး၏တစ်နေ့တာလုပ်ငန်းကိုနံနက်၃နာရီခွဲမှ စတင်လေသည်။ နံနက် ၃ နာရီခွဲတွင် ဆရာတော်သည် ကိုယ်လက်သန့်စင်ပြီး မိမိ၏ စံကျောင်းတော်မှာရှိသည့် မြတ်စွာဘုရားကို ဆီမီးပူဇော်ပြီး ဝတ်ပြု၏။ ဆရာတော်သည် ၃ နာရီခွဲအချိန် မိမိ၏ပြုကျင့်မြဲဝတ်ကို ဘယ်နေရာ ဘယ်ဒေသရောက်ရောက် ပျက်ကွက်လေ့ မရှိပေ။

နံနက် ၄ နာရီ ၁၅ မိနစ်အချိန်တွင် ကျောင်းတိုက်တစ်တိုက်လုံးရှိ သံဃာတော်များ စုပေါင်းဝတ်ပြုရာ ခန်းမဆောင်သို့ ကြွတော်မူပြီး ကြပ်မတ်စောင့်ရှောက်ခြင်း၊ ဩဝါဒပေးခြင်း၊ တရားရှုမှတ်စေခြင်းတို့ကို ဆောင်ရွက်တော်မူသည်။

နံနက် (၅) နာရီ ထိုးပြီးချိန် ဘုရားဝတ်တက်ဆောင်မှ ပြန်လည်ဆင်းကြွတော်မူချိန်တွင် ပြင်ပမှ အရက်ဆွမ်းပင့်ဖိတ်ထားသည့် အလှူရှင်များ၊ ကျောင်းတွင်း၌ အရက်ဆွမ်းကပ်လှူမည့် အလှူရှင်များသည် ဆရာတော် ကြွအလာကို တန်းစီပြီး စောင့်ဆိုင်းနေကြပေတော့သည်။

(၅) နာရီခွဲအချိန်တွင် အရုဏ်ဆွမ်းရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်လေသည်။ ဆရာတော်သည် တရားနာသူတစ်ဦးတည်းပင်ဖြစ်စေ၊ အများစုဖြစ်စေ တရားတော်ကို ၁ နာရီ အပြည့်အဝ စိတ်ပါလက်ပါ ဟောကြားချီးမြှင့်တော်မူပါသည်။

နံနက် (၇) နာရီအချိန်မှ (၉) နာရီအထိ ဆရာတော်အား ဖူးမြော်ကန်တော့လိုခြင်း၊ လှူဒါန်းလိုခြင်း၊ ပင့်ဖိတ်ခြင်း စသည့် ကိစ္စအသီးသီးတို့ဖြင့် လာရောက်ကြကုန်သော အလှူရှင်ပရိသတ်များကို လက်ခံတွေ့ဆုံပါသည်။

နံနက် (၉) နာရီမှ (၁၀) နာရီအထိ နေ့ဆွမ်းဆက်ကပ်သည့် အလှူရှင်များကို ဆရာတော်သည် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပါသည်။

## သူတစ်ပါးတာဝန် မပိုစေလို

နံနက် (၁၀) နာရီမှ (၁၀) နာရီခွဲ အချိန်သည် ဆရာတော် ရေသပ္ပာယ်တော်မူ၏။ ရေသပ္ပာယ်တော်မူတိုင်း မိမိ၏ သင်္ကန်း၊ မျက်နှာသုတ်ပဝါစသည့် အသုံးအဆောင်ပစ္စည်းများကို ကိုယ်တိုင်ဖွတ်လျှော်လေ့ ရှိသည်။ ဆပ်ပြာမှုန့်ကို မသုံး၊ ဆပ်ပြာတိုက်၍ သင်္ကန်းမဖွတ်စေရ။

## အတူတကွ ဆွမ်းမျှတ

နေ့လယ် (၁၀) နာရီ (၄၅) မိနစ်အချိန်တွင် ဆရာတော်သည် ကျောင်းတိုက်သံဃာများနှင့်အတူ ဆွမ်းစားကျောင်း၌ နေ့ဆွမ်းဘုဉ်းပေးတော်မူ၏။

## သူတော်ကောင်းတို့ ဒဏ်ပေးနည်း

နေ့လယ် (၁၂) နာရီထိုးသောအခါ နံနက်ခင်း ဘုရားဝတ်ပြုစဉ်တုန်းက တရားထိုင်ရင်း အိပ်ငိုက်မိတဲ့ ရဟန်း၊ သာမဏေများသည် ဆရာတော်၏ ရှေ့တော်မှောက်၌ နာရီဝက်တိတိ တရားထိုင်ကာ ဒဏ်ထမ်းရပါသည်။

နေသဗ္ဗိက ဓုတင်ဓရ

ဆရာတော်သည် နေ့လယ်နေ့ခင်းလည်း ကျိန်းစက်လေ့မရှိပေ။ တစ်ခါ တစ်ရံ ခန္ဓာကိုယ် ပင်ပန်းသောအခါ၌ကား ကုလားထိုင်၌ပင် ထိုင်၍ မျက်လုံး မှိတ်ပြီး တရားနှလုံးသွင်းနေလေ၏။

စာချတာဝန် နေ့စဉ်ယူ

နေ့လယ် (၁၂) နာရီ (၄၅) မိနစ်အချိန်တွင် ဓမ္မာစရိယစာဝါကို နေ့လယ် (၂) နာရီအထိ ပို့ချတော်မူပါသည်။

စာပေပြုစု နေ့စဉ်မှု

နေ့လယ် (၂) နာရီမှ ညနေ (၆) နာရီအချိန်မှာတော့ မိမိထံ လာရောက် သောအလှူရှင်များကို လက်ခံတွေ့ဆုံပါသည်။ ပရိသတ်ရှင်းလင်းပြီးအားလပ် ချိန်တွင် မိမိဟောထားသော တရားစာအုပ်များကို အချောပြင်ဆင်ပေးခြင်း၊ တိပိဋကဓမ္မလက်ဆောင် စာအုပ်များအတွက် ရေးသားခြင်း၊ ဓမ္မာစရိယ အလင်းပြ ကျမ်းပြုစုခြင်းတို့ကို ပြုတော်မူပါသည်။

ဘုရားဝတ်ပြု တရားရှု

ညနေ (၆) နာရီ (၁၅) မိနစ်တွင် သံဃာတော်များ ဘုရားဝတ်ပြုပြီးချိန် တွင် ဩဝါဒပေးတော်မူခြင်း၊ တရားရှုမှတ်စေခြင်း၊ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ နှင့် သာမဏေကျော် စသည့် အတန်းအသီးသီးအတွက် အပတ်စဉ်ပြန်စာများ ကို စာမျက်နှာ ခွဲဝေ၍ ညွှန်ကြားပေးခြင်းတို့ကို ဆရာတော်ကိုယ်တိုင် နေ့စဉ် ကြီးကြပ်စီမံပေးတော်မူပါသည်။

ညဘက်စာဝါ ပို့ချတာ

ည (၇) နာရီမှ (၇) နာရီခွဲ အချိန်အထိ ဓမ္မာစရိယ စာသင်သားများကို နည်း၊ ဥပစာ၊ သံဝဏ္ဏနာ၊ ဉာဉ်ကောက် စတာတွေကို ပို့ချပေးတော်မူပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

ညပုသ်နေ့များမှာတော့ (၇) နာရီမှ (၈) နာရီအထိ (၁) နာရီတိတိ ဩဝါဒပေး တော်မူသည်။

## ညဦးကာလ ဟောပြောကြွ

ယောဆရာတော်ဘုရားသည် ပင့်လျှောက်ထားသော ညတရားပွဲများ ရှိလျှင် (၇) နာရီအချိန်၌ ကြွတော်မူလေ့ရှိပါသည်။

## ရဟန်းကိစ္စ ချိန်ယူရ

ဆရာတော်ဘုရားသည် ညဘက်တရားပွဲရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ည (၉) နာရီမှ (၁၁) နာရီ အချိန်မှာတော့ တစ်နေ့တာလုံး ထမ်းဆောင် ခဲ့ရသည့် ဂန္ထဓုရကို ခေတ္တခဏ နားပြီး မိမိ၏ကိုယ်ပိုင်အလုပ်ကို ပြုလုပ်တော် မူသည်။

## အနားယူချိန် အိပ်စက်ချိန်

ည (၁၁) နာရီအချိန်မှာတော့ ညအိပ်ရာဝင်ချိန်အဖြစ် သတ်မှတ်ပြီး ကျောင်းဝင်းတံခါးပိတ်၊ မီးများမှိတ်ပြီး အနားယူ ကျိန်းစက်ရပါတော့သည်

## မေတ္တာဖြင့်သာ အုပ်ချုပ်ရာ

ဤသို့ဖြင့်မဟာဝိသုဒ္ဓါရုံကျောက်တိုက်ကြီးတွင်ယောဆရာတော်ဘုရား သည် သည်ပုံစံအတိုင်းပင် နေ့စဉ် လှုပ်ရှားလည်ပတ်နေပေတော့သည်။ ဆရာ တော်သည် တပည့်ပရိသတ်များကို အုပ်ချုပ်ရာ၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရား လေးပါးဖြင့် အုပ်ချုပ်တော်မူ၏။ ကြမ်းတမ်း သော စကားပြောဆိုခြင်းမရှိ၊ ဒေါသအမူအရာမပြ၊ မေတ္တာတရားဖြင့်သာ အုပ်ချုပ်လေသည်။ ထို့ကြောင့် ယောဆရာတော်ကို ဖူးမြင်ရသူတိုင်း တရားနာ ရသူတိုင်းစိတ်နှလုံးအေးချမ်းကြည်နူးသွားကြလေသည်။ဆရာတော်ကြီးသည်

မိမိနှင့်ဆက်ဆံသူအားလုံးတို့အား တရားနှင့် အမြန်တွေ့စေချင်သည်။ တရားစွမ်းအားဖြင့် ကိလေသာအပူများကို ငြိမ်းအေးစေချင်သည်။ ထို့ကြောင့် မေတ္တာတရားဖြင့် တရားရေအေးတိုက်ကျွေး ပေါကြားတော်မူလျက်ရှိ၏။

## အရေးကြီးဆုံးအချိန်

ယောဆရာတော်ဘုရားကြီးသည် အချိန်တိုင်း အရေးကြီးသည်၊ ကုန်လွန်သွားသောအချိန်ကို ဘယ်တော့မှ အစားပြန်မရ၊ သာသနာနှင့်တွေ့ခိုက် ကုသိုလ်အနှစ်ကို ထုတ်ယူဖို့ အမြဲမိန့်တော်မူသည်။ ဆရာတော်သည် ပစ္စုပ္ပန်အချိန် လုပ်ဆဲအလုပ်၊ တွေ့ဆဲပုဂ္ဂိုလ်ကိုသာ အရေးအကြီးဆုံးဟု နလုံးသွင်းတော်မူ၏။

## သာသနာကြုံလတ် အကောင်းဆုံးလာဘ်

ဆရာတော်ဘုရားကြီး၏ အမှတ်တရ ဩဝါဒမှာ လောကအတွင်း ကြုံကြိုက်တိုက်ဆိုင်မှု ဟူသမျှထဲတွင် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးနှင့် တိုက်ဆိုင်မှုသည် တုနှိုင်းမရ၊ အထက်တန်းကျ မြင့်မြတ်လှတဲ့ အကောင်းဆုံးအခွင့်အရေး လာဘ်ကြီးဖြစ်ကြောင်း။

ဗုဒ္ဓမြတ်စွာသာသနာတော်နဲ့တွေ့ဆုံခွင့်ရဖို့ဆိုတာအတိတ်ကကောင်းမှုကုသိုလ်တရားများစွာဖြင့် ရင်းနှီးခဲ့ရသလို ပစ္စုပ္ပန်မှာလည်း သဒ္ဓါမေတ္တာ ပညာစွမ်းအားကို ခိုင်မာစွာ မတည်ပေးရကြောင်း။

ဗုဒ္ဓသာသနာနှင့် ကောင်းကောင်းတွေ့ကြုံရသူဟာ လူ့ရဲ့ မှန်ကန်တဲ့လုပ်ပိုင်ခွင့်နဲ့ ကောင်းမွန်တဲ့ ခံစားခွင့်အားလုံးကို စိတ်ကြိုက်ရယူနိုင်ကြောင်း။ သာသနာ့အခွင့်အရေးနဲ့ တန်ဖိုးကို လောကရှိ မည်သည့်အရာဝတ္ထုနှင့်မျှ တိုင်းတာသတ်မှတ်ကန့်သတ်၍ မရနိုင်ပါဟု အနှိုင်းမဲ့လာဘ်ကြီးနှင့် တင်စားကာ ဩဝါဒပေးတော်မူ၏။

**မဟာဝိသုဒ္ဓါရုံတိုက်ရှိ သံဃာတော်များ၏ တစ်နေ့တာလုပ်ငန်း**

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ရှိ ရဟန်းသံဃာအားလုံးတို့သည် မနက် (၄) နာရီ အိပ်ရာမှထကြရပါသည်။ မနက် (၄) နာရီ (၁၅) မိနစ်မှ (၅) နာရီ အထိ ဘုရားဝတ်တက်ကျောင်းထဲ၌စုပေါင်းဝတ်တက်၊ ပစ္စဝေက္ခဏာဆင်ခြင်၊ မေတ္တာပို့ကြရပါသည်။

နံနက် (၅) နာရီခန့်တွင်အရုဏ်ဆွမ်းခံရန်အတွက်တန်းဆွမ်းထွက်ကြရ ပါသည်။ ဝိသုဒ္ဓါရုံတိုက်တွင် တစ်ပတ်ကို အင်္ဂါနေ့နှင့် သောကြာနေ့ (၂) ရက် နားပြီး ငါးရက်သာ တန်းဆွမ်းခံထွက်ကြရပါသည်။

ဆွမ်းခံပြန်ရောက်ပြီး ၆ နာရီ ၁၅ မိနစ် လောက်ဆိုလျှင် သံဃာများ စု ပေါင်း မေတ္တာပို့ပြီး အရုဏ်ဆွမ်းစားကြရပါသည်။

မနက် (၇) နာရီမှ (၈) နာရီအထိ စာပေပို့ချသင်ယူပြရပါသည်။

မနက် (၈) နာရီမှ (၈) နာရီခွဲအထိ ကျောင်းတွင်းကျောင်းပြင် သန့်ရှင်း ရေး ဝေယျာဝစ္စ ဆောင်ရွက်ကြရပါသည်။

မနက် ၈ နာရီခွဲမှ ၉ နာရီ ၄၅ အထိ မိမိတို့ဆိုင်ရာ စာဝါများကို ပို့ချ သင် ယူကြရပါသည်။ ဤအချိန်သည် အခြားကျောင်းတိုက်များ၌ နေ့ဆွမ်းခံထွက် ချိန်ဖြစ်သည်။ ဆရာတော်မှ သံဃာတော်များ စာကျက်ချိန်ပိုရလေအောင် နေ့ ဆွမ်းခံမထွက်ရဘဲ ကျောင်းတိုက်မှ တာဝန်ယူဆောင်ရွက်ပေးလေသည်။

နံနက် ၉ နာရီ ၄၅ မိနစ်မှ ၁၀ နာရီခွဲအထိ တစ်ကိုယ်ရေ သန့်ရှင်းရေး အတွက် ရေချိုး၊ သင်္ကန်းများ ဖွတ်လျှော်ကြသည်။

နံနက် ၁၀ နာရီခွဲအချိန်တွင် သံဃာတော်အားလုံး သိမ်ကျောင်းထဲသို့ စုပေါင်းကြွရောက်ပြီး သံဃာများစုံလျှင် မေတ္တာသုတ်ပရိတ်တရားကို ရွတ်ပွား ကြရပါသည်။ ထိုသို့ မေတ္တာသုတ်ရွတ်ပွားပြီး ဆွမ်းစားတုံးခေါက်လျှင် သပိတ် ကိုယ်စီလွယ်၍ ဆွမ်းစားကျောင်းသို့ တန်းစီကြွရောက်ပြီး ဆွမ်းဘုဉ်းပေးကြ သည်။ ဆွမ်းစားရာ၌လည်း တစ်ဝိုင်းခြောက်ပါး အစဉ်အတိုင်း ထိုင်ကြရပြီး ဖွန်းသံ၊ ပန်းကန်သံမမြည်စေဘဲတိတ်ဆိတ်ငြိမ်သက်စွာ ဆွမ်းဘုဉ်းပေးကြ၏။ မိမိတို့၏သပိတ်ထဲ ကုန်နိုင်ရုံလောက်သာ ထည့်ပြီး ဘုဉ်းပေးရ၏။ ပိုလျှံနေတာ တွေ့ရင် ဒဏ်ပေးခံရ၏။

နေ့လယ် ၁၁ နာရီခွဲမှ ၁၂ နာရီ ၄၅ မိနစ်အထိ ခေတ္တအနားယူချိန် ဖြစ်ပါသည်။

နေ့လယ် ၁၂ နာရီ ၄၅ မိနစ်မှ ၃ နာရီ တစ်ကြိမ်၊ ၄ နာရီ ၄၅ တစ်ကြိမ် တစ်နာရီခြား စာပေပရိယတ္တိပညာများ သင်ကြားပို့ချရပါသည်။ စာဝါမရှိသော ရက်များတွင် စာအံကျောင်းတက်ကြရပါသည်။

ည ၆ နာရီ ၁၅ မိနစ်မှ ၇ နာရီအထိ ဘုရားဝတ်တက်ကြရပါသည်။ ဂုဏ်တော်ပွားများ၊ ပရိတ်ရွတ်၊ မေတ္တာပို့၊ ဆရာတော်၏ ဩဝါဒနာယူပြီး အချိန်ပိုင်း တရားမှတ်ကြရပါသည်။

ည ၇ နာရီ ၁၅ မိနစ်မှ ၉ နာရီအထိ စာအံကျောင်း၌ စုပေါင်း၍ မိမိတို့ အတန်းဆိုင်ရာ ကျက်မှတ်ပြီးသော စာများကို မမေ့ပျောက်ရအောင် ပြန်ဆိုကြရပါသည်။

ည ၉ နာရီ ၁၅ မိနစ်မှ ၁၀ နာရီအထိ မိမိတို့ အတန်းဆိုင်ရာ အဘိဓမ္မာ၊ ညဝါများကို ကျေညက်အောင် သုံးပါး တစ်စုပေါင်း၍ ရွတ်ဆိုကြပါသည်။

ည ၁၀ နာရီမှ ၁၁ နာရီအထိ မိမိတို့ အတန်းဆိုင်ရာများတွင် ပါဝင်သော ခက်ခဲသည့် အဓိပ္ပာယ်များကို ကြည့်ရှုလေ့လာကျက်မှတ်ကြရလေသည်။

ည ၁၁ နာရီတိတိတွင် ကျောင်းတိုက်၏ တစ်နေ့တာလုပ်ငန်းများ ပြီးဆုံးပြီး ကျိန်းစက်အနားယူကြချိန်ဖြစ်ပါတော့သည်။

ဤသို့ဖြင့် ရန်ကုန်မြို့ ဗဟန်း၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကြီး၏ တစ်နေ့တာလုပ်ငန်းစဉ်များ ဖြစ်ပေတော့သည်။

## ယောဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းများ

ယောဆရာတော်ဘုရားကြီးသည် ပထမ ငါးနှစ်၊ ဒုတိယ ငါးနှစ် သက်တမ်း ကာလပတ်လုံး ဝိနည်းဓိုရ်တာဝန်

- ၁၃၄၆ ခုနှစ်မှစ၍ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်တာဝန် (၁၀)နှစ်
- တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ

- နိကာယ်သာသနာတော်ထွန်းကားရေးအသင်း ဩဝါဒါစရိယ
- ဓမ္မသာကစ္ဆာအဖွဲ့ ဩဝါဒါစရိယ
- တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်း ဩဝါဒါစရိယ
- ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေစေတီတော်တို့၌ ဂေါပကအဖွဲ့ ဩဝါဒါစရိယ
- အဘိဓမ္မာပြန့်ပွားရေးအသင်း ဩဝါဒါစရိယ
- ဓမ္မဗျူဟာ သာသနာ့မာမကအဖွဲ့ ဩဝါဒါစရိယ
- အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ဩဝါဒါစရိယ
- မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ ဩဝါဒါစရိယ
- ရန်ကုန်မြို့နယ်လုံးဆိုင်ရာပရိယတ္တိသာသနာနုဂ္ဂဟာဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ
- မြတ်မင်္ဂလာနှင့် ဇမ္ဗူရတနာ စာစောင်တို့၏ နာယက
- ရန်ကုန် - မန္တလေး ယောနယ်အသင်း၏ ဩဝါဒါစရိယ
- မိုးကုတ်မြို့နိကာယ်သာသနာတော် ကြီးပွားရေးအသင်း၏ ဩဝါဒါစရိယ
- နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးချက်အရ မိုးကုတ်ဝိပဿနာ ဝိနိစ္ဆယတာဝန်
- ယခုအခါ ဘိက္ခုနီမများရှိသင့်၊ မရှိသင့် အဆုံးအဖြတ်ပေးရသည့် ဘိက္ခုနီ ဝိနိစ္ဆယတာဝန်တို့ကို နိုင်ငံတော်သီးခြား ဝိနည်းမှုရုံးအဖြစ် တာဝန်
- သိမ်ရောယှက်မှု အဆုံးအဖြတ်၊ သီမာသင်္ကရ ဝိနိစ္ဆယစာတမ်းနှင့် ဝိပတ္တိသီမာဒိဝိနိစ္ဆယစာတမ်းတို့ကိုလည်းကျေပွန်အောင်ဆုံးဖြတ်ရေးသားပေးခဲ့ခြင်းစသည့် သာသနာပြုလုပ်ငန်းများကို ထမ်းဆောင်လျက် ရှိပေသည်။

ယောဆရာတော်ဘုရားသည် ဤမျှ များပြားလှသော တာဝန်များကို အမည်ခံသက်သက်မျှသာမဟုတ်ဘဲ တာဝန်ဝတ္တရားများကို ထက်သန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။

## ဝိနိစ္ဆယတာဝန်ကျ

တိပိဋကယောဆရာတော်ဘုရားသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးချက်အရ မိုးကုတ်ဝိပဿနာဆိုင်ရာ အဆုံးအဖြတ်ပေးရသည့် မိုးကုတ်ဝိနိစ္ဆယတာဝန်၊

ယခုမျက်မှောက်ကာလ၌ ဘိက္ခုနီ(ရဟန်းမ) ရှိသင့်/မရှိသင့် အဆုံးအဖြတ်ပေးရသည့် ဘိက္ခုနီဝိနိစ္ဆယတာဝန်တို့ကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်တာဝန်၊

သီမာသက်ရဝိနိစ္ဆယ (သိမ်ရောယှက်မှု အဆုံးအဖြတ်) စာတမ်းနှင့် နိုင်ငံတော်သံဃမဟာနာယကတာဝန် စသည်တို့ကို ကျေပွန်စွာ ဆုံးဖြတ် ရေးသားပေးတော်မူခဲ့သည်။

## ယောဆရာတော်၏ ပင်ကိုစရိုက်

ယောဆရာတော်ဘုရားကြီး၏ အရပ်တော်မှာ ငါးပေခွဲခန့် မလျော့၊ ပြည့်ဖြိုးသောခန္ဓာကိုယ်ရှိပြီး အသားအရေမှာ ဖြူဝါဝင်း၏။ ဆရာတော်သည် ကျန်းစက်ချိန်နည်းပါးပြီး သာသနာတော်အတွက် အကျိုးဖြစ်ထွန်းလျှင် မိမိ၏ ခန္ဓာကိုယ်ကိုပင် ငဲ့ညှာတော်မူလေ့မရှိဘဲ ပင့်လျှောက်ရာသို့ ကိုယ်တိုင်ကြွရောက်ချီးမြှောက်လေ့ရှိသည်။ စိတ်သဘောထားမှာလည်း ကောက်ကျစ်စဉ်းလဲခြင်းမရှိ၊ အစအဆုံး ဖြောင့်စင်း၏။ ဆရာတော်၏မျက်နှာတော်သည် ဖူးမြင်ကြည်ညိုရသူတို့၏ စိတ်နှလုံးကိုအားရရွှင်လန်းစေတော့၏။ ဆရာတော်သည် ဝိနည်းသိက္ခာပုဒ်များကို သိသည့်အချိန်မှစ၍ မချွတ်ယွင်းရလေအောင် ကျင့်ကြံအားထုတ်တော်မူ၏။ ပရိယတ္တိစာသင်တိုက်ကြီးများကိုလည်း နေရာအနှံ့ တိုးတက်ဖြစ်ထွန်းစေလိုသောစိတ်ဆန္ဒရှိတော်မူလေသည်၊ ဆရာတော်သည် တရားဟောချိန် စာချချိန်မှလွဲလျှင် ကျန်သောအချိန်များ၌ မိမိသီတင်းသုံးရာ ကျောင်းသခ်မ်းလေးတွင် မတ်တတ်ရပ်ဖြင့် စာပေကျမ်းဂန်များကို ရေးသားတော်မူ၏။

**စာပေကျမ်းဂန် လမ်းအမှန်**

တိပိဋကယောဆရာတော်ဘုရားသည် လူကြီးလူငယ်အားလုံး ဘဝ အသုံးချအသိဉာဏ်ရလေအောင် ဖတ်ရှုလေ့လာနိုင်ရေးအတွက် ဗုဒ္ဓတရား တော်များကို သာမန်လူများ နားလည်နိုင်သည့် မြန်မာစကားအသုံးအနှုန်းများ ဖြင့် ရေးသားပြီး ဓမ္မလက်ဆောင် စာအုပ်ငယ်အမျိုးပေါင်း (၁၀၀) ကျော်တို့ကို သိန်းပေါင်းမြောက်မြားစွာ အကုန်အကျခံ၍ အကြိမ်ပေါင်းမြောက်မြားစွာ ရိုက် နှိပ်ပြီး အခမဲ့ ဖြန့်ဝေလှူဒါန်းတော်မူသည်။

ယောဆရာတော်၏ တရားပွဲများ ညစဉ်ဆိုသလိုရှိနေ၍ တရားနာ ပရိသတ်အခြေအနေကို မေးမြန်းကာ စာအုပ်ရေ ၅၀၀ မှ ၁၀၀၀ စသည်ဖြင့် မိမိတရားပွဲသို့ လာရောက်ကြသော တရားနာပရိသတ်များကို တရားပွဲရှိတိုင်း အခမဲ့ဝေငှလှူဒါန်းတော်မူသည်။

ကျောင်းတိုက်အတွင်း၌လည်း အရက်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ကြ သော အလှူရှင်များ နေ့စဉ်ရှိနေ၍ ဖိတ်ကြားထားသော ဧည့်သည်များနှင့် အလှူရှင်များကိုလည်း လှူဒါန်းတော်မူသည်။ ထို့ပြင် ဆရာတော်အား လာ ရောက်ဖူးမြင်ကြသော ပုဂ္ဂိုလ်များကိုလည်း တရားစာအုပ်များ စွန့်ကြဲလေ၏။

ဆရာတော်၏ အသံသွင်းတရားခွေ အမြောက်အမြားကိုလည်း ကူးပွား ပြီး လာသမျှသော ပရိသတ်များအား အခမဲ့ဖြန့်ဝေလှူဒါန်းတော်မူသည်။

ဓမ္မာစရိယစာသင်သားများအတွက် "ဓမ္မာစရိယ လမ်းပြကျမ်း" အမှတ် (၁) ကိုလည်း ရေးသားရိုက်နှိပ် ဖြန့်ဝေပေးတော်မူသည်။ အမှတ် (၂) နှင့် (၃) ကိုလည်း မကြာမီ ဖြန့်ဝေပေးတော်မူမည် ဖြစ်သည်။ "တရားလက်ာပဒေသာ" အမှတ် (၁) ကိုလည်း ရေးသားရိုက်နှိပ်ဖြန့်ဝေပြီး ဖြစ်၏။ အမှတ် (၂) ကိုလည်း မကြာခင် ဖြန့်ဝေပေးတော့မည် ဖြစ်သည်။

**ထုတ်ဝေခဲ့ပြီးသော ဓမ္မလက်ဆောင်စာအုပ်များ**

ယောဆရာတော်ဘုရားကြီး ရေးသားထုတ်ဝေခဲ့ပြီးသော ဓမ္မလက် ဆောင် စာအုပ်ငယ်များမှာ -

# တိပိဋကဓရ ယောဆရာတော်ဘုရားကြီး

၁။ စိတ်ထိန်းကိရိယာ
၂။ ဘဝလမ်းညွှန်
၃။ သာဓုလေးပါး မြတ်တရား
၄။ အပေါင်းလက္ခဏာ
၅။ အနှစ်ထုတ်ယူ စွမ်းတဲ့လူ
၆။ ကံကိုထိန်းချုပ် စက်ခလုတ်
၇။ စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့်
၈။ ကိုယ့်လမ်းကိုယ်လျှောက် ကောင်းရာရောက်
၉။ အချိန်တန်ဖိုး လူ့တန်ခိုး
၁၀။ ဘဝတစ်ကွေ့ ခဏတွေ့
၁၁။ ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်
၁၂။ တရားအသိ လူ့မျက်စိ
၁၃။ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်
၁၄။ နှလုံးသားဝယ် ဘုရားတည်
၁၅။ အေးမြရွှင်ပြုံး လူ့နှလုံး
၁၆။ လူ၏စွမ်းအား မြတ်တရား
၁၇။ ကိုယ့်ကိုယ်ကိုယ်ချစ် လူ့အစစ်
၁၈။ အသိမှန်ကန် ကိုယ့်ဖို့ကျန်
၁၉။ တရားကျေးဇူး စွမ်းရည်ထူး
၂၀။ သူ့ကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက်
၂၁။ ကျန်းမာရွှင်လန်း မေတ္တာစွမ်း
၂၂။ မေတ္တာလက်တွဲ ရာပြည့်ပွဲ
၂၃။ ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်
၂၄။ ဘဝဝေစု မြတ်ကောင်းမှု
၂၅။ တရားဆောင်သူ စိတ်မပူ
၂၆။ အား

ဆုပြည့်စုံထွန်းစာပေ

၂၇။ ယော
၂၈။ မွေးနေ့မင်္ဂလာ ရတနာ
၂၉။ ၄၅ နှစ် တရားသက်
၃၀။ နှစ်လေးဆယ့်ငါး တရားအချုပ်
၃၁။ လူ့အလှဆုံး စိန်တစ်လုံး
၃၂။ မေတ္တာနှလုံးအလှဆုံး
၃၃။ မေတ္တာလွှမ်းခြုံ ဘေးရန်လုံ
၃၄။ အလှူကျေးဇူး စွမ်းရည်ထူး
၃၅။ နှုတ်ဆက်မင်္ဂလာ
၃၆။ မေတ္တာတရား လူ့စွမ်းအား
၃၇။ အကုန်အရ လူ့ဘဝ
၃၈။ မီးသတိပြု
၃၉။ မေတ္တာကျေးဇူး စွမ်းရည်ထူး
၄၀။ ၄၅ ဝါ သာသနာ
၄၁။ လူ့အား
၄၂။ လူ၏စွမ်းအား ပတ္တမြား
၄၃။ စိတ်ကောင်းထားက မိတ်ကောင်းရ
၄၄။ အချစ်ဆုံးဆွေမျိုး
၄၅။ ၄၅ နှစ် ရဟန်းသက်
၄၆။ ဧည့်သည်
၄၇။ စိတ်အေးစရာ သာသနာ
၄၈။ တစ်ခါလာလည်း ဒါပါပဲ
၄၉။ လူ့ဘဝထဲ စာမေးပွဲ
၅၀။ ခန္ဓာကိုယ်ထဲ ဘောလုံးပွဲ
၅၁။ ဘဝတစ်ခေါက် ခြောက်ဆယ့်ခြောက်
၅၂။ ယနေ့အလုပ် ယနေ့လုပ်

၅၃။ အဘိဓမ္မာ သိစရာ

၅၄။ ဝိသုဒ္ဓါရုံ ခွင့်ခါကြုံကြိုက် စာသင်တိုက်

၅၅။ ဓာတ်

၅၆။ ဘဝကိုဆောင် အလင်းရောင်

၅၇။ လူသားမေတ္တာ ဤကမ္ဘာ

၅၈။ ဆရာ့ကျေးဇူး စွမ်းရည်ထူး

၅၉။ သတိကိုင်စွဲ နှုတ်ဆက်ပွဲ

၆၀။ ဦးကောသလ္လတစ်ဘဝ ပေါ်ရတောင်ဖီလာ

၆၁။ သတိမေတ္တာ သူငါစုပေါင်း အကုန်ကောင်း

၆၂။ ယခုအလုပ် ယခုလုပ်

၆၃။ ဒီအတိုင်းပါပဲ

၆၄။ သုံးဖြာမြတ်စွာ ရတနာ

၆၅။ ချစ်ခင်ညီညာ ပေါင်းတာမှန်မှ ငြိမ်းချမ်းရ

၆၆။ ဒီတစ်ခါလည်း ဒီအတိုင်း

၆၇။ ပေါင်းတာမှန်မှ ကောင်းတာရ

၆၈။ ခဏငှားထား ၄ ဘီးကား

၆၉။ ကိုယ့်ဟာနဲ့သာ ကိုယ်နေပါ

၇၀။ ကိုယ့်ဟာကိုသာ ရွေးယူပါ

၇၁။ နေကောင်းရဲ့လား

၇၂။ အသိဆန်းကြွယ် အနှစ်ကြွယ်

၇၃။ မေတ္တာအစွမ်း စိတ်အေးချမ်း

၇၄။ အများအကြိုက် လူမိုက်တစ်ယောက် ပန်းတိုင်ရောက်

၇၅။ မိခင်စိတ်ထား မေတ္တာအား

၇၆။ သူဦးကိုယ်ဦး သုံးမွှာပူး

၇၇။ ကိုယ့်ဟာကိုယ်ယူ စွမ်းတဲ့လူ

၇၈။ ပစ္စည်းတန်ဖိုး လူ့တန်ခိုး

၇၉။ ကိုယ့်ဂုဏ်ကိုယ်ပြု ကောင်းတာစု

၈၀။ ဆွေမျိုးကိုရှာ ကိုယ့်ဆီမှာတွေ့

၈၁။ အသီးတစ်ရာ အညှာတစ်ခု

၈၂။ ကိုယ့်ကိုယ်ကိုယ်ကယ် မိသေးတယ်

၈၃။ အသိမှန်ကန် အဖိုးတန်

၈၄။ ဆရာဒကာ သာသနာ

၈၅။ အသက်ကြီးရင် အဖော်လိုတယ်

၈၆။ နှစ်ကူးမင်္ဂလာဖိတ်ကြားလွှာ

၈၇။ ဘဝထဲမှာ ကောင်းတာရှာ

၈၈။ ပစ္စည်းအလှ ဘဝတန်ဆာ ရတနာ

၈၉။ မေတ္တာပညာ ပဒေသာ

၉၀။ ကိုယ့်ကိုယ်ကိုယ်ဖြည့် သူ့ကိုကြည့်

၉၁။ ငွေနှင့်ပုလဲ ကုသိုလ်ပွဲ

၉၂။ အချိန်ရှိခိုက် လှံ့လစိုက်

၉၃။ ရက်လည်လလည် နှစ်ပတ်လည်

၉၄။ နေ့စဉ်ဆင်နွှဲ လှူ့အောင်ပွဲ

၉၅။ မကောင်းမှုရှင်း ကောင်းမှုသွင်း စိတ်ရင်းဖြူစင်စေ

၉၆။ ပစ္စည်းအလှ ကိုးဌာန

၉၇။ ကိုယ့်ဟာကိုယ်စု အမြန်လု

၉၈။ လူတစ်ယောက်တည်း ကား ၆ စီး

၉၉။ မြန်မာစိတ်ထား စပေါင်းအား

၁၀၀။ ကုသိုလ်စပေါင်း လက် (၁၀) ချောင်း

၁၀၁။ မေတ္တာစုပေါင်း လက် (၅) ခု၊ ကောင်းမှုရေစက်ချ

၁၀၂။ မေတ္တာကိုသွင်း တံတားခင်း

၁၀၃။ လူကြီးလုပ်ငန်း ကမ္ဘာ့ဌာန်း

## အချိန်ပြည့် အလုပ်လုပ်

ယောဆရာတော်ဘုရားကြီးသည် အချိန်ကို အထူးတန်ဖိုးထားတော်မူသည်။ အချိန်ကို အလေအလွင့်လုံးဝမရှိစေဘဲ ကုသိုလ်အလုပ်၊ တရားအလုပ်၊ စာပေအလုပ်တို့ဖြင့်သာ အချိန်ကို ကုန်လွန်စေ၏။ ယောဆရာတော်ကြီးသည် စာဖတ်လျှင် ဖတ်၊ စာမဖတ်လျှင် စာရေး၊ စာချ၊ တရားဟော၊ တရားနလုံးသွင်း၊ လှူစရာတန်းစရာများပြင်ဆင်စသော အလုပ်များဖြင့်သာ တစ်နေ့တာ အချိန်ကို ကုန်လွန်စေသည်။

တပည့်သံဃာများအား နေ့စဉ် လှူဒါန်းနေရ၍ နေ့စဉ်လှူဖို့ ပြင်ဆင်နေရခြင်း ဖြစ်၏။ ဆရာတော်ဘုရားကြီးသည် အချိန်ကို တန်ဖိုးထားသောကြောင့် ရဟန်း ရှင် လူများနှင့် အရောတဝင် ရင်းရင်းနှီးနှီး ဆက်ဆံနေထိုင်လေ့ မရှိ။ မိမိထံ ရောက်လာကြသော အာဂန္တုဧည့်သည်များကိုလည်း အချိန်ကြာကြာ လက်ခံ၍ စကားပြောလေ့မရှိ။ စကားကို လိုအပ်မှသာ ပြောသည်။ လိုရင်းတိုရှင်းသာ ပြောဆို၍ "ကဲ ကောင်းပြီဗျာ" ဟု မိန့်တော်မူ၏။ ထို "ကဲ ကောင်းပြီဗျာ" ဟူသည် "ကဲ သွားတော့" ဟု ဆိုလိုက်ခြင်းပင် ဖြစ်၏။

ယောဆရာတော်ဘုရားကြီးသည် အချိန်ကို အပြည့်အဝ အသုံးချတော်မူသည်။ ခရီးဝေးကြွသောအခါ၌ အချိန်ကို တန်ဖိုးထား၍ ကားပေါ်၊ လေယာဉ်ပေါ်တို့တွင် စာရေး၊ စာဖတ်၊ တရားနလုံးသွင်းခြင်းအလုပ်ကို လုပ်တော်မူသည်။ ယောဆရာတော်၏ ဘဝတစ်သက်တွင် မေ့မေ့ပျောက်ပျောက် သတိလက်လွတ်၍ အချိန်ကို ကုန်လွန်စေခဲ့သည့်ရက်ဟူ၍ တစ်ရက်မျှ မရှိခဲ့ပေ။

❀

# အခန်း [ ၈ ]

# ဆရာတော်ကြီးများ သက်သတ်လွတ်ဘုဉ်းပေးခဲ့ပုံ

**ယောဆရာတော်နှင့် သက်သတ်လွတ်**

အရှင်သီရိန္ဒာဘိဝံသည် ၁၃၃၇ ခုနှစ်၊ သက်တော် (၃၃) နှစ်အရွယ်မှစ၍ မိမိ၏ကျန်းမာရေးကို အကြောင်းပြုပြီး အသက်သတ်လွတ်ဘုဉ်းပေးခဲ့သည်။ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ပြီး (၈) နှစ်ကတည်းက ယနေ့တိုင်ပင် ဖြစ်လေသည်။

အရှင်သီရိန္ဒာဘိဝံသသည်အသား၊ငါးများရှောင်ကြဉ်ပြီးအသက်သတ်လွတ်ပဲ ဘုဉ်းပေးသုံးဆောင်ခြင်းကြောင့် အရင်က ခံစားနေရသောရောဂါအချို့ လုံးဝပျောက်ကင်းသွားသည်ဟု ဆို၏။ ယောဆရာတော်၏ သက်သတ်လွတ် အစဉ်အမြဲ ဘုဉ်းပေးခြင်းမှာ မိမိ၏ကျန်းမာရေးအတွက်ကြောင့်သာ ဖြစ်သည်။ အကျင့်ထူးကြီးတစ်ခုအဖြစ် ကျင့်နေခြင်း မဟုတ်ပေ။ ဤသို့ သက်သတ်လွတ် ဘုဉ်းပေးခြင်းကြောင့် ဆရာတော်သည် စိတ်အစဉ် ကြည်လင်လန်းဆန်းပြီး သွေးသားများ စင်ကြယ်ကာ ကျန်းမာရေးအတွက်လည်း များစွာအထောက် အကူပြုသည်ဟုလည်း မိန့်တော်မူ၏။

ယောဆရာတော်ဘုရားသည် မိမိ၏ သက်သတ်လွတ်ဘုဉ်းပေးခြင်းကြောင့်ရရှိသောအကျိုးကျေးဇူးများကိုအကြောင်းပြုပြီးတစ်ချိန်ကဆရာတော်ထံလာရောက်ဦးချသောဦးကိုကိုမြိုင်(တက္ကသိုလ်သျှင်သီရိ)အားဒကာကြီး၏ရုပ်က ကြမ်းသည်၊ သက်သတ်လွတ် စားကြည့်ပါလားဟု မိန့်လေသည်။ ဆရာတော်၏မေတ္တာစေတနာအပြည့်ဖြင့်ဩဝါဒပေးသည်ကိုလိုက်နာဖို့ရာဆုံးဖြတ်ခဲ့လေတော့၏။ ထိုစဉ်အချိန်က ၂၀၀၃ ခုနှစ် သာသနာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးအဖြစ်ဖြင့် အငြိမ်းစားယူပြီးကတည်းက အသက်သတ်လွတ်စားခဲ့ရာ ယနေ့အထိပင် ဖြစ်၏။ ထိုသူသည် ငယ်စဉ်ကပင် ယားနာ၊ ရေယုံနာ၊ နင်းခူနာများမှာ မကြာခဏဆိုသလို ဖြစ်ပေါ်တတ်၏။ ဆေးဝါးများနှင့် ကုသသော်လည်းခဏသာသက်သာပြီးလုံးဝအရှင်းမပျောက်ပေ။သက်သတ်လွတ်စားပြီးကတည်းက အနာရောဂါများလည်း ကင်းပျောက်ပြီး အသားအရေလည်း ကောင်းလာသည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံ၌ ထင်ရှားသော ဆရာတော်ကြီးများသည်လည်း မိမိတို့၏ ခံယူချက် အယူအဆတို့ဖြင့် သက်သတ်လွတ် ဘုဉ်းပေးတော်မူကြကုန်၏။

## ဆွမ်းအဖြူသက်သက်သာ ဘုဉ်းပေးခဲ့

ယောဆရာတော်ဘုရားကြီး သက်သတ်လွတ်ဘုဉ်းပေးသည်ဟု မသိကြကုန်သော အချို့သော ဒကာ ဒကာမများသည် ယောဆရာတော်ဘုရားကြီးကို ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လှူဒါန်းရာတွင် အသီးအရွက်မပါ၊ သားငါးမျိုးစုံတို့ဖြင့် စားပွဲဝိုင်းအပြည့် ဆွမ်းဆက်ကပ်လေ၏။ ထိုအခါ ယောဆရာတော်သည် ဘာမှ တစ်စုံတစ်ရာ အမိန့်ရှိတော်မမူဘဲ ဆွမ်းပန်းကန်ထဲသို့ ထည့်ထားသော ဆွမ်းဖြူသက်သက်ကိုသာ ကုန်အောင် ဘုဉ်းပေးတော်မူလိုက်သည်၊ ဤဖြစ်ရပ်မျိုးမှာ မကြာခဏဆိုသလို ကြုံရတတ်သည်ဟု အနီးနေသံဃာများထံမှ သိရလေ၏။

## ကုသိုလ်ကြောင့် အကုသိုလ်မဖြစ်စေချင်

ယောဆရာတော်ဘုရားကြီးသည် ဒကာ ဒကာမများက ပင့်ဖိတ်၍ ဆွမ်းစားကြွတော်မူရာ၌ ဆွမ်းဘုဉ်းပေးတော်မူစဉ် ဆွမ်းဟင်းပန်းကန်ထဲ၌ ဆံပင်ချည်များ တွေ့ရလေသောအခါ ဖယ်ရှားပစ်တော်မမူဘဲ ဘေးကနေ ကြည်ညို နေကြသော ဒကာ ဒကာမများ မမြင်အောင် ဆွမ်းဖြင့် လုံးထွေးကာ ဘုဉ်းပေးတော်မူခဲ့လေသည်။ အကြောင်းမှာ ထိုဆံပင်မွေးများကို ဖယ်ရှားနေလျှင် ဘေးကနေ ကြည့်ပြီး ကြည်ညိုနေကြသော ဒကာ ဒကာမများ တွေ့မြင်သွားပါက သူ့အပြစ်တင်၊ ကိုယ့်အပြစ်တင်နှင့် တစ်ဦးနှင့်တစ်ဦး ပြစ်တင်ဝေဖန်ကာ ကုသိုလ်ကြောင့် အကုသိုလ်စိတ်များ ဖြစ်သွားမည်ကို စိုးရိမ်မိကြောင်း၊ ဤဆံပင်မွေးကို ဆွမ်းဖြင့် လုံးထွေးမျိုချလိုက်လို့ ငါသည် ဘာမှဖြစ်မသွားနိုင်ကြောင်း၊ အရင်ကလည်း မကြာမကြာ မျိုချခဲ့ဖူးကြောင်း ယောဆရာတော်ကိုယ်တိုင် မိန့်ကြားတော်မူခဲ့ဖူးလေသည်။

## အရှင်ဇနကာဘိဝံသနှင့် သက်သတ်လွတ်

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသသည် ရှေးယခင်က သက်သတ်လွတ် ဘုဉ်းပေးခြင်း မရှိခဲ့ပေ။

၁၃၃၃ ခုနှစ်တွင်မိမိ၏ကျောင်းတိုက်ထဲ၌သံဃာတော်အပေါင်း(၄၀၀) ခန့် ရှိလာသည့်အခါ တပည့်များစွာတို့၏ စားဝတ်နေရေးအတွက် ကြောင့်ကြစိုက်လာရတော့သည်။ ထို့ကြောင့်ဆရာတော်ကြီးသည်သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ၏ အကူအညီကို ရယူလို၏။ ထိုနတ်ကောင်းနတ်မြတ်များသည် သာသနာတော်ကိုလည်း ကြည်ညိုပြီး အသားစားခြင်းကိုလည်း ရှောင်ကြဉ်ကြသည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာအဖွင့် သုတ်ပါထေယျ အဋ္ဌကထာ အာဋာနာဋိယသုတ်အဖွင့်တို့ကိုထောက်ပြီးသက်သတ်လွတ်စားသူများကိုနတ်ကောင်းနတ်မြတ်များက နစ်သက်သဘောကျစောင့်ရှောက်သည်ဟူသော အယူအဆကို လက်ခံပြီး သက်သတ်လွတ်စားသုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။

## တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ၏ သက်သတ်လွတ်အယူအဆ

ဘုန်းတော်ကြီး၏သက်သတ်လွတ်စားရခြင်းအကြောင်းမှာသတ္တဝါများကိုသနားကြင်နာခြင်း၊သတ္တဝါမှန်သမျှသေဘေးကိုကြောက်လန့်သည့်အတွက်လူသားများကအနိုင်အထက်ဖမ်းဆီးသတ်ဖြတ်ကြသောအခါကြောက်လန့်ပြီးရုန်းကြ၊အော်ဟစ်မြည်တမ်းကြ၏။သက်ရှိသတ္တဝါအချင်းချင်းဤကဲ့သို့သနားစရာဖြစ်နေပုံကိုမြင်တွေ့နေရပါလျက်ချမ်းသာခွင့်မပေးကြဘဲသူတို့၏အသွေးအသားကိုစားချင်စိတ်ဖြင့်အတင်းအဓမ္မသတ်ဖြတ်ကြသောကြောင့်ရုန်းကန်အော်ဟစ်မြည်တမ်းရင်း သေကြရရှာ၏။

ဤကဲ့သို့ ကိုယ်ချင်းစာနာမှု ကင်းမဲ့စွာဖြင့် သတ်ဖြတ်မှုများကို မကြား၊ မမြင်၊ မတွေ့ချင်ပေ။ အသားဟင်း မှန်သမျှ သက်ရှိသတ္တဝါများကို သတ်ဖြတ်ပြီးမှ စားကြရခြင်းဖြစ်သည်။ သည်အဖြစ်ကို ဘုန်းကြီးအနေဖြင့် မမြင်မတွေ့ မကြားချင်သောကြောင့်တိရစ္ဆာန်အသားတွေကိုမစားခြင်းဖြစ်သည်ဟုဆို၏။

## ဘုန်းတော်ကြီး ဦးသီလနှင့် သက်သတ်လွတ်အယူအဆ

တစ်ခါက သဒ္ဓါတရားထက်သန်စွာဖြင့် သာသနာ့ဘောင်သို့ဝင်ရောက်လာသောရဟန်းတော်တစ်ပါးသည် ဘုန်းတော်ကြီးထံသို့ အဖူးမြော်ရောက်လာ၏။ ထိုရဟန်းတော်မှ တပည့်တော်သည် ဘုန်းတော်ကြီးနှင့်အတူနေပြီး တရားအားထုတ်ချင်ပါသည်ဘုရား၊ဘုန်းတော်ကြီးကဲ့သို့ပင်သက်သတ်လွတ်အကျင့်လည်းအမြဲစားပါမည်ဘုရားဟုလျှောက်ထားလေတော့သည်။ထိုအခါဘုန်းတော်ကြီးမှ ရဟန်းတော်အား "ဦးပဥ္စင်း ရဟန်းသိက္ခာ ဘယ်နဝါရှိပြီလဲ" "နှစ်ဝါရှိပါပြီဘုရား"ဟု ဆိုရာ ဦးပဥ္စင်းငယ်ပါသေးသည်။ စာပေကျမ်းဂန်များတတ်မြောက်အောင် သင်ကြားပါ။ စာပေပရိယတ္တိ သင်ကြားတတ်မြောက်ပြီး (၁၀) ဝါလောက်ရပါမှ တရားအားထုတ်ပါ။ ဘုန်းကြီးအခုလို သက်သတ်လွတ်စားနေခြင်းဟာ ကုသိုလ်ဖြစ် ကျင့်သည် မထင်ပါနှင့်။ သွားနာသက်သာလို့ မိန့်တော်မူ၏။

မြတ်စွာဘုရားရှင်သည်သက်သတ်လွတ်စားသုံးခြင်းကိုမပိတ်ပင်သလို စားဖို့ရန်လည်း အားပေးခွင့်ပြုခြင်း မရှိပေ။ အစာအာဟာရ၌ တပ်မက်သော တဏှာကို ပယ်သတ်ရန်သာ ဖြစ်လေသည်။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းဖို့ရန် ကျင့်ကြံအားထုတ်ရာ၌ သက်သတ်လွတ်အကျင့်ကို ကျင့်လိုက ကျင့်သုံးနိုင်သလို မကျင့်လိုကလည်း မကျင့်သုံးဘဲ မိမိတို့၏ သဘောဆန္ဒအတိုင်းဖြစ်လေတော့သည်။

ဘုရားရှင်၏ အလိုတော်ကျ စားသုံးခြင်းသည် အသားစားသည်၊ မစားသည်နှင့် မဆိုင်ပေ၊ အစာအာဟာရအပေါ်၌ တွယ်တာ တပ်မက်မှုတဏှာ လောဘမရှိရန်သာ လိုရင်းဖြစ်ပေသည်။

**အတွေးအခေါ်ကြောင်း**

ဤကဲ့သို့သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီးကို မိမိလို ဘာမှမဟုတ်သော သူတစ်ယောက်မှ ဆရာတော်ကြီး ထေရုပ္ပတ္တိကို ရေးသားပြီး လူတိုင်းကို ဖတ်ကြပါ၊ မှတ်ကြပါဟု မပြောသော်လည်း ပြောဘိသကဲ့သို့ ဖြစ်နေပုံကို မိမိငယ်စဉ်က အတန်းကျောင်း၌ သင်ခဲ့ရဖူးသော ယောအတွင်းဝန် ဦးဖိုးလှိုင်ကို မြင်းထိန်းတောမှ အလှူ့အသုဘရှိရာ လူစည်ကားသည့်နေရာရောက်တိုင်း ဦးဘိုးလှိုင်၏ဂုဏ်ပုဒ်များကို ချီးကျူးစကားပြောကြားနေပုံနှင့် တူနေပြီလားဟု စိတ်ထဲ မလုံမလဲ ဖြစ်မိ၏။

ဦးဘိုးလှိုင်အား တောမှ ချီးမွမ်းပြောဆိုသော စကားတို့မှာ "သူငယ်ချင်းတို့ ယောအတွင်းဝန်ရေးတဲ့ (ဝိမုတ္တိရသကျမ်း၊ ကာယာနုပဿနာကျမ်း၊ ဥတုဘောဇနကျမ်း)များကို ကြည့်ကြပါကွယ်၊ ဝိမုတ္တိရသကျမ်းမှာ ဆိုထားလိုက်တာ ဘာပြောကောင်းမလဲ၊ မိန်းမတွေ အနူဘယ်နခွေရှိတယ်၊ ယောက်ျားများ အနူဘယ်နခွေရှိတယ်ဆိုတာ မှတ်သားစရာချည်းပဲ။ ဥတုဘောဇနကျမ်းမှာ ဆိုရင်လည်း အစားအသောက်အမျိုးမျိုး၊ ရေချိုးနည်း၊ နံ့သာလိမ်းနည်း စုံနေတာပဲ။အသက်ရှည်ဆေးပေါ့ကွယ်။အဲဒီကျမ်းတွေကိုရှာဖွေပြီးဖတ်ဖြစ်အောင်

ဖတ်ကြကွယ့်"ဟု တောဆိုသူမှ နေရာအနှံ့ပြောနေသည်ကို ယောအတွင်းဝန် ဦးဘိုးလှိုင်၏ စာရေးတစ်ယောက်မှ ဦးဘိုးလှိုင်အား လျှောက်တင်တော့၏။ ထိုအခါ ဦးဘိုးလှိုင်မှ ဘယ်က တောလဲဟု မေးရာ လက်ဝဲရကြောင်း ဗိုလ်မင်း အိမ်က တောပါဟု ပြောလျှင် ထိုသူကို သွားခေါ်စမ်းဟု အခေါ်ခိုင်းလိုက်လေ တော့သည်။ တောရောက်လာသောအခါ ဦးဘိုးလှိုင်မှ တောဆိုတာ မင်းလား၊ မောင်မင်းကငါရေးတဲ့ကျမ်းတွေကိုဖတ်ကြဖို့လူတွေတိုင်းပြောနေတယ်ဆိုဟု မေးလေရာ တောကလည်း ဟုတ်မှန်ကြောင်းဆို၏။ မောင်မင်းက လူတွေကို ဘယ်ကျမ်းတွေကိုများဖတ်ဖို့တိုက်တွန်းနေရသလဲဟုဆိုရာ ဝိမုတ္တိရသကျမ်း၊ ကာယာနုပဿနာကျမ်း၊ ဥတုဘောဇနကျမ်းဆိုသည့် ကျမ်းများကို ဖတ်ဖို့ တိုက်တွန်းသည်ဟု ပြန်ပြောသည်။ ထိုအခါ ဦးဘိုးလှိုင်မှ အဲဒီကျမ်းတွေကို သင်ကိုယ်တိုင်ရော ဖတ်ဖူးသလားဟုဆိုရာ ကျွန်တော်မျိုး မဖတ်ဖူး၊ မမြင်ဖူးပါ ကြောင်း၊ သူများ ပြောသံကြားလို့ တိုက်တွန်းရခြင်းဖြစ်ကြောင်း ပြောဆိုရာ ဦးဘိုးလှိုင်သည် တောအား ဒေါင်းဒင်္ဂါး (၁၆) ကျပ် ထုတ်ပေးပြီး ထိုငွေနှင့် ပုဆိုး ဝယ်ဝတ်၊ နောင်အခါ ငါရေးတဲ့ကျမ်းတွေကို လူတွေတိုင်း မချီးမွမ်း၊ ဖတ်ရှုဖို့ မတိုက်တွန်းလေနှင့် ဟု ဆိုရာ တောလည်း အဓိပ္ပာယ်ကို နားမလည်၍ ဘာ ကြောင့်လဲဟု ထပ်မေး၏။ ထိုအခါ ဦးဘိုးလှိုင်မှ မောင်မင်းမှ စာမတတ်ဘဲ ငါ ရေးတဲ့စာတွေကို ချီးမွမ်းနေရင် ငါ့ကို သတ်တာနှင့် တူသောကြောင့်ဟု ဆိုလေ တော့၏။

သို့သော်လည်း တောနှင့်စာရင်တော့ မိမိသည် အနည်းငယ်သာသည် ဟု ဆိုရပေတော့မည်။ ဘာကြောင့်လဲဆိုလျှင် ယောဆရာတော်ဘုရားကြီးကို မမြင်ဖူး၊ မတွေ့ဖူး ငယ်စဉ်ကျောင်းသူဘဝကတည်းမှ ယောဆရာတော်၏ ဓမ္မပုံပြင်ဆိုသည့် တရားတော်များကို ဖတ်ရှုရသည်မှစ၍ ဆရာတော်ကြီး အား တန်ဖိုးထားလေးစားမြတ်နိုးခဲ့ရပြီး မိမိ၏ ဘဝ၊ အတွေးအခေါ် အယူအဆ အကျင့်စရိုက်များလည်း ပြောင်းလဲခဲ့ရပေတော့သည်။

## အနှစ်သက်ဆုံးသော တရားတော်

ငယ်စဉ်ကလေးဘဝကတည်းက ပုံပြင်၊ ကာတွန်း၊ ဝတ္ထု၊ ဆောင်းပါး စသည်တို့ကို ဖတ်ရှုရာ၌ ဝါသနာပါ၏။ တစ်ခါတစ်ရံ မိမိကြိုက်နှစ်သက်သော ဝတ္ထုများကို ဖတ်ရှုရာ ထမင်းမေ့၊ ဟင်းမေ့ပင် ဖြစ်၏။

မှတ်မှတ်ရရ ထိုတစ်နေ့ကား မိမိ (၁၀) တန်းကျောင်းသားဘဝတုန်းက နေ့လယ်ခင်း အားလပ်ချိန် ကျောင်းစာကြည့်ခန်းထဲသို့သွားပြီး အမှတ်မထင် မြတ်မင်္ဂလာစာအုပ်လေးကို ဖတ်ကြည့်ရာမှ ယောဆရာတော်၏ ဓမ္မပုံပြင်၊ ရေးသူ (တော်ဝင်နွယ်) တရားခေါင်းစဉ် "ဝေသာလီသူ မယဉ်ချော" ဆိုသည့် ဓမ္မပုံပြင်လေးပင်ဖြစ်သည်။ မိမိသည် ထိုတရားတော်ကို အစမှအဆုံး အခေါက်ခေါက်ဖတ်ပြီး အလွန်သဘောကျ နှစ်ခြိုက်သောကြောင့် ဗလာစာအုပ်ထဲတွင် ပင် ကူးရေးထားပေတော့၏။

ထိုအချိန်မှစ၍ အခြားစာအုပ်များကို အာရုံမထားတော့ဘဲ ယောဆရာတော်၏ ဓမ္မပုံပြင်ပါသော စာအုပ်ကိုသာ ရွေးချယ်ပြီး ဖတ်ဖြစ်၏။

## ဝေသာလီသူ မယဉ်ချော

ယောဆရာတော်ဘုရားသည် လောကလူသားတို့မှာ ဖို့ (၃) ဖို့ ရှိသည်။

(၁) မြေကျွေးဖို့

(၂) ထိုက်သူသုံးဖို့

(၃) ကိုယ်ပိုင်ရဖို့ ဟူ၍ ဖြစ်၏။

(၁) မြေကျွေးဖို့

မိမိတို့လက်ရှိရထားသောခန္ဓာကိုအရင်းအနှီးထားပြီးကုသိုလ်ကောင်းမှု တရားများ တိုးပွားအောင် မကြိုးစားဘဲ ခန္ဓာကိုယ်ကြီးကို ကျွေးမွေးရုံသာ ကျွေးမွေးနေပြီး သေလွန်သည့်အခါ မြေကြီးကျွေးဖို့ပင် ဖြစ်သည်။

(၂) ထိုက်သူသုံးဖို့

ခန္ဓာက တာဝန်ပေး၍ မနေမနားပစ္စည်းဥစ္စာရှာဖွေစုဆောင်းပြီး မသုံးရက်၊ မစွဲရက်ဘဲ သေလွန်သည့်အခါ ထိုက်သူသုံးဖို့သာ ဖြစ်ပေတော့သည်။

(၃) ကိုယ်ပိုင်ရဖို့

ရရှိပိုင်ဆိုင်ထားသော ခန္ဓာကိုယ်ကြီးကို အရင်းအနှီးပြု၍ ကောင်းမှု ကုသိုလ်တရားများကို စိတ်အားထက်သန်စွာ ပြုလုပ်ဆောင်ရွက်မှသာ ကိုယ်ပိုင်ရဖို့ပင် ဖြစ်သည်။

လောက လူအများစုသည် ငွေကြေးအဆင်မပြေ၊ အချိန်မပေးနိုင်၊ အိမ်ထောင်မှုတာဝန်တွေများပြား၍ကောင်းမှုကုသိုလ်မလုပ်နိုင်သေးပါဟုဆင်ခြင်ပေးတတ်ကြသူများအတွက်ယောဆရာတော်သည် "ဝေသာလီသူမယဉ်ချော" ကို နမူနာထား၍ ဟောဖော်ညွှန်ကြားသည့် တရားတော်ပင် ဖြစ်သည်။

ဘုရားရှင်လက်ထက်က ဝေသာလီမြို့မှာ အမျိုးသမီးတစ်ဦးရှိခဲ့ဖူး၏။ ထိုအမျိုးသမီးလေးသည် မိကောင်း၊ ဖကောင်း၊ ဆွေကောင်း၊ မျိုးကောင်းတွေနှင့်အတူ နေခွင့်ရခဲ့တာဖြစ်လို့ ကလေးဘဝကတည်းကစပြီး မိဘဘိုးဘွားတွေထံမှ တရားအမွေအနှစ်ကောင်းကောင်း ရခဲ့ပါတယ်။ ရတနာသုံးပါးကို ဦးထိပ်ထားကာ စိတ်ကောင်း၊ စေတနာကောင်းထားတတ်ပြီး ကောင်းမှုကုသိုလ်တရားများကို အကွက်စေ့အောင် လုပ်တတ်တယ်။

မိဘဆိုတာ သားသမီးကိုပစ္စည်းအမွေပေးရုံနဲ့ တာဝန်မကျေပေ။တရားအမွေပါ ပေးနိုင်မှ တာဝန်ကျေမှာပါ။

အခု ဝေသာလီမြို့သူကလေးကတော့ တရားအမွေကောင်းကောင်းရခဲ့သူ ပင်ကိုရုပ်ရည်က လှပချောမောသူဖြစ်တဲ့အပြင် အပြောအဆို၊ ကိုယ်အမူအရာစိတ်နေစိတ်ထားကပါယဉ်ကျေးသိမ်မွေ့သူကလေးဖြစ်လို့လူနဲ့နာမည်နဲ့ လိုက်အောင် "မယဉ်ချော" လို့ အမည်ပေးထားသတဲ့။

မိဘတွေကလည်း ချမ်းလည်းချမ်းသာ၊ အမျိုးကလည်း အင်မတန်မှ မြင့်မြတ်လှပေမဲ့ စိတ်ရော၊ ရုပ်ရော ချောမောလှပတဲ့ ငယ်ရွယ်သူ မယဉ်ချော ကလေးကတော့ ဘယ်လောက် ဘဝအဆင့်အတန်းတွေမြင့်နေပါစေအောက် ခြေလွတ်မသွားဘူးတဲ့။

မယဉ်ချောရဲ့ အမြင်ကတော့ "ဒါတွေဟာ အငှားတွေပါ၊ မိမိအပိုင် မဟုတ်ဘူး၊ အပိုင်ဖြစ်တဲ့ တရားကိုသာ ငယ်စဉ်ကတည်းက ကြိုးစားထားမှ ဖြစ်မယ်" ဟု မြင်အောင်ကြည့်တတ်ပါတယ်။

တရားအသိတွေကို ငယ်စဉ်ကတည်းက ရတယ်၊ တတိယအရွယ်ရောက်မှ တရားအလုပ်လုပ်မယ်လို့ မရေမရာ လမ်းစဉ်နောက် မလိုက်ဘူးတဲ့။ တတိယအရွယ်အထိ နေရပါမယ်လို့ ငါ့ကို ဘယ်သူကမှ အာမခံနိုင်ကြတာမဟုတ်ဘူး။ အမေတို့ အဖေတို့ကလည်း တာဝန်ယူနိုင်ကြမှာမဟုတ်၊ ဆွေမျိုးတွေကလည်း တတ်နိုင်ကြမည် မဟုတ်ပေ။ ဒါကြောင့် ငါဟာ အိုမှ တရားဘာဝနာအလုပ်လုပ်မယ်ဆိုတဲ့ မရေရာတဲ့ လမ်းစဉ်နောက် ငါလိုက်လို့ မဖြစ်ဘူး။ ခန္ဓာကိုယ်ဆိုတာသုံးလို့ဖြစ်တုန်းသုံးထားမှဟုပထမအရွယ်ငယ်ငယ်ကတည်းက ရတနာသုံးပါး ဦးထိပ်ထားလို့ ကုသိုလ်တရားများကို ရသလောက် ကြိုးစားအားထုတ်တဲ့ အမျိုးသမီးလေးပါ။

မယဉ်ချောလေးအရွယ်ရောက်လာတော့မိဘများကအမျိုးတူ၊အဆင့်အတန်းတူတဲ့ သူဌေးသားတစ်ယောက်နဲ့ လက်ထပ်ပေးလိုက်လို့ အိမ်ထောင်ရှင်မလေး ဖြစ်သွားသတဲ့။

အိမ်ထောင်ရှင်မလေးဖြစ်သွားပြန်တော့လည်းတရားကျေးဇူးပြုခံရသူဆိုတာ တရားကျေးဇူးပြုမခံရသူနဲ့စာရင် တစ်ပန်းသာတယ်။ တရားကျေးဇူးပြုတာမခံရတဲ့သူများအတွက် ရွှေထုပ်ကြီးတွေ၊ ငွေထုပ်ကြီးတွေ ရှိနေပါလျက်သားနဲ့ မျက်နှာကြည့်လိုက်တော့ ရှုံ့မဲ့ ရှုံ့မဲ့နဲ့ နှုတ်က အသံထွက်လာပြန်တော့လည်း ငိုသံပါကြီးနဲ့ အားငယ်တဲ့အသံ ရန်လိုတဲ့အသံကြီးတွေနဲ့။

ဒီကတည်းက သူပိုင်တဲ့ပစ္စည်းတွေက သူ့ကို အားရှိအောင် လုပ်မပေးနိုင်ဘူးဆိုတာ ပြနေတာပဲ။ ဒါလောက် ပစ္စည်းတွေ ပေါ်ပါလျက်သားနဲ့ ချမ်းသာပါလျက်သားနဲ့ ဘာလို့များ အားငယ်နေရတာလဲ ဟု မေးကြည့်ရင် အဖြေကတစ်ခွန်းတည်း ပေါ်လာတယ်။ "တရားလိုနေသေးတယ်"တဲ့။ ရှိသင့်တဲ့ပစ္စည်းတွေလက်ထဲအကုန်ရှိနေပေမဲ့တရားလိုနေသေးတယ်။ရှိနေတဲ့ပစ္စည်းတွေကအငှားတွေ၊ အာမလည်းမခံ၊ တာဝန်လည်းမယူ၊ အပူငြိမ်းအောင်၊ အငိုတိတ်အောင်၊ အကြောက်ပြေအောင် ဘာမှ အာမ.မခံတော့။ ပစ္စည်းရှိနေပေမဲ့ အားငယ်ရတာပါပဲ။

တရားကျေးဇူးပြုခံရတဲ့ ပုဂ္ဂိုလ်အတွက်ကတော့ မျက်နှာလေးကြည့်လိုက်တော့လည်း တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း နှုတ်က ထွက်လာတဲ့ အသံကလေးကြားရပြန်တော့လည်း တရားအသံလေးစွက်ပြီးသိမ်သိမ်မွေ့မွေ့ ကြည်ကြည်သာသာပဲ။

ဒါကြောင့် ဝေသာလီသူ မယဉ်ချောရဲ့ အိမ်ထောင်ရှင်မဘဝဟာ တရားကျေးဇူးပြုခံရတော့ တစ်ပန်းသာနေတော့ပေါ့။ အများတကာက လေးလံစွာ ထမ်းနေရတဲ့အထုပ်ကြီးကို သူမကတော့ တရားနဲ့ပေါ့အောင် ထမ်းပြတယ်။ အများတကာပူလောင်မောဟိုက်စွာ ထမ်းနေရတဲ့ အထုပ်ကြီးကို သူက တရားနဲ့ပေါ့အောင် ထမ်းပြတယ်။ အများတကာက ရှုပ်ထွေးစွာ ထမ်းနေရတဲ့ အထုပ်ကြီးကို သူက ရှင်းရှင်းကလေး တရားနဲ့ ထမ်းပြတယ်။

မိမိမှာ ရှိတဲ့ ပစ္စည်းဥစ္စာ မှန်သမျှကိုလည်း ဇယားကွက်ချပြီး အကွက်စေ့အောင် သုံးတတ်တယ်။ ဒါနပေါ်အောင်၊ သီလပေါ်အောင်၊ မေတ္တာပေါ်အောင်၊ ဝိပဿနာ အသိလေးတွေပေါ်အောင် လိမ္မာပါးနပ်စွာနဲ့ (အိမ်ထောင်မှုဘဝ) အမှိုက်ပုံထဲက (ကုသိုလ်) ရွှေထုပ်ရအောင် ကောက်ပြတယ်။

"သာသနာတွင်းမှာ လူဖြစ်ရတယ်ဆိုတာ ကုသိုလ်ထုပ်ပေါ် တက်ထိုင်နေရသလိုပါပဲလား။ နိုက်ယူချင်တဲ့အချိန် အလွယ်တကူ နိုက်ယူနိုင်ပါတယ်" လို့ မယဉ်ချောလေးက ခံယူထားသတဲ့။

သူယူထားတဲ့အိမ်ထောင့်တာဝန်လုပ်ဆောင်နေရတဲ့လူမှုကိစ္စအားလုံး လက်ထဲမှာ ကိုင်ထားတဲ့ အထုပ်တွေ အကုန်လုံးဟာ ကုသိုလ်ထုပ်ကြီးတွေပဲတဲ့။

အဲဒီလိုစိတ်ရှင်းရှင်းထားပြီးအိမ်ထဲမှာပဲနိဗ္ဗာန်ရောက်ကြောင်းကုသိုလ်တရားတွေရအောင် သူ့ခင်ပွန်းနှင့်တကွ မိသားစုဝင်တွေကိုလည်း ဘဝတစ်ကွေ့ခဏတွေနိုက် "သူတို့ကြောင့် ကိုယ့်မှာ ကုသိုလ်စွမ်းအားတက်စေရမယ်။ ကိုယ့်ကြောင့် သူတို့မှာ ချမ်းသာစေရမယ်"လို့ ယဉ်ကျေးမြင့်မြတ်တဲ့ စိတ်ကလေးနဲ့ သူက တရားစွမ်းအားရအောင် ယူတတ်သတဲ့။

အဲဒီလို ရတနာသုံးပါး ဦးထိပ်ထားပြီး ကုသိုလ်တရားနဲ့ အိမ်ရှင်မဘဝ ပျော်မွေ့နေစဉ်မှာပဲ မြတ်စွာဘုရားရှင်ဟာ ဝေသာလီမြို့ကို ကြွလာသတဲ့။ သတင်းကြားရရင်ပဲ မယဉ်ချောဟာ ဘုရားထံ သွားဖူး၊ ဘုရားထံက တရားနာကြားရတယ်။

တရားဆိုတာလည်း တစ်ခါနာတယ်ဆိုရင် တစ်ခါအားတက်စမြဲပဲ၊ အားဆေးတစ်ခွက်ရမြဲပဲ၊ မသိသေးတာသိအောင် နာရရင်လည်း အားဆေး တစ်ခွက်ဖြစ်တာပဲ၊ သိပြီးသားကို သတိပေါ်အောင် ထပ်နာရရင်လည်း အားဆေးတစ်ခွက်ဖြစ်တာပါပဲ။

ဘုရားထံက တရားနာကြားခွင့်ရတော့ မယဉ်ချောကလေး အားတက် လိုက်တာ ရတနာသုံးပါးကို အသည်းစွဲ ကြည်ညိုသွားတယ်၊ စိတ်ထဲက လက် မလွှတ်ချင်လောက်အောင် ကြည်ညိုသွားသတဲ့။ ကြည်ညိုလွန်းလို့ လမ်းသွား တဲ့အခါတောင်မှ ပထမခြေလှမ်းကလေးမှာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယခြေ လှမ်းရောက်တော့ "ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယခြေလှမ်းရောက်ပြန်တော့ သံဃံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့်ပေါ့လေ။

ထမင်းစားပြန်တော့လည်း ပထမ ထမင်းလုပ်ကလေးခွံ့စဉ်မှာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဒုတိယထမင်းလုတ်ရောက်ပြန်တော့ "ဓမ္မံ သရဏံ ဂစ္ဆာမိ" တတိယထမင်းလုတ်ကလေးခွံ့လိုက်ပြန်တော့ "သံဃံ သရဏံ ဂစ္ဆာမိ" စသည် ဖြင့်ပေါ့။ နှုတ်က ရွတ်တာတော့ မဟုတ်ပါဘူး။ စိတ်ကလေးနဲ့ မလွှတ်တမ်း အာရုံပြုနေ တာ၊ ရတနာသုံးပါးကို သိပ်မြတ်နိုးတာပေါ့။

တစ်ချိန်ကျတော့ မဟာပဇာပတိဂေါတမီ ဘိက္ခုနီမကြီးဟာ ဝေသာလီ မြို့ကြွလာပြန်တယ်တဲ့၊ ဒီသတင်းကြားတော့ မယဉ်ချောဟာ ဘိက္ခုနီမကြီးထံ ချဉ်းကပ်တရားနာယူပြန်တယ်၊ ဘိက္ခုနီမကြီးရဲ့ ဆုံးမသွန်သင်မှုအောက်မှာ လူ့ဘဝအဖိုးတန်ကြောင်း၊သာသနာအဖိုးတန်တဲ့အကြောင်း၊ဘဝခန္ဓာနဲ့ပစ္စည်း ဥစ္စာဆိုတာ ကိုယ်က လက်ဦးမှ စိတ်အေးစရာဖြစ်တဲ့အကြောင်း၊ သူတို့နောက် ချည်း ကိုယ်က လိုက်နေရင် ပူပန်ရတဲ့အကြောင်း စသည်ဖြင့် ဘဝနေနည်း

အနှစ်ထုတ်နည်းတွေရပြီး စိတ်ထဲမှာအားရှိရသတဲ့။ အထူးအားဖြင့် သာသနာဝင်ပြီး ဘိက္ခုနီမပြုလုပ်ချင်တဲ့ ဆန္ဒအားကြီးဖြစ်သတဲ့။

တရားပွဲပြီးလို့ အိမ်ပြန်ရောက်တဲ့အခါ "သာသနာဝင်ပြီး ဘိက္ခုနီမ ပြုပါရစေ" လို့ ခွင့်တောင်းတယ်။ ဒါပေမဲ့ သူ့ခင်ပွန်းက လုံးဝ ခွင့်မပေးဘူး။ ခွင့်မပေးတော့ "ဩော် ... သူက ခွင့်မပေးရင်ဖြင့် ဘယ်ဝတ်လို့ ဖြစ်ပါ့မလဲ" လို့ အလျှော့ပေးလိုက်ပါတယ်။

မယဉ်ချောလေးကတစ်ဖက်မှာအလျှော့ပေးလိုက်ပေမဲ့အခြားတစ်ဖက်မှာတော့ တင်းလိုက်တယ်။ "ဩော် ... ငါ သာသနာနဲ့တွေ့နေတာ နေ့တိုင်း ကုသိုလ်ထုပ်ပေါ် တက်ထိုင်နေရတာပဲ။ ဘာအားငယ်စရာရှိသေးလဲ။ အိမ်ထဲမှာ နေရင်းနဲ့ နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကောင်းမှုတွေရအောင် ယူပြမယ်" ဆိုပြီး စိတ်ဓာတ်ကို မြှင့်ပြီးတော့ ကြိုးစားတော့တာပါပဲ။

မနက်အိပ်ရာစောစောထပြီးဘုရားရှိခိုး၊သရဏဂုံသီလဆောက်တည်၊ မေတ္တာပို့ အမျှဝေပြီးပြီဆိုရင် နာရီဝက်၊ တစ်နာရီ ခန္ဓာဉာဏ်စိုက်ပြီး ဝိပဿနာ တရား ပွားများအားထုတ်သတဲ့။

စိတ်ကလေးကို နေရာမှန်ပေးပြီး အိမ်အလုပ်ကို မှန်မှန်လုပ်လို့ ထမင်းအိုးတည်ချိန်ရောက်ပြီဆိုရင် "ဩော် ... မိသားစုတွေကို အလှူဒါန လုပ်ရတော့မယ်" ဒီစိတ်ကလေး ပေါ်လာတယ်။ အလှူလုပ်ချင်လို့ ထမင်းချက်တယ်ဆိုပြီး ဒါနထမင်းအိုး၊ ဒါနဟင်းအိုးဖြစ်အောင် ချက်တယ်တဲ့။ ထမင်းဟင်းချက်ရင်း အားလုံးအပေါ် မေတ္တာပွားပြီး မေတ္တာထမင်းအိုး၊ မေတ္တာဟင်းအိုးဖြစ်အောင် ချက်တတ်သတဲ့။

ဒါတင်မက ဆန်ဆေးတဲ့အခါ စူးစိုက်ပြီး သမာဓိရအောင်ဆေးလို့၊ ဟင်းချက်ဖို့ ဟင်းရွက်သင်တဲ့အခါ သမာဓိရအောင် သင်လို့တဲ့။ ဒီအာရုံဆို ဒီ တစ်အာရုံတည်းစိုက်ပြီး ချက်သတဲ့။ သိပ်အားရဖို့ ကောင်းတယ်။ အိမ်မှာနေရင်း အမှိုက်ပုံထဲက ရွှေထုပ်ကောက်သလို နိဗ္ဗာန်ရကြောင်း အလုပ်တွေ လုပ်နိုင်တာဟာ သူများတွေအတွက် နမူနာယူစရာပါပဲ။

အဲဒီလို တစ်ရက်တည်းလည်းမဟုတ်၊ သတိဉာဏ်ကလေး ဦးစီးပြီး အလုပ်တွေ လုပ်နေတော့ အသိဉာဏ်ကရင့်နေပြီ။ တစ်နေ့တော့ ဟင်းချက် နေရင်း အဆင်သင့်ပြင်ထားတဲ့ ဟင်းရွက်တွေကို ရေဆူနေတဲ့ ဟင်းအိုးထဲ ထည့်လိုက်တယ်။ အမှတ်တမဲ့ မဟုတ်ဘူး၊ ဉာဏ်သတိပါတယ်။ လတ်လတ် ဆတ်ဆတ်လန်းဆန်းနေတဲ့ဟင်းရွက်ကလေးတွေအပူဓာတ်နဲ့တွေ့ပြီးတစ်ခါ တည်း ညှိုးကျပြီးတော့ ကျက်သွားပုံတွေကို ဉာဏ်သတိနဲ့ နောက်က ကြည့်ပြီး လိုက်နေတော့ တဖြည်းဖြည်း ပင်ကိုအဆင်းသဏ္ဌာန်ပျောက်ပြီး ပြောင်းလဲ ပျက်စီးသွားပုံ တွေ့ရတယ်။

လောကမှာ ခိုင်မြဲတာ ဘာများရှိသေးလို့လဲဆိုတဲ့ ဝိပဿနာအသိလေး ပေါ်လာတယ်၊ ဒါနဲ့ ဗဟိဒ္ဓအာရုံကို အကြောင်းပြုပြီးတော့ အဇ္ဈတ္တခန္ဓာထဲ ဉာဏ်လှည့်ပြီး ကြည့်လိုက်မိတော့ သိတတ်တဲ့စိတ်ကလေးနဲ့ သိစရာ အာရုံက လေးတွေ ဖြစ်လာပြီး ပျောက်သွားပုံလေးတွေ အကြောင်းကြောင့် ဖြစ်လာပြီး တော့ ပျက်သွားပုံလေးတွေ ရှင်းခနဲ ပေါ်လာတယ်။

ဆက်ပြီးတော့ကြိုးစားရှုမှတ်လိုက်တာမီးဖိုချောင်ထဲမှာဟင်းချက်နေတဲ့ မယဉ်ချောလေးဝိပဿနာဉာဏ်တွေရင့်ပြီးသောတာပန်၊သကဒါဂါမ်၊အနာဂါမ် ဖြစ်သွားသတဲ့။ အနာဂါမ်ဖြစ်တော့ သူ့ခင်ပွန်းထံ အနွံအညွှတ်တောင်းပန်၍ သာသနာ့ဘောင်ဝင်ပြီး ဘိက္ခုနီမဝတ်တယ်။ နောက်တစ်ဖန် ဘုရားထံမှ တရားနာပြီး ခန္ဓာဉာဏ်စိုက်အားထုတ်လိုက်တာ ထေရီကာ အမည်ရတဲ့ ရဟန္တာမကြီး ဖြစ်သွားတယ်။

ဝေသာလီမြို့သူ မယဉ်ချောတစ်ယောက် ထာဝရ ယဉ်ကျေးပြီး အစဉ် အမြဲ ချောမောလှပတဲ့ဘဝ ရောက်သွားရတာပါပဲ။

ဤမွေ့ပုံပြင်လေးဖြင့်ယောဆရာတော်ဘုရားကြီးသည်လူတိုင်းလူတိုင်း "ကုသိုလ်ကောင်းမှုတရားအလုပ်ဟူသည်ပိုက်ဆံရှိတာမရှိတာနဲ့ဘာမှမဆိုင်၊ အားတာ မအားတာနဲ့ ဘာမှမဆိုင်၊ ငွေကြေးပိုက်ဆံတောင်းခံခြင်း မဟုတ်၊ အားလပ်ချိန်ကိုတောင်းခံခြင်း မဟုတ်၊ စိတ်ကောင်းနှင့် အသိဉာဏ်ကိုသာ တောင်းခံခြင်းဖြစ်ကြောင်း၊

အသိဉာဏ်နှင့်စိတ်ကောင်းရှိသူတို့အတွက် ဘယ်လိုပင်ဆင်းရဲဆင်းရဲ အချိန်ဘယ်လောက်ပင်နည်းပါစေ၊အိမ်ထဲမှာပင်နိဗ္ဗာန်ရောက်ကြောင်းထမင်း ချက်၊ ရေခပ်၊ ထမင်းစား၊ လမ်းသွား၊ အိမ်မှုကိစ္စဆောင်ရွက်တဲ့ကိစ္စ မည်သည့် အလုပ်ပဲလုပ်လုပ် ကိုယ်နှုတ်စိတ်တို့ဖြင့် ဆောင်ရွက်သမျှ အားလုံးဟာ တရား တွေချည်းပဲ ဖြစ်ပြီး လောကမှာ ဘယ်အလုပ်ဟာ အရေးအကြီးဆုံးလဲဟု မေးလျှင်လောလောဆယ်လုပ်နေသောအလုပ်သည်အရေးအကြီးဆုံးအလုပ်၊ ထမင်းစားရင်လည်း ထမင်းစားတဲ့ အလုပ်သည် အရေးအကြီးဆုံးအလုပ်၊ အဲဒီထဲ သတိနှင့် ပညာထည့်ပေး၊ ထမင်းချက်တာလည်း တရားအလုပ်ပဲ၊ အဲဒီ အရေးကြီး ဆုံး အလုပ်တွေထဲမှာ သတိပညာထည့်ပေးလိုက်ရင်း ထမင်းချက် ရင်း နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေဖြစ်ပြီး အလွန်အားတက်စရာ ကောင်းကြောင်း၊ သာသနာတွင်း လူဖြစ်ခွင့် ရနေသူတိုင်းအဖို့ ကုသိုလ်တရား နှင့်စပ်လျှင် ဘာမျှအားငယ်ဖွယ်ရာ မရှိကြောင်းတို့ကို ဆိုလိုပေသည်။

## ဉာဏ်ဖြင့် လှူတတ်ခဲ့

မိမိသည် အရင်က အလှူလုပ်လျှင် အလှူမဏ္ဍပ်ဖြင့် ခမ်းခမ်းနားနား ပြုလုပ်ကာ ကြီးကြီးကျယ်ကျယ်လှူမှ အလှူဟု သိထားလေသည်။ ယော ဆရာတော်ဘုရားကြီးမှ အလှူဒါနဟူသည် နေ့စဉ် ဘုရားရှင်အား ရည်မှန်းပြီး ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး လှူဒါန်းသည်မှအစ၊ မိမိ၏ မိသားစု အချင်းချင်း ပေးကမ်းခြင်း၊ နောက်ဆုံးတိရစ္ဆာန်လေးများအတွက် ပေးကမ်းစွန့်ကြဲလျှင်ပင် သဒ္ဓါ၊ ပညာစွမ်းအားထည့်ပေးရုံဖြင့် အရည်အသွေးပါသည့် အလှူဒါန ဖြစ် သည်ဟု ဟောတော်မူရာ ကြော် ... ဟုတ်ပါလား ပိုက်ဆံရှိတိုင်းလည်း မဟုတ် ဘူး၊ အသိဉာဏ်ရှိဖို့လိုရင်းပါလားဟု သိရ၍ အလွန်ပင် အားတက်မိပါတော့ သည်။ဆရာတော်ကြီး၏တရားတော်များကိုနာကြားဖတ်ရှုရသောအချိန်မှစ၍ မည်သည့်အလုပ်ကိုပင် လုပ်လုပ် စိတ်ကောင်းလေးထားပြီး လုပ်ဖြစ်ပေတော့ သည်။ အရင်က သည်လို အသိမျိုး မရှိခဲ့ရိုးအမှန်ပါ။

မိမိသည်ယခုအခါအစိုးရဌာနတစ်ခုတွင်အလုပ်လုပ်ရာတစ်ပတ်လျှင် သုံးရက် ပညာရှင်ဆရာကြီးများအား အစိုးရစရိတ်ဖြင့် ဧည့်ခံကျွေးမွေးရလေသည်။ ထိုအခါမျိုးတွင် မိမိကိုယ်တိုင် လှူဒါန်းသကဲ့သို့ သဘောထားပြီး အတတ်နိုင်ဆုံးသန့်သန့်ရှင်းရှင်းဖြင့်ဆရာကြီးများနှင့်သင့်လျော်သော အစားအသောက်များကို ကိုယ်တိုင်ဝယ်ယူကျွေးမွေးပါသည်။ မိမိစဉ်းစားသည်မှာ ဤကဲ့သို့သော ဆရာကြီးများကို အိမ်သို့ ဖိတ်ပြီး လှူဒါန်းဧည့်ခံရင်တောင်မှ တကူးတကဖြစ်၍အကြောင်းအမျိုးမျိုးကြောင့် လာရောက်နိုင်ကြမည် မဟုတ်ပေ။ မိမိသည် နေ့စဉ်နှင့်အမျှ အလှူဒါနပြုလုပ်ရပေသည်ဟု ယောဆရာတော်ကြီး၏ တရားတော်ကြောင့် ဉာဏ်ပါသော အလှူမျိုးကို လုပ်နိုင်ခဲ့ပါသည်။

## ရတနာသုံးပါးအကြောင်း

မိမိသည် သရဏဂုံသုံးပါးကို ငယ်စဉ်ကပင် ဘုရားရှိခိုးတိုင်း ရွတ်ဆိုခဲ့ပါ၏။ ဝေသာလီသူ မယဉ်ချောဆိုသည့် တရားတော်ထဲတွင်လည်း မယဉ်ချောသည်ရတနာသုံးပါးကိုကြည်ညိုလွန်း၍ခြေလှမ်းတိုင်းထမင်းစားတိုင်းတောင်မှ နှုတ်မှ ရွတ်ဖတ်လေ၏။ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ဒုက္ခအမျိုးမျိုး၊ အန္တရာယ်အပေါင်းမှ ကင်းလွတ်ခဲ့ရပုံကို ကိုယ်တွေ့ဝတ္ထုများကိုလည်း ဖတ်ရှုခဲ့ရပြီး ဘာကြောင့်များ သည်လောက်ကျေးဇူးများကြောင်း သေချာ ဝယနဏ မသိရှိခဲ့ပါ။ ရွှေတိဂုံ၊ ဆူးလေစသည့် စေတီတော်ကြီးများကို ဖူးမြင်ခဲ့ရာတွင်လည်း အများနည်းတူ ရှိခိုး၍သာ လိုက်ပြီးဦးချရှိခိုးခဲ့၏။ ဘာကြောင့် ရှိခိုးသည်၊ ထိုသို့ ရှိခိုးခြင်းကြောင့် ဘယ်လို အကျိုးများရမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိခဲ့ပါ။ ကုသိုလ်ရသည်ဟုသာ သာမန်သိရုံမျှသာ သိခဲ့ပါ၏။

ယောဆရာတော်ဘုရားကြီး၏တရားတော်ကိုနာကြားမှတ်သားလိုက်ရသောအခါမှ သရဏဂုံသုံးပါးအကြောင်း ရှင်းရှင်းလင်းလင်းသိပြီး ရွတ်ဖတ်ပူဇော်သောအခါတွင်လည်းနှစ်နှစ်ကာကာဖြစ်လာပါတော့သည်။ ဆရာတော်ဘုရားကြီးသည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဆိုတာက သာသနာဖော်ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ကိုပြသည်။ ဒီလိုသာသနာပေါ်အောင်ဖော်ထုတ်ပေးနိုင်မည့်အကြောင်း

တရားအလုံးစုံအကုန်သိတဲ့ သဗ္ဗညုတဉာဏ်ကြီး ရပါမည့်အကြောင်းအသက်တွေ အများကြီးစွန့်ခဲ့ရ၊ သွေးတွေအများကြီး စွန့်ခဲ့ရ၊ ဘဝတွေများစွာ အနစ်နာခံရ၊ဗဟိဒ္ဓပစ္စည်းဆိုတာကတော့အရေအတွက်ကိုမထားတော့ဘူး၊အသက်နဲ့ခန္ဓာကိုတောင် အရေအတွက်မထားဘဲ သဗ္ဗညုတဉာဏ်ကို ရချင်တာနဲ့ စွန့်လွှတ်အနစ်နာခံကြိုးစားဖော်ထုတ်ခဲ့လို့လည်း ဤကဲ့သို့အံ့ဩစရာသာသနာပေါ်လာတာ။ ဒါကြောင့် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ဟု ဆိုလိုက်တာနဲ့ သာသနာဖော်ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ထူးကြီးအဖြစ် ဉာဏ်ထဲမှာ ရှင်းခနဲ ပေါ်လာရတာပါ။

"သံဃံ သရဏံ ဂစ္ဆာမိ" ဆိုတာကတော့ သာသနာစောင့်ရှောက်ပေးနေတဲ့ပုဂ္ဂိုလ်ကိုဖော်ပြပါသည်။သာသနာဟာ သူ့ဟာသူတည်နေတာမှမဟုတ်ဘဲ စောင့်ရှောက်နေသူရှိလို့သာသာသနာတည်နေရခြင်းဖြစ်သည်။"သံဃံသရဏံ ဂစ္ဆာမိ" မှာပါတဲ့ သံဃာဆိုတဲ့ ဥစ္စာက သာသနာစောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်ကို ပြသည်။ ပဓာနအားဖြင့် အရိယာသံဃာ၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ အရိယာသံဃာကို ပြသည်။ သို့သော်လည်း အရိယာသံဃာဆိုတာ သူ့အလိုလို မိုးပေါ်က ကျလာသူမဟုတ်ပါ။ ပုထုဇဉ်ဘဝကနေ အဆင့်ဆင့်တက်သွားလို့ရောက်လာတဲ့အဆင့်ဖြစ်တယ်။ဒါကြောင့်မို့သမ္မုတိသံဃာ၊ ယခုအများအားဖြင့်တွေ့မြင်နေကြရတဲ့သံဃာတွေကသမ္မုတိသံဃာ၊သမ္မုတိသံဃာဆိုတာဟာလည်း ရုပ်ပွားဆင်းတုနဲ့ အတူတူဖြစ်ကြောင်း၊ အသက်ပါတာနဲ့မပါတာဘဲကွာတယ်။ရုပ်ပွားဆင်းတုလည်းကိုးကွယ်တတ်မှကုသိုလ်ပွားတယ်၊ သမ္မုတိသံဃာဆိုတာလည်း "သံဃံ သရဏံ ဂစ္ဆာမိ" ပြတ်သားပါမှ လှူဒါန်းကိုးကွယ်တတ်တယ်။ဒါကြောင့်"သံဃံသရဏံဂစ္ဆာမိ"မှာပါတဲ့သံဃာဆိုတာ သာသနာစောင့်ရှောက်ပေးနေတဲ့ ပုဂ္ဂိုလ်ကို ပြသည်ဟု ဆိုပါသည်။

သာသနာစောင့်ရှောက်သည်ဆိုရာ၌လည်းမကွယ်ပျောက်ရုံလေးထိုင်ပြီး စောင့်ရှောက်နေတာမဟုတ်၊ မိမိကိုယ်တိုင် သိသလောက် လက်တွေ့ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်ပြီးဤကဲ့သို့သောအဖိုးတန်တရားရတနာတွေကို တရားနဲ့ ထိုက်တန်တဲ့ ပုဂ္ဂိုလ်တွေ အားလုံးသိကြပါစေ၊ နားလည်ကြပါစေ၊ တတ်ကြပါစေ၊ ကျင့်ကြံအားထုတ်တတ်ကြပါစေ၊ အားထုတ်နိုင်ကြပါစေ၊

အချိန်မီသိကြပါစေဟုမျှော်လင့်ချက်တစ်စုံတစ်ရာမပါဘဲမေတ္တာစစ်၊ကရုဏာစစ်စစ်တွေနဲ့ ဟောပေးတယ်၊ ပို့ချ၊ သင်ကြား၊ လမ်းညွှန်၊ ရေးသားဖြန့်ဝေပေးတယ်၊ကိုယ်တိုင်လည်းကျင့်တယ်၊အဖိုးတန်တရားရတနာတွေပြန့်ပွားအောင်လည်း ဖြန့်ပေးတယ်၊ မကွယ်ပျောက်ရအောင်လည်း စောင့်ရှောက်ပေးပါတယ်။

အဲသည်လိုအလယ်ကနေ "ဓမ္မ သရဏံ ဂစ္ဆာမိ" ရှင်းလင်းပြတ်သားနေပါမှ ရှေးက "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" လည်း ပြတ်သားစွာ အာရုံပြုတတ်မယ်၊ "သံဃံ သရဏံ ဂစ္ဆာမိ" လည်းပြတ်ပြတ်သားသားအာရုံပြုတတ်မယ်။ အကယ်၍ "ဓမ္မံ သရဏံ ဂစ္ဆာမိ" ပျောက်သွားတာနဲ့ တစ်ပြိုင်နက် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ပျောက်သွားမယ်။ သံဃံ သရဏံ ဂစ္ဆာမိ ပျောက်သွားမယ်။ "ဓမ္မံ သရဏံ ဂစ္ဆာမိ" မရှိတော့ဘူးဆိုရင် စေတီကြီးတွေ အကုန်လုံး အုတ်ပုံကြီးတွေ ဖြစ်သွားတော့မယ်၊ ရှေးဟောင်းပစ္စည်း အလှကြည့်အဖြစ်နင့်သာ ကြည့်တော့မယ်၊ ဘုရားအနေနဲ့တော့ ဘယ်သူမှ ကိုးကွယ်တတ်မှာလည်း မဟုတ်ဘူး၊ ကိုးလည်း ကိုးကွယ်တော့မှာ မဟုတ်ပါဘူး၊ ပကတိမျက်စိနဲ့မြင်ရတဲ့ အရုပ်ကြီးတွေ အုတ်ပုံကြီးတွေပဲ ဖြစ်သွားတော့မယ်၊ ရှိခိုးစရာ၊ မြတ်နိုးစရာ ပူဇော်စရာအနေနဲ့ ဘယ်သူမှ သိခွင့်ရမှာ မဟုတ်တော့ဘူး။

ထို့အတူပဲ ရုပ်ပွားဆင်းတုတွေ ဓမ္မံ သရဏံ ဂစ္ဆာမိ ပျောက်သွားရင်း၊ ဓမ္မစေတီပျောက်သွားရင်းအကုန်လုံးအရုပ်ကြီးတွေပြန်ဖြစ်တော့မှာကျောက်ရုပ်ကြီးတွေ၊ ရွှေရုပ်ကြီးတွေ ဒါလည်းပဲ ရှေးဟောင်းပစ္စည်းအနေနဲ့ အလှကြည့်ရုံသာ ကြည့်ကြတော့မှာ ဒါက ရှိခိုးရမယ့် ဥစ္စာပဲ၊ မြတ်နိုးရမယ့် ဥစ္စာပဲ၊ ပူဇော်ရမယ့် ဥစ္စာပဲ၊ သက်တော်ထင်ရှားမြတ်စွာဘုရားအထိ အာရုံပြု ပူဇော်တတ်လို့ရှိရင် ကောင်းကျိုးအနန္တကို ရစေနိုင်တယ်လို့ သိကြမှာမဟုတ်ဘူး။ "ဓမ္မစေတီ" ခေါ်တဲ့ ဓမ္မလမ်းညွှန်ရှိနေသောကြောင့်သာ ပကတိမျက်စိဖြင့် အရုပ်ကြီးတွေဖြစ်သော်လည်းပဲ ဉာဏ်နဲ့ သဒ္ဓါနဲ့ သက်တော်ထင်ရှားဘုရားအထိ အာရုံပြုပူဇော်တတ်လို့ရှိရင် တကယ့်ဘုရားနဲ့ တွေ့ရသလိုပဲ၊ လေးလေးနက်နက်ကုသိုလ်ဖြစ်အောင်ဆည်းကပ်မြတ်နိုးပူဇော်တတ်လှူဒါန်းတတ်တယ်လို့သိရ

ခြင်းဟာ အမှန်တကယ်တော့ "ဓမ္မစေတီ"ရဲ့စွမ်းအားပါ။ အကယ်၍ ဓမ္မစေတီသာ မရှိရင် ရုပ်ပွားဆင်းတုအာကုန်လုံး အရုပ်တွေပဲ ဖြစ်ကုန်ကြမှာပါ။

ထို့အတူပဲ "သံဃ သရဏံ ဂစ္ဆာမိ"လည်းပဲ "ဓမ္မ သရဏံ ဂစ္ဆာမိ"ပျောက်သွားရင် "သံဃ သရဏံ ဂစ္ဆာမိ" လည်း ပျောက်သွားမှာ သံဃာကို သံဃာလိုကိုးကွယ်တတ်မှာမဟုတ်ဘူး။ "ဓမ္မသရဏံဂစ္ဆာမိ"ကြောင့်သာသမ္မုတိသံဃာကို "သံဃ သရဏံ ဂစ္ဆာမိ"အထိ အရိယာ သံဃာတွေရဲ့ဂုဏ်အထိ ကိုးကွယ်တတ်ခြင်းဟာ "ဓမ္မ သရဏံ ဂစ္ဆာမိ" ကျေးဇူးကြောင့်သာ ဖြစ်သည်။ အကယ်၍ ဓမ္မ သရဏံ ဂစ္ဆာမိ ပျောက်သွားရင်း ဗုဒ္ဓနှင့် သံဃာ ပျောက်သွားမယ်၊ ထိုကဲ့သို့ မပျောက်ပျက်ရလေအောင် ဓမ္မက ထိန်းပေးထားရခြင်း ဖြစ်သည်။

ဓမ္မအမြင် မပြတ်သားရင် ဗုဒ္ဓအပေါ်လည်း အမြင်မပြတ်သားတော့ပုံ အကြောင်းကိုယောဆရာတော်ဘုရားသည်အိမ်တစ်အိမ်မှာမိခင်နှင့်သမီးသား အမိနှစ်ယောက်ရှိကြရာ သမီးဖြစ်သူ၏ ဆွမ်းတော်ကပ်ပုံအကြောင်းကို ဥပမာ ပြဟောတော်မူပါသည်။

မိခင်ဖြစ်သူမှ သမီးကို နေ့တိုင်း ဘုရားရေကပ်၊ ဆွမ်းကပ်၊ ပန်းကပ်၊ ဆီမီးကပ်၊ သူ့အချိန်သူ အဲဒီလိုခိုင်းလေသည်။ အဲသည်လို ခိုင်းတော့ သမီးဖြစ်သူက ဘုရားဆွမ်းတော်ကပ်တဲ့အခါ ဇွန်းသေးသေးလေးနဲ့ တစ်ဇွန်းစာ၊ ဟင်းကလည်း ဇွန်းဖျားကလေးနဲ့ နည်းနည်းစီထည့်ပြီးတော့ ရေလေးကလည်း နည်းနည်း ရောထည့်ပြီး ဘုရားရှေ့သွား ဆွမ်းတော်ကပ်လိုက်ပါတယ်။ အဲဒါကို မိခင်ဖြစ်သူက မြင်တော့ သမီးရယ် ဒီလက်ဖက်ရည်သောက် ပန်းကန်လေးနဲ့ ဆွမ်းလေးကလည်း တစ်ဇွန်းစာ၊ ဟင်းလေးကလည်း နည်းနည်းနှင့် ဆွမ်းကပ်လို့ ဘုရားက မျှတမှာတဲ့လားပြောတော့ သမီးက "အမေရယ် ဘုရားက ဘုဉ်းပေးတာမှ မဟုတ်ဘဲ၊ အရုပ်ကြီးပဲ၊ နည်းနည်းလေးတောင် ကုန်အောင် မဘုဉ်းပေးနိုင်တာ အများကြီးကပ်တော့ရော ဘာထူးမှာတဲ့လဲဟု ပြန်ပြောလေသည်။

အဲဒီတော့ သူ့အဖြေက ရှင်းသွားပြီလေ။ သူ ဘုရားကို ဆွမ်းကပ်တာ ဘုရားအနေနဲ့ကပ်တာ မဟုတ်ဘူး၊ အရုပ်အနေနဲ့ ကပ်နေတာ သေချာသွားပြီ။ သူ့မှာ ဓမ္မရတနာ မရှိဘူးဆိုတာ သက်သေပြနေပြီ။ စေတီတော် ရုပ်ပွားဆင်းတု

တော်များကိုအသက်သွင်းပေးတာသည်မွေရတနာပင်ဖြစ်ပါသည်။မွေပျောက်တော့ ဗုဒ္ဓလည်း ပျောက်မှာသေချာပါတယ်။ အသိ၊ ကျင့်သိ၊ ထိုးထွင်းသိဆိုတဲ့ အသိ သုံးမျိုးမှာ အနည်းဆုံး အသိတရားတော့ ရှိထားမှ ဘုရားမြင်အောင် ကြည့်တတ်မှာပါ။ တရားကို မြင်သလောက် ဘုရားလက်ခံမှာပါ။

ယောဆရာတော်ဘုရားကြီး၏တရားတော်များသည်မွေပုံပြင်များအဖြစ် ဟောကြားသောကြောင့်အလွန်စိတ်ဝင်စားစရာကောင်းလှပြီး၊သဘောပေါက်နားလည်လွယ်၏။ထို့ကြောင့်မိမိသည်တရားတော်များကိုနာကြားဖတ်ရှုရုံဖြင့် အားမရနိုင်ဘဲ ဆရာတော်ဘုရားကြီး၏ တရားဆောင်ပုဒ်လေးများကိုလည်း နှုတ်တက်အရ ရွတ်ဆိုရသည်မှာလည်း အရသာရှိလှပေတော့သည်။

- တရားမမြင်၊ ဘုရားပင်၊ မမြင်ကွယ်ပျောက်ပါ။
- တရားမြင်မှ မြတ်ဗုဒ္ဓ၊ မုချမြင်နိုင်ပါ။
- ဘုရားမမြင်၊ တရားပင်၊ မမြင်ကွယ်ပျောက်ပါ။
- ဘုရားမြင်မှ၊ မြတ်ဓမ္မ၊ မုချမြင်နိုင်ပါ။
- ဘုရားမမေ့၊ တရားမမေ့၊ ကြုံတွေ့သာသနာ။
- တရားမြင်သော်၊ သံဃာတော်လည်း၊ မြင်ရမြဲ၊ ထူးကဲရတနာ။
- နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်စွမ်းတဲ့ လူသားပါ။

ယောဆရာတော်ဘုရားကြီး၏ တရားဆောင်ပုဒ်များကို ကြိုက်နှစ်သက်သောကြောင့် မှတ်စုစာအုပ်ထဲတွင် ရေးသားပြီး ရွတ်ဆိုခဲ့ပါ၏။ ယခုအခါ ရေးသားစရာမလိုတော့ဘဲ ဆရာတော်ဘုရားကြီး၏ တရားဆောင်ပုဒ်များကို တစ်ခုတစ်စည်းတည်း "တရားလက်ာပဒေသာ" ဆိုသည့် စာအုပ်ထဲ၌ စုစည်းပူဇော်ထားရာ မိမိအတွက် အကြိုက်တွေ့သောစာအုပ် ဖြစ်တော့၏။

## ယောဆရာတော်ကြီးအား ဖူးတွေ့ခဲ့ရပုံ

၂၀၀၂ ခုနှစ်လောက်က ဖြစ်မည်။ သီလရှင်ဘဝဖြင့် ရန်ကုန်မြို့ သီလရှင်ကျောင်းသို့ စာသင်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ရောက်လာခဲ့သည်။ကံတရားများသည်ဆန်းကြယ်လှပေသည်။ဟိုးငယ်စဉ်ကတည်းကပင်

ဆရာတော်ကြီးအား အနီးကပ်ဖူးမြင်ချင်သော ဆန္ဒများ ကိန်းအောင်းနေခဲ့ရာ ထိုဆန္ဒများပြည့်ဝခဲ့ပြီဟု ဆိုရမည်။ မိမိအား ခေါ်လာခဲ့သော အဖော်ဆရာလေး တစ်ပါးမှ သူမ စာတက်သွားရာ ယောဆရာတော်ကျောင်းသို့ မိမိအား ခေါ်သွားလေသည်။ ကျောင်းရောက်တော့သည်ကျောင်းဟာ ယောဆရာတော်ဘုရားကြီး၏ ကျောင်းတိုက်ဟုဆိုရာ စာရေးသူသည် အလွန်ပင် အံ့သြဝမ်းသာမိတော့သည်။ သေချာသထက် သေချာအောင် ဒါဆိုရင် မြတ်မင်္ဂလာစာစောင်ထဲမှာပါတဲ့ ယောဆရာတော်၏ မွေ့ပုံပြင်ဆိုပြီး ဟောတဲ့ ဆရာတော်လားဟု မေး၏။ ဟုတ်သည်ဟုဆိုသောကြောင့် တစ်နေ့နေ့ ဆရာတော်ကြီးအား သွားဖူး ရမည်ဟု ဆုံးဖြတ်ခဲ့၏။

မိမိ၏စိတ်နလုံးထဲတွင် ယောဆရာတော်ကြီးအား လေးစားကြည်ညိုသောစိတ်၊ မေတ္တာသက်ဝင်ချစ်ခင်သောစိတ်များ တဖွားဖွား ဖြစ်ပေါ်လာ၏။ ဆရာတော်ဘုရားကြီးထံသွားပြီး ဖူးတွေ့ဖို့ရန်လည်း မိမိထံ၌ ဘာမျှမရှိသောကြောင့် တောဘုန်းကြီးကျောင်းရှိ အဘိုးဘုန်းကြီးကို ပြောပြရာ ဘုန်းဘုန်းမှ သင်္ကန်းတစ်စုံ စွန့်လိုက်၏။ ထိုသင်္ကန်းတစ်စုံအား ဝါဆိုကာလ ဝါဆိုသင်္ကန်း အဖြစ် အဖော်ဆရာလေးတစ်ပါးနှင့်အတူ သွားရောက် လှူဒါန်းခဲ့၏။ ပထမဆုံး အကြိမ် ဆရာတော်ကြီးအား ဖူးတွေ့လိုက်ရသောအခါ ဆီစိုပြီး ဝါဂွမ်းကို ဆီအတွင်းထပ်မံနှစ်လိုက်သလိုပီတိဖြစ်ကာသဒ္ဓါတရားများတစ်ကိုယ်လုံးမွှမ်းထုံနေပါတော့၏။ ဆရာတော်ကြီးအားလည်း တပည့်တော်မသည် မတွေ့မမြင် ဖူးကတည်းကပင် ဆရာတော်ကြီး၏တရားများကို နှစ်သက်သဘောကျ ကြည်ညိုခဲ့ပါသည်။ ဤကဲ့သို့ ဖူးတွေ့ရမည်ဟု လုံးဝ မမျှော်လင့်ခဲ့ပါဟု လျှောက်ထားမိ၏။ ပြန်ခါနီးတော့ ဆရာတော်မှ တရားတိတ်ခွေ၊ ဓမ္မစာအုပ်လေးများကို လက်ဆောင်ပေးလိုက်ပါ၏။ ဆရာတော်ကြီး၏အသံကို စတင်ကြားလိုက်ရသည်နှင့် အေးချမ်းညင်သာလှပြီး မျက်နှာတော်သည်လည်း ကြည်လင်လှပေသည်။

ဆရာတော်ကြီးအား အမြဲတမ်းဖူးမြင်ချင်သောကြောင့် မိမိ၏ မွေးနေ့၊ သီတင်းကျွတ်၊ ဝါဆိုစသည့် အခါကြီးရက်ကြီးများနှင့် တစ်ခါတစ်ရံ မိမိ၏ စိတ်

တွေ ပူလောင်ညစ်နွမ်းနေသည့်အခါများတွင်လည်း သွားရောက်ခဲ့၏။ ဆရာတော်ကြီး၏ ရှေ့သို့ရောက်လျှင် ပူလောင်နေသောစိတ်များလည်း အေးချမ်းသွားသည်ဟုပင် ထင်မှတ်ရလေသည်။ မိမိသွားရောက်ဖူးမြင်တဲ့အခါတိုင်း အဖော်ဆရာလေး တစ်ပါး (သို့) နှစ်ပါး ပါလေ့ရှိ၏။ ထိုဆရာလေးများသည်လည်း မိမိလိုပင် ဆရာတော်ကြီးအား ကြည်ညိုလေးစားကြပါ၏။

တစ်ခါက နေ့လယ်ခင်းအချိန် မစန္ဒာမာလာအမည်ရှိဆရာလေးတစ်ပါးကို ခေါ်သွားခဲ့၏။ ထိုနေ့က ဆရာလေးတွေ ဆွမ်းဆန်ရပ်သောရက်ဖြစ်၏။ အဖော်မရှိသောကြောင့် ဆွမ်းဆန်ခံသွားမည့် ထိုဆရာလေးအား ခေါ်ပြီး ဆရာတော်ထံသို့ လာရောက်ဖူးမြော်ရာ မစန္ဒမာလာမှ ဆရာတော်ကြီးအား ဆရာလေးတွေဘဝဟာအလွန်ဆင်းရဲကြောင်းဆွမ်းဆန်ရပ်ရတာလည်းမလွယ်ကူကြောင်း ရန်ကုန်မြို့ စာသင်တိုက်မှာ မနေချင်ကြောင်း ဆရာတော်ကြီးအား ညည်းညူပြောလေ၏။ ထိုပြင် ဆရာတော်တို့ကတော့ အေးအေးဆေးဆေးပဲဟုထပ်ပြောပြန်လေသည်။ ထိုအခါဆရာတော်မှမိမိအား "ဆရာလေး...သည် ဆရာလေး မစန္ဒမာလာဟာ သူဌေးသမီးဖြစ်ဟန်တူတယ်နော်" ဟု ပြောလေသည်။

## သီလရှင်ဘဝ ဆင်းရဲခဲ့ရပုံ

ထိုဆရာလေး မစန္ဒမာလာပြောတာ မှန်ပါသည်။ ဆရာလေးတွေ ဘဝဟာ ဆွမ်းဆန်နှစ်ရက်ထွက်ရ၊ ဥပုသ်နေ့ရောက်လျှင်လည်း ကျောင်းသန့်ရှင်းရေး လုပ်ရ၏။ စာသင်သားဆရာလေးများအတွက် စာကျက်ချိန် မလုံလောက်တော့စာမေးပွဲကျရှုံးရ၏။စားသောက်နေထိုင်ရာတွင်လည်းချို့ငဲ့လှလေသည်။ မိမိသည်လည်း ဤကဲ့သို့သော ဆင်းရဲဒုက္ခမျိုးကို မခံစားနိုင်။ ထို့ကြောင့်သည်ဘဝနဲ့ မနေနိုင်တော့ပေ။

မိမိနေရပ်တောကျောင်းရှိ ဘုန်းဘုန်းအား သီလရှင်တွေဘဝနှင့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ရှိ ရဟန်း၊ သာမဏေတွေရဲ့ ဘဝဟာ မိုးနှင့်မြေပမာကွာခြားလှ၏။ အနေအထိုင်၊ အစားအသောက် အစစအရာရာ ပြည့်စုံလှပြီး

မိမိနေရာ သီလရှင်စာသင်တိုက်သည် အစစချို့ငဲ့လှပေသည်ဟု လျှောက်ထားမိ၏။ ယောဆရာတော်ဘုရားကြီး၏ ကျောင်းဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိ၏ကိုယ်သည် သေးငယ်သွားသည်ဟုပင် ထင်ရပေတော့သည်။

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးသည် ယောဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒအောက်၌ အမြဲတမ်း သန့်ရှင်းသပ်ရပ်ပြီး စည်းစနစ်ကျလှကား ရဟန်း၊ သာမဏေများသည်လည်း ကြည်ညိုဖွယ်ရာ ကောင်းလှပေတော့သည်။

## ပုထုဇဉ်တို့ဖြစ်အင်

ဤလောက၌ မြင်းတို့သည် ရန်သူမခိုးယူမီသာ ရန်သူကို ရှောင်သည်။ ရန်သူမိမိကျောပေါ်သို့ရောက်လျှင်ရောက်ချင်းရန်သူကအထူးယူဆောင်တော့သည် မဟုတ်။ ရန်သူကိစ္စကို မိမိကိစ္စလောက်ပြု၍ မရပ်မဆိုင်း မြင်းသချိုင်းသို့ ရန်သူနှင့်အတူတကွ ပြေးသွား၍ သေဘေးသို့ ဆောလျင်စွာရောက်သကဲ့သို့ ပုထုဇဉ်တို့သည်လည်းကာမအာရုံနှင့်မတွေ့ရောက်မီ ကိလေသာပွားများမည့် အမှုဖြစ်သည်ဟု နှလုံးထား၍ ပကတိရှောင်ကြဉ်၍ပင် နေပါသော်လည်း ပညာကင်းလွတ် သတိချွတ်စိုက် ကာမတဏှာ ဆိုက်ရောက်လာလျှင် အလွန်လွတ်အောင် ရှောင်ကြဉ်နိုင်ခဲဟု ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမအတိုင်းပင် ပညာကင်းလွတ် သတိချွတ်ပြီး ကာမတဏှာသို့ ဆိုက်ရောက်ဖို့ကြုံလာခဲ့ရ၏။

ပုထုဇဉ်စိတ်ဆိုသည်မှာလည်း အာရုံများတတ်သည်၊ အစမထင် သံသရာတစ်လျှောက်လောကီအာရုံ၌မွေ့လျော်လာခဲ့ကြသောစိတ်တွေဖြစ်၍ အာရုံပြုနေကျဖြစ်သော လောကီသို့သာ ရောက်ချင်ကြ၊ ရောက်တတ်ကြလေသည်ဟု ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အဆုံးအမအတိုင်းပင် မိမိ၏စိတ်သည်လည်း ဤသို့ပင် ဖြစ်ပေခဲ့၏။

လူတိုင်းလူတိုင်း အံ့သြဖွယ်ရာ ဘဝဇာတ်လမ်းနဲ့၊ အကြီးမားဆုံး စိတ်ကူးအိပ်မက်တွေရှိနိုင်ကြပေသည်။ အမှန်တကယ် လက်တွေ့ဘဝမှာတော့ စိတ်ကူးအိပ်မက်နှင့် တခြားစီ ဖြစ်ခဲ့ရသောအခါ ပူလောင်မှုသောက၊ ပရိဒေဝများ ဖြစ်လာရတော့၏။ ဤကဲ့သို့ ကိလေသာကြောင့် ဆင်းရဲဒုက္ခ ပူလောင်မှုများခံစားရသောအခါတွင်လည်း ယောဆရာတော်ဘုရားကြီး၏ ဘဝတစ်ကွေ့ခဏတွေ့၊ အလိမ္မာမလေး မစန္ဒာ၊ အချိန်တန်ဖိုး လူ့တန်ဖိုး၊ ခန္ဓာကိုယ်ထဲဘောလုံးပွဲ၊ဒီဘူတာမှာခဏလေးရပ်မှာ၊တွေ့ရသူတွေကိုနှုတ်ဆက်ထားခဲ့ပါဆိုသည့် တရားတော်များကြောင့် စိတ်နှလုံး၌ ပူလောင်နေရသော အပူမီးများအေးချမ်းခဲ့ရပါတော့သည်။ ထို့ကြောင့် ယောဆရာတော်ဘုရားကြီးသည် မိမိဘဝ၏ ကျေးဇူးအနန္တကြီးမားလှသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးပင် ဖြစ်ပါတော့သည်။

မြတ်စွာဘုရားရှင်၏တရားတော်မြောက်များစွာထဲမှတစ်ဂါထာတစ်ပုဒ်မျှဖြင့် အမှန်တရားကို သိမြင်ပြီး ဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ်မြောက်သွားခဲ့ကြသော ပုဂ္ဂိုလ်တို့၏ ဘဝဇာတ်လမ်းသည် ပါဠိတော် အဋ္ဌကထာစသည်တို့၌ မြောက်များစွာ ပါဝင်လျက်ရှိ၏။ ဗုဒ္ဓ၏ ဟောကြားလမ်းညွှန်ချက်ကို ကြားနာရသဖြင့် အသိမှန် အမြင်မှန် ရရှိသွားကြကုန်၏။

**တရားဖြေဆေး**

မြတ်စွာဘုရားရှင်၏ တရားဦးဓမ္မစကြာ တရားတော်တွင်လည်း

"အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"

- မချစ်၊ မကြည်ဖြူသူနှင့် အတူနေရခြင်းလည်း ဆင်းရဲ
- ချစ်သူ၊ ကြည်ဖြူသူနှင့် အတူမနေရခြင်းလည်း ဆင်းရဲ
- လိုချင်တာ မရခြင်းလည်း ဆင်းရဲ

ဤဆင်းရဲအပေါင်းတို့မှ ဘယ်လိုလွတ်နိုင်ပါအံ့နည်း။

ချစ်ခင်နှစ်သက်ခြင်းကြောင့် စိုးရိမ်ခြင်းဖြစ်၏ဟု ဘုရားရှင်ဟောတော်မူသည်ကို စာအသိနှင့်မျှသာသိပြီး တရားဘက်၌ နီးနှောမှုမရှိခဲ့သောကြောင့် ပူလောင်ခဲ့ရ၊ ငိုကြွေးခဲ့ရပါ၏။ ထိုသို့ ငိုကြွေးခြင်းတရားတို့မှ လွတ်မြောက်ရန် တရားရိပ်သာသို့သွားရမည်။ ဤလောကတွင်မိမိကိုယ်သာအားကိုးရာဖြစ်၏။ အခြားအားကိုးရာမရှိ အားကိုးရာမဟုတ်၊ တကယ့်အရေးတွင် ဘယ်သွေး ဘယ်သားမှ လာကယ်သည်မရှိ၊ အသက်မသေခင် ကောင်းသောလမ်းအတွက် ပြင်ဆင်ထားရမည်ဟု စိတ်ဆုံးဖြတ်ကာ ရိပ်သာကြီးများတွင် (၃) တရားအားထုတ်ဖြစ်ခဲ့ပါသည်။

ယောဂီအလုပ်ဆိုသည်မှာလည်းစင်စစ်အားဖြင့်တော့မလွယ်ကူလှပါ။ တရားအားထုတ်ခြင်းဆိုသည်မှာ စိတ်အလုပ်ဖြစ်သဖြင့် စိတ်အစဉ်ကို ရှုမှတ်နေရပေရာ တစ်ခါတစ်ရံ ယိမ်းတတ်၊ တိမ်းတတ်ပါ၏။ ထိုအခါမျိုးတွင် သတိဖြင့် စောင့်မှတ်ခြင်းဖြင့် တိမ်းသောစိတ်၊ ယိမ်းသောစိတ်တို့ကို ပြန်လည်ထိန်းပေးရ၏။ ကောင်းမှုလုပ်ငန်းပင် ဖြစ်သော်လည်း စိတ်သည် ကောင်းမှုတရားများ၌မပျော်မွေ့တတ်၊ မတည်ငြိမ်ခဲ့ပေ။ သူ၏ကျက်စားရာဖြစ်သော မကောင်းမှု၌သာ မွေ့လျော်တတ်၏။ ထို့ကြောင့်လည်း "ပါပသ္မိံ ရမတိ မနော" ဟု ဆို၏။

ချစ်ခင်စွဲလမ်းခြင်းကြောင့် စိုးရိမ်ရ၊ တမ်းတရ၊ ပူဆွေးခဲ့ရ၏။ ထိုအဖြစ်သည် မကောင်းမှန်းသိပင် သိငြားသော်လည်း ထိုစိတ်များသည် ပျောက်ပျက်မသွားခဲ့ပေ။ ထိုအခါတွင် တမ်းတပူဆွေး ငိုကြွေးမှုများ ခံစားရပြန်၏။ ထိုအရာများသည် စိတ်က ဦးဆောင်သော ခံစားမှုဝေဒနာများဖြစ်၍ ဤသို့သော ဆင်းရဲမှု သောကဝေဒနာ အဖြာဖြာတို့မှ ကင်းဝေးစေရန်၊ သတိပဋ္ဌာန်တရားတော်ကို တဖြည်းဖြည်း အားထုတ်ကြိုးစားခဲ့ရာ အတော်အတန်ပင် စိတ်အေးချမ်းမှု ရခဲ့လေသည်။

ထို့ကြောင့်လူတိုင်းချစ်စိတ်ဖြေနည်း၊သောကနည်းအောင်ပြုနည်းသည် သတိပဋ္ဌာန်တရားမှတစ်ပါးအခြားမရှိဟုပင်ထင်ခဲ့ပါသည်။ထိုသို့တရားရိပ်သာဝင်ရောက်ခဲ့သောအချိန်တောင်မှယောဆရာတော်ဘုရားကြီး၏တရားစာအုပ်များကို ကိုယ်နှင့် မကွာထားပြီး မိမိ၏အနီးပါး၌ ဆရာတော်ကြီး ရှိသကဲ့သို့ပင် ခံစားရ၏။

ထိုကဲ့သို့သော ဆရာတော်ဘုရားကြီး၏ စာအုပ်ကို အားလပ်ချိန်တိုင်း ဖတ်သောအခါမိမိနှင့်အတူလိုက်ပါပြီးတရားအားထုတ်ဖော်ဖြစ်သောမင်းကွန်း မှသီလရှင်ဆရာကြီးတစ်ပါးမှလည်းသူမသည်လည်းယောဆရာတော်ဘုရား ကြီးအား ကြည်ညိုကြောင်း၊ ယောဆရာတော်ဘုရားကြီး မင်းကွန်း ကြွရောက် လာလျှင် သွားရောက်ကန်တော့ကြောင်း၊ ရန်ကုန်သို့ရောက်လျှင်လည်း ဆရာ တော်ကြီးထံ ဝင်ရောက်ဖူးမြင်ကြောင်း၊ ဆရာတော်ကြီးမှ သူမအား တရားတွေ အားထုတ်တာကြာပြီးသောတာပန်ဖြစ်ပြီလားဟုမေး၏။သူမမှလည်းမရသေး ကြောင်းစာရေးသူအားတရားအားထုတ်နေသူတွေတောင်မှတရားမရနိုင်ကြ၊ တရားရဖို့မလွယ်ကူတာအားမထုတ်မကျင့်ကြဲသူများအဖို့အလွန်ဝေးကြောင်း ပြောပြလေသည်။ ထိုသီလရှင်ဆရာကြီး၏ ဘွဲ့အမည်မှာ ဒေါ်မာလာဟုခေါ်၏။

မိမိကြည်ညိုသော ဆရာတော်ကြီးကို ကြည်ညိုသော ပုဂ္ဂိုလ်များနှင့် ကြုံဆုံခဲ့ရလေ၏။

တစ်ခါကလည်း လူပုဂ္ဂိုလ်ထဲမှ တစ်ယောက်က ယခုခေတ်တွင် နာမည် ကြီးဆရာတော်တွေ၊ ပုဂ္ဂိုလ်ကြီးတွေ ရှိကြပါသည်။ အဲဒီပုဂ္ဂိုလ်တွေ၏အပြစ်ကို ရှာဖွေတွေ့ရှိရလေ၏။ ယောဆရာတော်ဘုရားကြီးကတော့ ဘယ်ဘက်က ကြည့်ကြည့် ကြည်ညိုလေးစားစရာသာ ရှိ၍ အပြစ်ဆိုဖွယ်ရာ မရှိဟု ဆိုသံကို ကြားရလျှင် မိမိ၏စိတ်ထဲ အတိုင်းမသိ ကြည်နူးဝမ်းသာခြင်း ဖြစ်မိပါတော့၏။

မိမိကဲ့သို့ပင် ဆရာတော်ဘုရားကြီးအား ကြည်ညိုလေးမြတ် နှစ်သက် အားရတော်မူကြသော ရဟန်း ရှင် လူများ မရေမတွက်နိုင်အောင်ပင် ရှိပေလိမ့် မည်။ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် မည်သူမျှ မကြည်ညို မလေးစားဘဲ နေကြလိမ့်မည် မထင်ပေ။

**ယောဆရာတော်ဘုရားကြီး ရရှိတော်မူသော ဘွဲ့တော်များ**

ဆရာတော်ဘုရားကြီး ရရှိတော်မူခဲ့သော ဘွဲ့တော်များမှာ -

- သာသနဓဇ ဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်
- သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

- ဝိနယပါဠိပါဠိပါရဂူ၊ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူ
- သကျသီဟမဟာစရိယ၊ စေတိယင်္ဂဏမဟာစရိယ
- နိကာယဝေဒါတက အတ္ထဝိသာရဒ မူလအာဘိဓမ္မိက
- ဓမ္မဝိသာရဒ မဇ္ဈိမအာဘိဓမ္မိက
- အတ္ထဝိသာရဒ မူလအာဘိဓမ္မိက
- ဝိနယဓရ ဝိနယကောဝိဒ
- ဒီဃဘာဏက ဒီဃနိကာယကောဝိဒ
- အာဘိဓမ္မိက အဘိဓမ္မကောဝိဒ
- တိပိဋကဓရ တိပိဋကကောဝိဒ
- အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဘွဲ့တံဆိပ်တော်တို့ ဖြစ်လေ၏။

**ယောဆရာတော်ကြောင့် ယောနယ်ဂုဏ်တက်ခဲ့**

တိပိဋကပြီးခဲ့သည့်အချိန်တွင် "မြန်မာနိုင်ငံ၌ပဌမမြောက် တိပိဋကဓရ ဆရာတော်တစ်ပါး ပေါ်ထွက်လာပြန်ပြီ၊ ယောနယ်ဇာတိဖြစ်သည်" ဟု ရဟန်း ရှင် လူအများအကြားဝယ် ဂုဏ်သတင်းပျံ့နှံ့ကာ နာမည်ကျော်ကြားခဲ့လေ သည်။

အရှင်သိရိန္ဒာဘိဝံသအရှင်မြတ်ကြောင့် "ယောနယ်"သည် လူသိများ ပြီး ဂုဏ်တက်ခဲ့ရလေတော့သည်။ ရှေးအခါက ယောနယ်ဒေသသည် လမ်း ပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် လူသူအရောက်အပေါက် နည်းခဲ့ ကြရ၏။ ထို့ပြင် ယောနယ်ဒေသလေးကို ဖျက်လိုဖျက်ဆီးသဘောမျိုးဖြင့် လုပ် ကြံပြောဆိုခဲ့ကြသောကြောင့် အကြောင်းမသိသောသူများက အဟုတ်ထင် မှတ်ကာ အမည်းစက် စွန်းထင်းခဲ့ရလေ၏။

အများ၏ ထင်ယောင်ထင်မှား အမည်းရောင်ဒေသအဖြစ် နာမည်ကြီး ခဲ့သော ယောနယ်ဒေသလေးကို ယခုအခါ တိပိဋကဆရာတော် အရှင်သိရိန္ဒမှ အဖြူရောင်အဖြစ် ချယ်သပေးနိုင်ခဲ့လေတော့သည်။ ခုအချိန်မှာတော့ ယော

နယ်သူနယ်သားများသည် ဘယ်နေရာ ဘယ်ဒေသရောက်ရောက် ကျွန်တော်က ယောနယ်ကပါ။ ကျွန်မက ယောနယ်ကပါဟု ဂုဏ်ယူဝင့်ကြွားစွာပင် ပြောရဲကြလေတော့၏။ တိပိဋကဆရာတော်ဘုရားကြီးကြောင့် ယောနယ် ဂုဏ်တက်ခဲ့ရ၏။ ယခင်ကဆိုလျှင် ယောနယ်ကပါဟု ပြောရမှာကိုပင် မဝံ့မရဲ ဖြစ်ခဲ့ရရှာ၏။

ယခုအခါ ယောနယ်ဒေသသည် စီးပွားရေးအချက်အချာကြပြီး လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ကာ စည်ကားလျက် ရှိနေပေတော့သည်။ လူသူအရောက်အပေါက် ပေါများပြီး "ယော"ဟူသော အသံကိုပင် ကြားလိုက်လျှင် မသိသူမရှိသလောက် ဖြစ်၏။ တိပိဋက ယောဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ တိပိဋကဓရဂုဏ်တော်တို့ကြောင့် ယောနယ်တစ်နယ်လုံး နာမည်ကောင်းရ ဂုဏ်တက်ခဲ့လေတော့၏။

## ယောဆရာတော်ဟု အမည်ခံခဲ့

အရှင်သိရိန္ဒာဘိဝံသသည် တိပိဋကဓရ ပြီးဆုံးသွားသောအခါ ယောနယ်တစ်နယ်လုံး၏ ဂုဏ်ကို ထင်ဟပ်စေရန် မိမိကိုယ်ကို "ယောဆရာတော်" ဟု အမည်ခံလေသည်။ တစ်ခါက ဒကာကြီးတစ်ယောက်သည် တိပိဋက အောင်ပြီးစဖြစ်သော ဆရာတော်ကို လာရောက်လျှောက်ထားလေသည်။ "အရှင်ဘုရားကို ယောဆရာတော်လို့ လူတွေက ခေါ်နေကြတယ် ဘုရား" တဲ့။ ထိုအခါ ဆရာတော်မှ "ယောနယ်မှာမွေးဖွားခဲ့တဲ့ ယောသားစစ်စစ်ကို ယောဆရာတော်လို့ ခေါ်မှာပေါ့ ဒကာကြီးရယ်၊ ဦးပဉ္စင်းကိုယ်တိုင်လည်း ဒီနာမည်ကို သဘောကျကျေနပ်လို့ လက်ခံပြီး အသုံးပြုနေပါတယ်" ဟု အမိန့်ရှိလေသည်။

ထိုအခါ ဒကာကြီးမှ ဆရာတော် ဒီ"ယော"ဆိုတဲ့နာမည်ကြီးကို မတပ်ချင်စမ်းပါနဲ့ ဘုရား။ ဘာဖြစ်လို့လဲ ဒကာကြီးရဲ့၊ တပည့်တော်တို့ကြားဖူးတာက မှော်တို့ ကဝေတို့ စုန်းတို့လို အောက်လမ်းပညာတွေနဲ့ ထင်ရှားခဲ့တဲ့နေရာ ဘုရား။ ပယောဂဆရာတွေတောင် "ယောပြန်"ဆိုပြီး နာမည်တပ်ကြတာ၊

ဒီလိုအောက်လမ်းနည်းနဲ့ လူသိများနေတဲ့ "ယော" ဆိုတဲ့ နာမည်ကြီးကို ဆရာတော်လို တိပိဋက အရှင်မြတ်တစ်ပါးရဲ့ ဘွဲ့တော်နဲ့ တွဲမခေါ်သင့်ပါဘူး ဘုရား၊ အောက်တန်းကျလွန်းပါတယ်တဲ့။

ထိုဒကာကြီးပြောသလို ဟိုယခင်အချိန်က မဟုတ်မမှန် နည်းမျိုးစုံနဲ့ "ယော"ဆိုတဲ့အမည်ကို အမည်းရောင်အဖြစ် ဖန်တီးလုပ်ကြံခဲ့ကြသည်။ ထိုအမည်းရောင်ဖုံးအုပ်နေသော ယောနယ်ကို အဖြူရောင်ပြောင်းချင်လွန်းလို့ ဦးပဋ္ဌင်းက တိပိဋကအောင်ပြီးတဲ့အချိန်ကစပြီး သူများတွေက "ယောဆရာတော်"လို့ ခေါ်တာကို ကျေကျေနပ်နပ် လက်ခံအတည်ပြုပြီး အမျိုးဂုဏ်နှင့် ယောနယ်ဂုဏ်တက်ဖို့ကို ဦးစားပေးပြီး "ယောဆရာတော်"ဟု အသုံးပြုလိုက်ပေတော့သည်။

**ယော**

ယာတိ ယာပေတိ ယောမည်၏
ယာတဗ္ဗောတိ စ ယာပိတော၊
ယော ယာယတိ စ ဓာတေန၊
ယော ဗ္ဗောစေဝ ယာယတိ။

(က) ၁။ ချစ်ခင်ညီညွတ်၊ ရောက်လာတတ်၊ သိမှတ် ယောခေါ်သည်။
၂။ ချစ်ခင်စရာ၊ ဖြစ်တတ်ပါ၊ မှန်စွာ ယောခေါ်သည်။
၃။ ချစ်ခင်ကြည်ဖြူ၊ သိတတ်မှု၊ မှတ်ယူ ယောခေါ်သည်။
(ခ) ၁။ ချမ်းသာသုံးရပ်၊ ရောက်စေတတ်၊ သိမှတ် ယောခေါ်သည်။
၂။ ချမ်းသာသုံးဖြာ၊ ဖြစ်စေပါ၊ မှန်စွာ ယောခေါ်သည်။
၃။ သစ္စာလေးဆူ၊ သိစေမှု၊ မှတ်ယူ ယောခေါ်သည်။
(ဂ) ၁။ ချစ်ခင်လေးမြတ်၊ ရောက်ရှိအပ်၊ သိမှတ် ယောခေါ်သည်။
၂။ ချစ်ခင်လေးမြတ်၊ ဖြစ်စေအပ်၊ မချွတ် ယောခေါ်သည်။
၃။ ချစ်ခင်လေးစား၊ သိအပ်ငြား၊ မှတ်သား ယောခေါ်သည်။
(ဃ) ၁။ ချမ်းသာသုံးတန်၊ ရောက်ကြောင်းမှန်၊ ကောန် ယောခေါ်သည်။

၂။ ချမ်းသာသုံးဖြာ၊ ဖြစ်ကြောင်းမှာ၊ မှန်စွာ ယောခေါ်သည်။
၃။ သစ္စာလေးဆူ၊ သိကြောင်းဟူ၊ မှတ်ယူ ယောခေါ်သည်။
(င) ၁။ ကောင်းစွာရောက်ရာ၊ နိဗ္ဗာန်မှာ၊ မှန်စွာ ယောခေါ်သည်။
၂။ ကောင်းစွာဖြစ်ရာ၊ မြတ်ချမ်းသာ၊ မှန်စွာ ယောခေါ်သည်။
၃။ ကောင်းစွာသိရာ၊ တရားမှာ၊ မှန်စွာ ယောခေါ်သည်။
(စ) ၁။ တရားအစု၊ မြတ်ကောင်းမှု၊ မှတ်ရှု ယောခေါ်သည်။
၂။ တရားကိုချစ်၊ ယောအစစ်၊ အနှစ်ပိုင်ဆိုင်သည်။
၃။ ယောသူယောသား၊ ရိုးဖြောင့်ဖြား၊ စိတ်ထားဖြူရမည်။

အထက်ပါဆိုခဲ့ပြီးသော အလင်္ကာများကို စီကုံးရေးသားကာ တိပိဋက ယောဆရာတော်သည် ကန်တောရကျောင်းတိုက် နှစ်တစ်ရာပြည့်ပွဲ၌ နေရာ ဒေသကလည်း ယောဒေသ၊ တရားဟောမည့် ဘုန်းကြီး၊ တရားနာပရိသတ် ကလည်း အများအားဖြင့် ယောပရိသတ်ဆိုတော့ "ယောတရား" ဟု အမည် ပေးကာ အကျယ်တဝင့် ဟောကြားတော်မူခဲ့သည်။ ထိုတရားခွေကိုလည်း စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ဝေ၍ နေရာအနှံ့အပြား လှူဒါန်းခဲ့သည်။

ဘုရားဟောပါဠိတော်များ၌လည်း "ယော"ဟူသော စကားလုံးသည် အလွန်အသုံးဝင် တွင်ကျယ်သောစကား ဖြစ်သည်။

ယောဘဂဝါ - အကြင်မြတ်စွာဘုရားသည်၊

ယောသဘာဝေါ - အကြင်သဘောတရားသည်၊

ယော ပန ဘိက္ခု - အကြင်ရဟန်းသည် စသည်ဖြင့် အများအပြား ရှိ သည်။

နာမ်ဝိဘတ် ၇ သွယ်တွင်လည်း အာလုပ်ယော၊ ပထမာယော ဒုတိယ ယောတွေ ပါရှိ၏။ ပါဠိတော်များကို သင်ကြားရသူတိုင်း "ယော"ဟူသော အသံကို ရိုးနေအောင် ကြားဖူးပြီးဖြစ်နေလောက်၏။

**ယောဆရာတော်ဘုရားကြီး၏ အုပ်ချုပ်ရေးမူဝါဒ လမ်းစဉ် (၄) ရပ်**

ဤကျောင်းတိုက်၌နေထိုင်သူများအားလုံး

(၁) မတည့်အတူနေသဘောမျိုး မရှိစေဘဲ မေတ္တာတရားဖြင့် အေးမြပျော်ရွှင်စွာ မိသားစုစိတ်ဓာတ်ထားကာ အတူလက်တွဲနေထိုင်ရေး၊

(၂) အဆင့်မမီသေးသူ၊ အခက်အခဲကြုံတွေ့နေရသူများကို ကရုဏာဖြင့် ဖေးမကူညီစောင့်ရှောက်ရေး၊

(၃) တကယ်တော်သူ ကောင်းသူများကို လက်မနှေးဘဲ မုဒိတာဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုချီးမြှောက်ရေး၊

(၄) မတော်မကောင်း အကျင့်တိမ်းစောင်းသွားသူ၊ အပြစ်ရှိသူများကို စိတ်ဆိုးမှု ပူလောင်မှုန်းတီးမှု မပါစေဘဲ ဥပေက္ခာဖြင့် အေးမြကြည်လင်စွာ ပြစ်ဒဏ်ပေးရေး၊

(၅) အပြစ်ရှိ၍ ဒဏ်တပ်ထားသော်မှ ဒေါသအပူအခိုးအငွေ့လုံးဝမပါဝင်ဘဲ ကိုယ်က အကောင်းဆုံးဖြစ်အောင် ပြုလုပ်ကူညီပေးပါလျက်နဲ့ မလိုက်နာနိုင်လျှင် သူ့ကံနှင့်သူသာဖြစ်၍ အေးမြကြည်လင်စွာ လက်လွှတ်လိုက်လေတော့သည်။

**ယောဆရာတော်ဘုရားကြီး၏ သာသနာပြုမှု (၄) ချက်**

**၁။ တိပိဋက သာသနာ့အာဇာနည်များ ပေါ်ထွက်ရေး**

သာသနာတော်အတွက် အလွန်အကျိုးများစေမည့် တိပိဋကဓရ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်များ အဆက်မပြတ် ပေါ်ထွက်လာရေး အတွက် လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပြုစုပျိုးထောင်ရန် အထူးတလည် အားပေးဆောင်ရွက်တော်မူလေ့ ရှိခြင်း၊

**၂။ သာမဏေကျော်များ ပေါ်ထွက်ရေး**

သာမဏေကျော်များသည် သာသနာတော်၏ ရေသောက်မြစ်များ ဖြစ်သဖြင့် သာမဏေငယ်များကို အထူးဦးစားပေးလက်ခံကာ သာမဏေကျော်

"သာသနာလင်္ကာရ" သာသနာ့အာဇာနည်ပုဂ္ဂိုလ်လေးများ ဖြစ်လာအောင် လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အထူးဦးစားပေးဆောင်ရွက်တော်မူလေ့ရှိခြင်း၊

၃။ ပရိယတ်နှင့်တွဲလျက် ပဋိပတ်ဘာဝနာပါ ပွားများကျင့်ကြံစေရေး

ပရိယတ်နှင့်မတွဲသော ပဋိပတ်သာသနာ၊ ပဋိပတ်နှင့်မတွဲသော ပရိယတ်သာသနာသည် ပြီးပြည့်စုံသော သာသနာမဟုတ်သောကြောင့် ကျောင်းတိုက်သံဃာများကို ဝိပဿနာဘာဝနာတရားများကိုပါ အချိန်တစ်ရပ်ထား၍ အထူးပွားများအားထုတ်စေလျက် ရှိခြင်း၊

၄။ ပညာထူးချွန်သူများကို အားပေးချီးမြှောက်ပူဇော်ရေး

ကျောင်းတိုက်အပတ်စဉ်စာမေးပွဲများ၊ နိုင်ငံတော်က ကျင်းပသော စာမေးပွဲများတွင် အနိမ့်ဆုံးစာမေးပွဲမှ အမြင့်ဆုံးစာမေးပွဲများအထိ ရိုးရိုးအောင်၊ အထူးအောင်သံဃာတော်များနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲအောင် ကျောင်းသားများကိုပါအားထုတ်ချင်စိတ်များဖြစ်ပေါ်စေရန်ပညာရည်ချွန်ဆုများကို ထိုက်ထိုက်တန်တန် လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် စဉ်ဆက်မပြတ် ချီးမြှင့်တော်မူလေ့ရှိခြင်း၊

ဤသို့ဖြင့် ယောဆရာတော်ဘုရားကြီးသည် သာသနာပြုမှု (၄) ရပ်ကို ချမှတ်တော်မူ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ပြီး သာသနာပြုလုပ်ငန်းများကို ကြိုးစားအားထုတ်ဆောင်ရွက်ခဲ့ရာ (၂) နှစ် (၃) နှစ်အတွင်းမှာပင် ပိဋကတ်နှစ်ပုံဆောင်၊ တစ်ပုံအောင်၊ ဝိနည်းရှေ့ပိုင်းအောင်၊ ဓမ္မာစရိယ အထူးအောင်၊ ရိုးရိုးအောင်၊ ပထမကျော်၊ ပထမပြန်အထူးအောင်၊ သက်္ကျသီဟ၊ စေတိယင်္ဂဏ၊ စာချတန်းနှင့် စာသင်တန်းအောင်၊ နိကာယ်ဆိုင်ရာ စာမေးပွဲအောင် ပုဂ္ဂိုလ်များ အမြောက်အမြား စဉ်ဆက်မပြတ် ပေါ်ထွက်လာခဲ့တော့သည်။

## မေတ္တာလမ်းစဉ်ဖြင့် အုပ်ချုပ်သောကျောင်းတိုက်

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးသည် ယခင် သာမဏေကျော် (အလင်္ကာရ) စာမေးပွဲများ မရှိခဲ့ချေ။ ယောဆရာတော်ဘုရားကြီးလက်ထက်မှသာ စတင်ဖွင့်လှစ်ခဲ့ရာ "အလင်္ကာရ"ဘွဲ့ရ ပုဂ္ဂိုလ်များ နှစ်စဉ်ပေါ်ထွက်ခဲ့သည်။ ကျောင်းတိုက်ကြီးသည် အချိန်တိုအတွင်း အောင်မြင်မှုရရှိခဲ့သောကြောင့် ရဟန်းရှင်လူအများပင် အံ့အားသင့်ကြကုန်၏။ ဆရာတော်ဘုရားကြီးသည် လောကပကာသနကို ဦးစားမပေးဘဲ ဓမ္မစွမ်းအားကောင်းမှု တိုးပွားရေးကိုသာ အမြဲဦးစားပေး လုပ်ဆောင်ပြီး ပညာရေးကို အထူးအလေးပေး ဆောင်ရွက်တော်မူ၏။ ဤသို့သော အကြောင်းများကြောင့် ကျောင်းတိုက်ကြီးသည် ယခင်ကထက်ပင် အရာရာ တိုးတက်အောင်မြင်လာခဲ့ရခြင်း ဖြစ်၏။

နိုင်ငံတော်က ကျင်းပသော စာမေးပွဲများတွင် အနိမ့်ဆုံးစာမေးပွဲမှ အမြင့်ဆုံးစာမေးပွဲအထိ နှစ်စဉ်နှစ်တိုင်း အောင်မြင်မှု မြင့်မားလာသဖြင့် ကျောင်းတိုက်ကြီး၏ဂုဏ်ကိုလည်း ယခင်ကထက်ပင် ပိုမိုမြှင့်တင်ပေးနိုင်ခဲ့သည်။ ယောဆရာတော်ဘုရားကြီးသည် မိမိ၏တပည့်ပရိသတ်များကို စည်းကမ်းရှိစွာ၊ စနစ်တကျ၊ နည်းမှန်လမ်းမှန် အသိနှင့်အကျင့် ပေါင်းစပ်၍ သိပ်သည်းကျစ်လျစ်စွာ မေတ္တာတရားဖြင့် အေးချမ်းစွာ အုပ်ချုပ်၏။

ယောဆရာတော်ဘုရားကြီးသည် တပည့်ပရိသတ်များကို ထိုက်ထိုက်တန်တန် ချီးမြှောက်ခြင်းကြောင့် စာသင်သား သံဃာတော်များသည်လည်း ကိုယ်စိတ်နှစ်ပါး အေးချမ်းစွာဖြင့် စာပေလုပ်အားကောင်းကြသောကြောင့် ယောဆရာတော်ဘုရားလက်ထက်တွင် ပညာရေးစနစ်ကြီးသည် တစ်ဟုန်ထိုး တိုးတက်လာခဲ့လေတော့၏။

ဆရာသမားဘက်ကလည်း မေတ္တာဖြင့် လမ်းညွှန်၊ တပည့်များဘက်ကလည်း မေတ္တာဖြင့် လက်ခံ၊ ဒကာ ဒကာမများဘက်ကလည်း မေတ္တာဖြင့် ဝိုင်းဝန်းချီးမြှောက်ထောက်ပံ့ကြပြီး မေတ္တာလမ်းစဉ်ဖြင့် အုပ်ချုပ်သော ကျောင်းတိုက်ကြီးဖြစ်၍ မြင်ရ၊ တွေ့ရသူတိုင်း၏ စိတ်နှလုံးကို အေးချမ်းစေလေတော့၏။

## များဖို့ထက် ကောင်းဖို့ကိုသာ ဦးစားပေး

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးသည် "ပရိသတ်များဖို့ထက် ကောင်းဖို့" ကိုသာ ဦးစားပေးသော ကျောင်းတိုက်ကြီး ဖြစ်သည်။ ကျောင်းတိုက်ရှိ ပရိသတ်များကို စည်းကမ်းဖြင့် အလှတန်ဆာဆင်၍ မေတ္တာတရားဖြင့် အရိပ်ပေးလေ၏။ ပရိယတ်ဖြင့် ဂုဏ်ကျက်သရေဆောင်ကာ ပရိယတ်ဖြင့် ပဋိပတ်ကို ထိန်းလျက် ပဋိပတ်ဖြင့် ပရိယတ်ကို အသက်သွင်းပေးနေသော ကျောင်းတိုက်ကြီးဖြစ်၍ သာသနာတော်အတွက်လည်း အားတက်ကြည်နူး နှစ်သက်စရာ ကောင်းလှပေတော့သည်။

ယောဆရာတော်ဘုရားကြီး၏ မှုဝါဒသည်

"ကျောင်းတိုက်၏အလှသည်ကား စည်းကမ်း၊

ကျောင်းတိုက်၏အရိပ်သည်ကား မေတ္တာ၊

ကျောင်းတိုက်၏ ဂုဏ်ကျက်သရေသည်ကား ပရိယတ္တိစာပေ" ဖြစ်ကြောင်း မိန့်တော်မူ၍ တပည့်ပရိသတ်များကို စည်းကမ်းဖြင့် တင်းကျပ်ထားပြီး စာပေဖြင့် ချုပ်ကိုင်ကာ မေတ္တာတရားဖြင့် အေးမြစွာ အုပ်ချုပ်တော်မူ၏။ သာသနာ့ကျက်သရေဆောင် ပုဂ္ဂိုလ်ထူးများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ခဲ့သောကြောင့်ကျောင်းတိုက်ကြီး၏ဂုဏ်ကျက်သရေသည်တစ်နေ့တခြား တိုးတက်မြင့်မားလာခဲ့သည်။

## မေတ္တာဖြင့်အုပ်ချုပ် စည်းကမ်းဖြင့် တန်ဆာဆင်

ယောဆရာတော်ဘုရားကြီးသည် ပရိသတ်များကို အုပ်ချုပ်ရာ၌ ဆဲဆိုကြိမ်းမောင်း၊ ရိုက်နက်ပုတ်ခတ်တာမျိုးလုံးဝမလုပ်။ ဒေါသဖြစ်သည့်အမူအရာပင် မပြပေ။ သို့ရာတွင် ချမှတ်ထားသည့် စည်းကမ်းဥပဒေများနှင့် အခါအားလျော်စွာ ထုတ်ပြန်ထားသည့် စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်မိပါက စာတော်သည်၊ ညံ့သည်ဟု မခွဲခြားဘဲ ချက်ချင်းနှင်ထုတ်လေသည်။

မိမိ၏တပည့်ပရိသတ်များ အချိုးကျကျ နေထိုင်ကျင့်သုံးတတ်အောင် အသိရေအကျင့်ပါ ဘက်စုံမြင့်မားလာအောင်၊ အရာရာမှာ သူများထက်

မသာတာတောင်မှ တန်းတူရင်ပေါင်တန်းနိုင်အောင် နေ့စဉ် အဆုံးအမ ညြဝါဒ ပေးတော်မူလေသည်။ ဥပုသ်နေ့တိုင်း ည ၇ နာရီမှ ၈ နာရီအထိ အဆုံးအမ ပေးတော်မူသည်။

ယောဆရာတော်ဘုရားကြီးသည် တပည့်ပရိသတ်များကို မေတ္တာဖြင့် အရိပ်ပေးပြီး စည်းကမ်းဖြင့် အလုတန်ဆာဆင်ပေးလေသည်။ နည်းကောင်း လမ်းမှန် ဝင်ရောက်လာနိုင်အောင် အသိဉာဏ်တံခါး ဖွင့်ပေးသည်။ မတိမ်း စောင်းရလေအောင် ထိန်းကျောင်းပေးသည်။ မဆုတ်မရပ်မချော်ရလေ အောင်အချိန်မီအလုပ်ပြီးစီးအောင်တွန်းပေးသည်။လမ်းမှန်ကိုလျှောက်လှမ်း တတ်အောင် ညွှန်ကြားပေးသည်။ တင့်တယ်ထည်ဝါအောင် ပညာဖြင့် ဂုဏ် ကျက်သရေ အဆင့်ဆင့်တင်ပေးလေသည်။

## ယောဆရာတော်ဘုရား၏ ပညာရေးမူဝါဒ

ယောဆရာတော်ဘုရားကြီးသည် တိပိဋက၊ သကျသီဟ၊ စေတိယင်္ဂဏ၊ ဓမ္မာစရိယ၊ ပထမပြန်စာမေးပွဲ အဆင့်ဆင့်အောင်မြင်ရေးနှင့် အလင်္ကာရဘွဲ့ရ သာမဏေကျော်ပုဂ္ဂိုလ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေး အတွက် ပညာရေးစီမံကိန်းချမှတ်ပြီး အားထုတ်ကြိုးပမ်းတော်မူသည်။

တိပိဋကနှင့် သကျသီဟ၊ စေတိယင်္ဂဏစာမေးပွဲများကို ဓမ္မာစရိယဘွဲ့ ရရှိပြီးမှသာ ဖြေဆိုခွင့်ပေးပြီး သာမဏေကျော်စာမေးပွဲကို ပထမလတ်တန်း အောင်ပြီးမှသာ ဖြေဆိုခွင့်ပေးတော်မူသည်။ စာသင်သားများ စည်းကမ်း တကျ စာကျက် စာအံ စာပြန်နိုင်ရန် စာချဘုန်းကြီးများအား အလှည့်ကျ စောင့် ကြပ်ခိုင်းသည်။

စာဝါများပို့ချလျှင်လည်း စာလိုက်သည့်စာသင်သားစာရင်းကို စာချ ဘုန်းကြီးများမှ ယောဆရာတော်ထံ ဥပုသ်နေ့တိုင်း တင်ပြကြရသည်။ ခွင့် မပန်ဘဲ အကြောင်းမဲ့ စာဝါပျက်ကွက်လျှင် ဖြစ်စေ၊ စာကျက် စာအံ စာပြန် ပျက်ကွက်လျှင်ဖြစ်စေ၊ ထိုပျက်ကွက်သောစာသင်သားကို ကျောင်းတိုက်မှ ချက်ချင်းနှင်ထုတ်တော်မူသည်။ မိမိနှစ်သက်ရာ နေရာ၌သာ စာကျက် စာအံ

စာပြန်ခွင့်မပေးဘဲ သတ်မှတ်ထားသည့် စာအံကျောင်း၌သာ စုပေါင်း၍ စာကျက်၊ စာအံ၊ စာပြန်၊ စာကြည့်စေသည်။

စာသင်သားများအား နံနက် ၄ နာရီ ၁၅ မှ ည ၁၀ နာရီ ၄၅ အထိ တစ်နေ့လုံး အချိန်ဖြင့်ပိုင်းခြား၍ ကြိုးစားနိုင်အောင် ယောဆရာတော်မှ စီမံပေးထားသည်။ ပညာတကယ်လိုချင်သူများအတွက် အမြဲလမ်းခင်းပေးထား၏။ စာဝါမပြည့်စုံ၊ စာဝါမလုပ်ရ၍ အားငယ်စရာ လုံးဝမရှိစေရ၊ စာအုပ်မလုံလောက်၍ ပညာမသင်ရဟု လုံးဝမရှိစေရ။ ကျောင်းတိုက်ရှိ စာသင်သားသံဃာအားလုံး စာအုပ်အပြည့်အစုံ၊ ဘောပင်၊ ဗလာစာအုပ်တို့ကို မိမိဝတ္ထုငွေဖြင့် လုံးဝ ဝယ်စရာ မလို၊ ပြည့်စုံပိုလျှံအောင် ယောဆရာတော်ဘုရားကြီးမှ စီမံပေးထားသည်။

## ကဏ္ဍအသီးသီးခွဲဝေပေးခြင်း

ယောဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်ရှိ စာသင်သားများ၏ အရည်အချင်းကို စာချဘုန်းကြီးများအား တာဝန်ခွဲဝေယူစေကာ စစ်ဆေးစေ၏။ ဝါတွင်း ဝါပ ဥပုသ်နေ့တိုင်း လေ့ကျင့်ခန်းစာမေးပွဲကို ဖြေဆိုနိုင်းသည်။ လဆန်း (၈) ရက်၊ လဆုတ် (၈) ရက်နေ့များ၌ သင်ကြားထားပြီးသမျှ သဘောအဓိပ္ပာယ်ကို ရေးသားဖြေဆိုကြရသည်။

ရမှတ်များကို အောက်ပါအတိုင်း သတ်မှတ်ထားသည်။

(၁) ဓမ္မာစရိယတန်း၌ (၇၀) ရာနိုင်နှုန်း၊

(၂) ပထမပြန်နှင့် သာမဏေကျော်တန်း၌ (၅၀) ရာနိုင်နှုန်း သတ်မှတ်ပြဋ္ဌာန်းထား၏။ အကျယ်၍ (၅) မှတ်အောက်ကျရှုံးလျှင် ဒဏ် (၁) ရက်၊ (၅) မှတ်အထက် (၁၀) မှတ်အောက်ကျရှုံးလျှင် ဒဏ် (၂) ရက်၊ (၁၀) မှတ်အောက်ကျရှုံးလျှင် ဒဏ် (၃) ရက် ထမ်းတော်မူကြရလေ၏။

လပြည့်လကွယ်နေ့တိုင်း (၂) ပတ်အတွင်း ကျက်ထားပြီးစီးသမျှ အာဂုံကျမ်းစာများကို ဖြေဆိုကြရသည်။ ကျက်ပြီးသားစာများလည်း မမေ့မပျောက်ရလေအောင်၊ နောက်ထပ် စာဝါအသစ်များနှင့်တွဲ၍ ဖြေဆိုကြရခြင်း ဖြစ်၏။

အတန်းအသီးသီးအတွက် ဖြေဆိုရန် ကျမ်းစာများကို ယောဆရာတော်မှ ကဏ္ဍအသီးသီး ခွဲဝေသတ်မှတ်ပေးတော်မူပါသည်။ အောင်မှတ်ကို (၉၀) သတ်မှတ်ပြီး ကျရှုံးလျှင် ဒဏ်ထမ်းရမည့်ရက်ကို သဘောရေးဖြေအတိုင်း သတ်မှတ်ထား၏။

## ဒဏ်ဖြင့် တွန်းအားပေးခြင်း

ယောဆရာတော်ဘုရားကြီးသည် အပတ်စဉ် ဖြေဆိုရမည့် ကျမ်းစာများကို ကိုယ်တိုင်သတ်မှတ်၍ ကျရှုံးသော စာသင်သားများအား ဒဏ်ဖြင့် တွန်းအားပေးသည်။ ဒဏ်ထမ်းကြရသော ကိုရင်၊ ဦးပဉ္စင်းများမှာ နေ့လယ် ၁၁ နာရီ ၄၅ မှ ၁၂ နာရီခွဲအထိ ထင်းပေါက်ကြရသည်။ ပေါက်စရာထင်း မရှိပါကလည်း ကျောင်းတိုက်အတွင်း သန့်ရှင်းရေး လုပ်ကြရသည်။

ထိုကဲ့သို့ ဒဏ်ထမ်းရုံနှင့် မပြီးသေး၊ ည ဘုရားရှိခိုးအပြီးတွင် ဒဏ်ထမ်းကြရသည့် သံဃာအားလုံး သံဃာ့ပရိသတ်ထံ၌ တစ်ပါးချင်း "သံဃာတော် အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော် (-) သည် စာမေးပွဲ (-) မှတ် ကျပါသဖြင့် ဒဏ် (-) ရက် ထမ်းဆောင်ပြီးပါပြီ အရှင်ဘုရား" ဟု ဘွဲ့အမည်၊ ကျရှုံးသည့် အမှတ်၊ ဒဏ်ထမ်းပြီးရက်ကို ဖော်၍ အများကြားလောက်အောင် လျှောက်ထားကြရလေသည်။ ထိုသံဃာတော်များမှ မိမိတို့ဆိုင်ရာ ဒဏ် လျှောက်လို့ ပြီးဆုံးသောအခါ သံဃာတော်များမှလည်း သာဓု (၃) ကြိမ် ခေါ် ကြရလေသည်။ အကယ်၍ ပြစ်မှုတစ်ခုခု ကျူးလွန်သည့် ပုဂ္ဂိုလ်များသည် လည်း ထို့အတူ ဒဏ်ထမ်း၍ သံဃာပရိသတ်ထံ၌ ဘွဲ့အမည်နှင့် ပြစ်မှုအမည် ကို ဖော်၍ ဒဏ်လျှောက်ကြလေသည်။

အပတ်စဉ် လေ့ကျင့်ခန်းစာမေးပွဲများတွင် အမှတ်စံချိန်မမီသော စာသင်သားများအား အစိုးရစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခွင့် မပြုပေ။ နိုင်ငံ တော်က ကျင်းပသော စာမေးပွဲတွင် (၂) နှစ်အတွင်း မွှာစရိယ (၂) ကျမ်းမစွဲ လျှင် (၂) နှစ်အတွင်း ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ မူလ တန်းမအောင်လျှင် ကျောင်းတိုက်၌ ဆက်လက်နေထိုင်ခွင့်မပြုတော့ပေ။

## ကျန်းမာရေးအတွက် စောင့်ရှောက်မှု

ယောဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်အတွင်းရှိ သံဃာတော်များအားလုံးအတွက် ကျန်းမာရေးနှင့်ပတ်သက်၍ တာဝန်ယူစောင့်ရှောက်မှုစည်းကမ်းချက်များ သတ်မှတ်ထားတော်မူသည်။

(၁) မည်သူမဆို သာမန်ရောဂါဖြစ်လျှင် ဆေးခန်းသို့သွားရောက်ဆေးကုသရန်၊ ကုန်ကျစရိတ်ကို ကျောင်းတိုက်က တာဝန်ယူရမည်။

(၂) (က) သာမန်စာသင်သားများ ဆေးရုံတက်ရောက်ကုသရလျှင် ကျပ် ၅၀၀၀၀ (ငါးသောင်း)ထိ၊ ခွဲစိတ်ကုသရလျှင် ကျပ် ၁၀၀၀၀၀ (တစ်သိန်း) ထိ ကျောင်းတိုက်က တာဝန်ယူမည်။

(ခ) ထို့ထက်ပိုလျှင် ကုန်ကျစရိတ်၏ ထက်ဝက်ကို ကိုယ့်ဟာကိုယ် တာဝန်ယူမည်။

(၃) စာပေထူးချွန်၍ တည်ငြိမ်သော အထူးစာသင်သားများ ဆေးရုံတက်ရောက်ကုသရလျှင် (၃-ဆတက်၍) ကျပ် ၁၅၀၀၀၀ (တစ်သိန်းငါးသောင်း)၊ ခွဲစိတ်ကုသရလျှင် ကျပ် ၃၀၀၀၀၀ (သုံးသိန်း) ထိ ကျောင်းတိုက်က တာဝန်ယူမည်။

(၄) (က) တစ်လထက်ကျော်၍နာတာရှည်ဖြစ်နေလျှင်မိမိမူလနေထိုင်ခဲ့ရာနေရာကျောင်းတိုက်သို့ သွားရောက်အနားယူရမည်။

(ခ) ထိုသို့သွားရောက်အနားယူနေစဉ် ဤကျောင်းတိုက်မှ ကျန်းမာရေးအတွက် တာဝန်ယူမည် မဟုတ်ပါ။

(ဂ) ပကတိကျန်းမာလာသောအခါမှ ဤကျောင်းတိုက်သို့ ပြန်လာနိုင်၏။

(၅) စာချဘုန်းကြီးများ၏ ကျန်းမာရေးအတွက် ကျောင်းတိုက်မှ အားလုံးတာဝန်ယူရမည်။

**စား–ဝတ်–နေရေး–ကျန်းမာရေး**

ယောဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်အတွင်း၌ ပညာသင်ယူနေကြသော စာသင်သား သံဃာတော်များအတွက် စား၊ ဝတ်၊ နေ၊ ရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍ ဘာတစ်ခုမှ ကြောင့်ကြစိုက်စရာ မလိုအောင် အစွမ်းကုန် စီမံဖန်တီးပေးထားတော်မူလေသည်။

**စားရေး**

စားရေးနှင့်ပတ်သက်၍ အရက်ဆွမ်း၊ နေ့ဆွမ်း၊ နေ့စဉ် ဆွမ်းအလှူရှင်များ ရှိ၏။ ကျောင်းတိုက်အတွင်း၌ ဆွမ်း ကွမ်းပြည့်စုံနေသောကြောင့် နေ့ဆွမ်း ခံကြွစရာ မလိုပေ။ အခြားအခြားသော ကျောင်းတိုက်များမှ နေ့ဆွမ်းခံ ထွက်ကြွနေရသည့်အချိန်တွင် ဤကျောင်းတိုက်ကြီးအတွင်း၌ စာသင်သားသံဃာများ စာကျက်နေသည့်အချိန် ဖြစ်၏။

နံနက်ခင်းအရက်တန်းဆွမ်းခံကိုကား ဒကာ ဒကာမများ၏ စေတနာသဒ္ဒါတရားကို ငဲ့ညှာသောအားဖြင့် အင်္ဂါ၊ သောကြာနေ့မှအပ ကျန်နေ့များကို တန်းဆွမ်းခံ ကြွရလေသည်။

ညနေတိုင်းလည်း အအေး၊ ဖျော်ရည် ကပ်လှူသည့် အလှူရှင်များလည်း အမြဲ ရှိပေ၏။

**ဝတ်ရေး**

ဝတ်ရေးနှင့်ပတ်သက်ပြီး အငယ်ဆုံးကိုရင်မှစ၍ စာသင်သား ရဟန်းသာမဏေအားလုံး တစ်နှစ်လျှင် သင်္ကန်း (၁၀) စုံ အနည်းဆုံး ရရှိ၏။ စာပေထူးချွန်သော သာမဏေများအား ယောဆရာတော်မှ ချီးမြှင့်သောဆုကို အလှူခံ ရရှိကြ၍ တစ်နှစ်လျှင် သင်္ကန်း အစုံ (၂၀) မှ (၃၀) အထိ ရရှိကြသည်။

ရဟန်းသာမဏေများ၏ အသုံးအဆောင်ဖြစ်သော ထီး၊ ဖိနပ်၊ ခြုံစောင်၊ မျက်နှာသုတ်စောင်၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဘူး၊ စာရေးကိရိယာ စသည်များကိုကား အမြောက်အမြား ရရှိကြလေ၏။

နေရေး

နေရေးနှင့်ပတ်သက်ပြန်လျှင်လည်း အငယ်ဆုံးကိုရင်မှစ၍ စာသင်သား သံဃာအားလုံး ခုတင်ကိုယ်စီနှင့် အဆင့်မြင့်မြင့် သပ်သပ်ရပ်ရပ် နေနိုင်အောင် စီမံပေးထားလေသည်။ မိမိတို့၏ ခုတင်ခေါင်းရင်း၌ စာအုပ်စာတမ်းများ တင်နိုင်ရန် တစ်ပါးလျှင် စားပွဲတစ်လုံး ပေးထားလေသည်။

ကျန်းမာရေး

ကျန်းမာရေးနှင့်ပတ်သက်၍ ကျောင်းတိုက်၌ ဆေးခန်းဖွင့်လှစ်ထားသည်။ ဆရာဝန်များ နေ့စဉ်လာရောက်ကာ သဒ္ဓါ၊ စေတနာ၊ မေတ္တာ ထက်သန်စွာဖြင့် ဆေးကုသပေးကြသည်။ ကြီးကြီးမားမား ခွဲစိတ်ကုသရမည့်ကိစ္စ ကြုံလာလျှင် ဆေးရုံသို့ပို့ဆောင်ပေးကာ ခွဲစိတ်ကုသစေသည်။ လိုအပ်သမျှကို ကျောင်းတိုက်က တာဝန်ယူသည်။

ဤကဲ့သို့ အစစအရာရာ စာသင်သားများ၏ စားဝတ်နေရေး ကျန်းမာရေး ကိစ္စအဝဝအတွက် ပြည့်ပြည့်စုံစုံ တာဝန်ယူဆောင်ရွက်ပေးသည့် ကျောင်းတိုက်မှာ အလွန်ပင်ရှားပါးလှပေသည်။ ထိုသို့ ဘက်စုံအောင် ဖြည့်ဆည်းပေးသော ကျောင်းတိုက်ကြီး၌ စာပေသင်ကြားနေကြရသော စာသင်သားများ၏အလုပ်မှာလည်း စာကြိုးစားဖို့၊ ကောင်းကောင်းမွန်မွန် ကျင့်သုံးနေထိုင်ဖို့သာ ဖြစ်ပေ၏။

## ပညာရေးအတွက် ချီးမြှောက်မှု

ယောဆရာတော်ဘုရားကြီးသည် စာသင်သားများ စာကို ပိုမိုကြိုးစားလိုစိတ် ဖြစ်ပေါ်လာစေရန် ကျောင်းတိုက်အစမ်းစာမေးပွဲမှအစ ပရိယတ္တိဆိုင်ရာ မည်သည့်စာမေးပွဲများတွင်မဆို အောင်မြင်ကြသော ပုဂ္ဂိုလ်များကို ထိုက်ထိုက်တန်တန် ဆုချတော်မူသည်။ စာမေးပွဲအောင်ပုဂ္ဂိုလ်များအား တစ်နှစ်လျှင် (၃) ကြိမ် ချီးကျူးပူဇော်ပွဲများပြုလုပ်ကျင်းပပေးသည်။

- တိပိဋက ပိဋက (၁)ပုံ သဘောရေးဖြေ အောင်မြင်လျှင် နဝကမ္မ (၁၀) သိန်းကျပ်နှင့် အဖိုးတန်ပစ္စည်းမျိုးစုံကို ဆုချတော်မူသည်။ ဆရာတော်

ဘုရားကြီး ဆုချသော ပစ္စည်းများကို ကျောင်းသား (၃) ယောက်မျှ မနိုင်မနင်း သယ်ဆောင်ပို့ပေးကြရသည်။

- ဓမ္မာစရိယကျမ်းပြီးလျှင်နဝကမ္ဗ(၁)သိန်းကျပ်၊သက်န်းအကောင်းစား (၁၀) စုံနှင့် ပစ္စည်းမျိုးစုံ၊
- ပထမကြီးတန်းအောင်လျှင် သင်္ကန်းအကောင်းစား (၁၀) စုံနှင့် ပစ္စည်းမျိုးစုံ၊
- ပထမလတ်တန်းအောင်လျှင် သင်္ကန်းအကောင်းစား (၈) စုံနှင့် ပစ္စည်းမျိုးစုံ၊
- ပထမငယ်တန်းအောင်လျှင် သင်္ကန်းအကောင်းစား (၆) စုံနှင့် ပစ္စည်းမျိုးစုံ၊
- မူလတန်းအောင်လျှင် သင်္ကန်းအကောင်းစား (၅) စုံနှင့် ပစ္စည်းမျိုးစုံ၊
- ပရိယတ္တိဆိုင်ရာ စာမေးပွဲများကို နံပါတ်ဝင်၍ အထူးအောင်မြင်ပါက ဆုကို တိုးမြှင့်၍ အထူးချီးမြှောက်တော်မူသည်။
- သကျသီဟ၊ စေတိယင်္ဂဏ၊ သာမဏေလင်္ကာရ၊ နိကာယ်ဆိုင်ရာ အသင်း စာမေးပွဲများဆိုင်ရာများ အောင်မြင်ပါကလည်း ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှောက်တော်မူလေသည်။

ဤသည်မှာ ယောဆရာတော်ဘုရားကြီး၏ သီးခြားဆုများပင် ဖြစ်လေသည်။

## ကျမ်းစာအုပ်များကို ပြည့်စုံအောင် ဖြည့်ဆည်းပေး

ယောဆရာတော်ဘုရားကြီးသည် စာသင်သားများအတွက် အတန်းလိုက်ပြဋ္ဌာန်းထားသည့်ကျမ်းစာအုပ်ကိုပြည့်စုံလုံလောက်အောင်ဖြည့်ဆည်းစီမံပေးလေသည်။ ထိုသို့ ပြည့်စုံအောင် စီမံပေးခြင်းကြောင့် စာသင်သားများသည် မိမိကိုယ်ပိုင်ဝတ္ထုငွေ တစ်ပြားတစ်ချပ်မှ ကုန်စရာမလိုပေ။ ဓမ္မာစရိယတန်းမှသည် မူကြိုတန်းအထိ လိုအပ်သမျှသော စာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းတိုက်ကြီးမှ အခမဲ့ ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းဆောင်ရွက်ပေးလေသည်။

ထို့ပြင် ဓမ္မဗဟုသုတဖြစ်ဖွယ် စာအုပ်မျိုးစုံတို့ကိုလည်း ပိဋကတိုက်ထဲ၌ ပြည့်စုံအောင် စီမံထားပေးသည်။ မိမိဖတ်လိုသည့် စာအုပ်များကို ယူဖတ်နိုင်ပြီး ဖတ်လို့ပြီးပါက ပိဋကတိုက်သို့ ပြန်လည်သွားထားရ၏။ မန္တလေး၊ မော်လမြိုင်၊ မော်ကျွန်း၊ သထုံ၊ မြင်းခြံ၊ မုံရွာ၊ တောင်ကြီးမြို့များသို့ စာသွားရောက်ဖြေဆိုကြရသော သာမဏေကျော်များ၏ အသွားအပြန် ခရီးစရိတ်အားလုံးကို ကျောင်းတိုက်မှ တာဝန်ယူစီမံပေးရသည်။ စာသင်သားများအတွက် ပညာရေးနှင့်ပတ်သက်ပြီး ဘာမှကြောင့်ကြစိုက်စရာမလိုရအောင် ဆရာတော်ဘုရားကြီးမှ အစစပြီးပြည့်စုံအောင် စီမံပေးထားလေသည်။

## မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ ခေတ္တတည်းခိုနေထိုင်ကြသော ဧည့်သည်များ လိုက်နာရန် စည်းကမ်း

၁။ ဤကျောင်းတိုက်၌ မိမိနှင့် သိရှိရင်းနှီး၍ အာမခံတာဝန်ယူနိုင်သော ရဟန်း သာမဏေ ကျောင်းသားတစ်ဦးဦး ရှိနေမှသာ တည်းခိုနေထိုင်ခွင့်ရမည်။

၂။ ဤကျောင်းတိုက်သို့ တည်းခိုနေထိုင်ရန် ရောက်လာလျှင် ကျောင်းတိုက်ရှိ အသိပုဂ္ဂိုလ်က ဦးဆောင်ကာ ဆရာတော်ထံ (ဆရာတော်မရှိပါက ဆရာတော်က တာဝန်ပေးအပ်ထားသူထံ) လာရောက်လျှောက်ထား၍ တည်းခိုနေထိုင်ခွင့် တောင်းရမည်။

၃။ တည်းခိုနေထိုင်ခွင့်ရလျှင် ဧည့်တာဝန်မှူးထံ သွားရောက်ကာ လာရောက်ရသည့်အကြောင်းကိစ္စကို ဖော်ပြ၍ မှတ်ပုံတင်နံပါတ်နှင့်တကွ စာရေးပေးသွင်းပြီးနောက် ဧည့်တာဝန်မှူးက ဆွမ်းစားကျောင်းဘုန်းကြီးထံ ဧည့်စာရင်းပေးထားရမည်။

၄။ ဤကျောင်းတိုက်၌ -

(က) ပုံမှန်အားဖြင့် (၃) ညသာ တည်းခိုနေထိုင်ခွင့်ရပါမည်။

(ခ) အထူးအရေးကြီးသော မကျန်းမာသူ (လူမမာ)ဖြစ်ပါက ဆရာတော်ထံ အထောက်အထားပြကာ ခွင့်တောင်းလျှင် (၇) ညအထိ တည်းခိုနေထိုင်ခွင့် ရပါမည်။

(ဂ) သို့ရာတွင် ကူးစက်တတ်သော နာတည်ရှည်ရောဂါရှိသူများကို လုံးဝ တည်းခိုခွင့် မပြုပါ။

၅။ ဤကျောင်းတိုက်၌ တည်းခိုနေထိုင်စဉ် ဆေးလိပ်မသောက်ရ၊ မဆူညံရ၊ သတ်မှတ်ထားသည့်အချိန်မှတစ်ပါး ရေမချိုးရ၊ သန့်ရှင်းအောင် နေရခြင်း စသော ကျောင်းတိုက်၏စည်းကမ်းများကို တိကျစွာ လိုက်နာ၍ အဖိုးတန် ပစ္စည်းများပါလာလျှင် ကျောင်းတိုက်ရှိ အသိပုဂ္ဂိုလ်ထံ အပ်ထားပြီး ကျောင်းတိုက်တာဝန်ရှိပုဂ္ဂိုလ်က စစ်ဆေးလာလျှင် ကျေနပ်စွာ ဖွင့်ပြရမည်။

၆။ ဤကျောင်းတိုက်၌ တည်းခိုနေထိုင်စဉ် ကျောင်းတိုက်ထဲက အပြင်သို့ ထွက်လျှင်ဖြစ်စေ၊ ပြန်ရောက်လျှင်ဖြစ်စေ ဧည့်တာဝန်မှူးထံ အသိပေး လျှောက်ထားရမည်။

၇။ ဤကျောင်းတိုက်၌ တည်းခိုနေထိုင်စဉ် ကျောင်းတိုက်၏ ဂုဏ်သိက္ခာ၊ ကျောင်းနေပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေမည့် အပြုအမူ အပြောအဆိုအား လုံးဝရှောင်ကြဉ်ရမည်။

၈။ ဘုန်းကြီးကျောင်း၌ တည်းခိုနေထိုင်လျှင် သံဃာ့ပစ္စည်းများကိုသာ သုံးစွဲနေရသဖြင့် အပြစ်ကင်း၍ ကောင်းမှုကိုတိုးပွားအောင် အထူးသတိကြီးစွာ ထား၍ နေထိုင်ကျင့်သုံးရပါမည်။

၉။ ဧည့်သည်သတ်မှတ်ရက် ပြည့်သောအခါ ကျောင်းတိုက်ရှိ အသိပုဂ္ဂိုလ်က ဦးဆောင်ကာ ဆရာတော်၊ ဧည့်တာဝန်မှူး၊ ဆွမ်းစားကျောင်းဘုန်းကြီးများထံ ခွင့်ပန်လျှောက်ထားကာ အသိပေး၍ ဤကျောင်းတိုက်မှ ပြန်လည်ထွက်ခွာ ရပါမည်။

၁၀။ စည်းကမ်းပျက်ကွက်လျှင် ဆရာတော်က ပေးအပ်သော ပြစ်ဒဏ်ကို ခံယူရပါမည်။

မှတ်ချက်။ ။အားလုံးပြဿနာကင်း၍ကိုယ်စိတ်ချမ်းသာပြီးကောင်းမှု တိုးပွားရန် ဦးတည်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

## ဧည့်သည်များကိုလည်း စည်းကမ်းဖြင့် အုပ်ချုပ်

ယောဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်အတွင်းရှိ တပည့်ပရိသတ်များကိုသာ စည်းကမ်းဖြင့် ချုပ်ကိုင်သည်သာမဟုတ်၊ နယ်ပယ်အသီးသီးမှ ခေတ္တတည်းခိုရန် ရောက်လာကြသော အာဂန္တုဧည့်သည်များကိုပါ မလိုလားအပ်သော ပြဿနာမဖြစ်စေရန် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲ၍ စည်းကမ်းဖြင့် ချုပ်ကိုင်ထားသည်။

ဧည့်သည်များကို စည်းကမ်းတကျဖြစ်အောင် ဧည့်ဆောင်၌ ချိတ်ဆွဲထားသည့်စည်းကမ်းကိုဖောက်ဖျက်ပါကမည်သူ့ဧည့်သည်ပဲဖြစ်ဖြစ်ကျောင်းတိုက်မှ ချက်ချင်းပြန်နိုင်းလိုက်သည်။

တစ်ခါက ဧရာဝတီတိုင်း မြို့တစ်မြို့မှ ရန်ကုန်သို့ ဘုရားဖူးလာကြရာ ဤကျောင်းတိုက်၌ တည်းခိုရန် ယောဆရာတော်ထံ လျှောက်ထားကြ၍ ဆရာတော်မှ (၃)ည တည်းခိုခွင့်ပြုထားပါသည်။ တည်းခိုမည့် ဧည့်သည်များမှာလည်း (၈) ယောက်တောင် ဖြစ်၏။

တည်းခို၍ ဒုတိယနေ့ညတွင် ရပ်ကွက်အတွင်းရှိ အသိအိမ်တစ်အိမ်၌ ဗွီဒီယိုဇာတ်ကားကြည့်နေကြရာ ည ၁၂ နာရီကျော်အထိ ဖြစ်၏။ ထိုအချိန်ကျမှ ကျောင်းဝင်းသံတံခါးကို တသီတတန်းကြီး ကျော်တက်ပြီး ပြန်လာကြသည်ကို ယောဆရာတော်မှ သိရှိ၍ တစ်ယောက်မကျန် ညတွင်းချင်း အပြန်နိုင်းလိုက်လေသည်။

တစ်ချိန်ကလည်း စစ်ကိုင်းတိုင်း မြို့တစ်မြို့မှ ဇနီးမောင်နှံနှစ်ယောက်ရန်ကုန်သို့ ကားဝယ်ရန်ဆိုပြီး ရောက်လာကြရာ ကျောင်းတိုက်၌ တည်းခိုခွင့်ရ၍ တည်းခိုကြလေသည်။ ယောဆရာတော်ဘုရားထံ တည်းခိုခွင့်တောင်းစဉ်က ဇနီးမောင်နှံနှစ်ယောက်တည်း။ တကယ်တည်းခိုသောအခါ လေးယောက်ဖြစ်နေသည်ကို ဆရာတော်မှ သိရှိသောအခါ ချက်ချင်းအပြန်နိုင်းလိုက်သည်။ ဆရာတော်ဘုရားကြီးသည် စည်းကမ်းဖောက်ဖျက်လာလျှင် မည်သူ့ကိုမျှ အရေးယူရန် ဝန်မလေးပေ။

## ယောနယ်သားများကို ယောအသင်းတိုက်၌သာ တည်းခိုခွင့်ပြု

ယောဆရာတော်ဘုရားသည် မိမိရွာမှ ရောက်လာကြသော ဧည့်သည် မှန်သမျှကို ဤကျောင်းတိုက်၌ တည်းခိုနေထိုင်ခွင့်မပြုဘဲ ယောအသင်းတိုက် မှာသာ တည်းခိုကြရန် လမ်းညွှန်လေ၏။ ယောဆရာတော်ရွာမှ ရောက်လာ ကြသော ဧည့်သည်များမှာ ဤကျောင်းတိုက်၌ တစ်ဦးတစ်ယောက်မျှ မတည်း ခိုဖူးပေ။ တည်းခိုစရာနေရာရှိသောကြောင့် မတည်းခိုခြင်းမဟုတ်။ ယော ဆရာတော်ကိုယ်တိုင်က တည်းခိုခွင့်မပြုဘဲ ယောအသင်းတိုက်ကိုသာ လမ်း ညွှန်သောကြောင့် ဖြစ်၏။ ယောအသင်းတိုက်၌ ကျသင့်သည့်ပိုက်ဆံ ကြေး ငွေကို ပေး၍ တည်းခိုကြရ၏။ သံဃာတော်များ၊ ကျောင်းသားများနှင့် ဆက် စပ်၍ ရောက်ရှိလာကြသော ဧည့်သည်များကိုသာ သတ်မှတ်ထားသည့် ရက် အထိ တည်းခိုခွင့်ပြု၏။

ဤကျောင်းတိုက်သို့ လာရောက်တည်းခိုကြသော ဧည့်သည်များကို ယောဆရာတော်ဘုရားသည် မေတ္တာ ကရုဏာ ကြီးမားစွာဖြင့် စောင်၊ ခေါင်း အုံး၊ ခြင်ထောင် အိပ်ရာခင်းဖျာ စသည်များကို အကုန်စီမံပေးရန် လမ်းညွှန် ထား သည်။ မနက်စာတစ်ကြိမ်၊ နေ့လယ်စာတစ်ကြိမ်၊ ညနေစာတစ်ကြိမ် ကျွေးမွေးစောင့်ရှောက်ရန်လည်း လမ်းညွှန်ထားသည်။ သို့သော် စည်းကမ်း ကိုတော့ ဘယ်တော့မှ မဖောက်မိစေရန် သတိရှိရပေလိမ့်မည်။

## အထူးအခွင့်အရေးမပေး

ကျောင်းတိုက်အတော်များများတွင် ကျောင်းထိုင်ဆရာတော်ကြီးများ ၏ မယ်တော် ခမည်းတော်များကို မိမိတို့၏ ကျောင်းဝန်းအတွင်း၌သာ စီမံပေး ထားကြလေသည်။ ထို့ကြောင့် ဆွေမျိုးနီးစပ်ရာ ဧည့်သည်များမှာလည်း အမြဲ လိုလို ရောက်ရှိနေကြရပေတော့၏။

ယောဆရာတော်ဘုရားကြီးကတော့ ထိုသို့မဟုတ်ပေ။ မယ်တော် ခမည်းတော်များနေထိုင်ရန်၊ ရွာသူရွာသားများ လွယ်လွယ်ကူကူ တည်းခိုနိုင် ရန် သီးခြားစီစဉ်ပေးထား၏။ ယောဆရာတော်ဘုရားကြီးသည် အများသူငါ

အကဲ့ရဲ့လွတ်အောင် မယ်တော်ကြီးကိုလည်း ကျောင်းတိုက်အတွင်း၌မထား၊ ရပ်ကွက်ထဲ၌ တိုက်ခန်းပေး၍ သီးခြားထား၏။ ကျောင်းတိုက်မှ ဆွမ်းဟင်း အချိုပွဲများလည်းမယ်တော်ကြီးထံမပို့ရ။ ယောဆရာတော်မှ စားသောက်ဖွယ်ရာ မျိုးစုံတို့ကို အကုန်စိမ်ပေးထားလေသည်။ ရွာမှရောက်လာကြသော ဧည့်သည်များကိုလည်း ကျောင်းတိုက်၌မတည်းခိုစေဘဲ ယောအသင်းတိုက်၌သာ တည်းခိုစေ၏။ ယောဆရာတော်ဘုရားကြီးသည် ဆွေသောမျိုးသောရယ်ဟု အထူးအခွင့်အရေးမပေးဘဲ ဓမ္မလမ်းကြောင်းသာ ဖြောင့်ဖြောင့်တန်းတန်း သွားတော်မူပြီး စည်းကမ်းတကျသာ ဆောင်ရွက်တော်မူ၏။

## ကျောင်းတိုက်အတွင်း ကြည့်ရှုစစ်ဆေး

ယောဆရာတော်ဘုရားကြီးသည် ညတရားပွဲ ကြွရောက်ရမည့်ကိစ္စ၊ ဘုရားရှိခိုးကျောင်းဆောင်သို့ ဘုရားဝတ်တက်ခြင်းကိစ္စ၊ ဥပုသ်ပြု၊ ရဟန်းခံ၊ သိမ်ဝင်ခြင်းကိစ္စ၊ ဆွမ်းစားကြွခြင်းကိစ္စများကလွဲ၍ မိမိသီတင်းသုံးတော်မူရာ ကျောင်းဆောင်လေးအထဲ၌သာ သီတင်းသုံးတော်မူ၏။ နောက်ဆုံးအဆင့်လေ့ကားရင်းသို့ပင် မဆင်းခဲ့ပေ။

စာသင်သားသံဃာများကို ထိန်းသိမ်းစောင့်ရှောက်ရန် တိုက်အုပ်၊ တိုက်ကြပ်၊ စာချဘုန်းကြီးများကိုသာ အာဏာကုန်လွှဲထား၏။ စာသင်သားသံဃာများ၌ အပြစ်တစ်စုံတစ်ရာ တွေ့ရှိပါက ယောဆရာတော်ထံသို့ တင်ပြကြရသည်။ ယောဆရာတော်ဘုရားကြီးမှ ကြည့်ရှုပြီး ပြစ်မှုအခြေအနေအလိုက် ပြစ်ဒဏ်များ ချမှတ်တော်မူ၏။

ယောဆရာတော်ဘုရားကြီးကျောင်းတိုက်အတွင်းသို့လိုက်လံကြည့်ရှုသည့်အချိန်မှာ ညသန်းခေါင်ကျော် (၃) နာရီနှင့် (၄) နာရီကြား ဖြစ်၏။ သံဃာတော်သုံး ကုဋီ၊ လူသုံးအိမ်သာပါမကျန် မကြာမကြာ ဝင်ရောက်ကြည့်ရှု၍ ဆပ်ပြာမွှေးခဲ၊ လက်သုတ်စောင်တို့ကို ဖြည့်စွက်တော်မူ၏။ ဆရာတော်ကြီးသည် မိမိကိုယ်တိုင် ကြွပ်ကြွပ်အိတ်ထဲသို့ ဆပ်ပြာမွှေးခဲ၊ လက်သုတ်စောင်တို့ကို ထည့်၍ ကုဋီ၊ အိမ်သာအတွင်းသို့ တစ်လုံးပြီးတစ်လုံး ဝင်ရောက်ကြည့်ရှု

စစ်ဆေးလေတော့၏။ ထို့နောက် ဆပ်ပြာတုံးအဟောင်းများကို ဖယ်ပြီးအသစ်များကို မကြာမကြာ ဖြည့်စွက်တော်မူ၏။

ယောဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်အတွင်း ချောင်ကြို ချောင်ကြားပါမကျန်ရလေအောင် လိုက်လံကြည့်ရှုစစ်ဆေးလေသည်။ ဘယ်နေရာက ရေပိုက်ရေယိုနေသည်၊ ဘယ်ကုဋီ(အိမ်သာ)က ရေစိမ့်နေသည်။ ဘယ်နေရာက ဘယ်လိုဖြစ်နေသည် စသည်ဖြင့် မိမိကိုယ်တော်တိုင် ကြည့်ရှုပြီး နောက်ပြုပြင်ဖို့ မိန့်တော်မူလေသည်။

ယောဆရာတော်ဘုရားကြီးသည် တိပိဋကပြီးခါနီးအချိန်အထိ သံဃာတော်သုံး ကုဋီ(အိမ်သာ)များကို တစ်လုံးပြီးတစ်လုံး လိုက်လံဆေးကြောသုတ်သင်ခဲ့ကြောင်း၊ တိပိဋကပြီးသောအခါမှသာ အလုပ်တွေ များလာသဖြင့် မဆေးကြောဖြစ်တော့ကြောင်း၊ ကုဋီ(အိမ်သာ)ဆေးကြောတာဟာ ဉာဏ်ကောင်းခြင်း၏ အကြောင်းဖြစ်ကြောင်း မိန့်တော်မူလေသည်။

ယောဆရာတော်ဘုရားကြီးသည် မိမိသီတင်းသုံးရာ ထေရာသနကျောင်းဆောင်၌ တစ်ပါးတည်းသီတင်းသုံးနေတော်မူသော်လည်း ကျောင်းတိုက်ရှိ သံဃာတော်အားလုံးတို့၏ စိတ်နေစိတ်ထား၊ အပြုအမူ၊ အကျင့်စရိုက်တို့ကို အကုန်သိတော်မူ၏။ အကြီးဆုံးရဟန်းမှသည် အငယ်ဆုံး ကိုရင်လေးအထိ ဤပုဂ္ဂိုလ်ဟာ ဟန်သမားလား၊ အမှန်တကယ်အလုပ်လုပ်မည့် သူလားဆိုတာ မြင်တာနဲ့တင် သိမြင်တော်မူ၏။

## ခန္ဓာကြီးကို အချိန်ပြည့်အသုံးချ

ယောဆရာတော်ဘုရားကြီးသည် မိုးလင်းမှသည် မိုးချုပ်သည်အထိ အချိန်ကိုတန်ဖိုးထား၍ ခန္ဓာကိုယ်ကြီးကို အချိန်ပြည့် အသုံးချတော်မူသည်။ ဤကဲ့သို့ သာသနာ့လုပ်ငန်းများကို ကြိုးစားအားထုတ်ဆောင်ရွက်နေသည်ကို တွေ့မြင်ရသော ညောင်ရွှေမြို့ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ရှမ်းပြည်၌ ဆောင်းအခါ အလွန်အေးသောကြောင့် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံကျောင်းသို့ ကြွရောက်သီတင်းသုံးစဉ် ယောဆရာတော်ဘုရားအား

"ဦးသီရိန်၊ ခန္ဓာကြီးကို ရေရှည်အသုံးချလို့ရအောင် အလုပ်ကို နားနားနေနေ လုပ်ပါ။ သိပ်ပင်ပန်းအားကြီးလွန်းတယ်။ သာသနာတော်အတွက် အလုပ်တွေ အများကြီးလုပ်ရဦးမှာ။ သက်သောင့်သက်သာ နားနားပြီး လုပ်ပါ" ဟု သတိ ပေးတော်မူသည်။

ဒကာ ဒကာမများကလည်း ယောဆရာတော်ဘုရားကို "ဆရာတော် ဘုရား၊ ဆရာတော်မှာ အပင်ပန်းခံလွန်းတယ်ဘုရား။ အသက်အရွယ်အရ နားနားနေနေ အလုပ်လုပ်ရတော့မယ့်အချိန် ရောက်နေပါပြီ ဘုရား။ အလုပ် တွေ လျှော့ပါတော့ ဘုရား" ဟု မကြာမကြာ လျှောက်ထားကြရာ ယော ဆရာ တော်ဘုရားမှ "အိုတာ၊ နာတာ၊ သေတာက လက်မဦးခင် ခန္ဓာကိုယ်ကြီးကို သုံးလို့ရသရွေ့သုံးနေရမည်ဖြစ်ကြောင်း၊ နောက်နေ့ဆိုတာ မသေချာကြောင်း၊ သာသနာတွင်းမှာ အချိန်ဟာ အဖိုးတန်ကြောင်း၊ ဖြုန်းပစ်ရမည့်အချိန် တစ်ချိန် မှ မရှိကြောင်း" မိန့်တော်မူလေသည်။

## ရုပ်နာပေမဲ့ စိတ်အနာမခံသော ဆရာတော်

သက္ကရာဇ် ၁၃၇၄ ခုနှစ်က ယောဆရာတော်ဘုရားကြီးသည် တိပိဋက ဩဝါဒါစရိယတာဝန်ဖြင့် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူသို့ နေ့စဉ်ကြွ ရောက်၍ တိပိဋက စာပြန်စာဖြေကြကုန်သော အရှင်မြတ်တို့အား ကြီးကြပ် ပေးရလေသည်။

တစ်နေ့တွင် ကျောင်းသို့ ညနေစာဝါအမီ ပြန်ကြွမည်အပြု သံဃာစင် ပေါ်မှ အဆင်းတွင် ဆရာတော်၏နှုတ်တော်မှ "ငါ့ရှင် သီရိန္ဒ၊ ချော်လဲမယ်နော်၊ သတိထား။ ယခု ချက်ချင်း လူမမာကြီးဖြစ်သွားနိုင်တယ်။ ယခုချက်ချင်း ဆေးရုံကို ရောက်သွားနိုင်တယ်" ဟု ကိုယ့်ဟာကိုယ် သတိပေးနေသည့်ကြား က မထင်မှတ်ဘဲ ချော်လဲတော်မူလေသည်။ ထိုသို့ချော်လဲသွားရာ ညာဘက် လက်မောင်းအရိုးအက်သွားတော်မူ၏။

ယောဆရာတော်ဘုရားသည် မည်သူ့ကိုမျှ အသိမပေးဘဲ အများမသိ စေရန် ခြုံထည်ကို မသိမသာခြုံကာ နာကျင်ကိုက်ခဲသော ဝေဒနာကို ရှုမှတ်

နေ၏။ စာချလည်း မပျက်၊ တရားဟောလည်း မပျက်၊ ဩဝါဒပေးလည်း မပျက်ခဲ့ပေ။ ပတ်ဝန်းကျင်က ကြည့်လျှင် လူနာဟုပင် မထင်ရ။

တစ်နေ့သောအခါတွင် ယောဆရာတော်ဘုရား တရားပွဲကြွဖို့ရန်အတွက် ကားဒရိုင်ဘာ ဦးထင်ကျော်မှ ဆရာတော့်အခြေအနေကိုကြည့်ပြီး အရင်နှင့်မတူ တစ်မျိုးဖြစ်နေသည်ဟု သတိထားမိ၍ ဆရာတော်အား မေးလျှောက်လေတော့သည်။ ဆရာတော်သည် မေးလျှောက်လာသောကြောင့် ဒကာရင်းလည်းဖြစ်နေ၍ အကြောင်းစုံကို မိန့်တော်မူလိုက်၏။

ထိုသို့သိသွားသောအခါ ဦးထင်ကျော်မှ အရိုးအထူးကုဆရာဝန်ကို ခေါ်ပြီးပြသခဲ့ရာ ညာဘက်လက်မောင်းအရိုးအက်သွားကြောင်း သိရတော့၏။ ယောဆရာတော်ဘုရားကြီးသည် ညာဘက်လက်မောင်း အရိုးအက်၍ နာကျင်ကိုက်ခဲသော်လည်း မိမိ၏အလုပ်ကို အပျက်မခံ၊ ဘယ်ဘက်လက် တစ်ချောင်းဖြင့် အလုပ်လုပ်၏။ ထိုလက်ဖြင့်ပင် စာရေးလေ၏။

ထိုနှစ်ထဲမှာပင် လေချုပ်ပြီး ဝမ်းဗိုက်အောင့်ရာ တစ်ပတ်ခန့်ခံရသည်ဟု သိရသည်။ စာချ၊ တရားဟော စသောအလုပ်များကို လုံးဝအပျက်မခံဘဲ ဝမ်းဗိုက်ကို လက်ဖြင့်နှိပ်ပြီး စာပေကိုလည်း ပို့ချ၊ တရားကိုလည်း ဟောကြားတော်မူ၏။ ဆရာတော်ဘုရားကြီး၏ ခံယူချက်မှာ "မထင်နိုင်လောက်အောင် အိပ်ရာထဲ တုံးလုံးပက်လက် မလဲသေးသမျှတော့ လုံးဝနောက်မဆုတ်" ဟု ခံယူထားလေ၏။ ယောဆရာတော်ဘုရားကြီးသည် ရုပ်နာပေမဲ့ စိတ်အနာမခံခဲ့ပေ။

ဤကဲ့သို့ မနားမနေ မိုးလင်းမှ မိုးချုပ်သည်အထိ တရားဟော၊ စာချ၊ စာရေး၊ ဩဝါဒပေးစသည်တို့ဖြင့် အချိန်ပြည့်အလုပ်လုပ်တော်မူသောကြောင့် ညောင်ရွှေ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးကသော်မှ အလုပ်ကို နားနားနေနေလုပ်ဖို့ သတိပေးရခြင်း ဖြစ်တော်မူ၏။

## ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံသော ဆရာတော်

တိပိဋကယောဆရာတော်ဘုရားသည် ဝိနည်းတော်ကို အသက်တမျှ လေးစားတော်မူသည်။ ဆရာတော်၏ဝိနည်းလေးစားမှုသည် တိပိဋကဆရာ

တော်ဖြစ်လာသည်မှ မဟုတ်။ ဟိုးငယ်စဉ် စာသင်သားဘဝကတည်းက ဝိနည်းတော်ကို လေးစားသည်မှာ အတူနေ သီတင်းသုံးဖော်များပင် ကြက်သီး ထလောက်အောင် ဖြစ်သည်ဟု ဆို၏။ ဆရာတော်ဘုရားကြီးသည် ငယ်စဉ် ကလေးဘဝကတည်းကပင် ပွဲလမ်းသဘင်ကြည့်ရှုခြင်း၊ နားထောင်ခြင်း လုံးဝ မလုပ်။ တီဗွီလုံးဝမကြည့်။ ရဟန်း ရှင် လူများနှင့်လည်း အရောတဝင် လုံးဝ မနေ။ တရားစာရေးခြင်း၊ တရားစာဖတ်ခြင်း၊ စာချခြင်း၊ တရားနှလုံးသွင်းခြင်း စသော အလုပ်များဖြင့်သာ အချိန်ကုန်လွန်စေသည်။

ယောဆရာတော်ဘုရားကြီးသည် တစ်နေရာမှ တစ်နေရာသို့ ကြွ တော်မူရာ၌လည်း ဘေးကို ဟိုမော့သည်မော့ လုံးဝမော့မကြည့်ပေ။ မိမိရှေ့ တည့်တည့်ကိုသာ မျက်လွှာချ၍ ကြွတော်မူသည်။ တစ်နေရာမှ တစ်နေရာသို့ ကြွနေစဉ် ဆရာတော် သံဃာတော်များနှင့် ဒကာ ဒကာမများက လက်ရောက် နှုတ်ဆက်လျှင် တစ်ခွန်းနှစ်ခွန်းမျှသာ ဖြေတော်မူပြီး ဆက်လက်ကြွတော်မူ လေသည်။

သွားရင်းလာရင်း စကားပြောလေ့မရှိ။ တရားဟောတော်မူရာ၌လည်း ပရိသတ်ထဲသို့မကြည့်ဘဲမျက်လွှာစုံချကာဟောတော်မူသည်။တပည့်သံဃာ ပရိသတ်များကို အဆုံးအမ ဩဝါဒမိန့်ကြားရာ၌လည်း သံဃာပရိသတ်ထဲသို့ မကြည့်ဘဲ မျက်လွှာစုံချကာ မိန့်ကြားတော်မူလေသည်။

ဆွမ်းဘုဉ်းပေးနေစဉ်အခါ၌လည်း ဘယ်ဆရာတော်ပဲ ကြွလာကြွလာ ဘယ်ဝန်ကြီး ဘယ်ဒကာ ဒကာမပဲလာလာ လိုအပ်မှ စကားတစ်ခွန်းနှစ်ခွန်း လောက်သာပြောပြီး လှည့်မကြည့်တော့ဘဲ ငုံ၍ ဆွမ်းကိုသာ အမှတ်ဖြင့် ဆက်လက်ဘုဉ်းပေးလေတော့သည်။

ဒကာ ဒကာမများက ပင့်ဖိတ်၍ ဆွမ်းစားပရိတ်ရွတ် ကြွရာ၌လည်း စကားကို ငါးခွန်းထက် ပိုမပြော၊ ဆွမ်းစားခြင်း ပရိတ်ရွတ် တရားဟော ရေစက် ချခြင်းကိစ္စပြီးတာနဲ့ တစ်ခွန်းနှစ်ခွန်းနှုတ်ဆက်ပြီး ပြန်လည်ကြွတော်မူလေ သည်။ အပိုစကားများကို လုံးဝမပြော။ တရားနှင့်စပ်သော စကားကိုသာ မိန့် ကြားတော်မူသည်။ လောကွတ်လုံးဝမလုပ်၊ ဓမ္မလမ်းစဉ်အတိုင်းသာ ဖြောင့်

မတ်စွာ သွားတော်မူလေသည်။ သမာဓိတရား အားကောင်းသောကြောင့် တည်ကြည်ငြိမ်သက်ပြီး ဣန္ဒြေသိက္ခာနှင့် ပြည့်စုံတော်မူခြင်း ဖြစ်၏။ ဣန္ဒြေ သိက္ခာကြီးမားတော်မူသောကြောင့် စကားကို မလိုအပ်လျှင် မပြော။ အချိန်ရှိ သမျှ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကိုသာ ဖြည့်ကျင့်တော် မူ၏။

ယောဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ဆောင်ချက်များနှင့် ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ်များသည် တစ်နေ့တခြား ပျံ့နှံ့လာရာ ရပ်ဝေးရပ်နီး မှ ဒကာ ဒကာမများသည် နေ့စဉ် လာရောက်ဖူးမြော်ကြည်ညိုကြလေ၏။ ယောဆရာတော်ဘုရား၏ ဣန္ဒြေသိက္ခာနှင့် အပြုအမူတို့ကို ဖူးမြင်ကြရသော ဒကာ ဒကာမ အများစုသည် "ယောဆရာတော်ဟာ သာမန်ပုဂ္ဂိုလ်တော့ မဟုတ်လောက်ဘူး၊ တရားထူး တရားမြတ်များ ရနေလောက်ပြီ" ဟု ထင်ကြေး ပေးကြသူများလည်း များများလာခဲ့သည်။

ယောဆရာတော်ဘုရား၏နှုတ်စောင့်စည်းပုံနှင့်ပတ်သက်ပြီးတစ်ခါက စာချတန်းစာမေးပွဲများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ကားပေါ်၌ ယောဆရာ တော်နှင့်အတူ ဆရာတော် ၃ ပါး ဆရာဦးအောင်သိန်းညွန့်တို့ ပါလာကြ၏။ ဦးအောင်သိန်းညွန့်မှ မိမိလက်ထဲတွင်ပါလာသော ဓမ္မဝိရဂျာနယ်စာစောင် လေးကိုဆရာတော်ဘုရားအားဖတ်ရှုရအောင်ကပ်လိုက်လေ၏။ထိုစာစောင် ထဲတွင် မဟာယာနဘုန်းတော်ကြီးတစ်ပါးသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်လောက်က သက်တော် ၈၀ အရွယ် ပျံလွန်တော်မူပြီး ယခု ပြန်လည်တူး ဖော်ကြည့်ရာ မူလအတိုင်းပင် မပုပ်မသိုးဘဲ ဤအတိုင်းရှိနေသည်ဟု ရေးသား ထား၏။ လူတိုင်း၏ပါးစပ်ဖျားမှာတော့ အထူးအဆန်းဖြစ်ကာ အံ့ဩချီးမွမ်းကြ လေတော့၏။ ဆရာတော်သည် မိမိလက်ထဲ၌ရှိနေသော ထိုစာစောင်လေးကို အသေအချာဖတ်၏။ စက်ာပူ - မြန်မာသံရုံးနားအရောက် စာသင်ကျောင်းထဲ သို့ ကွေ့အဝင်နားလောက်မှ စာစောင်ကို ဦးအောင်သိန်းညွန့်ထံ ပြန်ပေးပြီး ဘာတစ်ခွန်းမှ မပြောခဲ့ပေ။ ဆရာဦးအောင်သိန်းညွန့်မှ ဆရာတော် ဘာများ မိန့်ကြားမလဲဟု နားစွင့်နေမိ၏။ ယောဆရာတော်မှ ဘာမှမမိန့်ကြားခဲ့ပေ။ ဤ

ကဲ့သို့သော အကြောင်းအရာမျိုးသည် ဝေဖန်၍ကောင်းသောအရာမဟုတ်ဟု ဆရာတော်အနေဖြင့် ထင်ပေလိမ့်မည်။ ချီးကျူးရင်လည်းတစ်မျိုး၊ ကဲ့ရဲ့ရင် လည်း တစ်ဖုံ မည်သို့မျှ မဝေဖန်ဘဲ တိတ်တိတ်နေခြင်းသည်သာ အကောင်း ဆုံးဖြစ်မည်ဟု ဦးအောင်သိန်းညွန့်မှ မှတ်ချက်ချကာ ဆရာတော်၏နှုတ်စောင့် စည်းပုံကို အားရကျေနပ် ကြည်ညိုသည်ဟု ဆို၏။

ယောဆရာတော်ကျောင်းကိုတစ်ကြိမ်သာရောက်ဖူးပြီးဆရာတော်ကို ဝင်ရောက်ဖူးမြင်ခဲ့သော ဆရာဦးလှသိန်းထွဋ်မှလည်း ဆရာတော်သည် ရဟန်းသီလ၊ ပါတိမောက္ခသံဝရသီလ လုံခြုံရုံတွင်မက ဣန္ဒြိယသံဝရသီလ နှင့်ပင် ပြည့်စုံလေ၏ဟု မှတ်ချက်ချလေသည်။

မဟာဝိသုဒ္ဓါရုံကျောင်း၌စာပေသင်ကြားပြီးဓမ္မာစရိယတန်းအောင်မြင် ခဲ့ဖူးသော ဆရာဦးဌေးဆောင်ဆိုသည့် ဒကာတစ်ဦးမှလည်း ဆရာတော်ဟာ သက်တော်ကြီးလာမှ အမူအကျင့်တွေပြောင်းပြီး ကြည်ညိုဖွယ်အသွင် ဆောင်လာသည်မဟုတ်၊ ဟိုးငယ်ရွယ်စဉ် စာသင်သားဘဝကတည်းက အချင်းချင်းပင် လေးစားစရာကောင်းလောက်အောင် ဝိနည်းလေးစားသည်ဟု ဆို၏။

## ဝိနည်းတော်ကို အထူးလေးစားတော်မူသော ဆရာတော်

ယောဆရာတော်ဘုရားကြီးသည် ရဟန်းဘဝမှစ၍ ယနေ့တိုင်အောင် ဝိနည်းစည်းကမ်းကို အတိအကျလိုက်နာတော်မူ၏။ ဝတ္ထုငွေကို လုံးဝအကပ် မခံ၊ ကပ္ပိယဒကာနှင့်သာ လက်ခံ၍ လုံခြုံသည့်နေရာကို ညွှန်ပြတော်မူသည်။ ဒကာ ဒကာမများ လာရောက်လှူဒါန်းရာ၌ ဝတ္ထုငွေကို စားပွဲပေါ်၌သာ တင် ထားစေပြီး ပစ္စည်းများကိုသာ အကပ်ခံတော်မူသည်။ အချို့အလှူပွဲများ၌ ဝတ္ထုငွေစာအိတ်များကို တစ်ပါးခြင်း သီးသန့်ကပ်လှူကြလေ၏။ ထိုအလှူမျိုး တွင် ယောဆရာတော်သည် ကပ္ပိယဒကာ မပါလျှင် အကပ်မခံ။ ယူလည်း မယူပေ။

စားသောက်ဖွယ်ရာများကို ဘုဉ်းပေးတော်မူရာ၌လည်း ကပ္ပိသင့်တာ ကပ္ပိ၍ အပ်စပ်မှသာ ဘုဉ်းပေးသုံးဆောင်တော်မူသည်။ ၁၂ နာရီ ကျော်လွန်သွားလျှင် ရေနွေးကြမ်းကိုပင် မသောက်တော့ပေ။ အသေးအဖွဲ့မှစ၍ ဝိနည်းစည်းကမ်းကို အတိအကျ လေးလေးစားစား တန်ဖိုးထားလိုက်နာပြီး ဝိနည်းတော်နှင့်အညီ ကျင့်သုံးနေထိုင်တော်မူ၏။ မိမိ၏ တပည့်သံဃာပရိသတ်ကိုလည်း ဝိနည်းနှင့်အညီ ကျင့်သုံးနေထိုင်ကြရန်၊ အသေးအဖွဲ့လေးဆိုပြီး အမှုမဲ့အမှတ်မဲ့ မလုပ်ကြရန် အမြဲဆုံးမတော်မူသည်။

## စာတစ်ဝါ တရားတစ်ပွဲ

ယောဆရာတော်ဘုရားကြီးသည် ဓမ္မာစရိယဆိုင်ရာ စာဝါများကို ပို့ချရာ၌ စာပေသက်သက်ကိုသာ ပို့ချသည်မဟုတ်၊ စာလိုက်သံဃာတော်များ သီလရှင်ဆရာလေးများအား ဘဝအသုံးချနည်းစနစ်နဲ့ ကျင့်ကြံအားထုတ်နည်းကိုပါ တစ်ပါတည်း သင်ပြပေးတော်မူသည်။ စာဝါကို နေ့လယ် ၁၂ နာရီ ၄၅ မှ ၂ နာရီအထိ ပို့ချတော်မူရာ တရားစကားကို မိနစ် ၂၀ ခန့် နေ့စဉ်မိန့်ကြားတော်မူသည်။ သာမန်ကိစ္စဖြင့် စာဝါကို အပျက်မခံ၊ ကိစ္စအထူးရှိ၍ ကြွစရာရှိလျှင် စာဝါကို အချိန်ပြောင်း၍ ပို့ချတော်မူလေသည်။

ယောဆရာတော်ဘုရားကြီး စာပေပို့ချရာ၌ ရှင်းလင်းပြတ်သားတော်မူပြီး နည်းပေးလမ်းညွှန်ရာတွင်လည်း အလွန်ကောင်းတော်မူသည်။ လောကဥပမာ၊ ဓမ္မဥပမာ အမျိုးမျိုးတို့ဖြင့် ချိန်ထိုးကာ စာသင်သားများ သဘောပေါက်လွယ်အောင် ရှင်းလင်းသင်ကြားတော်မူသည်။

ဆရာတော်ဘုရားကြီး၏ အသင်အပြကောင်းမှုကြောင့် ဤကျောင်းတိုက်ကြီးမှ ဓမ္မာစရိယတန်းတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးဖြင့် ပထမရလျက် "အဂ္ဂအကျော်ဘွဲ့" ကို ရရှိတော်မူသော ပုဂ္ဂိုလ် လေးပါး၊ ဒုတိယ ရရှိသော ပုဂ္ဂိုလ် သုံးပါး ပေါ်ထွက်ခဲ့သည်။

ယောဆရာတော်ဘုရားကြီးကိုယ်တိုင်လည်း ဓမ္မာစရိယတန်း၌ တစ်နိုင်ငံလုံး အမှတ်အများဆုံးဖြင့် ပထမရလျက် "အဂ္ဂမဟာအကျော်" ဘွဲ့ကို ရရှိ

တော်မူလေသည်။ ယောဆရာတော်ဘုရားကြီးသည် "စာဝါအပို့အချကောင်းသူ၊ နည်းပေးလမ်းပြကောင်းသူ"အဖြစ် စာသင်သားလောက၌ ဂုဏ်သတင်းများ ကျော်ကြားတော်မူခဲ့လေသည်။

ယောဆရာတော်ဘုရားထံ စာဝါလိုက်သော သံဃာတော်များ၊ သီလရှင်များ နေ့စဉ်တရားနာကြားရ၍ တရားအသိ တိုးပွားရ၏။ စာဝါလည်း လိုက်ရင်း၊ တရားလည်း နာရင်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်၍ လောကသံသရာ နှစ်ဖြာအကျိုးများလေတော့၏။ ယောဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်ကို ခိုလှုံကြရသော ရဟန်း ရှင် လူများမှာ လွန်စွာကံကောင်းတော်မူကြလေတော့၏။

## စည်းကမ်းချက်များဖြင့် ပတ်လည်ဝိုင်းနေ

ယောဆရာတော်ဘုရားကြီးသည် စည်းကမ်းစနစ် အလွန်ကြီးတော်မူလေသည်။ မိမိကိုယ်တိုင် ချမှတ်ထားသော လမ်းစဉ်ကို ကိုယ်တိုင်လည်း အတိအကျလိုက်နာ၏။ စည်းကမ်းနှင့်ပတ်သက်လာလျှင် တစ်ချက်မှ အတိမ်းအစောင်းမခံ။ ဆရာတော်ဘုရားကြီးမှ "စည်းကမ်းသည် လူ၏တန်ဖိုး၊ လူဆိုတာ စည်းကမ်းရှိမှ တိုးတက်တာ၊ စည်းကမ်းဆိုတာ လူကိုချုပ်ချယ်တာ မဟုတ်" စသည်ဖြင့် စည်းကမ်းအကြောင်းကို မကြာမကြာ အမိန့်ရှိတော်မူလေသည်။

ယောဆရာတော်ဘုရားကြီးသည် တပည့်ပရိသတ်များကို စည်းကမ်းဖြင့် အလှဆင်ပေးသည်။ စည်းကမ်းဖြင့် ဂုဏ်ကျက်သရေ မြှင့်တင်ပေးသည်။ ယောဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်ကို ခိုလှုံ၍ ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူကြကုန်သော စာချ စာသင် သံဃာတော်များကို စည်းကမ်းတော်ကြီးများက ဝန်းရံနေလေတော့သည်။ ရှေ့ကြည့်လည်း စည်းကမ်း၊ နောက်ကြည့်လည်း စည်းကမ်း၊ ဘေးကြည့်လည်း စည်းကမ်း။ ထိုစည်းကမ်းများကို မဖောက်ဖျက်မိအောင် သတိတရားကောင်းစွာဖြင့် ထိန်းသိမ်းကြရပေတော့၏။ သတိတရားဖြင့် အရှောင်အတိမ်းကောင်းသူများသာ ပြစ်ဒဏ်နှင့်

ကင်းဝေးပြီး စည်းကမ်းမလိုက်နာသူများအတွက်တော့ ပြစ်ဒဏ်များနှင့် နပန်းလုံးနေရပေတော့သည်။

## ဒဏ်မထမ်းရဖူးလျှင် ခေတ်မမီ

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၌ ဒဏ်မထမ်းရဖူးသူ မရှိသလောက်နည်းလေ၏။ ဤကျောင်းတိုက်ကြီးအတွင်း၌ ဒဏ်မထမ်းရဖူးလျှင် ခေတ်မမီဟုပင် ဆိုစမှတ်ပြုကြလေသည်။ ဒဏ်မထမ်းရသောနေ့၊ ဒဏ်မှ ဆိတ်သုဉ်းသောနေ့ဟူ၍ တစ်နေ့မှ မရှိချေ။ နေ့စဉ် တစ်မျိုးမဟုတ် တစ်မျိုး ဒဏ်ထမ်းကြရသည်။ စာမေးပွဲကျခြင်း၊ ဘုရားဝတ်တက်နောက်ကျခြင်း၊ သင်္ကန်းညီညီမဝတ်ခြင်း၊ စာဝါ စာအံကျောင်း နောက်ကျခြင်း၊ သံဃာစု နောက်ကျခြင်း၊ ဖွန်းပန်းကန် လွတ်ကျခြင်း၊ အသံကျယ်လောင်စွာပြောခြင်း စသည်တို့ကြောင့် ဦးပဥ္စင်း ကိုရင်များမှာ နေ့စဉ် ဒဏ်ထမ်းကြရသည်။ ယောဆရာတော်ဘုရားကြီးသည် ရိုက်နှက် ဆဲဆို ကြိမ်းမောင်းတာမျိုး လုံးဝမလုပ်ဘဲ ဒဏ်ပေး၍သာ ဆုံးမတော်မူသည်။ အလုပ်တာဝန် မကျေပွန်သော်လည်းကောင်း၊ စည်းကမ်းဘောင်ကျော်လျှင်လည်းကောင်းစာချဘုန်းကြီးများကိုလည်းဒဏ်ပေးတော်မူလေသည်။

## ရိုးရိုးရှင်းရှင်းနေတတ်သော ဆရာတော်

ယောဆရာတော်ဘုရားသည် ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ဖြစ်သော်လည်း ဟိတ်ဟန်မရှိ၊ မာန်မာန အလျဉ်းမထား၊ ရိုးရိုးရှင်းရှင်းသာ နေတတ်၏။ စကားကိုလည်း လိုအပ်မှသာ ပြောသည်။ ရှည်ရှည်ဝေးဝေး ပြောလေ့မရှိ။ ထို့ကြောင့် အချို့သောသူများက ဆရာတော်ကို ဟိတ်ဟန်မာန်မာနရှိသည်ဟု ထင်တတ်ကြသည်။

အမှန်စင်စစ် ဆရာတော်ကြီးထံ၌ ဟိတ်ဟန်မာန်မာန လုံးဝမရှိ။ အချိန်ကို လေးစားတန်ဖိုးထားသောကြောင့်သာ အချိန်အလေအလွင့်မရှိစေရန် စကားကို လိုရင်းတိုရှင်းသာ ပြောခြင်းဖြစ်၏။

တစ်ခါက သာသနာရေးဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့သည် လမ်းလျှောက်ရင်း မဟာဝိသုဒ္ဓါရုံကျောင်းနားရောက်သောအခါ ရောက်တုန်း ရောက်ခိုက် ဆရာတော်ကို ဝင်ဖူးရအောင်ဆိုပြီး သွားကြလေသည်။ ဆရာတော်ထံ ရောက်သောအခါ လမ်းကြုံလို့ ဆရာတော်ထံသို့ လာရောက်ဖူးမြော်တာပါဟု အမှတ်မဲ့ပြောလိုက်မိ၏။ ထိုအခါ ဆရာတော်မှလည်း ဘာမှ ပြန်မပြော၊ ဝန်ကြီးနှင့် ညွှန်ချုပ်တို့မှလည်း ဘာမှမလျှောက်ရဲတော့ဘဲ ၁၀ မိနစ်ခန့်ကြာသောအခါမှ ဆရာတော်အား ပြန်ခွင့်ပြုပါဟု ဆိုကာ ပြန်လာခဲ့ရသည်ဟု ဆိုသည်။

ယောဆရာတော်ဘုရားသည် တရားလက်လွှတ် မေ့မေ့လျော့လျော့ ဘယ်သောအခါမှ နေလေ့မရှိပေ။ တရားအသိဖြင့်သာ အမြဲနေလေ့ရှိ၏။ ထို့ကြောင့်လည်း ယောဆရာတော်ဘုရားဟု ထင်ပေါ်ကျော်ကြား လူသိများနေရခြင်း ဖြစ်ပေတော့၏။

ယောဆရာတော်ဘုရား တရားဖြင့်နေပုံ၊ အမြဲတမ်းကျမ်းစာအုပ်များနှင့်သာ မွေ့လျော်ပုံကို ဆရာဦးအောင်သိန်းညွှန့်မှ တိပိဋကပြန်ဆိုကြချိန်တွင် စာပြန်ဆိုတော်မူကြသော ကိုယ်တော်များကို ကြည်ညိုလှသောကြောင့် မကြာခဏ လိုဏ်ဂူသို့ သွားရောက်ကြည်ညိုလေ့ ရှိ၏။ ထိုသို့သွားရောက်စဉ်အခါတိုင်း အခြားအခြားသော ဆရာတော်များသည် တုံးလုံးလှဲသူလှဲ၊ စကားစမြည်ပြောသူပြောနှင့် ရှိကြလေ၏။ ယောဆရာတော်ဘုရားမှုကား ပိဋကတ်ကျမ်းစာအုပ်ကိုသာ အမြဲတမ်းဖတ်ရှုနေသည်ကိုသာ တွေ့ရလေသည်ဟုဆို၏။ တိပိဋကပြီးဆုံးသွားသည့်တိုင်အောင် လေ့လာစရာတွေ ရှိနေသေးတာပါလားဟု မှတ်ချက်ချ ကြည်ညိုလေးစား ဖြစ်မိလေ၏ဟု ဆိုလေသည်။ ထို့ပြင်သာသနာတော်ထဲတွင်ဤကဲ့သို့သောလဋ္ဋိပေသလပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်ကြီးသက်တော်ရာကျော်ရှည်ပါစေဟုပင် တောင်းဆုပြုသံကို ကြားရလေတော့၏။

**မေတ္တာ ပညာ ပဒေသာ ဥပဒေ(စည်းကမ်း)**

၁။ လက်ပံရွာ အစိုးရအခြေခံ အထက်တန်းကျောင်းအတွက် စိုက်ပျိုးထားသော မေတ္တာ၊ ပညာ ပဒေသာပင်ကို လက်ပန်ရွာ တိပိဋက

မေတ္တာဆေး၏ ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆေး၏ ကော်မတီက လက်ခံထိန်းသိမ်း စောင့်ရှောက်ရမည်။

၂။ မေတ္တာ ပညာ ပဒေသာပင် လက်ခံထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်း၊ စီမံခန့်ခွဲခြင်းကို မေတ္တာဆေး၏ဥပဒေ အခန်း ၃ ပုဒ်မ ၃၈၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅ အတိုင်းပင် ဆောင်ရွက်ရမည်။

၃။ မေတ္တာ ပညာ ပဒေသာပင် ကိစ္စအတွက် ခရီးသွားလျှင် ခရီးစရိတ်ကို ၎င်းပဒေသာပင်ထဲမှ ထုတ်ယူသုံးစွဲနိုင်သည်။

၄။ ၎င်းပဒေသာပင်ထဲမှ လက်ပံရွာအစိုးရအခြေခံပညာ အထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်သင်ပြပေးနေကြသော အတန်းစုံ ဆရာ ဆရာမအားလုံး (အခါအားလျော်စွာ သတ်မှတ်ထားသည့် နှုန်းအတိုင်း) လစဉ် တစ်နှစ်ပတ်လုံး လှူဒါန်းနေရမည်။

၅။ လက်ပံရွာ အစိုးရအခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ယူနေကြသော ကျောင်းသား၊ ကျောင်းသူများအနက် အတန်းတိုင်း အစမ်းစာမေးပွဲ၊ အတန်းတင်စာမေးပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအား (အခါအားလျော်စွာ သတ်မှတ်ထားသည့် နှုန်းအတိုင်း) ဆုငွေ ချီးမြှင့်ရမည်။

၆။ (က) လက်ပံရွာ အစိုးရအခြေခံပညာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်၍ တက္ကသိုလ်တက်ခွင့်ရသူ၊ သူနာပြုတက္ကသိုလ် တက်ခွင့်ရသူများအား သက်ဆိုင်ရာ ဘွဲ့ရသည်အထိ လစဉ် အခါအားလျော်စွာ သတ်မှတ်ထားသည့် နှုန်းအတိုင်း ထောက်ပံ့နေရမည်။

(ခ) စာမေးပွဲ တစ်ကြိမ်ကျရှုံးလျှင်ဖြစ်စေ၊ အကျင့်စာရိတ္တပျက်လျှင်ဖြစ်စေ အထောက်အပံ့ ရပ်စဲရမည်။

အားလုံး မေတ္တာဖွံ့ဖြိုး ပညာတိုး၍ ချမ်းသာကြပါစေ
တိပိဋက ဆရာတော်

ဆုပြည့်စုံထွန်းစာပေ

**ချီးမြှင့်ပေးကမ်း မေတ္တာစွမ်း**

ယောဆရာတော်ဘုရားသည် မိမိ၏ မွေးရပ်မြေဖြစ်သော ဂန့်ဂေါမြို့နယ် လက်ပံရွာကို အစစအရာရာ ပြည့်စုံသည်ထက် ပြည့်စုံအောင် ကြည့်ရှုစောင့်ရှောက်ကာ အစွမ်းကုန် ကူညီဆောင်ရွက်ပေးသည်။

- လက်ပံရွာ၌ နှစ်ထပ်ဘုန်းကြီးကျောင်း၊ ဓမ္မာရုံကြီး၊ စေတီတော်၊ ဘုရားရင်ပြင်၊ တံတိုင်း၊ ရပ်ကွက်တိုင်း ရေတွင်း ၅ တွင်းစီ၊ စာကြည့်တိုက်၊ မီးစက်တို့ဖြင့် အပြည့်အစုံ လှူဒါန်းပေးခြင်း၊
- လက်ပံရွာ၌ မူလတန်းကျောင်းကို တွဲဖက်အလယ်တန်းကျောင်းဖြစ်အောင် ကူညီဆောင်ရွက်ပေးခြင်း၊ ထိုတွဲဖက်အလယ်တန်းကျောင်းဝင်းအတွင်း၌လည်း ခန့်ညားထည်ဝါသည့် နှစ်ထပ်စာသင်ဆောင်ကြီး (၂) ဆောင်၊ လိုအပ်သည့် သင်ထောက်ကူပစ္စည်းမျိုးစုံများ တပ်ဆင်လှူဒါန်းပေးခြင်း၊
- လက်ပံရွာရှိ တွဲဖက်အလယ်တန်းကျောင်းကို မကြာမီ နိုင်ငံတော်အစိုးရမှ အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးလိုက်သောအခါ ယောဆရာတော်ဘုရားမှ ဒုတိယအကြိမ် (၂) ထပ် စာသင်ဆောင်ကြီးနှင့် ဝန်ထမ်းများအတွက် အဆောင် (၁) ဆောင်ကို ဆောက်လုပ်လှူဒါန်းပေးခြင်း၊
- လက်ပံရွာကို အစိုးရပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပြီး တစ်နှစ်ပြည့်ခါနီးသောအခါ နိုင်ငံတော်အစိုးရမှ အစိုးရပညာ အခြေခံအထက်တန်းကျောင်းခွဲအဖြစ် ထပ်မံတိုးမြှင့်ပေးလိုက်ပြန်သောအခါ၌လည်း ယောဆရာတော်ဘုရားကြီး တတိယအကြိမ် (၂) ထပ် စာသင်ဆောင်ကြီး (၁) ဆောင်၊ နောက်ထပ် စတုတ္ထအကြိမ် (၂) ထပ် စာသင်ဆောင်ကြီး (၁) ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းခြင်း၊
- လက်ပံရွာစာသင်ကျောင်းကို အစိုးရမှ အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ပေးပြီး၍ တစ်နှစ်ခွဲကျော်ခန့်ကြာသောအချိန်တွင် နိုင်ငံတော်အစိုးရမှ အခြေခံပညာအထက်တန်းကျောင်းအဖြစ်

ထပ်မံတိုးမြှင့်ပေးလိုက်၏။ ယောဆရာတော်ဘုရားကြီးမှလည်း ပဋ္ဌမအကြိမ် (၂) ထပ် ကျောင်းဆောင်ကြီး (၁) ဆောင်ကို ဆောက်လုပ်လှူဒါန်းပေးပြီး ကျောင်းဝင်းကြီး၏ တံတိုင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန်၊ ရေစင်၊ သန့်စင်ခန်း၊ လျှပ်စစ်မီး စသည်ဖြင့် ပြီးပြည့်စုံအောင် လှူဒါန်းပေးခြင်း၊

- ထို့အပြင် အထက်တန်းကျောင်းကြီး၌သင်ထောက်ကူပစ္စည်းမျိုးစုံ၊ ဗီရို၊ ထိုင်ခုံ၊ စာရေးစားပွဲပါမကျန် ယောဆရာတော်ဘုရားမှ တာဝန်ယူပြီး ဆရာဆရာမများအတွက်လည်းအစိုးရလစာအပြင်သီးခြားလစာကိုပါ စွန့်ကြဲပေးကမ်းချီးမြှောက်ခြင်း၊
- ယောဆရာတော်ဘုရားကြီးသည် ပညာထူးချွန်သော ကျောင်းသားကျောင်းသူများအတွက် လစဉ်လစဉ် ထိုက်ထိုက်တန်တန် ဆုချနိုင်ရန် မေတ္တာပညာပဒေသာပဒေသာပင်သိန်း (၁၀၀၀) စိုက်ထူလှူဒါန်းပေးတော်မူခဲ့လေသည်။

ယောဆရာတော်ဘုရားကြီး၏ မေတ္တာ၊ စေတနာ၊ ဒါနစွမ်းအားသည် အံ့မခန်းနိုင်လောက်အောင် ဖြစ်လေတော့သည်။

## တံတားများ တည်ဆောက်ပေးခြင်း

ယောဆရာတော်ဘုရားသည် ဇာတိလက်ပံရွာနှင့် မောက်ရွာအကြား ပေ (၁၄၀၀) ကျော်ရှည်သော မြစ်သာမြစ်ကို ဖြတ်ကူးနိုင်အောင် ကြိုးတံတားကို ကျပ်သိန်းပေါင်း (၂၈၂) သိန်း အကုန်အကျခံ တည်ဆောက်ပေးသည့်အပြင် အသွားအလာခက်ခဲသော နေရာဒေသများအတွက်ကိုလည်း တံတားကြီး (၃) စင်းကို ကျပ်သိန်းပေါင်းများစွာ အကုန်အကျခံကာ တည်ဆောက်ပေးတော်မူခဲ့သည်။

မောက်လင်းရွာနှင့် မြင်းဇာရွာအကြား ကြိုးတံတားအတွက် ကျပ်သိန်း (၂၀၀)၊ တောင်ယာပြင်ရွာ၌ ကြိုးတံတားကိုလည်း (၆၉) သိန်း အကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းပေးတော်မူခဲ့လေသည်။

**မဟာဓာတ်အားလိုင်းသွယ်ပေး**

ဂန့်ဂေါမြို့မှ လက်ပံရွာသို့ရောက်အောင် အစိုးရမှ မဟာဓာတ်အားလိုင်း သွယ်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့သွယ်ရာတွင် ကုန်ကျစရိတ်မှာ ကျပ်သိန်း ပေါင်း (၃၈၀၀) ကျော်မှ (၄၀၀၀) ခန့် ကုန်ကျပေလိမ့်မည်ဟု ခန့်မှန်းရကြောင်း ယောဆရာတော်ဘုရားကြီးအား လျှောက်ထားကြလေသည်။

ယောဆရာတော်ဘုရားကြီးမှလည်း "လက်ပံရွာမှာ တိပိဋက မေတ္တာ ဆေးရုံကြီးကလည်း ရှိနေပြန်သောကြောင့် လျှပ်စစ်မီးရှိမှ အဆင်ပြေမည်။ ဒါကြောင့် လျှပ်စစ်မီး အမြန်လိုတယ်ကွ။ အဲဒီမဟာဓာတ်အားလိုင်း သွယ်ယူဖို့ ကုန်ကျစရိတ်အားလုံးကို ဘုန်းကြီးအိုကြီးက တာဝန်ယူလှူမယ်ကွာ" ဟု မိန့် တော်မူလိုက်လေသည်။

ထိုသို့ ဆရာတော်ဘုရားကြီးမှ မိန့်တော်မူသည်ကို လျှပ်စစ်ဝန်ကြီးမှ ကြားသိသွားသောအခါ ဝန်ကြီးမှ ဂန့်ဂေါမြို့ကနေပြီး လက်ပံဆေးရုံသို့ အရောက် မဟာဓာတ်အားလိုင်းကို သွယ်တန်းလှူဒါန်းပေးခဲ့လေသည်။ ထို့ ကြောင့် ယောဆရာတော်ဘုရားကြီးသည် မူလက ကျပ်သိန်း (၄၀၀၀) ခန့် ကုန်ကျမည်ကို မကုန်ကျတော့ဘဲ ကျပ်သိန်း (၂၃၀၀) သာ ကုန်ကျလှူဒါန်း လိုက်ရလေတော့၏။

**အစစပြည့်စုံနေပြီဖြစ်သော လက်ပံရွာ**

ယောဆရာတော်ဘုရားကြီး၏ ကြီးမားသော မေတ္တာဖြင့် ကူညီစောင့် ရှောက်မှုကြောင့် ယခုအခါ လက်ပံတစ်ရွာလုံး မီးများ ထိန်ထိန်လင်းနေပေပြီ။ လက်ပံရွာကြီး၌ ကျောင်းကန်ဘုရား၊ စေတီပုထိုး၊ ရေတွင်းရေကန်များ၊ ဆေးရုံ ကြီးနှင့် ဆေးဝါးမျိုးစုံ၊ အထက်တန်းကျောင်း၊ ဝန်ထမ်းအိမ်ရာ စသည်ဖြင့် ကျန်းမာရေး၊ ပညာရေးကိစ္စများအပြင် အခြားအခြားသောကိစ္စများပါ အဆင် ပြေနေပြီ ဖြစ်သည်။

လက်ပံရွာရှိ အဆောက်အအုံများနှင့်တကွ အသေးအဖွဲ့ကိစ္စလေးများ မှစ၍ ဖြစ်ပျက်သမျှ အရာအားလုံးကို ရပ်ရွာလူကြီး၊ ဆေးရုံကော်မတီလူကြီး

များမှ ယောဆရာတော်ဘုရားကြီးအား လျှောက်ထားကြလေသည်။ ဆရာတော်ဘုရားကြီးသည်လည်း အသေးအဖွဲ့မှစ၍ တင်ပြလျှောက်ထားသမျှကို အချိန်မဆိုင်းဘဲ အကုန်ပြုလုပ်လှူဒါန်းပေးတော်မူလေသည်။

လက်ပံရွာသည် ယခုအခါ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်၊ လူနာဆောင်၊ ထမင်းစားဆောင်၊ ရုံးခန်း စသည်ဖြင့် ပြည့်စုံနေပြီဖြစ်သော ဆေးရုံကြီးကလည်း ရှိနေပြန်၊ ဆေးဝါးကောင်းများကလည်း ပြည့်စုံ၊ သက်ဆိုင်ရာဌာနအလိုက် ဆရာဝန်တွေကလည်း ဂရုတစိုက်ရှိပြန်၊ ငွေကုန်ကြေးကျလည်း မရှိ၊ အခမဲ့ခွဲစိတ်ကုသပေး၏။ ဤသို့ဖြင့် လက်ပံရွာသူရွာသားများသည် ယောဆရာတော်ဘုရားကြီး၏ မေတ္တာဘုန်းကံအရှိန်ကို မှီခိုခွင့်ရကြလေသောကြောင့် ထိုသူများလောက် ကံကောင်းကြသည်မှာ မရှိနိုင်တော့ဟုပင် ထင်မှတ်ရပေတော့သည်။ ဤမျှ အစစပြီးပြည့်စုံနေသောနေရာ၌ သွားရောက်နေချင်စိတ်များပင် ဖြစ်ပေါ်လာမိတော့သည်။

ထို့အပြင် ၂၀၁၆ခုနှစ်၊ဒီဇင်ဘာလ၁၁ရက်နေ့ကဇာတိလက်ပံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ယောဆရာတော်မှ ဆောက်လုပ်လှူဒါန်းခဲ့သော တိပိဋကမေတ္တာကျောင်းဆောင်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပခဲ့ပါသည်။ ထို့နောက် ဆက်လက်၍ ယောဆရာတော်က စာသင်ကျောင်း ငွေပဒေသာပင်အတွက် ငွေကျပ် သိန်း ၂၀၀၊ ပလတ်စတစ်ထိုင်ခုံ အလုံး ၃၀၀ အတွက် ငွေကျပ် ၂၁ သိန်း၊ ၂၀၁၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူ ကိုးဦးအတွက် ငွေကျပ် ၁၈၉၀၀၀၀၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၂၈ ဦးအတွက် ငွေကျပ် ၅၆ သိန်းအပါအဝင် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအတွက် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဆက်လက်၍လည်း မေတ္တာဆေးကုခန်းအတွက်ငွေကျပ်သိန်း၄၀၀၊မောက်ကျေးရွာမြေထိန်းနံရံဆောက်လုပ်ခြင်းအတွက် ငွေကျပ် သိန်း ၁၀၀၊ မကျည်းခင်ရွာနှင့် တောင်ပြင်ရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအတွက် ငွေကျပ် သိန်း ၃၀ စီကို ဆရာတော်ဘုရားက လှူဒါန်းချီးမြှင့်ပေးခဲ့ပါသည်။

## ကန်ရွာကိုလည်း လှူဒါန်းပြန်

ယောဆရာတော်ဘုရားကြီးသည် မိမိရပ်ရွာတွင်သာမက အနီးပတ်ဝန်းကျင်ရှိ ကန်ရွာသို့လည်း သွားရောက်လှူဒါန်းခဲ့လေသည်။ ဆရာတော်ဘုရားကြီးသည် မိမိ ရှင်သာမဏေဘဝက ပညာသင်ကြားခဲ့သော ကန်ရွာ၊ ကန်တောရကျောင်းတိုက်၌ တိပိဋကဘဏ္ဍာဂါရကျောင်းဆောင်နှင့် ကန်တောရကျောင်းတိုက် ပစ္စည်းလေးပါးအတွက် ကျပ်သိန်း (၅၀)၊

- ကန်ရွာအနောက်ကျောင်းတွင် မိမိ၏ဆရာအရင်းဖြစ်သူ ဘဒ္ဒန္တသာကိန္ဒ (သိရီပဝရ ဓမ္မာစရိယ) သီတင်းသုံးနေထိုင်တော်မူရန် စိန်ရတုကျောင်းဆောင်၊
- ကန်ရွာတိုက်နယ်ဆေးရုံ၊ ကန်ရွာ အ.ထ.က၊ တိပိဋကဂုဏ်ရည်ကျောင်းဆောင်တို့ကို ဆောက်လုပ်လှူဒါန်းပေးခြင်း၊
- ကန်ရွာ လျှပ်စစ်မီးရရှိရေးအတွက် ကျပ်သိန်း (၁၀၀)
- ကန်ရွာမြစ်ကြောင်းလွှဲရန်အတွက် ကျပ်သိန်း (၁၀၀)
- ကန်ရွာ အ.ထ.ကမုခ်ဦးအတွက် ကျပ်သိန်း (၃၀)၊ မာလ်တီမီဒီယာဝယ်ရန် (၃၅) သိန်းတို့ကို လှူဒါန်းတော်မူခဲ့လေသည်။

## တောင်လယ်ရွာ၌လည်း လှူဒါန်းခြင်း

ယောဆရာတော်ဘုရားကြီးသည် လက်ပံကျေးရွာ၏ ပတ်ဝန်းကျင်ရွာဖြစ်သော တောင်လယ်ကျေးရွာ၌ စာသင်ကျောင်းဆောက်လုပ် လှူဒါန်းရန်အတွက် ကျပ်သိန်း (၂၄၅) သိန်းကို လှူဒါန်းခြင်း၊ တောင်လယ်ရွာ ဆရာဆရာမများအတွက် လစဉ် သိန်း (၃၀) နှင့် ကျောင်းအတွင်း ရေတွင်း၊ ဗီရို၊ စာရေးခုံများကို လှူဒါန်းတော်မူခဲ့သည်။

## ဆရာ့ကျေးဇူး အထူးသိတတ် တပည့်မြတ်

တိပိဋကယောဆရာတော်ဘုရားသည် ငယ်ရွယ်စဉ်အခါကတည်းက မိဘဆရာသမားများ၏ ကျေးဇူးကို အထူးသိတတ်၏။ ထို့ကြောင့် မိမိကိုယ်

တိုင် ကျေးဇူးဆပ်နိုင်ခွင့်ရသော အခြေအနေမျိုးတွင် ကျေးဇူးရှင်များ၏ ကျေးဇူးကို ဆပ်ရန် အခွင့်အခါကို စောင့်မျှော်နေတတ်၏။

ဆရာသမားများ၏ကျေးဇူးကို အထူးအမှတ်ရသော ဆရာတော်သည် မိမိ၏ငယ်ဆရာရင်းဖြစ်သော ဦးသာကိန္ဒ(သိရီပဝရ ဓမ္မာစရိယ)သည် ယောနယ်၊ ကန်ရွာဇာတိဖြစ်သော်လည်း ကံတရားက စီမံပေးသည့်အတိုင်း ဝေးလံခေါင်းပါးသော ဇလွန်မြို့နယ် တောင်ကျောင်း၌ ကျောင်းထိုင်အဖြစ် သာသနာပြုနေရသည်။

သက္ကရာဇ် ၁၃၂၈ ခုနှစ်၊ တပို့တွဲလတွင် တိပိဋကလောင်းလျာ ယောဆရာတော်ဘုရားကြီးသည် ဓမ္မာစရိယစာမေးပွဲလည်း ၂ ကျမ်းစွဲပြီး စေတိယင်္ဂဏစာသင်တန်းလည်း အောင်မြင်ခဲ့လေသည်။ အရှင်သိရိန္ဒသည် မိမိ၏ငယ်ဆရာကို အမှတ်ရ၍ ဆရာနှင့်တွေ့ရန် ဇလွန်မြို့နယ်၊ အေးရွာ တောင်ကျောင်းသို့ သွားရောက်ဖူးမြင်လေသည်။ ထိုအချိန်၌ အရှင်သိရိန္ဒသည် ရန်ကုန်မြို့သို့ မရောက်သေး။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ပင် ပညာသင်ကြားနေဆဲ ဖြစ်၏။

ဆရာနှင့် တပည့် ကွဲကွာပြီး (၅) နှစ်အကြာ ပထမဆုံးပြန်လည်တွေ့ဆုံရခြင်း ဖြစ်သည်။ ဆရာတပည့်နှစ်ပါးတို့မှာ ပညာရေး၊ ကျန်းမာရေး၊ နေရေးထိုင်ရေး အစစ အဆင်ပြေမပြေ မေးမြန်းပြောဆိုကြ၏။ ဆရာ့ထံ၌ (၃) ညမျှ အိပ်ပြီး မန္တလေးသို့ ပြန်ကြွသွားရလေ၏။ ထိုသို့ တွေ့ဆုံပြီး နောက်နှစ်ပေါင်း အတန်ကြာအောင် ဆရာတပည့် ပြန်မတွေ့ကြရတော့ပေ။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲသည်က တစ်ကြောင်း၊ ခရီးကလည်း အလွန်ဝေးလှသည်က တစ်ဖုံတို့ကြောင့် ဆရာကလည်း တပည့်ထံ မသွားနိုင်၊ တပည့်မှလည်း ဆရာ့ထံ မရောက်ဖြစ်ခဲ့။ ဆရာတပည့်နှစ်ယောက်မှာ လူချင်းဝေးကွာနေသော်လည်း စိတ်ချမ်းကတော့ နီးစပ်နေတော့၏။

ဆရာဖြစ်သူမှလည်း တပည့်၏ကောင်းသတင်းများကို အမြဲနားစွင့်နေလေ၏။ တပည့်ဖြစ်သူမှလည်း ဆရာသမား၏ ဂုဏ်ကျေးဇူးကို အမြဲအမှတ်ရနေသည်။ ဆရာဖြစ်သူမှ မိမိ၏တပည့်အကြောင်းကို ရှင်သာမဏေဘဝ စာပေ

သင်ကြားပေးခဲ့စဉ်အချိန်ကတည်းက တပည့်၏အရည်အချင်းကို အကြွင်းမဲ့ ယုံကြည်အားရနစ်သက်နေပြီဖြစ်၏။

တပည့်ဖြစ်သူ၏ စာမေးပွဲအောင်စာရင်းထွက်ချိန်ကို နံပါတ် (၁) ဖြင့် အောင်မအောင်ကိုသာ စိတ်ဝင်တစား နားစွင့်နေတတ်၏။ သာမန်အောင်ရုံလောက်ကို မမျှော်မှန်းခဲ့ချေ။ ဆရာမျှော်မှန်းသည့်အတိုင်းပင် အရှင်သိရိန္ဒမှလည်း နံပါတ် (၁) ချည်းဖြင့်သာ အောင်မြင်ခဲ့လေတော့သည်။

**ဆရာ့ပီတိ**

ဆရာတော်ဦးသာကိန္ဒ(သိရီပဝရ ဓမ္မာစရိယ)သည် တပည့်ဖြစ်သူ၏ အထက်တန်းဖြင့် အောင်မြင်သည့်သတင်းကို အဆက်မပြတ် ကြားရလေသောအခါ ဝမ်းသာပီတိဖြစ်မဆုံး ရှိလေတော့၏။

အရှင်သိရိန္ဒသည် ဓမ္မာစရိယစာချတန်း၌ တစ်နိုင်ငံလုံး နံပါတ် (၁) အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သောကြောင့် အဂ္ဂမဟာအကျော်ဘွဲ့ ရရှိခြင်း၊

စေတိယင်္ဂဏစာချတန်းလည်း ပြီးဆုံးသွားပြီး မြန်မာဂုဏ်ထူးတန်းနှင့် ပါဠိဂုဏ်ထူးဆောင်ကျမ်းများကို အောင်မြင်၍ သိရီပဝရ ဓမ္မာစရိယဘွဲ့နှင့် ပါဠိပါရဂူဘွဲ့များကို ရရှိကြောင်း ကြားသိရသောအခါ "ငါ့တပည့် တော်လှချည်လားဟဲ့" ဟု ဝမ်းသာနေတော့၏။

နောက်မကြာခင် အရှင်သိရိန္ဒသည် နာမည်ကျော် မန္တလေးသကျသီဟ စာမေးပွဲကို စာသင်တန်းရော စာချတန်းပါ နှစ်မျိုးစလုံး နံပါတ် (၁) ကချည်း အောင်မြင်ကြောင်း၊ ဝိနည်းပိဋကတ် (၁) ပုံကိုလည်း အာဂုံရော၊ ရေးဖြေပါ တွဲလျက် အောင်မြင်ကြောင်း ကြားရပြန်သောအခါ "ငါ့တပည့် လုပ်လှချည် လားဟဲ့" ဟု အံ့သြဝမ်းသာမဆုံးတော့ချေ။

နောက်ထပ် အဘိဓမ္မာပိဋကလည်း အောင်မြင်၊ သုတ္တန္တပိဋကလည်း အောင်မြင်ပြီးဆုံးသွားပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ကြီးကိုပင် ရရှိသွားပြီဖြစ်ကြောင်း ကြားရပြန်သောအခါ "ငါ့တပည့် တော်လိုက်တာ၊ အပင်

ပန်းခံကာ သင်ပေးခဲ့ရကျိုး နပ်လိုက်တာ" ဟု စုတ်တသပ်သပ်ဖြင့် ကြက်သီးများပင် ဖြန်းဖြန်းထသွားခဲ့သည်ဟု သိရသည်။ ဆရာဖြစ်သူသည် အဝေးမှနေ၍ တပည့်ဖြစ်သူ၏ ဂုဏ်သတင်းကို နားစွင့်ရင်း နှလုံးပီတိ ဝွမ်းဆီထိနေရပေတော့၏။

နောက်ထပ်တစ်ဖန် တိပိဋကပြီးဆုံးသွားပြန်သောအခါ အရှင်သိရိန္ဒာဘိဝံသကို "ယောဆရာတော်"ဟု ခေါ်ကြကြောင်း ကြားသိရပြန်သောအခါ "ယောဆရာတော်ကြောင့် ယောနယ် ဂုဏ်တက်တော့မည်" ဟု တွေးမိပြန်ကာ ကြည်နူးနေရပြန်တော့၏။

သက္ကရာဇ် ၁၃၄၆ ခုနှစ်တွင် အရှင်သိရိန္ဒာဘိဝံသသည် တိပိဋကစာမေးပွဲကြီး ပြီးဆုံးခဲ့၏။ ၁၃၄၇ ခုနှစ်၊ သီတင်းကျွတ်လတွင် မိမိ၏ငယ်ဆရာရင်းဖြစ်သူ ဦးသောကိန္ဒ (သိရီပဝရ ဓမ္မာစရိယ) နေထိုင်သီတင်းသုံးတော်မူရာ အေးရှာတောင်ကျောင်းသို့ သွားရောက်၍ ပစ္စည်းမျိုးစုံ လှူဖွယ်တို့ဖြင့် သွားရောက် ပူဇော်ကန်တော့ခဲ့၏။ တစ်နည်း တိပိဋကဂုဏ်ဖြင့် ကျေးဇူးဆပ်ခြင်းလည်း ဖြစ်၏။

## စိန်ရတုနှင့် စိန်ရတုကျောင်း

တိပိဋကယောဆရာတော်ဘုရားကြီးသည် မိမိ၏ငယ်ဆရာကို ကျေးဇူးဆပ်လိုသောကြောင့် ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ ပင့်ဆောင်၍ ၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၂) ရက်နေ့တွင် ဆရာသမား၏ သက်တော် (၇၅) နှစ်ပြည့် မွေးနေ့စိန်ရတုအလှူပွဲကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ပေးပြီး ဆရာသမားအား လှူဒါန်းဖွယ်မျိုးစုံတို့ဖြင့် လှူဒါန်းပူဇော်ခဲ့သည်။

ထို့နောက် ယောဆရာတော်ဘုရားကြီးသည် မိမိ၏ဆရာဖြစ်သူအား "ဆရာတော်မှာ သက်တော်ဝါတော် ကြီးရင့်နေပြီဖြစ်ကြောင်း၊ ဆွေတော်မျိုးတော်များရှိသည့် ယောနယ်ဇာတိ ကန်ရှာ၌သာ သီတင်းသုံးရန် သင့်လျော်ကြောင်း၊ ဆရာတော်သီတင်းသုံးရန်အတွက် စိန်ရတုကျောင်းဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းပေးမည်ဖြစ်ကြောင်း" လျှောက်ထား၍ စိန်ရတု

ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းကာ ဆရာဖြစ်သူအား ကန်ရွာသို့ ရောက်အောင်ပင့်၍ စိန်ရတုကျောင်းဆောင်၌ သီတင်းသုံးစေပြီး လိုအပ်သမျှ သော ပစ္စည်းလေးပါးကို ပံ့ပိုးပေးလေသည်။

## ဆရာ့မျှော်လင့်ချက်

ဆရာတော်ဦးသာကိန္ဒ(သိရိပဝရ ဓမ္မာစရိယ)၏ဆန္ဒသည် မိမိ၏ တပည့်ဖြစ်သူ "ယောဆရာတော်ဘုရားကဲ့သို့သော တပည့်အကျော်အမော် တစ်ပါးတလေများ နောက်ထပ်များ ထွက်ပေါ်လာဦးမလား" ဟူသော မျှော် လင့်ချက်ဖြင့် ယောဆရာတော် လှူဒါန်းထားသော ကျောင်းဆောင်ကြီးကို စာသင်တိုက်အဖြစ် ဖွင့်လှစ်ရန် စာချဆရာသုံးစာအုပ်များ၊ စာသင်သားသုံး စာအုပ်များ အများအပြား မှာယူစုဆောင်း၍ စာသင်တိုက်ဖွင့်လှစ်ရန် ကြိုးပမ်း အားထုတ်ခဲ့လေ၏။

စာသင်တိုက်ကြီးဖွင့်လှစ်ပြီး စာသင်သားအများအပြားတို့ကို မွေးထုတ် သင်ကြားပေးမည်ဟု အားထုတ်နေခဲ့သော ဆရာတော်ဦးသာကိန္ဒအား မမျှော် လင့်သော ရောဂါဆိုးကြီးက ဆရာတော်၏ခန္ဓာကိုယ်ကို ဝင်ရောက်နှောင့် ယှက်ဖျက်ဆီးလေတော့၏။

တိပိဋကယောဆရာတော်ဘုရားကြီးသည်လည်း မိမိ၏ဆရာဖြစ်သူ အား စွဲကပ်နေသော ရောဂါဆိုးကြီးကို ဆေးဝါးမျိုးစုံတို့ဖြင့် အစွမ်းကုန်ကုသ ပေးသော်လည်း နောက်ဆုံး ဘုရား ရဟန္တာများပင် မလွန်ဆန်နိုင်သည့် မရဏ နိုင်ငံသို့ ကြွမြန်းရလေတော့၏။

သက္ကရာဇ် ၁၃ဂ၁ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ သက်တော် (၈၀) အရွယ် တွင် တစ်ဘဝ တစ်ခန္ဓာ ချုပ်ငြိမ်းတော်မူခဲ့ရလေတော့၏။ တိပိဋကယော ဆရာတော်ဘုရားကြီးသည် ဆရာ၏ဂုဏ်ကျေးဇူးကို အထူးအာရုံပြု၍ ဆရာ၏ သက်တော် (၈၀) ပြည့် ပဋ္ဌာန်းများရတုအထိမ်းအမှတ်အဖြစ် လက်ဆွဲ အိတ် (၉၀)၊ သင်္ကန်းအစုံ (၉၀) စသည့် လှူဒါန်းဖွယ်ရာများကို လှူဒါန်း၍ ကျေးဇူးဆပ်ခဲ့လေ၏။ ဆရာ့ကျေးဇူး အထူးသိတတ်သည့် တပည့်မြတ်ပင် ဖြစ်လေတော့၏။

## တပည့်ကြောင့် ဆရာနာမည်ကြီးခဲ့

ဦးသာကိန္ဒ(သိရီပဝရ ဓမ္မာစရိယ) နေထိုင်သီတင်းသုံးရာ ဇလွန်မြို့ အေးရှာဒကာဒကာမများသည်တိပိဋကယောဆရာတော်ကိုအလွန်ကြည်ညို သောကြောင့် တရားဟောဖို့ရန် ပင့်လျှောက်ကြလေသည်။ ဆရာတော်သည် တရားလည်းဟောရင်း၊ မိမိ၏ဆရာသမားကိုပူဇော်ကန်တော့ရန် သွားရောက် ခဲ့လေသည်။

ထိုအခါ "အေးရှာ တောင်ကျောင်းဆရာတော် ဦးသာကိန္ဒ (သိရီပဝရ ဓမ္မာစရိယ) ကို တိပိဋကဓရယောဆရာတော်မှ လာရောက်ပူဇော်သတဲ့" ဟူ သော သတင်းသည် ဇလွန်မြို့နယ်အတွင်း ပျံ့နှံ့သွားသဖြင့် တောကြိုတောင် ကြား၌ ရိုးရိုးကုတ်ကုတ်နေတတ်သော ဆရာဖြစ်သူသည် တပည့်ကျော် ကြောင့် နာမည်ကြီးပြီး ရဟန်း ရှင် လူ အသိများလာသည်ဟု သိရသည်။ တပည့်ကြောင့် ဆရာ မျက်နှာပန်းပွင့်သွားခဲ့ရပေတော့သည်။

ဆရာဖြစ်သူသည် "တိပိဋကယောဆရာတော်ရဲ့ ဆရာတဲ့" ဟူသော ဂုဏ်အရှိန်အဝါကြောင့် ဆရာဂုဏ်တက်ခဲ့ရသည်။ ရဟန်း ရှင် လူ အကြား တင့်တယ်ထည်ဝါခဲ့ရလေသည်။

ဟင်္သာတမိုးကောင်းကျောင်းတိုက်ဆရာတော်သည်လည်း အေးရှာ တောင်ကျောင်းသို့ တိပိဋကယောဆရာတော် ရောက်နေသတဲ့ဟူသော သတင်းကိုကြားရ၍ ယောဆရာတော်ကိုကြားရုံသာကြားဖူးပြီး မမြင်ဖူးသော ကြောင့် လာရောက်တွေ့ဆုံလေသည်။ ပြန်ခါနီးသောအခါ၌ "ပိဋကသုံးပုံကို အသံမထွက်ဘဲ စိတ်နဲ့သာ အသံတိတ်ကျက်မှတ်ပြီး တိပိဋကဘွဲ့ကို ရသော ပုဂ္ဂိုလ်ဆိုလို့ ယောဆရာတော်တစ်ပါးပဲ ကြားဖူးတယ်" ဟု မှတ်ချက်ချ ချီးကျူး ပြောသွားလေ၏။

## ပတ္တမြားရတုနှင့် လေးထပ်ဆွမ်းစားကျောင်း

တိပိဋကယောဆရာတော်သည် မန္တလေးမြို့၌ ပညာသင်ကြားစဉ်အခါ က မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ ရန်ကုန်မြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်

သို့ ပညာသင်ယူရန် ပို့ဆောင်အပ်နှံပေးခဲ့ဖူးသော သံတော်ဆင့်ဆရာတော် ဦးတိလောက၏ ဂုဏ်ကျေးဇူးကို မမေ့ခဲ့ပေ။ ထို့ကြောင့် သံတော်ဆင့်ဆရာ တော်၏ သက်တော် (၈၀) ပြည့် မွေးနေ့ ပွဲတော်များ ရတုကို ထိုက်ထိုက်တန်တန် ပြုလုပ်လှူဒါန်းကာ ကျေးဇူးဆပ်ခဲ့သည်။ ယောဆရာတော်၏ သက်တော် (၆၆) နှစ်ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် သံတော်ဆင့်ကျောင်း၌ သိပ္ပါလယ လေးထပ်ဆွမ်းစားကျောင်းဆောင်ကို ကျပ်သိန်း (၆၆၆) သိန်း မတည်လှူဒါန်း ပေးခဲ့သည်။

ယောဆရာတော်ဘုရားသည် မန္တလေးသို့ရောက်တိုင်း သံတော်ဆင့် ဆရာတော်ဦးတိလောကထံ ဝင်ရောက်၍ နဝကမ္မ (၁) သိန်းကျပ်နှင့် လှူဒါန်း ဖွယ်ရာများ လှူဒါန်း၍ ကျေးဇူးဆပ်ခဲ့သည်။ ယောဆရာတော်သည် သံတော် ဆင့်ဆရာတော်ထံ၌ စာဝါလည်း မလိုက်ဖူးပေ၊ ဆရာလည်း မတော်ခဲ့ဖူးပါ။ သို့သော်လည်း ရန်ကုန် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ရောက်အောင် ပို့ ဆောင်အပ်နှင်းပေးခဲ့သော ကျေးဇူးတရားများကို အထူးသိတတ်နားလည် သောကြောင့် ကျေးဇူးဆပ်သောအနေဖြင့် ဤကဲ့သို့ လှူဒါန်းကာ ကျေးဇူးဆပ် ခြင်း ဖြစ်၏။ သူတစ်ထူး၏ ပြုဖူးသော ကျေးဇူးကို အထူးသိတတ်သော သူ တော်ကောင်းကြီးပင် ဖြစ်လေတော့သည်။ ယောဆရာတော်ဘုရားကြီးသည် ကျေးဇူးရှိခဲ့ဖူးသော ပုဂ္ဂိုလ်များကို ကျေးဇူးဆပ်ရန် စိတ်အစဉ်၌ အမြဲကိန်း အောင်းနေပေတော့သည်။ လောက၌ သူတစ်ထူးကျေးဇူးကို သိပြီးပြန်ဆပ် သော ပုဂ္ဂိုလ်သည် ရခဲပေတော့၏။

## နိဂုံး

ယောဆရာတော်ဘုရားကြီး၏ ထူးခြားသော ဂုဏ်တော် ကျေးဇူးတော် များမှာ ဖော်ပြ၍မကုန်နိုင် များပြားလှပေသည်။ အခြားသော ပုဂ္ဂိုလ်များသည် လည်း မိမိတို့၏ ကိုးကွယ်ဆည်းကပ်ပူဇော်ရာ ဆရာတော်ကြီးအား ရှုထောင့် အမျိုးမျိုးမှ ချီးကျူး ပူဇော်ရေးသားကြပေသည်။

မိမိသည် အစပထမတွင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ရေးသားဖို့ရန် အခြေခံပညာမရှိသောကြောင့် ရေးသားဖို့ရန် မဝံ့မရဲဖြစ်ခဲ့ပါသည်။ သို့သော်လည်း ဤကဲ့သို့ များမြတ်သော ဂုဏ်ကျေးဇူးတော်များကို မသိရ၊ ဆရာတော်ကြီးအား တစ်ကြိမ်တစ်ခါမျှ မဖူးမြင်ရခင် ဟိုးငယ်စဉ်ကလေးဘဝကတည်းမှ မြတ်မင်္ဂလာစာစောင်ထဲတွင် ယောဆရာတော်၏ ဓမ္မပုံပြင်များကို ဖတ်ရှုခဲ့ရသည်မှစ၍ အလွန်နှစ်ခြိုက် စွဲလမ်းမြတ်နိုးခဲ့ရပေသည်။ ဆရာတော်ဘုရားကြီး၏ ဓမ္မပုံပြင်များကြောင့် မိမိ၏ဘဝပြောင်းလဲခဲ့ရပုံ မမျှော်လင့်ဘဲ ဆရာတော်ကြီးအား ဖူးတွေ့ဖို့ရန် အကြောင်းပေါ်လာပုံ၊ ဒုက္ခအပူများစွာ ဖြစ်ပေါ်လာသောအခါ၌လည်း ဆရားတော်ဘုရားကြီး၏ တရားခွေ၊ တရားစာအုပ်များကို ဖတ်ရှုပြီး အပူလျော့နည်းခဲ့ရပုံ စသည်တို့ကြောင့် ဆရာတော်ဘုရားကြီးအား ကြည်ညိုလေးစား တန်ဖိုးထားတော်မူသော သူတော်ကောင်းပုဂ္ဂိုလ်များအထဲတွင် အထူးလေးစားမြတ်နိုးသော စိတ်၏ လှုံ့ဆော်တိုက်တွန်းမှုကြောင့် ယောဆရာတော်ဘုရားကြီး၏ အကြောင်းအရာများကို ရှာဖွေစုဆောင်းခဲ့ရပါတော့၏။ ထိုသို့ ရှာဖွေရာတွင်လည်း ရရာရကြောင်း နည်းလမ်းကောင်းများကို အသုံးပြုကာ အခြေခံ၍ ရေးသားပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ ဆရာတော်ကြီး၏ အကြောင်းအရာများကို ရေးသားရာ၌ ယောဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်မှာ စိတ်ဝင်စားဖွယ်၊ အားကျဖွယ်၊ အတုယူဖွယ်တို့ဖြင့် ပြည့်နက်လျက်ရှိပေတော့သည်။ ဖြစ်ပေါ်လာသောအကြောင်းအရာတို့သည်ကူညီထောက်ပံ့မှုအမျိုးမျိုးကိုရယူရမြဲဖြစ်၏။ကူညီထောက်ပံ့မှုကင်းပြီးမည်သည့်အရာမျှဖြစ်ပေါ်လာမည်မဟုတ်ပေ။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏အကြောင်းအရာများကိုရေးသားပူဇော်ရာ၌လည်းအထောက်အပံ့စာအုပ်စာပေကူညီမှု အမျိုးမျိုးကို ရယူခဲ့ရပါတော့၏။

⦿

အမှတ်
ရက်စွဲ

# ကိုးကားစာအုပ်များ

၁။ တိပိဋကဓရ ယောဆရာတော်
မင်းယုဝေ

၂။ မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ် (၄၅) နှစ်ပြည့်စာစောင်

၃။ ပထမရွှေကျောင်းဆရာတော်ကြီး နှစ် (၁၀၀) စာစောင်

၄။ ပထမရွှေကျောင်းဆရာတော်ကြီး စာတမ်း

၅။ မင်းကွန်းတိပိဋကဓရ ထေရုပ္ပတ္တိအကျဉ်း

၆။ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ် ပုလဲရတုသာသနာ့ မော်ကွန်း

၇။ ရွှေဟင်္သာဆရာတော်ဘဝနှင့် စာပေအထွေထွေ
ဒေါက်တာနန္ဒမာလာ

၈။ ရတနာသုံးပါးကျေးဇူး
ဦးငွေးလှိုင်

၉။ ယောဆရာတော်၏ မွေမှတ်စု
ဦးပညာတိက္ခ(မဟာဝိသုဒ္ဓါရုံ)

ယာတိ ယာပေတိ ယောမည်၏
ယာတဗ္ဗောတိ စ ယာပိတော၊
ယော ယာယတိ စ တေန၊
ယော တွေစေဝ ယာယတိ။

(က) ၁။ ချစ်ခင်ညီညွတ်၊ ရောက်လာတတ်၊ သိမှတ် ယောခေါ်သည်။
၂။ ချစ်ခင်စရာ၊ ဖြစ်တတ်ပါ၊ မှန်စွာ ယောခေါ်သည်။
၃။ ချစ်ခင်ကြည်ဖြူ၊ သိတတ်မှု၊ မှတ်ယူ ယောခေါ်သည်။

(ခ) ၁။ ချမ်းသာသုံးရပ်၊ ရောက်စေတတ်၊ သိမှတ် ယောခေါ်သည်။
၂။ ချမ်းသာသုံးဖြာ၊ ဖြစ်စေပါ၊ မှန်စွာ ယောခေါ်သည်။
၃။ သစ္စာလေးဆူ၊ သိစေမှု၊ မှတ်ယူ ယောခေါ်သည်။

(ဂ) ၁။ ချစ်ခင်လေးမြတ်၊ ရောက်ရှိအပ်၊ သိမှတ် ယောခေါ်သည်။
၂။ ချစ်ခင်လေးမြတ်၊ ဖြစ်စေအပ်၊ မချွတ် ယောခေါ်သည်။
၃။ ချစ်ခင်လေးစား၊ သိအပ်ငြား၊ မှတ်သား ယောခေါ်သည်။

(ဃ) ၁။ ချမ်းသာသုံးတန်၊ ရောက်ကြောင်းမှန်၊ ကေန ယောခေါ်သည်။
၂။ ချမ်းသာသုံးဖြာ၊ ဖြစ်ကြောင်းမှာ၊ မှန်စွာ ယောခေါ်သည်။
၃။ သစ္စာလေးဆူ၊ သိကြောင်းဟူ၊ မှတ်ယူ ယောခေါ်သည်။

(င) ၁။ ကောင်းစွာရောက်ရာ၊ နိဗ္ဗာန်မှာ၊ မှန်စွာ ယောခေါ်သည်။
၂။ ကောင်းစွာဖြစ်ရာ၊ မြတ်ချမ်းသာ၊ မှန်စွာ ယောခေါ်သည်။
၃။ ကောင်းစွာသိရာ၊ တရားမှာ၊ မှန်စွာ ယောခေါ်သည်။

(စ) ၁။ တရားအစု၊ မြတ်ကောင်းမှု၊ မှတ်ရှု ယောခေါ်သည်။
၂။ တရားကိုချစ်၊ ယောအစစ်၊ အနှစ်ပိုင်ဆိုင်သည်။
၃။ ယောသူယောသား၊ ရိုးဖြောင့်ငြား၊ စိတ်ထားဖြူရမည်။

**တိပိဋကဓရ ယော ဆရာတော်ဘုရားကြီး**